http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အခန်း ( ၈ )** | |
| **နှစ်ကျိပ်လေးဆူသော ဘုရားများထံ၌ ဗျာဒိတ်ခံယူခြင်း** | |
| ၁။ ဒီပင်္ကရာ မြတ်စွာဘုရား .... .... | ၂၇၀ |
| ၂။ ကောဏ္ဍည မြတ်စွာဘုရား .... .... | ၂၇၀ |
| ၃။ မင်္ဂလ မြတ်စွာဘုရား .... .... | ၂၇၀ |
| ၄။ သုမန မြတ်စွာဘုရား .... .... | ၂၇၀ |
| ၅။ ရေဝတ မြတ်စွာဘုရား .... .... | ၂၇၁ |
| ၆။ သောဘိတ မြတ်စွာဘုရား .... .... | ၂၇၁ |
| ၇။ အနောမဒဿီ မြတ်စွာဘုရား .... .... | ၂၇၁ |
| ၈။ ပဒုမ မြတ်စွာဘုရား .... .... | ၂၇၁ |
| ၉။ နာရဒ မြတ်စွာဘုရား .... .... | ၂၇၂ |
| ၁၀။ ပဒုမုတ္တရ မြတ်စွာဘုရား .... .... | ၂၇၂ |
| ၁၁။ သုမေဓ မြတ်စွာဘုရား .... .... | ၂၇၂ |
| ၁၂။ သုဇာတ မြတ်စွာဘုရား .... .... | ၂၇၃ |
| ၁၃။ ပိယဒဿီ မြတ်စွာဘုရား .... .... | ၂၇၃ |
| ၁၄။ အတ္ထဒဿီ မြတ်စွာဘုရား .... .... | ၂၇၃ |
| ၁၅။ ဓမ္မဒဿီ မြတ်စွာဘုရား .... .... | ၂၇၃ |
| ၁၆။ သိဒ္ဓတ္ထ မြတ်စွာဘုရား .... .... | ၂၇၄ |
| ၁၇။ တိဿ မြတ်စွာဘုရား .... .... | ၂၇၄ |
| ၁၈။ ဖုဿ မြတ်စွာဘုရား .... .... .... | ၂၇၄ |
| ၁၉။ ဝိပဿီ မြတ်စွာဘုရား .... .... .... | ၂၇၄ |
| ၂၀။ သိခီ မြတ်စွာဘုရား .... .... .... | ၂၇၅ |
| ၂၁။ ဝေဿဘူ မြတ်စွာဘုရား .... .... .... | ၂၇၅ |
| ၂၂။ ကကုသန္ဓ မြတ်စွာဘုရား .... .... .... | ၂၇၅ |
| ၂၃။ ကောဏာဂမန မြတ်စွာဘုရား .... .... | ၂၇၅ |
| ၂၄။ ကဿပ မြတ်စွာဘုရား .... .... .... | ၂၇၆ |

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ

# အပိုင်း (၃)

## အခန်း (၉)

### ဒါနပြုရန် တိုက်တွန်းခြင်း


| | |
|---|---|
| ပေးကမ်းခြင်းအောင်စေရာ .... .... .... | ၂၄၄ |
| မေတ္တာ၏ ရှုပ်သွင် .... .... .... | ၂၄၄ |
| ဒါနပြုရန် ခက်ခဲခြင်း .... .... .... | ၂၄၇ |
| ဒါနကို လေ့ကျင့်ခြင်း .... .... .... | ၂၄၉ |
| မိမိကိုယ်တိုင် လေ့ကျင့်ခြင်း .... .... .... | ၂၄၉ |
| အိမ်တွင်းဒါန .... .... .... | ၂၀၀ |
| အလှူခံရှိပါစေ .... .... .... | ၂၀၁ |


## အခန်း (၁၀)

### ဒါနအဓိပ္ပါယ်ဖွင့်ဆိုခြင်း


| | |
|---|---|
| ဒါန၏ အမည်ခွဲများ .... .... .... | ၂၀၃ |
| ကျမ်းဂန်လာ ဒါန၏ ဥပမာများ .... .... | ၂၀၄ |
| ဒါန၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၂၀၅ |
| ဒါနသည် ပုဂ္ဂိုလ်တိုင်းအတွက် အရေးကြီး .... .... | ၂၀၆ |
| ဒါနအတွက် အခက် ၄-ပါး .... .... | ၂၀၆ |
| ပေးလှူလိုသည့်စိတ်ကို ဟန့်တားတတ်သည့် တရားများ .... | ၂၀၇ |
| မလှူဒါန်းနိုင်ခြင်း အကြောင်းရင်း .... .... | ၂၀၇ |
| အငတ်ဘေးကြောက်သူ များများလှူ .... .... | ၂၀၇ |
| ဒါနမြောက်အောင် အလှူရှင်များ ဆင်ခြင်ဖွယ် .... | ၂၀၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နန္ဒောပနန္ဒနဂါးမင်းကို အောင်ခြင်း .... .... | ၅၃၈ |
| ဗကဗြဟ္မာကို အောင်ခြင်း .... .... | ၅၃၉ |
| ၁၂။ အပြင်အောင်ခြင်းရှစ်ပါး အချုပ် ၂-ဂါထာ .... | ၅၃၉ |
| ၁၃။ အောင်ဂါထာတော် .... .... | ၅၄၁ |
| ၁၄။ သစ္စာပန္နက်အောင်ရှစ်ချက်ဂါထာ .... .... | ၅၄၁ |
| ၁၅။ မာရ်နတ်ကို အောင်မြင်ပြီးနောက် ဗြဟ္မာ, နတ်, နဂါး, ဂဠုန်တို့၏ ကြွေးကြော်သည့် ဂါထာများ .... | ၅၄၂ |
| ၁၆။ သမ္ဗုဒ္ဓေကပ်ကျော် မန္တန်တော်ကြီး .... | ၅၄၄ |
| သမ္ဗုဒ္ဓေဂါထာသုံးပုဒ်၏ အကျိုးကျေးဇူးများ .... | ၅၄၄ |
| လင်္ကာ၏ အဓိပ္ပာယ် .... .... | ၅၄၅ |
| ၁၇။ ဖုဋ္ဌဿဂါထာ မန္တန်တော် .... .... | ၅၄၆ |
| ၁၈။ ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိတော် ... | ၅၄၇ |
| ၁၉။ ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိတော် .... .... | ၅၄၇ |
| ၂၀။ ပထဝီဗယမန္တန် ၁၄-ဂါထာပါဠိ .... .... | ၅၄၈ |
| ၂၁။ လာဘာသိဒ္ဓိ ရှင်သီဝလိဂါထာ .... .... | ၅၅၃ |
| ၂၂။ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် (ပဋ္ဌာန်း ၂၄-ပစ္စည်း) | ၅၅၆ |
| ၂၃။ စက်ဝန်းပရိတ်ခေါ် အရပ်ဆယ်မျက်နှာ ပြိုဟ်ရှစ်လုံး စည်းချဂါထာများ .... .... | ၅၅၇ |
| ၂၄။ အတွင်းစည်းချ သိရသ္မိံ ဂါထာတော်ကြီး .... | ၅၆၁ |
| ၂၅။ မြစ်ကူးချောင်းခြား ခရီးသွားအန္တရာယ်ကင်းဂါထာ ၃-ပုဒ် | ၅၆၂ |
| ၂၆။ ခလုပ်မထိ ဆူးမငြိနိုင်သောဂါထာ .... .... | ၅၆၄ |
| ၂၇။ သက်တော်မြဲဂါထာ .... .... | ၅၆၅ |
| ၂၈။ အန္တရာယ်မပြုနိုင်သော ဂုဏ်တော် ၄-ပါး .... | ၅၆၇ |
| ၂၉။ အာဝေဏိကဂုဏ်တော် ၁၈-ပါး .... .... | ၅၆၈ |
| ၃၀။ နာညတြဂါထာ .... .... | ၅၇၁ |
| ၃၁။ ကျည်မထွက် လက်နက်တုံးဂါထာ .... | ၅၇၂ |
| ၃၂။ လက်နက် ရန်သူကွင်းဂါထာ .... .... | ၅၇၃ |
| ၃၃။ ကပ်ဆိုးရောဂါဆိုး အမျိုးမျိုးတို့မှ ကင်းလွတ်စေနိုင်သောဂါထာ | ၅၇၄ |
| ၃၄။ ရန်သူမမြင်နိုင်သောဂါထာ (ကိုယ်ပျောက်ဂါထာ).... | ၅၇၆ |
| ၃၅။ အန္တရာယ်ကင်းဂါထာ .... .... | ၅၇၇ |
| ၃၆။ အသက်အန္တရာယ်ကင်းဂါထာ .... .... | ၅၇၈ |
| ၃၇။ ဘီလူးပြေးသောဂါထာ .... .... | ၅၇၉ |

http://www.dhammadownload.com



## ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်လှူပုံအကျဉ်း

[ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့် အထက်တွင် ဖော်ပြခဲ့သော "ဆွမ်းတော်ကပ်"စသည်များကို အရအမိကျက်မှတ်ရန် အခက်အခဲရှိသူတို့အတွက် မြန်မာလို သက်သက်ဖြင့် အလွယ်တကူ ကပ်လှူပူဇော်နိုင်ရန် "ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး"ကပ်လှူပုံ အကျဉ်းနည်းကို အောက်တွင် ဆက်လက်ဖော်ပြထားပါသည်။]

### ဆွမ်းတော်ကပ်

အရဟံ-အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုန်းတော်ကြီးမား ရှင်တော်မြတ်ဘုရားအား (အဆင်း အနံ့ အရသာတို့နှင့် ပြည့်စုံသော ဤဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာကို ရိုသေစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။) ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, မြတ်နိဗ္ဗာန်ကို ကေန်ရောက်အောင် ရွက်ဆောင်နိုင်ပါစေသတည်း။

### ရေချမ်းတော်ကပ်

(သန့်ရှင်းအေးမြ ကြည်သင်လှသော ဤသောက်တော်ရေ, သုံးဆောင်တော်ရေကို ရိုသေစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။)

### ပန်းတော်ကပ်

(အဆင်းအနံ့ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်သော ဤပန်းကို ရိုသေစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။)

### ဆီမီးတော်ကပ်

(အမှောင်ကိုနှင်၍ အလင်းကိုဆောင် အရောင်ထိန်ညီး ဤဆီမီးကို ရိုသေစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။) (လျှပ်စစ်မီးကို လှူလိုက ဤဆီမီးကိုအစား ဤလျှပ်စစ်မီးကိုဟု ဆို၍ လှူပါ။)

### မီးမွှေးတိုင်ကပ်

(သင်းပျံ့မွှေးကြိုင် ဤနံ့သာတိုင်ကို ရိုသေစွာ ကပ်လှူ ပူဇော်ပါ၏ အရှင်ဘုရား။)

http://www.dhammadownload.com

# အခန်း ( ၄ )

## အဓိပ္ပါယ်ရှင်းချက်များ

### ကန်တော့ခန်း ရှင်းလင်းချက်

မြန်မာနိုင်ငံတွင် ဩကာသ အစချီသော ကန်တော့ခန်းသည် ပုဂံခေတိ ရှင်အရဟံ မထေရ်လက်ထက်မှ စတင်ပေါ်ပေါက်လာခဲ့သည်။ ယင်း ဩကာသ ကန်တော့ခန်း မူကွဲအမျိုးမျိုးရှိရာ အများစုလက်ခံထားသည့် ကန်တော့ခန်းကို ဤနေရာ၌ ဖော်ပြထားပါသည်။ အခြား ဩကာသကန်တော့ခန်း မူကွဲများကို အထွေထွေအခန်း၌ ဖော်ပြထားပါသည်။

**ဩကာသ**=အခွင့်=ခွင့်ပြုတော်မူပါ

ရှိခိုးခွင့်ပြုတော်မူပါ၊ ကန်တော့ခွင့်ပြုတော်မူပါဟု ခွင့်တောင်းခြင်း ဖြစ်သည်၊ ရိုသေမှုကို အလေးအနက် ပြုလိုသောကြောင့် ဩကာသကို သုံးကြိမ် ရွတ်ဆိုရသည်။

**ကာယကံ**=ကိုယ်ဖြင့် ပြုလုပ်သောအမှု

**ဝစီကံ**=နှုတ်ဖြင့် ပြောဆိုသောအမှု

**မနောကံ**=စိတ်ဖြင့် ကြံစည်သောအမှု

**သဗ္ဗဒေါသ**=သဗ္ဗ+ဒေါသ=ခပ်သိမ်းသော+အပြစ်

**ခပ်သိမ်းသော အပြစ်တို့ကို**=သဗ္ဗဒေါသ·ဟူသော ပါဠိစကားကို မြန်မာဘာသာပြန်ဆို၍ လေးနက်စေရန် ထပ်မံဆိုခြင်းဖြစ်သည်။

**ပျောက်ပါစေခြင်းအကျိုးငှါ** = ရတနာ သုံးပါးနှင့် မိဘဆရာသမားများ အပေါ်၌ ကိုယ်အမူအရာဖြင့် ပြစ်မှားခြင်း၊ အပြောအဆို (နှုတ်) ဖြင့် ပြစ်မှားခြင်း၊ စိတ်ကူး အကြံအစည်ဖြင့် ပြစ်မှားခြင်းတို့တွင် တစုံတခုသော ပြစ်မှားခြင်းရှိခဲ့သော် ထိုအပြစ်တို့ကို ပပျောက်လျော့ပါးသွားစေရန် တောင်းပန်ဝန်ချကန်တော့ခြင်းဖြစ်သည်။

**ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် ပြောက်အောင်**=ပါဠိနှင့်

မြန်မာ တွဲဖက်သုံးနှုန်းထားခြင်း ဖြစ်သည်၊ အနက်အဓိပ္ပာယ် ရှင်းရန်မလို။

http://www.dhammadownload.com



**ရတနာ**=အလေးအမြတ် ပြုထိုက်ခြင်း၊ တန်ဖိုးကြီးမားခြင်း၊ ရှားပါး၍ ရခဲခြင်း၊ ရရှိသူ တွေ့ရှိသူအား နှစ်သက်မှုကို ဖြစ်စေနိုင်သောကြောင့် ရတနာဟု ခေါ်ဆိုရသည်။

**ဘုရား**=အလုံးစုံကို အကုန်အစင် သိမြင်တော်မူသောကြောင့် ဘုရားဟု ခေါ်ပါသည်။

**တရား**–သတ္တဝါများကို ဆင်းရဲတွင်းသို့ မကျရအောင် ဆောင်ယူတတ်သောကြောင့် တရားဟု ခေါ်ပါသည်။

**သံဃာ**=အယူသီလ တူမျှသော အရိယာပုဂ္ဂိုလ်အပေါင်းနှင့် သမ္မုတိသံဃာကို သံဃာဟု ခေါ်ပါသည်။

**ရတနာမြတ်သုံးပါးတို့ကို**=မြင့်မြတ်သော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့ကို၊

**အရိုအသေ**=ဝပ်တွားကျိုးနွံခြင်း၊ မလေးမခန့် မပြုဘဲ ကြောက်ရွံ့ခန့်ညားမှုကို ဖော်ပြခြင်း၊

**အလေးအမြတ်**=လေးစားခြင်း၊ မြတ်နိုးခြင်း၊

**လက်အုပ်မိုး၍**=လက်ဝါးနှစ်ဘက်ကို စုံညီပြု၍ နဖူးအထိချီမြှောက်ထားခြင်း၊ ဘုရားရှိခိုးရာ၌ လက်အုပ်ကို မေးစေ့ (သို့မဟုတ်) ရင်ညွန့်မျှသာ မြှောက်ချီထားခြင်းသည် အမြင့်ဆုံး အရိုအသေပြုနည်း မဟုတ်၊ နဖူးအထိ မြှောက်ချီထားမှသာလျှင် အမြင့်ဆုံး အရိုအသေပြုခြင်း ဖြစ်သည်။

**ရှိခိုးပူဇော်**=ရှိခိုးခြင်းကိုပင် ပူဇော်ခြင်းဟု ဆိုလိုသည်၊ ရှိခိုးခြင်းအမျိုးမျိုး အကြောင်းကို ရှင်းပြခဲ့ပြီးဖြစ်၍ ထပ်မံ မရှင်းတော့ပါ။

**ဖူးမြှော်**=မြင်တွေ့ခြင်း၊ ကြည့်ရှုခြင်း၊ ဉာဏ်မျက်စိ၌ ထင်ရှားပေါ်လွင်လာအောင် အာရုံပြုခြင်း၊

**မာန်လျှော့**=ရှိခိုးခြင်း ကန်တော့ခြင်းကို ပြုရာ၌ မာန်မာနကို လျှော့ချပြီးမှ ရှိခိုးကန်တော့နိုင်သည်၊ မိမိကိုယ်ကို ရတနာသုံးပါးအောက် နိမ့်ကျသည်၊ ညံ့သည်ဟု ယူဆပါမှ ရှိခိုးကန်တော့နိုင်သည်၊ ထို့ကြောင့် ဤရှိခိုးခြင်းသည် မာန်မာနကို လျှော့ချပြီး ဖြစ်ပါကြောင်း ဖွင့်ဟမြွက်ဆိုခြင်း ဖြစ်သည်။

http://www.dhammadownload.com



**ကန်တော့ပါ၏**=ဝန်ချတောင်းပန်ပါ၏၊ မြန်မာစကား၌ လူကြီးသူမများကို မတော်တဆ ထိခိုက်မိ တိုက်မိပါက "ကန်တော့၊ ကန်တော့"ဟု တောင်းပန်စကား ဆိုလေ့ရှိကြသည်၊ ရှိခိုးပါ၏ဟု အဓိပ္ပာယ်ရသည်။

**ကန်တော့ရသောအကျိုးအားကြောင့်**=အချို့က "အကျိုးအားဖြင့်" ဟု ဆိုကြသည်။ အချို့က "ကန်တော့ရသော ကုသိုလ်ကံစေတနာကြောင့်" ဟု ဆိုကြသည်။ "အကျိုးအားကြောင့်"ဟု ရှေးမူမပျက် ဆက်လက် ဖော်ပြပါသည်။

**အပါယ်လေးပါး**

အပါယ = (အပ + အယ။ အယ = ချမ်းသာ + အပ=ကင်းခြင်း) ချမ်းသာကင်းသော အရပ်၊ ကုသိုလ်ကောင်းမှုပြုခွင့် မရသော ဖော်ပြ လတ္တံ့ပါ အရပ်ဌာန ၄-ခုကို "အပါယ်"ဟု ခေါ်သည်—

၁။ ငရဲ=ငရဲထိန်း၊ ငရဲမီး စသည်တို့ဖြင့် အမြဲ အနှိပ်စက်ခံနေ ရသော ဘုံဌာန၊

၂။ တိရစ္ဆာန်=မဂ်ဖိုလ် နိဗ္ဗာန် တရားတော်နှင့် ဖီလာကန့်လန့် ဖြစ်နေသော သတ္တဝါတို့၏ ဘုံဌာန၊

၃။ ပြိတ္တာ=စားရမဲ့ ဝတ်ရမဲ့ ခိုကိုးရာမဲ့ ဖြစ်နေသူတို့၏ ဘုံဌာန၊

၄။ အသူရကာယ် = ပြိတ္တာများထက် အခြေအနေဆိုး၍ အမြဲ ပူလောင် ဆင်းရဲခံနေရသူများ၏ ဘုံဌာန၊

**ကပ်သုံးပါး**

ကပ္ပ=ကပ်=တစ်ခုသော အချိန်ကာလ၊ ခေတ်၊
ဤနေရာ၌ ဆိုးရွားသော ဘေးအန္တရာယ်များ ကျရောက်ချိန်ကာလကို "ကပ်"ဟု ခေါ်ပါသည်။ ကပ်သုံးပါးမှာ—

၁။ ဒုဗ္ဘိက္ခန္တရကပ်=ငတ်မွတ်ခြင်းဘေး ဆိုက်ရောက်နေသည့် ခေတ် ကာလ၊ ရှေးလူကြီးများက သရေခိုင်းသည်ဟု ဆိုကြသည်။ ကြီးကျယ်သော ငတ်မွတ်ခြင်းဘေးကို "မဟာသရေကြီး"ဟု ခေါ်သည်။

၂။ သတ္ထန္တရကပ်=လက်နက်ဘေး အန္တရာယ် စစ်ဘေး အန္တရာယ် ဆိုက်ရောက်သည့်ခေတ် ကာလ၊

၃။ ရောဂန္တရကပ်=ကူးစက်ရောဂါဘေးအန္တရာယ် ဆိုက်ရောက်သည့် ခေတ် ကာလ၊

http://www.dhammadownload.com



လူသားအများ လောဘထုပြောလျှင် ငတ်မွတ် ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရကပ် ဆိုက်တတ်သည်။

လူသားအများ ဒေါသထုပြောလျှင် လက်နက်ဘေး စစ်ဘေးဒုက္ခ သတ္ထန္တရကပ် ဆိုက်တတ်သည်။

လူသားအများ မောဟထုပြောလျှင် ကူးစက်ရောဂါ များစွာ ဖြစ်ပွားခြင်း ရောဂန္တရကပ် ဆိုက်တတ်သည်။

**ရပ်ပြစ် ၈-ပါး**

၁။ ငရဲ၊

၂။ တိရစ္ဆာန်၊

၃။ ပြိတ္တာ၊

၄။ လွန်စွာအသက်တမ်းရှည်သော အရူပပြဟ္မာနှင့် အသညသတ်ပြဟ္မာ၊

(အရူပပြဟ္မာ=ရုပ်မရှိ၊ နာမ်တရား သက်သက်သာ ရှိသည်၊ အသညသတ်ပြဟ္မာ=နာမ်တရားမရှိ၊ ရုပ်သက်သက်သာ ရှိသည်။)

၅။ ပစ္စန္တရစ်အရပ်သား=တိုင်းစွန်ပြည်ဖျား လမ်းပန်း အဆက်အသွယ် ခက်ခဲ၍ ဝေါဟာရ မပြည့်စုံ မကြွယ်ဝသည့် လူရိုင်း အမျိုးအနွယ်၊

၆။ မိစ္ဆာဒိဋ္ဌိ=မှားယွင်းသော အယူဝါဒရှိသော အမျိုးအနွယ်၊

၇။ ဒုပ္ပညာ=အသိဉာဏ် လူစဉ်မမီသူ၊

၈။ သာသနာပ ကာလ၊

ဤ အရပ် ဌာနများ၌ ဖြစ်လာသူများသည် မြတ်စွာဘုရားရှင်၏ ဒေသနာတော်ကို နာကြားခွင့် မရခြင်း၊ နာကြားရသော်လည်း အနက် အဓိပ္ပါယ်သိနိုင်စွမ်း မရှိခြင်းကြောင့် ဤအရပ်ဌာန (၈)ခုကို "ရပ်ပြစ် ရှစ်ပါး"ဟု ခေါ်သည်။

**ရန်သူမျိုး ၅ ပါး**

၁။ ရေ =ရေလွှမ်းမိုးခံရခြင်းဘေးရန်၊

၂။ မီး =မီးလောင်ခံရခြင်းဘေးရန်၊

၃။ မင်း =ရာဇဝတ်ပြစ်ဒဏ်ခံရခြင်းဘေးရန်၊

http://www.dhammadownload.com



၄။ ခိုးသူ =ခိုးဝှက်ခံရခြင်း၊ လုယက်ခံရခြင်းစသောရန်၊

၅။ အမွေခံဆိုး=မိဘပစ္စည်း ဖြုန်းတီး၍ မိဘကို နှိပ်စက်တတ်သည့် သားဆိုးသမီးဆိုး၊

ဝိပတ္တိတရား ၄-ပါး

ဝိပတ္တိ=ဖောက်ပြန်ချွတ်ယွင်းခြင်း၊

၁။ ဂတိဝိပတ္တိ =လားရာဂတိဖောက်ပြန်ခြင်း၊ အပါယ်ဘုံ၌ဖြစ်ခြင်း၊

၂။ ဥပဓိဝိပတ္တိ =ဥပဓိရုပ်ဖောက်ပြန်ခြင်း၊ ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း၊

၃။ ကာလဝိပတ္တိ=ခေတ်ပျက် ကာလပျက်ခြင်း၊ တရားဥပဒေဖြင့် အုပ်ချုပ်မှုကင်းမဲ့သောအချိန်၊

၄။ ပယောဂဝိပတ္တိ=လုပ်ဆောင်မှု အားထုတ်မှု မမှန်မကန် ဖောက်ပြန်ခြင်း၊ လုပ်မှားကိုင်မှားဖြစ်ခြင်း၊ အပြစ်ကျူးလွန်မိခြင်း၊

ဗျသနတရား ၅-ပါး

ဗျသန=ပျက်စီးခြင်း၊

၁။ ဉာတိဗျသန =ဆွေမျိုးများ ပျက်စီးခြင်း၊

၂။ ဘောဂဗျသန=စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်စီးခြင်း၊

၃။ ရောဂဗျသန =အနာရောဂါ နှိပ်စက်၍ ပျက်စီးခြင်း၊ အနာရောဂါ စွဲကပ်နေခြင်း၊

၄။ သီလဗျသန =အကျင့်သီလပျက်စီးခြင်း၊

၅။ ဒိဋ္ဌိဗျသန =အယူဖောက်ပြန် လွဲမှား ပျက်စီးခြင်း၊ မိစ္ဆာ အယူကိုယူခြင်း၊

ဗျသနတရား ငါးပါးတွင် "သီလဗျသန" နှင့် "ဒိဋ္ဌိဗျသန"တို့သည် ယခုဘဝ၌သာ ဆင်းရဲစေသည် မဟုတ်၊ နောင်ဘဝ များစွာ၌လည်း ဆင်းရဲခြင်းသို့ ရောက်စေတတ်သောကြောင့် ပို၍ ကြောက်မက်ဖွယ် ကောင်းလှသည်၊

http://www.dhammadownload.com



## သရဏဂုံနှင့် သီလတောင်းခံခြင်း ရှင်းလင်းချက်

အဟံ ဘန္တေ အစချီသော ပါဠိမှာ သရဏဂုံနှင့် သီလကို တောင်းခံခြင်း ဖြစ်သည်။ မြန်မာလိုအဓိပ္ပါယ်မှာ—

"တပည့်တော်အား ချီးမြှောက်သောအားဖြင့် သရဏဂုံ သုံးပါးနှင့် ငါးပါးသော သီလတော်မြတ်ကို (အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို) (အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို) ပေးသနားတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်ခြင်း ဖြစ်သည်။

## သရဏဂုံ ရှင်းလင်းချက်

ဗုဒ္ဓဘာသာဝင် မဖြစ်သေးသူများ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်လာရန် "သရဏဂုံ"ကို ရှေးဦးစွာ ဆောက်တည်ရ၏။ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးသူများ "ငါးပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါး"စသော သီလများကို ခံယူဆောက်တည်ရာ၌လည်းကောင်း၊ ရှင်ပြုရဟန်းခံ ပြုလုပ်ရာ၌လည်းကောင်း "သရဏဂုံ"ကို ရှေးဦးစွာ ခံယူဆောက်တည်ရ၏။ "သရဏဂုံ"သည် သာသနာတော်သို့ အစ ကနဦး ဝင်ပေါက်ဖြစ်၍ ဗုဒ္ဓဘာသာအဖြစ် စတင်ခံယူခြင်း ဖြစ်ပါသည်။ ညှိုးနွမ်းသော သရဏဂုံကို ပြန်လည် အရောင်တင်ရန် နေ့စဉ် သရဏဂုံ ခံယူ ဆောက်တည်ရသည်၊ အဆိုပါ သရဏဂုံနှင့် စပ်လျဉ်း၍ သိမှတ်ထိုက်သည်များကို ဆက်လက်ဖော်ပြထားပါသည်။

## သရဏဂုံနှင့် သရဏဂုံတည်သူ

သရဏဂမန = (သရဏ+ဂမန၊ သရဏ=ကိုးကွယ်ရာဟု+ဂမန=ယုံကြည် သိမှတ်ဆည်းကပ်ကိုးကွယ်ခြင်း။) "သရဏ+ဂမန"ဟူသောပါဠိမှ "သရဏဂုံ"ဟု မြန်မာစကား ဖြစ်လာသည်။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို "ကိုးကွယ်ရာအစစ်ဖြစ်၏"ဟု ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်သော ကုသိုလ် စိတ်ကို "သရဏဂုံ"ဟု ခေါ်သည်။ ဤကုသိုလ်စိတ်ဖြင့် ရတနာမြတ်သုံးပါး အပေါ် ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်နေသူကို "သရဏဂုံတည်သူ"ဟု ခေါ်သည်။ သရဏဂုံတည်သူ ဖြစ်အောင် သရဏဂုံဆောက်တည်နည်းများကို ဆက်လက်လေ့လာရန် ဖြစ်ပါသည်။

## သရဏဂုံဆောက်တည်ခြင်း

သရဏဂုံဆောက်တည်လိုသူသည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စသော ပါဠိဘာသာ ကိုဖြစ်စေ၊ "ဘုရားကို ကိုးကွယ်ပါ၏"စသော မြန်မာဘာသာကိုဖြစ်စေ ရွတ်ဆို ဆောက်တည်ရမည်။ ယင်းသို့ ရွတ်ဆိုဆောက်တည်ခြင်းသည် မိမိတို့သန္တာန်၌

http://www.dhammadownload.com



ရတနာမြတ်သုံးပါးကို ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်လိုသော သဒ္ဓါပညာ ပြည့်ဝန်းသည့် ကုသိုလ်စိတ္တုပ္ပါဒ်များဖြစ်နေကြောင်း ထင်ရှားပေါ်လွင်အောင် ဖော်ပြခြင်း ဖြစ်၏။ ရွတ်ဆိုဆောက်တည်ရာ၌ ဝတ်ကျေဝတ်ကုံ ရွတ်ဆိုကာမျှ မဟုတ်၊ ရတနာမြတ်သုံးပါးအပေါ် တကယ်ယုံကြည် ကိုးကွယ်လိုသော သရဏဂုံ စိတ်လည်း ရှိရမည်။ သရဏဂုံကို မိမိကိုယ်တိုင်က ယုံယုံကြည်ကြည် ခံယူ မဆောက်တည်လျှင် မည်သည့်ပုဂ္ဂိုလ်ကမျှ ပေး၍ မရနိုင်ပါ။ ကိုယ်တိုင်ကိုယ်ကျ ယုံယုံကြည်ကြည် ခံယူဆောက်တည်မှသာ ရနိုင်ပါသည်။

သရဏဂုံကို ဆောက်တည်ရာတွင်လည်း စေတီ, ပုထိုး, ဘုရား, ဆင်းတု စသည်မှာဖြစ်စေ၊ ရဟန်းတော်တပါးပါးထံမှာဖြစ်စေ၊ မိမိအလိုအလျောက်ဖြစ်စေ ယုံယုံကြည်ကြည် ခံယူဆောက်တည်လျှင် သရဏဂုံကို မရမရှိ၊ ရနိုင်သည်ချည်း ဖြစ်၏။ တစ်ကြိမ် တစ်ခါမျှ ခံယူဆောက်တည်ထားလျှင် သရဏဂုံစိတ်ကို မစွန့်သမျှ, ဗုဒ္ဓဘာသာဝင်အဖြစ်မှ အခြား ဘာသာဝင်အဖြစ်သို့ မပြောင်းသမျှ အသက်ရှင်နေသမျှ သရဏဂုံ တည်နိုင်ပါသည်။

### လူ့သရဏဂုံနှင့် ရှင့်သရဏဂုံ

ဤ၌ သရဏဂုံဆောက်တည်ပုံ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော ပါဠိဘာသာသည် သာမညပညာရှိ ကဝိပုဂ္ဂိုလ်တို့ ဖွဲ့ဆိုထားသော စကားမဟုတ်ပါ၊ ဘုရားရှင် ကိုယ်တော်တိုင် ရှင်ရဟန်းပြုရန် ခွင့်ပြုတော်မူရာမှ စတင်ပေါ်ပေါက်လာသော စကားဖြစ်သည်။ သရဏဂုံဆောက်တည်ကြရာ၌ လူဝတ်ကြောင်တို့အဖို့ ပါဠိဘာသာဖြင့်ဖြစ်စေ၊ အခြား မြန်မာ, အင်္ဂလိပ်, ဂျပန် စသော နှစ်သက်ရာ ဘာသာ(စကား) တမျိုးမျိုးဖြင့် ဖြစ်စေ လိုအပ်သလို ရွတ်ဆို၍ ဆောက်တည် နိုင်ကြ၏။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ် အခြေခံရရေးအတွက် အထောက်အကူဖြစ်စေ နိုင်သောကြောင့် ပါဠိဘာသာဖြင့် ရွတ်ဆိုဆောက်တည်နိုင်လျှင်ကား အကောင်း ဆုံးဖြစ်၏။ ရှင်သာမဏေ (ပြုလိုသူ)တို့ အဖို့ကား မာဂဓဘာသာခေါ် ပါဠိ ဘာသာ တစ်မျိုးတည်းဖြင့်သာ ရွတ်ဆိုဆောက်တည်ခွင့်ရှိ၍ ယင်းသို့ ရွတ်ဆို ဆောက်တည်ရာ၌လည်း ဌာန်ကရိုဏ်းကျကျ ပီပီသသ ရွတ်ဆိုရကြောင်း သတိပြုသင့်ကြပါသည်။

### သရဏဂုံပါဠိ၏ အနက်

– ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည် သိမှတ် ဆည်းကပ် ကိုးကွယ်ပါ၏ အရှင်ဘုရား။

– ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည် သိမှတ် ဆည်းကပ် ကိုးကွယ်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



၄။ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးကို ရိုသေလေးမြတ်စွာ ရှိခိုးခြင်း(ပဏိပါတ)။ ဘုရားရှင်၏ ခြေတော်ကို ခေါင်းဖြင့် တိုက်, ပါးစပ်ဖြင့် စုပ်, လက်ဖြင့် အားရပါးရဆုပ်နယ်ကာ "အရှင်ဘုရား.... တပည့်တော် မြဟ္မာယု ပုဏ္ဏားပါဘုရား"ဟု အမည် ဖော်ကြား လျှောက်ထားလျက် ရှိခိုး ခြင်းမျိုး ဖြစ်ပါသည်။

အချုပ်အားဖြင့် ရတနာမြတ်သုံးပါးအား ယုံကြည်စိတ်ဖြင့် မိမိကိုယ်ကို အပ်နှင်းခြင်း၊ ရတနာမြတ်သုံးပါးကို မှီခိုအားထားခြင်း၊ ရတနာမြတ်သုံးပါး၏ တပည့်အဖြစ်ကို ခံယူခြင်းနှင့် ရတနာမြတ်သုံးပါးကို ရိုသေစွာ ရှိခိုးခြင်း လေးမျိုးအနက် တမျိုးမျိုးဖြင့် ဆောက်တည်လျှင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသည် မရွတ်ဆိုစေကာမူ သရဏဂုံတည်နိုင်ပါသည်။

## သရဏဂုံပျက်သော ရှိခိုးခြင်းနှင့် မပျက်သော ရှိခိုးခြင်း

ရတနာမြတ်သုံးပါးကို ရိုသေလေးမြတ်စွာ ရှိခိုးခြင်း "သရဏဂုံ"နှင့် စပ်၍ ရှိခိုးခြင်း ၄-မျိုးကို သိအပ်၏။ ထိုရှိခိုးခြင်း ၄-မျိုးကား—

၁။ ဆွေမျိုးအဖြစ်ဖြင့် ရှိခိုးခြင်း (ဉာတိ)၊

၂။ ကြောက်၍ ရှိခိုးခြင်း (ဘယ)၊

၃။ ဆရာဖြစ်၍ ရှိခိုးခြင်း (အာစရိယ)၊

၄။ မြတ်သော အလှူခံပုဂ္ဂိုလ်အဖြစ်ဖြင့် ရှိခိုးခြင်း (ဒက္ခိဏေယျ)–

ဟူ၍ ၄-မျိုးရှိ၏။ ထိုတွင် နောက်ဆုံး မြတ်သော အလှူခံ (ဒက္ခိဏေယျ)ပုဂ္ဂိုလ် အဖြစ်ဖြင့် ရှိခိုးခြင်း တစ်မျိုးသာ သရဏဂုံ မြောက်သော ရှိခိုးခြင်း ဖြစ်၏။ ကျန်ရှိခိုးခြင်း ၃-မျိုးတို့ကား သရဏဂုံမမြောက်၊ ရှိခိုးခြင်းကြောင့် သရဏဂုံ ပျက်ရာ၌လည်း အခြား တိတ္ထိ, နတ်, ဘုရား စသည်တို့ကို တကယ် မြတ်သော အလှူခံ(ဒက္ခိဏေယျ)ပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ရှိခိုးလျှင်သာ သရဏဂုံ ပျက်၏။ ဆွေမျိုး(သက်ကြီးဝါကြီး)ဖြစ်၍ ရှိခိုးခြင်း, ကြောက်၍ ရှိခိုးခြင်း, ဆရာဖြစ်၍ ရှိခိုးခြင်းတို့၌ကား သရဏဂုံမပျက်ပေ။ ("သရဏဂုံမမြောက်"ဟူသည် သရဏဂုံ မတည်၊ ဘုရားစသည်ကို ကိုးကွယ်ရာမရောက်ဟု ဆိုလိုသည်။ "သရဏဂုံမပျက်" ဟူသည် တည်ပြီးသော သရဏဂုံမပျက်၊ ဘုရားစသည်ကို ပစ်ပယ်ရာ မရောက်ဟု ဆိုလိုသည်။)

ယခုခေတ် နတ်များကို ပူဇော်ပသရှိခိုးကြရာ၌ ဘုရားစသော ရတနာမြတ် သုံးပါးကို ပစ်ပယ်ပြီး နတ်များကိုသာ မြတ်သော ပုဂ္ဂိုလ်အဖြစ်ဖြင့် ပူဇော်ပသ ရှိခိုးကြလျှင် သရဏဂုံပျက်၏။ ဘုရားစသော ရတနာမြတ်သုံးပါးကို မပစ်ပယ်ဘဲ

http://www.dhammadownload.com



ဘုရား, တရား, သံဃာတော်များ၏ ဂုဏ်ကို အာရုံမပြုတတ်၊ စေတီ, ရုပ်ပွား စသည်များ၌သာ ဆုံးနေတတ်သည်။ "ပညာကို သဒ္ဓါစောင့်မှ၊ သဒ္ဓါကို ပညာ စောင့်မှ လမ်းဖြောင့်သည်"ကို သတိပြုသင့်ပါသည်။

ယခုကာလ သရဏဂုံဆောက်တည်ကြရာ၌ အချို့မှာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော ပါဠိကို ရွတ်ဆိုနေသော်လည်း မြန်မာလို ဘာကို ဆိုလိုကြောင်း မသိ ကြသဖြင့် တကယ့် ဘုရား, တရား, သံဃာတော်များ၏ ဂုဏ်တော်များကိုလည်း သိမြင်နားလည်မှု မရှိနိုင်တော့ပါ။ ယင်းသို့ သိမြင်နားလည်မှု မရှိသူတို့မှာ ဉာဏ်နှင့် ယှဉ်သော ဉာဏသမ္ပယုတ် မဟာကုသိုလ် သရဏဂုံမရနိုင်ဘဲ ဉာဏ်နှင့် မယှဉ်သော ဉာဏဝိပ္ပယုတ် သရဏဂုံမျှသာ ရဖွယ်ရှိပါသည်။

ရတနာသုံးပါး၏ ဂုဏ်တော်များကို သိမြင်နားလည်မှု မရှိရုံမျှမက ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ်လိုစိတ်လည်း မရှိဘဲ အမှုမဲ့အမှတ်မဲ့ ဆောက်တည် နေကြသူတို့မှာမူကား သရဏဂုံကိုမျှ လုံးလုံးလျားလျား ရဖွယ်မရှိ၊ တည်ဖွယ် မရှိပါ။ သရဏဂုံမတည်လျှင် ဗုဒ္ဓဘာသာဝင် အဖြစ်သို့လည်း ရောက်နိုင်ဖွယ် မရှိပင် ဖြစ်ပါသည်။ အချုပ်အားဖြင့် သရဏဂုံကို ခံယူဆောက်တည်ကြရာတွင် သရဏဂုံ မြောက်မှုကို အလေးဂရု ပြုသင့်ကြပါသည်။ ကိုးကွယ်လိုသော စိတ်ထားနှင့် ကိုးကွယ်ရာဝတ္ထုမှန်မှ "သရဏဂုံအစစ်" ဖြစ်နိုင်ကြပါလိမ့်မည်။

### သရဏဂုံကို အထပ်ထပ် ဆောက်တည်ခြင်း

"သရဏဂုံ" သည် ယုံကြည်လေးမြတ်စွာ တစ်ကြိမ်ဆောက်တည်ထားလျှင် ယုံကြည်စိတ်မပျက်သမျှ, ယုံကြည်ရာဝတ္ထု (ဘုရား,တရား,သံဃာ) မပြောင်း သမျှ အသက်မသေသေးသမျှ တသက်လုံး တည်၏။ အထပ်ထပ် အခါခါ ဆောက်တည်နေဖွယ်မလိုပါ။ သို့ပါလျက် ယခုအခါ ဘုရားရှိခိုးတိုင်း, သီလ ဆောက်တည်တိုင်း လိုလိုမှာ သရဏဂုံ မပါလျှင် မပြီး အထပ်ထပ် အခါခါ ဆောက်တည်လျက်ရှိကြသည်။ ယင်းသို့ ဆောက်တည်နေခြင်းသည် အပိုအလုပ် သာ ဖြစ်၍နေသည် မဟုတ်လော?၊ အဖြေကား– အပိုအလုပ် ဖြစ်၍နေသည်မှာ မှန်ပါသည်။ ယင်းသို့ အပိုအလုပ် ဖြစ်၍နေသော်လည်း အကျိုးမဲ့ စွန့်ပယ်ပစ် ရမည့် အပိုမျိုးမဟုတ်ပါ။ အပိုအကျိုးရအောင် ပို၍လုပ်ခြင်းသာ ဖြစ်ကြောင်း သဘောပေါက်သင့်ကြပါသည်။

မှန်ပါသည်။ "မကောင်းမှု အကုသိုလ်တရားကို မဖြစ်သေးက အသစ် မဖြစ်စေဘဲ ဖြစ်ပြီးဖြစ်ပါက ပယ်ပစ်ရမည်။ ကောင်းမှု ကုသိုလ်တရားကို မဖြစ် သေးက အသစ် ဖြစ်စေပြီးနောက် ဖြစ်ပြီးဖြစ်ပါက တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားရမည်"ဟု ဘုရားရှင်ကိုယ်တော်တိုင် မိန့်မြွက်ဟောကြား

http://www.dhammadownload.com



ဤတရားများရှိနေလျှင် သရဏဂုံ ညစ်နွမ်းမှု မစင်ကြယ်မှုများဖြစ်ပွားနိုင်၏။ ဘုရား စသည်ကို မဆွံ့ပယ်သေးလျှင် သရဏဂုံပျက်စီးမှုကား မဖြစ်နိုင်ပါ။

## ပျက်တတ်သော သရဏဂုံနှင့် မပျက်တတ်သော သရဏဂုံ

"သရဏဂုံ"သည် လောကီသရဏဂုံနှင့် လောကုတ္တရာ သရဏဂုံ (တနည်း) သီးခြားခံယူဆောက်တည်ရသော သရဏဂုံနှင့် သီးခြားခံယူဆောက်တည်ဖွယ် မလိုသော သရဏဂုံဟူ၍ သရဏဂုံ နှစ်မျိုးရှိ၏။ ထိုတွင်—

၁။ လောကုတ္တရာ သရဏဂုံသည် အရိယမဂ်တရားတည်း။ အရိယာ ပုဂ္ဂိုလ်တို့အား မဂ်ခဏ၌ တည်၏။ သီးခြားခံယူဆောက်တည်ဖွယ် မလို၊ တည်သော အချိန်မှ စ၍ မပျက် မပြောင်း။ ဘဝတပါး ပြောင်းသွားသည့် အခါ၌ပင် ပျက်ခြင်း ပြောင်းခြင်းမရှိ။ မပျက်ရုံ မပြောင်းရုံမက သရဏဂုံစိတ်ကို ညစ်နွမ်းစေတတ်သော အကုသိုလ် တရားတို့ကို အပြတ်ရှင်းထားပြီးဖြစ်သောကြောင့် ညစ်နွမ်းမှုမျှပင် မရှိ။ ထို့ကြောင့် လောကုတ္တရာ သရဏဂုံကို "သီးခြား ခံယူ ဆောက်တည်ဖွယ် မလိုသော သရဏဂုံ (သို့မဟုတ်) မပျက် တတ်သော သရဏဂုံ"ဟု မှတ်အပ်၏။

၂။ လောကီသရဏဂုံကား သဒ္ဓါ, ပညာ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်တည်း။ သီးခြားခံယူဆောက်တည်ရ၏။ ခံယူဆောက်တည် ထားသော်လည်း အမြဲတည်ပြီဟု စိတ်မချရ။ ရတနာသုံးပါးကို မကိုးကွယ်လိုသောအခါ, သေလွန်သောအခါတို့၌ သရဏဂုံပျက်၏။ အယူတပါး ပြောင်းသွားသော အခါ၌ သရဏဂုံ ပြောင်း၏။ အကုသိုလ်တရားတို့ကို အပြတ်ရှင်းထားပြီး မဟုတ်သောကြောင့် ညစ်နွမ်းမှုလည်း ရှိနိုင်၏။ ထို့ကြောင့် လောကီသရဏဂုံကို "သီးခြား ခံယူဆောက်တည်ရသော သရဏဂုံ (သို့မဟုတ်) ပျက်တတ်သော သရဏဂုံ"ဟု မှတ်အပ်၏။

## သရဏဂုံပျက်မှုနှင့် အလောင်းကို သရဏဂုံတင်ခြင်း

လောကီသရဏဂုံသည် အမြဲတည်ပြီဟု စိတ်မချရ၊ အချိန်မရွေး ပျက်တတ်၏။ ယင်းသို့ ပျက်ရာတွင် "အပြစ်ရှိသော ပျက်ခြင်းနှင့် အပြစ်မရှိသော ပျက်ခြင်း" ဟူ၍ သရဏဂုံပျက်ခြင်း နှစ်မျိုးရှိသည်—

http://www.dhammadownload.com



၁။ ဘုရားမှတပါး အခြား (တိတ္ထိ စသော) ဆရာများကို အလေးအမြတ် အနေအားဖြင့် ကိုးကွယ်လျှင်သော်လည်းကောင်း, ဘုရားရှင်၏ အယူဝါဒမှတပါး အခြားဘာသာ အယူဝါဒသို့ ပြောင်းလျှင်သော် လည်းကောင်း သရဏဂုံပျက်၏။ ဤသို့ ပျက်ခြင်းကား အပြစ်ရှိသော ပျက်ခြင်းမည်၏ (သာဝဇ္ဇ)။

၂။ သေလျှင် သရဏဂုံ (ကုသိုလ်စိတ်) မရှိတော့သောကြောင့် သရဏဂုံ ပျက်၏။ (သေလျှင် ဘဝမျှ မသိ၊ ကုသိုလ်စိတ်သာမက အကုသိုလ် စိတ်လည်း မရှိ။) ဤသို့ ပျက်ခြင်းကား အပြစ်ရှိသော သရဏဂုံ ပျက်ခြင်းကဲ့သို့ မကောင်းကျိုးလည်း မပေး, အကျိုးပေးတတ်သော တရားမျိုးလည်း မဟုတ်သောကြောင့် အပြစ်မရှိသော ပျက်ခြင်းမည်၏ (အနဝဇ္ဇ)။

ဤ၌ တစ်ဦး တစ်ယောက် သေဆုံးခြင်းသို့ ရောက်၍ သရဏဂုံ ပျက်သွားသည့်အတွက် အလောင်းကို သရဏဂုံ တင်ကြရာတွင် ဘာကိုမျှ မသိတတ်သော အလောင်းကောင်အတွက် သရဏဂုံ တင်ပေးသော်လည်း တင်ပေးသော သရဏဂုံကို ရနိုင် ယူနိုင်သည်ကား မဟုတ်ပါ။ ယင်းသို့ မရနိုင် မယူနိုင်သော်လည်း ရနိုင်ယူနိုင်သော (သရဲ, တစ္ဆေ, မြေဘုတ်, မှင်စာ, အစိမ်း, နတ်စိမ်း, နတ်ဘီလူး စသည်ခေါ်ဝေါ်သော ပြိတ္တာအကြီးစား အသူရကာယ်) ဘဝသို့ ရောက်၍ သတိရနေလျှင် သရဏဂုံကို ရပါစေ, ယူပါစေတော့ဟု သတိပေးသောအားဖြင့် ရည်မှန်း၍ အလောင်းကို သရဏဂုံတင်ရိုး ပြုကြခြင်း ဖြစ်၏။ ဤသို့ ပြုကြခြင်းဖြင့် သေဆုံးသူများအဖို့ သရဏဂုံကို ရနိုင်က ရမည်၊ ယူနိုင်က ယူမည်။ အကယ်၍ သေဆုံးသူအဖို့ (ရနိုင်ယူနိုင်သော ဘဝမဟုတ်၍) မရနိုင် မယူနိုင်ရှိစေကာမူ အသက်ရှင် ကျန်နေသူများအဖို့ကား သရဏဂုံကို မလွဲမသွေ ရနိုင်ကြသည်သာ ဖြစ်၏။ ထို့ပြင် အနီးအပါးရှိ ရွေးကာ သေလွန် သွားသူများအနေဖြင့် သရဏဂုံကို ရလိုယူလိုလျှင်လည်း ရနိုင် ယူနိုင်ကြပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် သေသည့်အခါ အလောင်းကို သရဏဂုံ တင်ခြင်းသည် အကျိုးမဲ့ ဆောင်ရွက်ကြခြင်းမဟုတ်၊ အတ္တပရ (မိမိ သူတပါး နှစ်ဦးသား) အကျိုးရှိစေနိုင်သော ကောင်းမှုမျိုးအဖြစ် ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း သဘောပေါက်သင့်ကြပါသည်။

http://www.dhammadownload.com



## သရဏဂုံပုတီးစိပ်ခြင်း

ရှေးရှေးဆရာမြတ်တို့သည် သရဏဂုံကို အထပ်ထပ် အခါခါ ခံယူဆောက်တည်ရုံမျှမက သရဏဂုံ အထုံရစေရန်နှင့် သရဏဂုံ ညစ်နွမ်းမှုမရှိဘဲ အစဉ်ထာဝရ ဖြူစင်တောက်ပမှုရှိစေရန် သရဏဂုံပါဠိကို အထပ်ထပ် အခါခါ ရွတ်ဆိုပွားများပြီး ပုတီးစိပ်ခြင်းများလည်း ရှိပါသည်။ ပုတီးစိပ်နည်းကိုလည်း အောက်ပါအတိုင်း ညွှန်ကြားဖော်ပြကြပါသည်—

- မျက်စိကိုမှိတ် (သို့မဟုတ်) မျက်လွှာကိုချ၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဟူ၍ ပါဠိစပ်က ဆို၊ လက်က ပုတီးတစ်လုံးချ။ မြတ်စွာဘုရားကို "ဆင်းရဲကို ပယ်ဖျောက် ချမ်းသာသို့ ရောက်စေတတ်သော ကိုးကွယ်ရာ ဘုရားမြတ်ရတနာ"ဟူ၍ စိတ်က သိ၊ ပုတီးတစ်ပတ်ရအောင် စိပ်။
- မျက်စိကိုမှိတ် (သို့မဟုတ်) မျက်လွှာကိုချ၊ "ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟူ၍ ပါဠိစပ်က ဆို၊ လက်က ပုတီးတစ်လုံးချ။ တရားတော်မြတ်ကို "ဆင်းရဲကို ပယ်ဖျောက် ချမ်းသာသို့ ရောက်စေတတ်သော ကိုးကွယ်ရာ တရားမြတ်ရတနာ"ဟူ၍ စိတ်က သိ၊ ပုတီးတစ်ပတ်ရအောင် စိပ်။
- မျက်စိကိုမှိတ် (သို့မဟုတ်) မျက်လွှာကိုချ၊ "သံဃံ သရဏံ ဂစ္ဆာမိ"ဟူ၍ ပါဠိစပ်က ဆို၊ လက်က ပုတီးတစ်လုံးချ။ သံဃာတော်မြတ်ကို "ဆင်းရဲကို ပယ်ဖျောက် ချမ်းသာသို့ ရောက်စေတတ်သော ကိုးကွယ်ရာ သံဃာမြတ်ရတနာ"ဟူ၍ စိတ်က သိ၊ ပုတီးတစ်ပတ်ရအောင် စိပ်။

ဤနည်းအားဖြင့် အဓိဋ္ဌာန်ဝတ်ထား၍ ဖြစ်စေ၊ ဝတ်မထားဘဲ ဖြစ်စေ သရဏဂုံ ပါဠိများကို ရွတ်ပွါးပြီး ပုတီးစိပ်နိုင်ကြပါသည်။ ပုတီးစိပ်ခြင်း အလုပ်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများတွင် လာသော ကျမ်းဂန်လာ အလုပ်မျိုးမဟုတ်စေကာမူ ရှေးရှေးဆရာမြတ်တို့ စဉ်ဆက်မပြတ် ကျင့်သုံးတော်မူခဲ့ကြသော ကုသိုလ်ကောင်းမှု လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ယနေ့အထိလည်း ပုတီးစိပ်ခြင်းအလုပ်ကို သူတော်စင်တို့ ရှိသေစွာ လိုက်နာ လုပ်ကိုင်ဆောင်ရွက်လျက်ပင် ရှိပါသည်။

သရဏဂုံပုတီးစိပ်ခြင်းဖြင့် သရဏဂုံညစ်နွမ်းမှုမရှိဘဲ ဖြူစင်မှုရစေပြီး ကိုယ်နှုတ်နှလုံး သုံးပါးလုံး သရဏဂုံအထုံကောင်းစွာ ရနိုင်ကြပါသည်။ ခန္ဓာကိုယ်တစ်ခုလုံး သရဏဂုံဖြင့် ထုံထားနိုင်ပါက အတုံရစွဲမြဲနေသော သရဏဂုံစိတ်သည် ကာယကံ သောင်းကျန်းမှု၊ ဝစီကံ သောင်းကျန်းမှု၊ မနောကံ သောင်းကျန်းမှုကို ဖြစ်စေတတ်သည့် အကုသိုလ်အညစ်တရားများကို ဖယ်ရှားပြီး ဖြူစင်သော ကုသိုလ်တရားများကို အစဉ်တိုးပွားစေနိုင်ပါသည်။

http://www.dhammadownload.com



သရဏဂုံကုသိုလ်စိတ်သည် သာသနာတွင်းကုသိုလ်ဖြစ်၍ လွန်စွာ စွမ်းအားကြီးမားလှ၏။ ထို့ကြောင့် အဆိုပါ သရဏဂုံကုသိုလ်စိတ်သည် ရေထဲသို့ ပစ်ချလိုက်တိုင်း မြုပ်တတ်သော လေးလံသည့်ကျောက်ခဲ သံခဲများကို လှေသင်္ဘောကြီးများသည် မမြုပ်အောင် ကာဆီး တားမြစ်ထားနိုင်သကဲ့သို့ အကုသိုလ်ဟာရး၏ အကျိုးပေးခွင့်ကိုပင် ကာဆီးတားမြစ်ပြီး နတ်ရွာသုဂတိသို့ လားရောက်ရခြင်း စသည့် ကောင်းသော အကျိုးများကို ပေးစွမ်းနိုင်ပါသည်။ ယင်းသို့ အကျိုး ပေးစွမ်းနိုင်ကြောင်း သံယုတ်ကျမ်းလာ "သရဏဥပါသကာ"၏ ဇာတ်လမ်းအရ သိသာထင်ရှားလှပါသည်။ မိမိတို့ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လက်တွေ့ အကျိုးများကို သိမြင်ခံစားနိုင်ကြပါသည်။ အောက်ပါတို့မှာ ရှေးဆရာမြတ်တို့ ဖော်ပြအပ်သော သရဏဂုံ ပုတီးစိပ်ခြင်း၏ အကျိုးပြလင်္ကာများ ဖြစ်ပါသည်—

- သရဏဂုံ၊ သုံးပါးစုံ၊ ကြည်ယုံပုတီးစိပ်။
- သရဏဂုံ၊ ကိုယ်လုံးထုံ၊ ပြည့်စုံသိဒ္ဓိဟိတ်။
- သရဏဂုံ၊ ကိုယ်လုံးထုံ၊ အာရုံထင်နိမိတ်။
- အန္တရာယ်ကင်း၊ ကပ်ကျော်နင်း၊ ပေါ်ခြင်းလာဘ်မဆိတ်။

**သရဏဂုံတည်ခြင်းအကျိုးများ**

လောက၌ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးသည် မည်သည့်အရာနှင့်မျှ နှိုင်းစာ၍ မရအောင် အမြင့်ဆုံး အမြတ်ဆုံး အတုမဲ့ ရတနာများဖြစ်ပါသည်။ အလွန်လည်း တွေ့ခဲ ဆုံခဲ ကြုံကြိုက်ခဲပါသည်။ ယင်းသို့ အမြင့်ဆုံး အမြတ်ဆုံး အတုမဲ့ ရတနာများဖြစ်၍ အလွန်လည်း တွေ့ခဲ ဆုံခဲ ကြုံကြိုက်ခဲလှသော ရတနာမြတ်သုံးပါးကို ကိုးကွယ်အားထားရာဟူ၍ ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်ရသဖြင့် သရဏဂုံတည်ရခြင်းသည် လွန်စွာ အကျိုးကြီးမြတ်လှပါ၏။ အမြင့်ဆုံး အမြတ်ဆုံး အတုမဲ့ အကျိုးများကို ရရှိခံစားနိုင်ကြပါသည်။

ကောင်းသော သုဂတိဘဝသို့ ရောက်ရခြင်း, စည်းစိမ်ဥစ္စာနှင့် ပြည့်စုံရခြင်း, အပါယ်ဒုဂ္ဂတိဘဝသို့ မကျ မရောက်ရဘဲ နတ်ပြည်သို့ ရောက်ရခြင်း, နတ်ပြည်သို့ ရောက်သောအခါ၌ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြွေအရံများခြင်း, အစိုးရခြင်း ငါးမျိုးနှင့် အဆင်း, အသံ, အနံ့ အရသာ, အတွေ့အထိ အာရုံငါးပါး ပေါင်း ဆယ်ပါးတို့မှာ အခြား (သရဏဂုံ မတည်သော) နတ်များကက် သာလွန်ခြင်းတို့ကို ရရှိခံစားနိုင်၏။

http://www.dhammadownload.com



တနည်းအားဖြင့် ဖြစ်လေရာ ဘဝတိုင်း၌ အများအပူဇော် ခံရခြင်း, ထက်သော ဉာဏ်ပညာရှိခြင်း, မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်း, အများနှင့် မတူသော စည်းစိမ်ချမ်းသာများကို ခံစားရခြင်း, ရွှေအဆင်းနှင့် တူခြင်း, အများ နှစ်သက်ကြည်ညိုမှုကို ခံရခြင်း, မိတ်ဆွေ အပေါင်း အသင်းများ၏ ချစ်ခင်မှုကို ရခြင်း, ကျော်စောထင်ရှားခြင်း ဟူသော အကျိုးထူး ရှစ်ပါးကို ရခြင်းတို့မှာ သရဏဂုံတည်ခြင်းကြောင့် ရရှိခံစားရသော ကျမ်းဂန်လာ အကျိုးများဖြစ်ပါသည်။

ထိုမှတပါး သရဏဂုံကို ရွတ်ပွား၍ အစာစားလျှင် အစာ အဆိပ်မသင့်။ ကိုယ်ဝန်ရှိနေစဉ် သရဏဂုံကို ရွတ်ပွားလျှင် ချမ်းသာစွာ မွေးဖွား၏၊ အမွေးရ လွယ်ကူ၏။ မွေးဖွားလာသော သားသမီးများ ဘေးရန်ကင်း၏။ သရဏဂုံကို အမြဲရွတ်ပွားနေလျှင် သရဲ တစ္ဆေ မခြောက်၊ ဘေးရန်မရောက်၊ သရဏဂုံကို ရွတ်ဆို၍ သစ်ပင်များကို စိုက်ပျိုးလျှင်ပင် သစ်ပင်များ ပိုးမကျ၊ ကောင်းစွာ ရှင်သန်၍ ဖွံ့ထွားသန်မာသော အသီးအနှံ့ အရွက်များကို ရနိုင်သည် စသော အားဖြင့် လက်တွေ့အကျိုး ခံစားရသူတို့က ဝန်ခံပြောဆိုကြသော သရဏဂုံ အကျိုးတို့မှာလည်း လွန်စွာ များလှပါသည်။ စင်စစ်အားဖြင့်ကား သရဏဂုံ တည်ခြင်း၏အကျိုးသွားသည် "ဤမျှသာတည်း၊ ဤထက်မပို" ဟု ဆိုဖွယ်မရှိပါ။ အမြင့်ဆုံး အမြတ်ဆုံး ဖြစ်သော အတုမဲ့ ရတနာမြတ်သုံးပါးအပေါ် ယုံကြည် သိမှတ် ဆည်းကပ် ကိုးကွယ်ရခြင်းကြောင့် ရနိုင်သော အကျိုးတို့ကား အနန္တ အပရိမာဏ အတိုင်းအတာမရှိ အဆုံးအစမရှိ များပြားကြီးကျယ်သည်သာ အမှန်ဖြစ်ပါသည်။

[ဤကား လောကီ သရဏဂုံ တည်ခြင်း၏ အကျိုးများ ဖြစ်၏။ လောကုတ္တရာ သရဏဂုံ တည်ခြင်း၏ အကျိုးကား – အကျိုးရင်း (မှချကျိုး)အားဖြင့် ဖိုလ်တရားလေးပါး၊ အကျိုးဆက်အားဖြင့် ဒုက္ခ ခပ်သိမ်းတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန်တရား ဖြစ်ပါသည်။]

**သာဓကဝတ္ထုများ**

သရဏဂုံတည်ခြင်းအကျိုးများကို ပေါ်လွင်မှုနှင့်ခိုင်လုံမှုရှိရန် ကျမ်းဂန်လာ ထင်ရှားသော သရဏဂုံအကျိုးပြ သာဓကဝတ္ထုများကို ဖော်ပြပါဦးမည်။

**ဆေးသောက်ကြူး 'သရဏဥပါသကာ'' အကြောင်း**

ဘုရားရှင် လက်ထက်တော်၌ ဘုရားရှင်၏ ဆွေတော်မျိုးတော် အမျိုးသား တစ်ယောက်သည် အရက်သေစာတို လူမှန်းသိတတ်သည့် အရွယ်မှစ၍ မပြတ် မလပ် သောက်စားလေ့ရှိခဲ့သည်။ ထိုသို့ အရက်သေစာ သောက်စားလေ့ရှိ

http://www.dhammadownload.com



[ဤ၀တ္ထုသည် ရတနာ သုံးပါးကို အသက်နှင်း၍ မပျက်မယွင်း မတုန်မလှုပ် ယုံကြည်ကိုးကွယ်သော လောကုတ္တရာသရဏဂုံ အကျိုးပြ သာဓကဝတ္ထုဖြစ်၏။]

## သရဏဂုံတည်သော အမျိုးသားတစ်ယောက်အကြောင်း

အနောမဒဿီ[၁]မြတ်စွာဘုရားပွင့်ထွန်းတော်မူရာအခါ၌ မျက်မမြင်မိဘနှစ်ပါးတို့ကို ပြုစုလုပ်ကျွေးနေသော လုလင်တစ်ယောက်ရှိလေသည်။ ၎င်းလုလင်သည် တစ်နေ့သ၌ ဤသို့ အကြံတစ်ခုဖြစ်လေ၏—

ငါသည် မျက်မမြင် မိဘ နှစ်ပါးကို လုပ်ကျွေးနေရသည့်အတွက် ရှင်ရဟန်းပြုခွင့်မရ ဖြစ်နေရသည်၊ ဘုရားရှင်ပွင့်တော်မူရာ သာသနာတော်နှင့် ကြုံကြိုက်သည့်အခိုက် ကိုးကွယ်ရာ တစ်ခုကိုတော့ ရှာဖွေဆည်းပူးမှ သင့်မည်–

ဟူ၍ အကြံဖြစ်လေသည်။

ယင်းသို့ ကြံပြီးနောက် အနောမဒဿီ မြတ်စွာဘုရား၏ အဂ္ဂသာဝကဟုပည့် ဖြစ်သော "နိသဘမထေရ်မြတ်" ထံသို့ ချဉ်းကပ်ပြီး သရဏဂုံ သုံးပါးကို တသက်လုံး မပျက်အောင် ဆောက်တည်ခဲ့လေသည်။ ထိုအချိန်က လူတို့၏ အသက်တမ်းသည် တစ်သိန်းတမ်းဖြစ်သောကြောင့် လွန်စွာ အသက်ရှည်သဖြင့် သရဏဂုံလည်း ကြာကြာတည်ရလေသည်။ သရဏဂုံသည် ကာလရှည်ရှည် တည်လေ အကျိုးများလေ ဖြစ်ပါသည်။

ထိုလုလင်သည် မျက်မမြင် မိဘနှစ်ပါးတို့ကို လုပ်ကျွေးလျက်ပင် သရဏဂုံကို အသက်ထက်ဆုံး မပျက် မစီးရအောင် ကိုးကွယ် အားထားရာ ပြု၍ ဆောက်တည်ပြီး ထိုဘဝမှ စုတေသေလွန်လျှင် သရဏဂုံကို အသက်ထက်ဆုံး မပျက်မစီးရအောင် ဆောက်တည်ထားသော ကောင်းမှုကြောင့် ဟာဝတိံသာ နတ်ပြည်၌ နတ်တကာတို့ကို အစိုးရသော သိကြားမင်းကြီး ဖြစ်ရလေ၏။

---

၁။ အပဒါန်အဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ-၃၉၈-၌ "ဝိပဿီမြတ်စွာဘုရား"ဟု လွဲမှားနေသည်။ ယင်းလွဲမှားချက်အတိုင်း စာအုပ်များစွာတို့၌လည်း လွဲမှားနေသည်ကို တွေ့ရသည်။ ဖွားတော်မူရာ 'စန္ဒဝတီ'ပြည်၊ သက်တော် 'တစ်သိန်းတမ်း'၊ အဂ္ဂသာဝက 'နိသဘထေရ်'တို့ကို ထောက်၍ ဤ၌ 'အနောမဒဿီမြတ်စွာဘုရား'ဟု အမှန်အတိုင်း ဖော်ပြထားပါသည်။

http://www.dhammadownload.com



ဤသို့ ဤပုံ သရဏဂုံကို လုံခြုံစွာ တသက်လုံး ဆောက်တည် ခဲ့သော ကောင်းမှု၏ အကျိုးဆက်ကြောင့်ပင် သိကြားမင်း အဖြစ်ချည်းပဲ ဆက်ကာ ဆက်ကာ ဖြစ်ရသည်မှာ အကြိမ်ပေါင်း ရှစ်ဆယ်၊ လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်းကြီး ဖြစ်ရသည်မှာ ခုနစ်ဆယ့်ငါးကြိမ်၊ ပဒေသရာဇ်, ကေရာဇ်မင်း အဖြစ်တို့မှာ မရေမတွက်နိုင်အောင် အကြိမ် များလှပါသည်။ ထိုလုလင်သည် ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ် လေးပါးသို့ တစ်ကြိမ် တစ်ခါမျှ မလားရောက်ရဘဲ လူ့ ဘုံနှင့်နတ်ရပ်တို့၌သာ အထပ်ထပ်လှည့်လည်ကာ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ်ချမ်းသာတို့ကို အကြိမ်ကြိမ် အခါခါ များစွာ ခံစားခဲ့ရပါသည်။ ဖြစ်လေရာရာ ကဝတို့၌လည်း သူတပါးတို့ထက် ထူးကဲသော "အများအပူဇော်ခံရခြင်း၊ ထက်သောဉာဏ်ပညာရှိခြင်း" စသည့် အကျိုးထူး ရှစ်ပါးကို အထင်အရှား ခံစားခဲ့ရပါသည်။ (အကျိုးထူး ရှစ်ပါးကို စာမျက်နှာ (၅၂)၌ ဖော်ပြခဲ့ပြီ။) ဤသို့ စည်းစိမ်ချမ်းသာအဖြာဖြာကို ကောင်းစွာ ခံစား စံစားပြီး ဤဂေါတမမြတ်စွာဘုရား ပွင့်ထွန်း ပေါ်ပေါက်လာသော အခါ "သာဝတ္ထိမြို့"ဝယ် ဥစ္စာကြွယ်ဖြိုး သူဌေးမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ် သူဌေးသားလေးသည် ခုနစ်နှစ်ယားအရွယ်သို့ ရောက်သောအခါ ကစားဖော်သူငယ်များ၏ရှေ့သွားခေါင်းဆောင်ဖြစ်၍ ကစားမြူးထူးပျော်ပါးရင်း ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းတိုက်သို့ သွားရောက်ကာ သရဏဂုံ သုံးပါး ပေးသနားတော်မူပါဘုရားဟု လျှောက်ထားလေ၏။ ရဟန္တာတစ်ပါးက သရဏဂုံ သုံးပါးကို ပေးတော်မူလေလျှင် ခုနစ်နှစ်သားအရွယ် ထိုသူငယ်သည် သရဏဂုံကို ခံယူ ဆောက်တည်၍ ပြီးလျှင် ပြီးချင်းပင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူရာ လွန်ခဲ့သော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအခါမှ စ၍ တစ်ကြိမ်တစ်ခါမျှသာ ဆောက်တည်ခဲ့ဖူးသော သရဏဂုံကို လုံခြုံစွာ မပျက်မစီးအောင် စောင့်ရှောက်ခဲ့သော ကောင်းမှုကို အခြေခံပြု၍ ရဟန္တာအဖြစ်သို့ ရောက်ရလေသောကြောင့် ဤသာသနာတော်၌ "သရဏဂမနီယမထေရ်"ဟု နေလအသွင် ထင်ရှား ကျော်စော ခဲ့ပါသည် (အပ၊၁။၈၂။ အပ၊ဌ၊၂။၃၉)။

## တံငါသည် တစ်ဦးအကြောင်း

ရှေးအခါက "ဒမိဠ"မည်သော အမျိုးသား တစ်ဦးသည် အနှစ်ငါးဆယ် ပတ်လုံး တံငါသည်အလုပ်ဖြင့် အသက်မွေးနေထိုင်လာခဲ့ပေသည်။ အသက်-၅၀ အရွယ်တွင် ရောဂါဝေဒနာစွဲကပ်၍ အိပ်ရာမှ မထနိုင်ဖြစ်ခဲ့လေသည်။ အိမ်ရှင်မ

http://www.dhammadownload.com



သင် မင်းမြတ်၏ တိရစ္ဆာန် သားသမင်များ နွားများနှင့် တူသော ရန်သူများနှင့် တကွ လူတစ်ယောက်နှင့် တစ်ပိုင်းတို့ကို သတ်မိသော အကုသိုလ်သည် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ် ဆုံးပါး တည်တံ့ပြန့်ပွား ထွန်းကားရေးအတွက် ရည်ရွယ်သည်ဖြစ်သောကြောင့် သင် မင်းမြတ်အား နတ်ပြည်ရောက်ရန် အန္တရာယ်, မဂ်ဖိုလ်ရရန် အန္တရာယ် မဖြစ်နိုင်ပါ။ ပြီးခဲ့သည့် စစ်ပွဲများကို အကြောင်းပြု၍ နှလုံးမသာယာခြင်းဖြစ်နေလျှင် ယင်းကို ပယ်ဖျောက်လော့—

ဟု ရဟန္တာမထေရ်မြတ် ရှစ်ပါးတို့က သက်သာရာ ရနိုင်ကြောင်းစကား မိန့်မြွက် ဖြေကြားတော်မူခဲ့ပါသည် (မဟာဝံသအဋ္ဌကထာ)။

[ဤ သာကေဇာတ်လမ်းကို ကြည့်လျှင် လူ့ဘဝတွင် လူတစ်လုံး သူတစ်လုံး ဖြစ်ရေးအတွက် သရဏဂုံနှင့် သီလသည် မည်မျှ အရေးပါ အရာရောက်သည်ကို သတိပြုသင့်ကြပါသည်။]

ဖော်ပြပါ သရဏဂုံ အကျိုးပြ သာဓကဝတ္ထုများအရ ဆိုးသွမ်းသူတို့ အတွက်ပင် အထူးအားကိုးအားထား မှီခိုစရာဖြစ်၍ မကောင်းကျိုးဟူသမျှကို တားဆီးပြီး ကောင်းကျိုးချမ်းသာဟူသမျှကို အများကြီးပေးစွမ်းနိုင်သော လူ့ဘဝအတွက် အားအထားထိုက်ဆုံး ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးစုံ သရဏဂုံကို ကလေးသူငယ်များကအစ လူတိုင်းလူတိုင်း ယုံကြည်စွာ ခံယူဆောက်တည်၍ ကိုယ်လုံးထုံထားသင့်ပါသည်။

ဗောဓိမင်းသား၏ မယ်တော်သည် ဗောဓိမင်းသားလေး ကိုယ်ဝန်ရှိစဉ်မှ စ၍ပင် ဗောဓိမင်းသားလေးအတွက်ပါ ရည်မှန်းပြီး ဘုရားရှင်ထံ၌ သရဏဂုံကို ခံယူဆောက်တည်ထားခဲ့ရာ မိမိ (မယ်တော်) အတွက်သာမက ဝမ်းတွင်း၌ ရှိသော ကိုယ်ဝန်သားငယ်လေးအတွက်ပါ သရဏဂုံ၏ အစောင့်အရှောက်ကို ကောင်းစွာ ရခဲ့ပါသည် (မ၊၂။၂၇)။

http://www.dhammadownload.com

# အခန်း (၅)

## ရတနာသုံးပါး ဂုဏ်တော်ဖွင့်

ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာသို့ ရောက်စေနိုင်ရန်အတွက် ဘုရားဟု ထင်မှတ်၍ ယုံကြည်အားကိုးတိုင်း သရဏဂုံမြောက် ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာသို့ ရောက်စေနိုင်ကြသည်ဟု မမှတ်ယူသင့်ပါ။

လောကဌ် စိန်ကျောက်ရတနာဆိုတိုင်း ရတနာစစ် ရတနာမှန် မှတ်တင်ခံ မဟုတ်ဘဲ အတုအယောင် ရတနာများ ရှိနိုင်သကဲ့သို့ ဘုရားအတုအယောင်, တရားအတုအယောင်များ လွန်စွာပေါ်များလှပါသည်။ ယုံကြည်ကိုးကွယ်မှုနှင့် စပ်သော အရာတွင် "စဉ်းစားမှု ရှေ့တည်, ယုံကြည်မှု နောက်ထား" ဟူသော ရှေးပညာရှိကြီးများ၏ သတိပေးစကားကို အလေးအစား ပြုသင့်ပါသည်။

ယုံကြည်မှု (သဒ္ဓါ) အားကြီး၍ စဉ်းစားဆင်ခြင်မှု(ပညာ) အားနည်းသည့်အတွက် အစစ် အမှန် မဟုတ်သော ဘုရား, မမှန်ကန်သော တရားတို့ကို မစဉ်းမစား ယုံကြည်ပြီး အားကိုးမှားလျှင် "ကုန်ရှုံးလျှင် တစ်ခေါက်" ဆိုတာမျိုး မဟုတ်ဘဲ "သရဏဂုံရှုံးလျှင် တသံသရာလုံးမှောက်" ဆိုတာမျိုး ဖြစ်ကာ ဒုက္ခသံသရာလည်မဆုံး ဖြစ်နိုင်ပါသည်။ "ဘုရားမှတ်လို့ ကိုးကွယ်ခဲ့တာ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရသည်", "ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုး ဖြစ်ရသည်" ဟူသော သတိပေး စကားများသည် ယုံကြည်ကိုးကွယ်မှုအမှား၏ ဒုက္ခကို သရုပ်ပြ ပေါ်လွင်စေပါသည်။ ဒေဝဒတ်ကို ယုံကြည်အားထား၍ ဖခင်အရင်းကို သတ်မိသည်အထိ အမိုက်ဇာတ်ခင်းကာ ငရဲသို့ လားခဲ့ရသော အဇာတသတ်မင်း၏ ဖြစ်ရပ်မှာ ကိုးကွယ်မှုအမှားအတွက် သာဓကထင်စေသော အချက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်ပိုင်အသိဉာဏ်ပညာဖြင့် တကယ့်မှတ်တင်ခံ အစစ်အမှန်ဖြစ်သော ဘုရား, တရား, သံဃာ ရတနာများကို စိစစ်ရွေးချယ် ကိုးကွယ်တတ်ရန် လိုအပ်ပါသည်။

"ပညာရှိ" ဟူ၍ ဆိုရာ၌ လောကီအရာမှာ ပညာများစွာ ရှိသော်လည်း ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်ဖို့အရေး၌ ကိုးကွယ်ဆည်းကပ်မှုပညာကား ရှိချင်မှ ရှိမည်၊ အလိုအလျောက် ထိုးထွင်းတတ်သိနိုင်သည့် ပညာမျိုး မဟုတ်သောကြောင့် "တုတ်ဆွဲမရှိက ငကန်းလမ်းမသိ" ဆိုတာမျိုးသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကိုးကွယ်ဆည်းကပ်မှုပညာ၌ ကျွမ်းကျင်လိမ္မာမှုရှိစေရန် "ရတနာသုံးပါး ဂုဏ်တော်ဖွင့်" များကို ဆက်လက်လေ့လာသင့်ပါသည်။

http://www.dhammadownload.com



ဖော်ပြပါ ဆုံးမနည်းများနှင့်အညီပင် ဘုရားရှင်သည် သတ္တဝါတို့ကို ဆုံးမတော်မူရာ၌ ဖြောင့်သင့်သော သတ္တဝါတို့ကို (ကုသိုလ်အကျိုးပြ ဖြောင့်ပင့်၍) အနုနည်းအားဖြင့်လည်းကောင်း, ခြောက်သင့်သော သတ္တဝါတို့ကို (အကုသိုလ် အပြစ်ပြ ခြောက်လှန့်၍) အကြမ်းနည်းအားဖြင့်လည်းကောင်း, အနုနည်း အကြမ်းနည်း နှစ်မျိုးစုံအားဖြင့်လည်းကောင်း သင့်လျော်သလို ဆုံးမတော်မူ၏။ ဤ၌ မိုက်မဲလှသော ဆင်ကြမ်းကြီးကို တုတ်ခါးမပါ မေတ္တာသက်သက်ဖြင့် ယဉ်ကျေးအောင် ဆုံးမခဲ့ပုံ သာဓကတစ်ခုမှာ—

> ဒေဝဒတ်၏ နည်းညွှန်ချက်အရ အဇာတသတ်မင်းက နာဠာဂိရိ ဆင်ကြီးကို အရက်မူးအောင် အလွန်အကျွံ တိုက်ပြီးလျှင် တပည့်သံဃာ များနှင့် ဆွမ်းခံကြွတော်မူလာသော ဘုရားရှင်နှင့်ရင်ဆိုင် လွှတ်လိုက်ရာ ဘုရားရှင်၏ မေတ္တာတော်စွမ်းအားကြောင့် ဆင်ကြီးမှာ ဘုရားရှေ့ ဒူးတုပ်လာ၏။ ထို့နောက် ဘုရားရှင်က တရားဟော ဆုံးမ၍ ဆင်ကြမ်း ကြီးမှာ ဆင်လိမ္မာအဖြစ်သို့ ရောက်ရ၏။

ဤ၌ ချွန်း ကြိမ် တုတ် ခါး အစားစားတို့ဖြင့် ဆုံးမ၍ပင် မရလောက်အောင် မိုက်မဲလှသော ဆင်ကြမ်းကြီးကို တုတ်မပါ, ခါးမပါ ဘုရားရှင်၏ မေတ္တာဖြင့် လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ခြင်းကား အံ့ဖွယ်ရှိစွတကား။

ဘုရားရှင်သည် "သစ္စက, အမ္ဗဋ္ဌ"စသော ပညာရှိပြီး မာနကြီးသူ လူကြမ်း အချို့တို့ကို ဆုံးမတော်မူရာ၌ကား ခပ်ကြမ်းကြမ်းပင် ပြောဆိုနှိမ့်ချ ဆုံးမ တော်မူရ၏။ ဝါဒချင်း ပြိုင်လာသောအခါ ၎င်းတို့၏ ပါဒကို နှိမ့်ကျအောင် နှိမ့်ချပြီးမှ သာယာညင်းပျောင်း တရားကြောင်း ပြ၍ ဆုံးမရ၏။ ထို့ပြင် "ဗကဗြဟ္မာ"စသော တန်ခိုးကြီးမားသည့် နတ်ဗြဟ္မာကြမ်းအချို့တို့ကို ဆုံးမ တော်မူရာ၌လည်း တန်ခိုးချင်း ပြိုင်ကာ အနိုင်ရယူပြီး အနုနည်းဖြင့် ဆုံးမ တော်မူခဲ့ရပါသည်။

**တုဖက်ကင်းအောင် ဆုံးမတော်မူနိုင်ခြင်းအကြောင်း**

"လောကဝိဒူ"ဂုဏ်တော်အရ သတ္တဝါတို့၏ အတွင်းခါတ်ခံ အမျိုးမျိုးကို ရှေ့နောက်ကုန်စင် အသေအချာ သိမြင်တော်မူခြင်းမှာ တုဖက်ကင်းအောင် ဆုံးမ တော်မူနိုင်ခြင်း၏ အကြောင်းဖြစ်၏။ သတ္တဝါတို့အား လိမ္မာယဉ်ကျေးအောင် ဆုံးမနည်းပေးရာ၌ အလွန်ပင် ထိရောက်လှ၏။

http://www.dhammadownload.com



ဥပမာ– ရောဂါ၏ လက္ခဏာကို မသိဘဲ ဆေးပေးလျှင် အနာတခြား ဆေးတခြားဖြစ်ကာ လူနာမှာ ရောဂါမပျောက်ဘဲ တိုး၍ပင် လာတတ်သော်လည်း ရောဂါ၏ လက္ခဏာနှင့် လူနာ၏ ဓာတ်ခံကို ကောင်းစွာ သိပြီး ဆေးပေးခဲ့လျှင်ကား– လူနာမှာ "အနာနှင့်ဆေး၊ တည့်အောင်ပေး၊ ပျောက်ရေးမခက်ပါ" ဖြစ်လာရမည်သာ ဖြစ်ပါသည်။

သတ္တဝါတို့၏ သန္တာန်၌ ရှိသော အဆိုးဓာတ်သဘာဝ ကိလေသာတို့ကား ထကယ့် အနာရောဂါဆိုးများတည်း။ ဆိုးဝါးကြမ်းတမ်းသော ကာယကံ သောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှု, မနောကံ သောင်းကျန်းမှုများမှာ ထိုကိလေသာအနာရောဂါဆိုးရှိ၍ ဖြစ်လာသော ဆင့်ပွားဖောက်ပြန်မှုများပင် ဖြစ်၏။

ဘုရားရှင်သည် "သီလသိက္ခာ"အကျင့်ဖြင့် ကြမ်းတမ်းသော ကာယကံ, ဝစီကံတို့ကို ယဉ်ကျေးစေတော်မူ၏။ "သမာဓိသိက္ခာ"အကျင့်ဖြင့် ကြမ်းတမ်းသော မနောကံကို ယဉ်ကျေးစေတော်မူ၏။ "ပညာသိက္ခာ"အကျင့်ဖြင့် ကြမ်းတမ်းသော ကာယကံ, ဝစီကံ, မနောကံတို့ကို အဆုံးစွန် ယဉ်ကျေးစေတော်မူ၏။ ဘုရားရှင်သည် တုတ် ဓား လက်နက် မကိုင်ရဘဲ "သီလ, သမာဓိ, ပညာ" သိက္ခာသုံးပါး အကျင့်များဖြင့် သတ္တဝါများကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူပါသည်။

ယင်းသို့ ဆုံးမတော်မူရာ၌ ပင်ကိုက သီလသိက္ခာ မရှိသူဖြစ်လျှင် သီလသိက္ခာ၌ တည်စေတော်မူ၏။ သီလသိက္ခာရှိပြီး ဖြစ်ပြန်လျှင်လည်း အထက်အထက် ဈာန်တရား မဂ်တရားတို့ကို ထိုသူ၏ ပါရမီအားလျော်စွာ တိုးတက်၍ ရရှိအောင် ဆုံးမတော်မူ၏။ ဤဘဝ၌ မည်သည့်တရားထူးကိုမျှ မရထိုက်လျှင် နောက်နောက်ဘဝ၌ အထုံပါအောင် ဆုံးမတော်မူ၏။ ဘုရားရှင်၏ အဆုံးအမကို ခံယူရလျှင် မယဉ်ကျေး မလိမ္မာသူမရှိ၊ ယဉ်ကျေးလိမ္မာသူချည်းသာ ဖြစ်ကြရပါသည်။

## ဘုရားရှင်၏ အဆုံးအမကြောင့် ယဉ်ကျေးလိမ္မာပုံ သာဓကများ

"အနုတ္တရော ပုရိသဒမ္မသာရထိ"ဂုဏ်တော်ရှင် ဘုရားသခင်၏ အဆုံးအမတော်ကြောင့် ယဉ်ကျေးလိမ္မာပုံသာဓကများအနက် ထင်ရှားသော သာဓကအမြွက်ကို ဆက်လက်တင်ပြထားပါသည်—

http://www.dhammadownload.com



အဇာတသတ်မင်းသည် ခမည်းတော်ကို ပြစ်မှားသတ်ဖြတ်ပြီးနောက် နောင်တကြီးစွာ ရလျက် ဆရာဇီဝက၏ ညွှန်ကြားချက်အရ တခုသော ညချမ်းအခါ၌ သံဃာ့ပရိသတ်များ စုဝေးနေစဉ် ဘုရားရှင်ထံမှောက် ရောက်လာ၏။ (လေငြိမ်ရာ၌ ထွန်းထားသော ဆီမီး၏ ငြိမ်သက်ခြင်း ကဲ့သို့) အလွန်တည်ကြည် ငြိမ်သက်လှသော (ဘုရားရှင်၏ တပည့်) သံဃာ့ပရိသတ်ကို မြင်ရလေလျှင် မိမိ၏ သားတော်ကလေးကို အမှတ် ရ၏။ "ငါ့သားတော်လေး 'ဥဒယဘဒ္ဒ' သည် ဤယဉ်ကျေးပုံမျိုး ငြိမ်သက် ပုံမျိုးရှိသူ ဖြစ်လာပါစေ" ဟုပင် တောင့်တခြင်း ဖြစ်လေသည် (ဒီ၊၁။ ၄၇)။

ကောသလမင်းကြီးသည် မြတ်စွာဘုရားနှင့် တွေ့ဆုံ လျှောက်ထားသော အခါ ဘုရားရှင်၏ အဆုံးအမတော်ကြောင့် ယဉ်ကျေးလိမ္မာပုံကို ဤသို့ ထုတ်ဖော်လျှောက်ထားခဲ့သည်—

"မြတ်စွာဘုရား .... တပည့်တော်သည် သတ်ဖြတ်နိုင်၊ ဒဏ်တပ် နိုင်သော အာဏာပိုင်တစ်ဦးဖြစ်ပါသည်။ သို့ပါလျက် လွှတ်ရုံးတော်မှာ တပည့်တော်စကားပြောစဉ် ကြားဖြတ် ဝင်ပြောကြသော ပုဂ္ဂိုလ်တို့ကို 'ငါပြောနေစဉ် ဝင်မပြောကြနှင့်' ဟု တားသော်လည်း မရခဲ့ပါ။ မြတ်စွာ ဘုရားသည် ရာပေါင်းများစွာသော တပည့်ပရိသတ်၌ တရားဟောနေ သောအခါ ချေဆတ်သံ, ချောင်းဟန့်သံမျှ မကြားရပါ။ တခါက— အရှင်မြတ် တရားဟောနေစဉ် ရဟန်းတစ်ပါး ချောင်းဟန့်မိရာ အနားရှိ ရဟန်းတစ်ပါးက ဒူးနှင့် အသာတို့၍ 'အရှင်....တိတ်တိတ်နေပါ၊ အသံ မပြုပါနှင့်၊ ဘုရားရှင် တရားဟောနေပါသည်' ဟု သတိပေးသည်ကို တွေ့ခဲ့ဖူးပါသည်။ တုတ်,ဓားလက်နက်မပါဘဲ ဤမျှ ငြိမ်သက်အောင် ဆုံးမနိုင်သည်ကို တပည့်တော် အံ့ဩရပါသည်။ ဤမျှလောက် ယဉ်ကျေး ပြီးသောပရိသတ်ကို သာသနာတော်၏ပြင်ပ၌ မတွေ့ရဖူးပါ။ ထို့ကြောင့် ရှင်တော်မြတ်၏ ဘုရားစစ် ဘုရားမှန် ကေန်ဖြစ်သည်၏အဖြစ်ကို မှန်းဆ ကြည်ညိုနိုင်ပါသည်" ဟု လျှောက်ထားခဲ့ပါသည် (မဇ္ဈိမပဏ္ဏာသ။ ၃၂၄)။

ထို့ပြင် မာရ်နတ်မင်း အောင်ပွဲ စသော အောင်ခြင်းရှစ်ပါး အောင်ပွဲများ မှာလည်း ဘုရားရှင်၏ အဆုံးအမတော်ကြောင့် ယဉ်ကျေးလိမ္မာပုံ သာဓက များပင် ဖြစ်ပါသည်။

http://www.dhammadownload.com



ဤကား– "အနုတ္တရောပုရိသဒမ္မသာရထိ" ဂုဏ်တော်ရှင် ဘုရားသခင်၏ တပည့်ပရိသတ်တို့အား အယဉ်ကျေးဆုံး အလိမ္မာဆုံး ဖြစ်အောင် ဆုံးမနိုင်ပုံအတွက် ထင်ရှားသော သာဓကအမြွက်မျှ ဖြစ်ပါသည်။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "အနုတ္တရ"ဂုဏ်တော် တစ်ပါး၊ "ပုရိသ- ဒမ္မသာရထိ"ဂုဏ်တော် တစ်ပါးဟု နှစ်ပါးခွဲ၍ တနည်းဖွင့်ပြသေး၏။ ယင်းဖွင့်ဆိုချက်အရ ရေတွက်သော် ဘုရားရှင်၏ ဂုဏ်တော်ပေါင်း ဆယ်ပါးဖြစ်၏။ သတိပြု။]

## ယခုအခါမှ ၍ ပါရမီဖြည့်ဆည်း

ဘုရားရှင်သည် မယဉ်ကျေးသူတို့ကို ဆုံးမတော်မူရာတွင် တဖက်ကင်းအောင် ဆုံးမတော်မူနိုင်သော်လည်း တွေ့သမျှ မြင်သမျှ သတ္တဝါတိုင်းကို အကျွတ်တရားရအောင် ဆုံးမတော်မူသည်ကား မဟုတ်ပါ။ အထိုက်အလိုက် တရားထူးရလောက်သော ပါရမီအခံ ရှိသူကိုသာ ဉာဏ်တော်ဖြင့် ဆင်ခြင် ကြည့်ရှု၍ ဆုံးမမှုပြုတော်မူပါသည်။

ဘုရားရှင်နှင့် တွေ့တိုင်းသာ အကျွတ်တရား ရနိုင်မည် ဆိုပါက ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းနှင့် မိဖုရားခေါင်ကြီး မလ္လိကာတို့သည် ဘုရားရှင်၏ ကျောင်းဒကာ ကျောင်းအမဖြစ်၍ ဘုရားကို လွန်စွာ ကြည်ညိုကြသဖြင့် တရားကိုလည်း မကြာမကြာ နာရသောကြောင့် တရားထူးကို ရ၍ ကျွတ်တမ်းဝင်ခဲ့ကြရာ၏။ တရားထူးကို ရကြသည်ဟု ကျမ်းဂန်တို့၌ အထင်အရှား မတွေ့ရပါ။

ယခုအခါ "ကိုယ်အားထုတ်မှ ကိုယ်ရနိုင်သည်၊ ကိုယ်သည်သာလျှင် ကိုယ်၏အတွက် ကိုးကွယ်အားထားရာ ဖြစ်သည်"ဟူသော ဘုရားရှင်၏ အဆုံးအမစကားတော်ကို အလေးအနက်ပြု၍ ဘုရားရှင်နှင့် တွေ့ထိုက်သူ မြင်ထိုက်သူ ဆုံးမထိုက်သူ ကျွတ်ထိုက်သူ ဖြစ်အောင် ပါရမီအကျင့်ထူးတို့ကို ဆည်းပူးအားထုတ်ခြင်း မပြုဘဲ "ဘုရားရှင်နှင့် တွေ့လျှင် တရားထူး ကေန်ရလိမ့်မည်၊ ဣဒ္ဓိရှင်နှင့် တွေ့လျှင် အလိုလို တန်ခိုးကြီးလိမ့်မည်၊ သိဒ္ဓိရှင်နှင့် တွေ့လျှင် အလိုလို သိဒ္ဓိပြီးလိမ့်မည်"ဟု အတွေးအမြင်မှားကာ ဖြတ်လမ်းနည်း လိုက်လိုသူတွေ များလှသည်။ ဘုရားရှင်၏ ဝါဒသည် ကယ်တင်ရှင်ဝါဒ မဟုတ်သည်ကို သတိပြုသင့်၏။ ၃

http://www.dhammadownload.com



"ကံမွဲဉာဏ်နု၊ မလုံ့မလ၊ နတ် မ-မဘူး၊ အလသမျိုး၊ အကျိုးယွင်းယို၊ အလိုရေချုချည်း၊ မကျေဘုကျည်းနှင့်၊ ကိုယ်လည်းလုံ့လ၊ နတ်လည်း မချ၊ တောင့်တကြံရာ၊ မြန်မကြာလျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏–

ဟူသော "မဃဒေဝလင်္ကာ"နှင့်အညီ ဘုရားရှင်၏ "အနုတ္တရော ပုရိသဒမ္မသာရထိ"ဟူသော ဂုဏ်တော်ကို အာရုံပြု၍ ဆုံးမထိုက်, ကျွတ်ထိုက်သော ပါရမီဓာတ်ခံလုံလောက်ပြီးသူဖြစ်အောင် ယခုကာလ ယခုဘဝမှ စ၍ ပါရမီအားလုံးကို သိမ်းကျုံး၍ အကောင်းဆုံး ဖြည့်ဆည်းသင့်ကြပါသည်။

၇။ သတ္ထာဒေဝမနုဿာနံဂုဏ်တော်

သတ္ထာဒေဝမနုဿာနံ =(သတ္ထာ+ဒေဝမနုဿာနံ။ ဒေဝမနုဿာနံ =လူနတ်ဗြဟ္မာ ( သတ္တဝါအားလုံး )တို့၏+သတ္ထာ=ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။)

ဘုရားရှင်၏ (မျက်မှောက်အကျိုး, တမလွန်အကျိုး, မြတ်သော နိဗ္ဗာန်အကျိုး သုံးမျိုးတို့ဖြင့်)ထိုက်တန်သလို သွန်သင်ဆုံးမမှုကို ခံယူရရှိ၍ ယဉ်ကျေးလိမ္မာပြီးကြသော လူနတ်ဗြဟ္မာ (သတ္တဝါအားလုံး) တို့သည် ဘုရားရှင်ကိုပင် မိမိတို့၏ ဆရာသခင်ဟု အစဉ်လေးစားအားထားလျက် ရှိကြပါသည်။ ယင်းသို့ လူနတ်ဗြဟ္မာ (သတ္တဝါအားလုံး)တို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသောကြောင့် "သတ္ထာ ဒေဝမနုဿာနံ" ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

**လောကီဆရာနှင့် လောကုတ္တရာဆရာ**

ဆရာဟူသည် တပည့်များအပေါ် မေတ္တာကရုဏာထား၍ ပဲ့ပြင်ဆုံးမ၏။ ဥစ္စာအမွေထက် ထူးမြတ်သော ပညာအမွေကိုလည်း သင်ပေး၏။ ယင်းဆရာသည်——

၁။ အသက်မွေးဝမ်းကျောင်းပညာမျိုးကို သင်ပေးသော လောကီဆရာနှင့်

၂။ သံသရာဒုက္ခတွေ သိမ်း၍ အငြိမ်းသုခ ရစေနိုင်သော ပညာမျိုးကို သင်ပေးသော လောကုတ္တရာဆရာ–

ဟူ၍ ဆရာနှစ်မျိုးရှိ၏။ ဘုရားရှင်ကား လောကုတ္တရာဆရာမျိုးဖြစ်၏။ အဆိုပါ ဆရာနှစ်မျိုးတို့သည် ဆရာအမျိုးအစားချင်း မတူသကဲ့သို့ သင်ပြပေးသော ပညာချင်းလည်း ခြားနား၏၊ သင်ပြပုံချင်းလည်း ကွဲပြား၏။

http://www.dhammadownload.com



ဆရာချင်း မတူ။ ။လောကီဆရာများသည် လာဘ်ပူဇော်သက္ကာရ အကျော်အစောကို လိုလားတတ်ကြ၏။ အသပြာဆရာမျိုးရှိ‌ဘတ်၏။ ကိုယ်ကျိုးကို ကြည့်တတ်၏။ လောကုတ္တရာဆရာဖြစ်တော်မူသော ဘုရားရှင်ကား – အလောင်းတော်ဘဝ ပါရမီဖြည့်စဉ်ကပင် လာဘ်စသည်ကို မလိုလား၊ တရားကိုသာ အလေးပေးခဲ့၏။ ထီးနန်းစည်းစိမ်တွေ စွန့်ကာ တောထွက်လာသည့် အခါမှ စ၍ မည်သည့် လာဘ်သပ်ပကာ ကျော်စောမှုကိုမျှ အရေးမထားခဲ့၊ ဘုရားအဖြစ်သို့ ရောက်သောအခါ၌ကား ဆိုဖွယ်ရာ မရှိပြီ၊ ဗုဒ္ဓကိစ္စအတွက် လမ်းဆုံးသို့ ရောက်ခဲ့ပြီး ဖြစ်ရာ ကိုယ်ကျိုးအတွက် လုံးဝ မရှိတော့ပါ၊ သတ္တဝါများအတွက်သာ တသန်ထဲထား၍ နေ့မအား ညမအား ကြိုးစားနည်းပြခြင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့ပါတော့သည်။ ဝါကယ့်မေတ္တာရှင် မဟာကရုဏာရှင် ဆရာကြီးဖြစ်ဟော်မူ၏။

ပညာချင်း ခြားနား။ ။လောကီဆရာများထံမှ ရသော ပညာမှာ တစ်သက်စာမျှ တဲဝမ်းဝရုံအတွက်သာ ဖြစ်၏။ သံသရာဝဋ်ဒုက္ခမှ လွတ်စေနိုင်သည်မဟုတ်၊ ဘဝများစွာက အခါခါ အထပ်ထပ် ရလာခဲ့ဖူး၏။ အထူးအဆန်း ပညာမျိုးမဟုတ်။ လောကုတ္တရာဆရာဖြစ်တော်မူသော ဘုရားရှင်ပေးသော ပညာမှာ သံသရာဝဋ်ဒုက္ခတွေ ဇာတ်သိမ်း၍ အငြိမ်းသုခကို ရစေနိုင်၏။ ဘဝများစွာက တစ်ခါဖူးမျှ မရခဲ့ မကြုံခဲ့သော ပညာမျိုး ဖြစ်၏။ "ဇောတိကရွှေအိုး နှိုက်လိုက်တိုင်းတိုး" ဆိုသကဲ့သို့ ယုတ်လျော့မှုမရှိဘဲ အမြဲတိုးနေ၏။ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို တိုးပွားစေ၏။

သင်ပြပုံချင်း ကွဲပြား။ ။လောကီဆရာများကား မိမိထံမှောက် ရောက်လာသော တပည့်များကိုသာ အများအားဖြင့် သင်ကြားကြ၏။ အပြည်ပြည်အရွာရွာသို့ စေတနာမေတ္တာအလျောက် အရောက်သွားကာ သင်ပြပေးသူဆိုလို့ မရှိသလောက် ရှား၏။ သူတပါး အသာစံရအောင် ကိုယ်အနာမခံလိုကြ။ လောကုတ္တရာဆရာဖြစ်တော်မူသော ဘုရားရှင်ကား မိမိထံမှောက် ရောက်လာသော တပည့်များသာမက အပြည်ပြည် အရွာရွာသို့ အရောက်ကြွကာ ဟောပြတော်မူ၏။ နေ့စဉ် နေ့တိုင်း ကျွတ်ထိုက်သော သတ္တဝါတွေကို ဂရုဏစိုက် ကြည့်ရှုတော်မူသေ့ရှိ၏။ တွေ့လျှင် တွေ့ချင်း ဘယ်လောက်ပင် ဝေးဝေး မည်သည့် နေရာမျိုး မဆို ယုတ်စွအဆုံး အညစ်အကြေး စွန့်ပစ်ရာ လူသူအများ မသွားမလာချင်သော အရပ်မျိုးပင် ဖြစ်ဖြစ် ကြွတော်မူ၏။ ယင်းသို့ ကြွရာတွင် တရံတခါ တန်ခိုးဖြင့် ကြွ၍ တရံတခါ ခြေကျင်ပင် လျှောက်လှမ်း

http://www.dhammadownload.com



တော်မူ၏။ အချို့ကျွတ်လွတ်နီးသော သတ္တဝါမျိုးဖြစ်လျှင် နီးနီးကပ်ကပ် တယုတယပင် နည်းပေးစောင့်ရှောက်ကော်မူ၏။ အချို့ကို အဝေးမှပင် တရားပြ၏။ ရောင်ခြည်တော်လွှတ်၍ အားပေး၏။ မိုးလင်းခါနီးအချိန်တို ခဏတာမျှ ကျိန်းစက်၍ နေ့ရော ညဉ့်ပါ သတ္တဝါများကို နည်းလမ်း ညွှန်ပြ ဆုံးမခြင်းဖြင့် လေးဆယ့်ငါးဝါပတ်လုံး အသက်ထက်ဆုံး ကြိုးစား တော်မူ၏။

လောကုတ္တရာဆရာဖြစ်တော်မူသော ဘုရားရှင်၏ မည်သည့်မိဘဆရာတို့နှင့်မျှ မတူအောင် ထားရှိတော်မူသော မေတ္တာ, ကရုဏာ, ပညာဖြင့် မနားမနေ ကြိုးစားသင်ပြတော်မူခြင်းတို့မှာ အဘယ်မျှ အားရကြည်ညို ရှိသေလေးစား ဖွယ်ကောင်းလှပါသနည်း။

## ဘုရားရှင်သာ တို့ဆရာ

ဘုရားရှင်သည် "လောကဝိဒူ"ဂုဏ်တော်အရ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အတွင်းဓာတ်ခံအမျိုးမျိုးကို အသေအချာ သိစွမ်းနိုင်သောကြောင့် "အနုတ္တရော ပုရိသဒမ္မသာရထိ"ဂုဏ်တော်အရ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေး လိမ္မာအောင် သွေးဆောင်ဆုံးမတော်မူနိုင်ခြင်း ဖြစ်၏။ ဘုရားရှင်၏ အဆုံး အမကို ခံရသူမှန်က အဘယ်မျှ ရိုင်းစိုင်းနေသူဖြစ်စေ ယဉ်ကျေးလိမ္မာကြသူ ချည်းသာ ဖြစ်ကြရသည်။ တဖန်"အနုတ္တရော ပုရိသဒမ္မသာရထိ"ဂုဏ်တော်အရ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတော်မူနိုင်သော ကြောင့်ပင် "သတ္ထာဒေဝမနုဿာနံ=လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာ"ဟူသော ဂုဏ်တော်ကြီးကို ရတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ– ဘုရားရှင် ကိုယ်တော်တိုင်က ဆရာအခေါ်ခံလို၍ ဆရာလုပ်လာခဲ့သောကြောင့် ဆရာ အဖြစ်သို့ ရောက်လာရသည် မဟုတ်၊ ဘုရားရှင်၏ အဆုံးအမ ခံရ၍ ယဉ်ကျေး လိမ္မာလာကြသော လူနတ်ဗြဟ္မာတို့ ကိုယ်တိုင်က "ဘုရားရှင်သာ တို့ဆရာ, တို့ဟာ ဘုရားရှင်ရဲ့တပည့်, ဘုရားသားတော်, သမီးတော်"စသောအားဖြင့် မိမိတို့ဆရာဖြစ်ကြောင်း ရဲဝံ့စွာ ထုတ်ဖော်ခဲ့ကြခြင်းကြောင့် "သတ္ထာ ဒေဝ-မနုဿာနံ"ဂုဏ်တော်ကြီးဖြင့် လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာအဖြစ် ထွန်းပေါ် လာရခြင်းဖြစ်ပါသည်။ လွန်စွာ တန်ဖိုးကြီးမားလှသော တရားရတနာ ပညာ ရတနာများကို ဆရာစား ငါစားမချန် စေတနာမေတ္တာလွန်ကဲစွာဖြင့် ပေးအပ် ခဲ့သော ဆရာတစ်ဆူကို အဘယ်သူသည် "ငါ့ဆရာ မဟုတ်ပါ"ဟု ကျေးဇူးမဲ့ ဆိုဝံ့ပါမည်နည်း၊ သူထက်ငါ "ဘုရားရှင်သာ တို့ဆရာ"ဟု ရဲဝံ့စွာ ထုတ်ဖော် နေကြဖို့ရှိပါသည်။ ထို့ကြောင့်လည်း ဘုရားရှင်လက်ထက်တော်မှ စ၍ ယနေ့တိုင် "တို့ဆရာ,တို့ဘုရား"ဟု အများက အသိအမှတ်ပြု ပူဇော်နေကြခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



**တလောကလုံး၏ အကြီးအမှူး ဦးစီးခေါင်းဆောင်**

အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသော လှည်းကုန်သည်မှူးကြီးသည် ဘေးရန်တွေ့ ရေယှက်၍ အကူးအသန်း အသွားအလာ အလွန်ခက်လှသော ကန္တာရ=ခရီးဆိုးကြီးမှ လွတ်မြောက်၍ ဘေးလွတ်ကင်းရာသို့ ရောက်အောင် နောက်လိုက်အပေါင်းယှဉ်သား လှည်းကုန်သည်များကို ပို့ဆောင်သကဲ့သို့ ဘုရားရှင်သည်လည်း အိုရမှု,နာရမှု,သေရမှု, စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်းဆင်းရဲ တကွဲတပြား ဖြစ်ရမှု စသော ဘေးဒုက္ခတို့ဖြင့် မရှောင်သာအောင် ဆိုးသွမ်းလှသော သံသရာတည်းဟူသော ကန္တာရကြီးမှ လူနတ်ဗြဟ္မာ သတ္တဝါများကို ကယ်တင်၍ နိဗ္ဗာန်တည်းဟူသော ဘေးလွတ်ရာ ကမ်းတစ်ဖက်ရောက်အောင် ပို့ဆောင်တော်မူရကား လှည်းကုန်သည်မှူးကြီးနှင့် မခြား အလားတူ ဖြစ်တော်မူပါသည်။ ထို့ကြောင့် ဘုရားရှင်ကို ကန္တာရမှ ကယ်တင်စောင့်ရှောက်တတ်သော လှည်းကုန်သည်မှူးကြီး ဦးစီးပမာပြု၍ "ဒေဝမနုဿာနံ=လူနတ်ဗြဟ္မာ သတ္တဝါတို့၏ (ဝါ) တလောကလုံး၏။ သတ္ထာ=ဦးစီးခေါင်းဆောင် လှည်းကုန်သည်မှူးကြီးနှင့် တူတော်မူသော မြတ်စွာဘုရား"ဟု အနက်တစ်မျိုးဖြင့် တိုး၍ ဂုဏ်ပြုချီးကျူးခဲ့ကြပါသည်။ ချီးကျူးမကုန် ဂုဏ်တော်စုံတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား မည်သို့သော အနက် သဒ္ဒါအလင်္ကာတို့ဖြင့် ဖွင့်ဖော်ချီးကျူးသော်လည်း ကုန်နိုင်ဖွယ်မရှိ များလှဘိတကား။

**တရားမြင်မှ ဘုရားမြင်မည်**

ဘုရားတစ်ဆူတစ်ဆူ ပွင့်တော်မူလျှင် ကျွတ်ထိုက်သူသတ္တဝါများ အသချေ် အနန္တ ကျွတ်တမ်းဝင်ကြရ၏။ သို့ဖြစ်ပါလျက် ဘုရားနောက် မပါ့,မျက်နှာလွှဲ ကျန်ရစ်ခဲ့ရုံမျှမက ယနေ့အထိ ဘုရားရှင်ထံ တပည့်မခံဘဲ မျက်နှာလွှဲ ကျောပေးနေသူတို့ ဒုနဲ့ဒေးပင် ရှိနေကြပါသေး၏။ ဝမ်းနည်းစရာပင် ဖြစ်တော့သည်။

အချို့ကား "ဘုရားရှင်ဟာ တို့ဆရာ၊ တို့ဟာ ဘုရားရှင်ရဲ့တပည့်"ဟု ဘုရားတပည့်ခံကြပါ၏။ သို့ရာတွင် ဘုရားရှင် ဆုံးမတော်မူသည့် တရားတော်အတိုင်း နာယူကျင့်သုံးရန်ကား ဆန္ဒမရှိကြ။ ဘုရားရှင်၏ အဆုံးအမကို မခံ့, ဘုရားရှင်၏ အဆုံးအမတော်အတိုင်း မကျင့်ကြံလျှင် ဘုရားတပည့်ဟု ဝန်ခံနေသော်လည်း တပည့်ခံရကျိုးနပ်ဖွယ်မရှိပါ။ လိမ္မာယဉ်ကျေးသူလည်း ဖြစ်မည် မဟုတ်ပါ။ "ဤနေ့ ဤဆရာ, ထိုနေ့ ထိုဆရာ" ဖြစ်ကာ မတည်မမြဲ ဆရာပြောင်းလွှဲနေမည်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



ခန္ဓာကိုယ် ကျန်းမာရန် ဆရာသမားကောင်းထံ အပ်နှံ၍ အကုအသ ခံသော်လည်း ဆရာတိုက်ကျွေးသည့် ဆေးကို စား၍ ဆရာ့စကားကိုလည်း လေးစားလိုက်နာမှ ကျန်းမာမှုသုခ ကောင်းစွာ ရပြီး ဆရာကိုလည်း အစွဲအမြဲ ယုံကြည်လာနိုင်ဖွယ် ရှိသကဲ့သို့ လိမ္မာယဉ်ကျေး၍ ငြိမ်းအေးသည့် သုခစစ် ရဖို့ရန် ဘုရားရှင်၏ အဆုံးအမတော်အတိုင်း လက်ခံ နာယူ၍ ဘုရားအလို တော်ကျအတိုင်း ကျင့်ကြံ အားထုတ်ကြမှသာ ဘုရားတပည့် ခံရကျိုးနပ်ကာ လိမ္မာယဉ်ကျေး၍ တကယ့်ငြိမ်းအေးသည့် သုခကို ရနိုင်ကြပါမည်၊ ဘုရားရှင် ကိုလည်း အခိုင်အမြဲ ယုံကြည်လာဖို့ရှိပါသည်။

"ငါဘုရား ဟောကြားခဲ့သော 'သုတ်, ဝိနည်း, အဘိဓမ္မာ' တရားတော် များသည် ငါဘုရား မရှိသည့်နောက် သင်တို့အတွက် ဆရာဘုရား အဆူဆူ ဖြစ်ရစ်တော်မူလိမ့်မည်"ဟု အာနန္ဒာမထေရ်မြတ်အား ဘုရားရှင် မိန့်ကြားတော် မူခဲ့ရာ ယခုအခါ တရားကိုပင် ဘုရားရှင်အဖြစ် ပို၍ အလေးအမြတ်ထားကာ ကြိုးစားလိုက်နာ ကျင့်ကြံအားထုတ်သင့်ကြပါသည်။ ဘုရားရှင်၏ တရားတော် အရ ကိုယ်တိုင် ကျင့်၍ ချမ်းသာသုခကို ကိုယ်တိုင် ခံစားရပြီး တရားတော်ကို ကောင်းစွာ သိမြင်ကြလျှင် တရားရှင် ဖြစ်သော ဘုရားကို ကိုယ်တိုင်မြင်၍ ကိုယ်တိုင်ချစ်ခင် ဆရာတင်လာကြမည် အမှန်ဖြစ်ပါသည်။ ထို့ကြောင့် "ဘုရားရှင်ဟာ တို့ဆရာ"ဟု ဘုရားရှင်ကို ဆရာတင်ကြသူတိုင်း "သတ္ထာဒေဝ-မနုဿာနံ"ဂုဏ်တော်ကို အာရုံပြုကြည်ညိုကာ တရားရှင် ဖြစ်သော ဘုရားကို ကိုယ်တိုင်မြင်၍ ကိုယ်တိုင်ချစ်ခင် ဆရာတင်နိုင်ကြအောင် ဘုရားရှင်၏ အဆုံးအမ တရားတော်ကို ကိုယ်တိုင် လိုက်နာကျင့်သုံး၍ ချမ်းသာသုခများကို ကိုယ်တိုင် ခံစားပြီး ကိုယ်တိုင် တရားသိမြင်သူဖြစ်အောင် ကြိုးစားသင့်ကြပါသည်။

ဂ။ ဗုဒ္ဓဂုဏ်တော်

ဗုဒ္ဓ = (ဗုဒ္ဓ = သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိ၍ သူတပါးတို့အားလည်းသိစေတော်မူတတ်,ဟောကြားတော်မူတတ်သော မြတ်စွာဘုရား။)

ဘုရားရှင်သည် သစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တော်တိုင် လက်ဦး ပထမ သိမြင်တော်မူပါသည်။ ထို့နောက် ယင်း သစ္စာလေးပါး အမှန်တရား တို့ကို ပညာဉာဏ်ထက်သန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့အား သိမြင်အောင် ဟောပြတော်မူပါသည်။ ယင်းသို့ သစ္စာလေးပါး အမှန်တရားတို့ကို ကိုယ်တော် တိုင် သိမြင်ပြီး သူတပါးတို့အား တဆင့်သိမြင်အောင် ဟောပြနိုင်စွမ်းသော သတ္တိကား ဘုရားရှင်၌သာ ရှိတော်မူ၏။ ထို့ကြောင့် ဘုရားရှင်သည် "ဗုဒ္ဓ" ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

http://www.dhammadownload.com



[ရှေးက ပြခဲ့သော "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်နှင့် ယခု "ဗုဒ္ဓ" ဂုဏ်တော်တို့သည် အသိဂုဏ်ချင်း တူ၍ ထပ်နေသည်ဟု ထင်ရ၏။ အထူးမှာ–"သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်အရ "သစ္စာလေးပါးကို သိသော ဉာဏ်"ကို ယူ၍ "ဗုဒ္ဓ" ဂုဏ်တော်အရ "သဗ္ဗညုတဉာဏ်"ကို ယူရမည်။ (တနည်း) "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိသော "ပဋိဝေဓဉာဏ်တော်"အစွမ်းကို ပြသည်၊ "ဗုဒ္ဓ"ဂုဏ်တော်ဖြင့် သူတပါးတို့အား ဟောကြားသိစေနိုင်သော "ဒေသနာဉာဏ်တော်" အစွမ်းကို ပြသည်ဟု အထူးမှတ်ယူသင့်ကြောင်း ကျမ်းဂန်တို့၌ ဆို၏။]

## "ဗုဒ္ဓ"ဟူသော အမည်ကို ရတော်မူခြင်း

ဘုရားရှင်သည် သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် သိ၍ သူတပါးတို့အားလည်း သိစေတော်မူ၏။ ယင်းသို့ ဆိုသဖြင့် အလုံးစုံသော တရားတို့ကို အကုန်အစင် သိမြင်တော်မူ၏ ဟူသော အနက်လည်း အလိုလို ပြီးနိုင်၏။ အကြောင်းကား "စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ=သစ္စာလေးပါးမှ လွတ်သော တရားမည်သည် မရှိ"ဟူသော စကားအရ တရားအားလုံး သစ္စာလေးပါး၌ ပါဝင်သည်ချည်း ဖြစ်သောကြောင့်တည်း။

၄၅

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့သည် သစ္စာတရားကို မသိဘဲ ဖြစ်သည်ဟူ၍ မရှိ၊ သစ္စာတရား အားလုံးကို သိခြင်းဖြင့်သာ ဖြစ်ကြရပါသည်။ အချို့မှာ သစ္စာလေးပါးကိုသာ သိ၍ အခြားဂုဏ်များကို ရခြင်းမရှိ၊ အချို့မှာ ပဋိသမ္ဘိဒါဉာဏ်နှင့် အဘိညာဉ်, သမာပတ် စသော ဂုဏ်ထူးများကိုလည်း တပါတည်း ရကြ၏။ ဘုရားရှင်ကား–သစ္စာလေးပါးကို သိသော အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ် ရသည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ်တော်ကြီးကိုပါ ရ၏။ ဒသဗလခေါ် အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့်လည်း ပြည့်စုံ၏။ ဘုရားရှင်တို့သာ ရနိုင်သော အသာဓာရဏ (=သူတပါးတို့နှင့် မဆိုင်သော) ဂုဏ်တော်, ဝေသာရဇ္ဇဉာဏ်တော် စသော ဂုဏ်တော်အားလုံးကိုလည်း သိမ်းကျုံးပိုင်ဆိုင်တော်မူ၏။ ဤသို့အားဖြင့် ဘုရားရှင်နှင့် အခြားပုဂ္ဂိုလ်တို့ သစ္စာတရားသိပုံချင်း တူကြသော်လည်း ရအပ်သော ဂုဏ်ချင်းမှာ အလွန် ကွာခြားလှသောကြောင့် "ဗုဒ္ဓ"ဟူသော အမည်တော်ကို အခြားပုဂ္ဂိုလ်တို့ မရနိုင်ဘဲ ဘုရားရှင်သာ ရတော်မူခဲ့ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



လောက၌ "ကျောင်းဒါယကာ, ကျောင်းဒါယိကာမ, ဘုရားဒါယကာ, ဘုရားဒါယိကာမ, သူဌေး သူကြွယ်, ပညာရှိ"စသော အမည်များသည် တမင်မှည့်ပေးထားရသည်မဟုတ်ဘဲ သူ့ဂုဏ်အရ ခေါ်တွင်လာသော အမည်များဖြစ်သကဲ့သို့ ဘုရားရှင်၏ "ဗုဒ္ဓ"ဟူသော အမည်သည်လည်း မယ်တော် ခမည်းတော် ဆွေတော် မျိုးတော် စသည်တို့က မှည့်ခေါ်ရသည်မဟုတ်၊ ဗောဓိပင်ရင်း၌ အရဟတ္တမဂ်ဉာဏ်,အရဟတ္တဖိုလ်ဉာဏ်နှင့်တကွ သဗ္ဗညုတဉာဏ်တော်ကြီးကို ရသည်နှင့် တပြိုင်နက် တရားအလုံးစုံကို အကုန် သိခြင်းကြောင့် အလိုလိုတွင်လာရသော အမည်တော်ကြီး ဖြစ်ပါသည်။ သူလို ငါလို သစ္စာသိရုံမျှဖြင့် "ဗုဒ္ဓ"ဟု အမည်တွင်လာခြင်း မဟုတ်ပါ (မဟာနိဒ္ဒေသပါဠိ။၃၆၃)။

ထို့ပြင် ဘုရားရှင်သည် မောဟဖြင့် အိပ်ပျော်နေသော လောကသားထဲမှ အရဟတ္တမဂ်ဖြင့် မောဟကို ဖျက်ဆီး၍ ပထမဆုံး နိုးကြားခဲ့သူဖြစ်ပြီး မနိုးသေးဘဲ ကျန်ရှိသူ သတ္တဝါများကိုပါ နှိုးပေးတော်မူတတ်သောကြောင့်လည်းကောင်း၊ အချိန်သင့် အခါသင့် ပွင့်သော ပန်းကဲ့သို့ လေးသင်္ချေနှင့်ကမ္ဘာ တစ်သိန်းတိုင်အောင် ပါရမီ ဖြည့်ကျင့်ရာမှ ပါရမီရင့်၍ သစ္စာအမြင်ပွင့်ကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သောကြောင့်လည်းကောင်း ဗုဒ္ဓအမည်ရတော်မူ၏ဟု ဖွင့်ဆိုကြသေးသည်။

## သစ္စာလေးပါး အမှန်တရား

လောက၌ မည်သည့်အခါမျှ မမှားနိုင်သော အမြဲမှန်ကန်သော သစ္စာလေးပါး တရားဟူ၍ ရှိ၏။ ယင်း သစ္စာလေးပါးကား—

(၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊

(၃) နိရောဓသစ္စာ၊ (၄) မဂ္ဂသစ္စာ—

ဟူ၍ ဖြစ်ပါသည်။

### (၁) ဒုက္ခသစ္စာ

ဒုက္ခသစ္စာ=(ဒုက္ခ+သစ္စာ။ ဒုက္ခ = ဆင်းရဲခြင်း + သစ္စာ = အမှန်တရား။)

ရုပ်အစု နာမ်အစုကို "ခန္ဓာ"ဟု ခေါ်၏၊ ယင်းခန္ဓာသည် ဒုက္ခတုံး ဒုက္ခခဲ ဆင်းရဲခြင်း အမှန်တရားဖြစ်၏၊ ဤခန္ဓာအစုအဝေးကြီး ရှိခြင်းကြောင့် စားဖို့ သောက်ဖို့ ဝတ်ဖို့ နေဖို့ ရှာဖွေလုပ်ရှားကြရ၏။ အိုရ, နာရ သေရ,ကျေရ၏ ။ အရှာအဖွေအနေ မတရားသဖြင့် အပါယ်လေးပါးသို့ ကျရောက်ကာ ဒုက္ခဆင်းရဲခံရ၏။ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပန်းဆင်းရဲရ၏။ ထောင်တန်းကျ၍

http://www.dhammadownload.com



အရှက်ထကွဲအကျိုးနည်းလည်း ဖြစ်ကြရ၏၊ အလှန့်အလှန် စီးပွားတွေစုဆောင်းပြီးမှ စွန့်ပစ်ထားခဲ့ရ၏။ မခွဲချင်ဘဲနှင့် တကွဲတပြားစီ ကွဲကြရ၏။ ချမ်းသာမှာ တခဏ, ဆင်းရဲသာ ထာဝရ ဖြစ်ရ၏။ လူ့ပြည်ချမ်းသာနှင့်စာက "အလွန်ချမ်းသာသည်"ဟု ဆိုရသော နတ်ပြည်,ဗြဟ္မာ့ပြည်များ ရှိ၏။ ယင်းနတ်ပြည် ဗြဟ္မာ့ပြည်များသို့ ရောက်ဖို့ရန် အားထုတ်ရသော ဒုက္ခ, ရောက်ပြီးနောက် မပျက်စီးချင်ဘဲ ပျက်စီးရသော ဒုက္ခတို့မှာ ချမ်းသာကြီးသလောက် ဆင်းရဲကြီးလှ၏။ ချမ်းသာနှင့် မမျှအောင် ဆင်းရဲခြင်းကပင် ပိုကြသည်။ ယင်းသို့ ဆင်းရဲကေန် စင်စစ်မှန်သောကြောင့် သတ္တဝါအားလုံး၏ ခန္ဓာအစုအဝေးသည် ဒုက္ခတုံး ဒုက္ခခဲ ဆင်းရဲခြင်းအမှန် "ဒုက္ခသစ္စာ"ချည်းသာ ဖြစ်သည်။ ဤ "ဒုက္ခသစ္စာ"ကို ပိုင်းခြား၍ သိနိုင်အောင် ကြိုးစားသင့်ပါသည်။ ဘုရားရှင်သည် ပိုင်းခြား၍ သိတော်မူခဲ့ပြီး ဖြစ်ပါသည်။

## (၂) သမုဒယသစ္စာ

သမုဒယသစ္စာ= (သမုဒယ+သစ္စာ။ သမုဒယ=ဒုက္ခဖြစ်ကြောင်း +သစ္စာ=အမှန်တရား။)

ဒုက္ခ၏ အကြောင်းရင်းအမှန်ကား "တဏှာလောဘ"ခေါ်သော နှစ်သက်ခုံမင် လိုချင်တောင့်တမှုတည်း။ ယခင်ပြခဲ့သော ဒုက္ခဟူသမျှသည် ဤလိုချင်တောင့်တမှုကို အကြောင်းပြု၍ ဖြစ်၏။ ဤ လိုချင် တောင့်တမှုကြောင့် တခါတရံ မတရားပြုမိ၍ ဤလောကဌ်ပင် မင်းပြစ်မင်းဒဏ် ခံကြရ၏။ နောင်သံသရာ၌လည်း အပါယ်လေးပါးသို့ ကျရောက်လျက် အတိုင်းမသိ ဆင်းရဲဒုက္ခဒဏ်ကို ခံကြရပြန်၏။ သံသရာဝဋ်ဆင်းရဲမှ မလွတ်ဘဲ တဝဲလည်လည် ဒုက္ခပြီး ဒုက္ခ, ဒုက္ခပြီး ဒုက္ခ ကျင်လည်နေရချက်သည် ထိုထိုဘဝကို လိုချင်တောင့်တသော တဏှာလောဘ၏ စနက်သာ ဖြစ်၏။

ယင်း လိုချင် တောင့်တမှုဟူသော "တဏှာလောဘ"သည် တရားဖြင့် မချုပ်တည်း မထိန်းသိမ်းနိုင်သမျှ သူ့အလိုအလျောက် မည်သည့် အခါမျှ နောက်ဆုတ်ရိုး မရှိချေ။ "သံပရာသီးသည် ကြီးလေ ချဉ်လေ" ဖြစ်သကဲ့သို့လည်းကောင်း၊ "ငယ်စဉ်က ပေါက်သော နွားဦးချိုသည် ကြီးလေ ရှည်လေ" ဖြစ်သကဲ့သို့လည်းကောင်း၊ မီးသည် "လောင်စာများလေ မီးတောက်ကြီးလေ" ဖြစ်သကဲ့သို့လည်းကောင်း ဤတဏှာလောဘ၏ သဘောသည်လည်း ရလေ လိုလေ ရဖန်များလေ တဏှာလောဘ တိုးလာလေပင် ဖြစ်ပါသည်။ တဏှာလောဘ ကြီးလာသလောက်လည်း ဒုက္ခ ပို၍ ကြီးကြီးရောက်ရမည်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



ဤနေရာတွင် – "လူသားတစ်ယောက်အဖြစ်ဖြင့် တာဝတိံသာ နတ်ပြည်အထိ တက်ရောက်၍ ပကတိသိကြားမင်းပေါင်း ၃၆-ယောက် ပြောင်းလဲသွားသည်အထိ အသက်တမ်း ရှည်ကြာစွာ တာဝတိံသာ နတ်ပြည်ကို တစ်ဝက်ခွဲကာ နတ်စည်းစိမ်ကို ခံစားနေခဲ့ရသော ဘုရားလောင်း မန္ဓာတ်စကြာမင်းကြီး၏ နတ်ပြည်တစ်ဝက်မျှ အုပ်စိုးရရုံဖြင့် တင်းတိမ် ရောင့်ရဲမှု မရှိနိုင်ဘဲ နောက်ထပ် ရောက်ခါစ (၃၇-ယောက်မြောက်)သိကြားမင်းကို သတ်ဖြတ်ပစ်လိုသော အကြံဆိုး ပေါ်ခဲ့၍ ထိုနတ်ပြည်မှ (ချက်ချင်း) ကျွယ်ပျောက်ကာ လူ့ပြည်သို့ ပြန်ရောက်ပြီး စုတေပွဲ ဝင်ခဲ့ရဖူးသော ဖြစ်ရပ်[၁]"မှာ တဏှာလောဘ တရား၏ အလို ကြီးမားပုံကို အထူး ခိုင်လုံစေသော သာဓကပင် ဖြစ်ပါသည်။

ဤ"သမုဒယသစ္စာ"ကို အကြွင်းမဲ့ ပယ်နိုင်အောင် ကြိုးစားသင့်ပါသည်။ ဘုရားရှင်သည် အကြွင်းမဲ့ ပယ်တော်မူခဲ့ပြီး ဖြစ်ပါသည်။

## (၃) နိရောဓသစ္စာ

နိရောဓသစ္စာ= (နိရောဓ+သစ္စာ။ နိရောဓ=ဒုက္ခ၏ ချုပ်ငြိမ်းရာ+ သစ္စာ=အမှန်တရား။)

ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ အမှန်တရားကား နိဗ္ဗာန်တည်း၊ ယင်းနိဗ္ဗာန်၏ ဒုက္ခ မရှိပုံ, မည်ကဲ့သို့ ချမ်းသာပုံကိုမူ နိဗ္ဗာန်ကို မြင်နိုင်သော ဉာဏ်ရမှသာ ကျနစွာ သိနိုင်ရာ၏။ ခန့်မှန်းသိ အနေအားဖြင့်ကား မစင်အိုးကြီးကို လေးပင်စွာ ထမ်းရွက်ထားရာမှ ပစ်ချလိုက်ရသည့်အတွက် ချမ်းသာ ပေါ့ပါး သွားရပုံ၊ ပြင်းထန်စွာ ခံစားနေရသော ရောဂါဝေဒနာဆိုးမှ အမြစ်ပြတ် ပျောက်ကင်း၍ ချမ်းသာခြင်းသို့ ရောက်ရပုံ၊ မီးတဟုန်းဟုန်း လောင်ကျွမ်း နေသော ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ ရောက်၍ မီးဘေးအန္တရာယ်မှ လွတ်မြောက်ရပုံတို့ကို အာရုံပြုခြင်းဖြင့် နိဗ္ဗာန်၏ ချမ်းသာပုံ သဘောသွားကို သိနိုင်ကြောင်း အဘူပြု ဖော်ပြကြ၏။ စင်စစ် နိဗ္ဗာန်၏ ချမ်းသာသဘောကား လွန်စွာ အေးမြ၏။မည်မျှအထိ အေးမြ၍ မည်မျှအထိ ချမ်းသာသည် ဆိုခြင်းသို့ မည်သည့် အရာမျိုးကဲ့သို့ ဖြစ်ပါသည်ဟု အတူသဘောကို အတိအကျ ဖော်ထုတ် တင်ပြရန်ကား လွယ်ကူလှသည် မဟုတ်ပါ၊ လက်တွေ့ သိမြင်၍ လက်တွေ့ခံစားမှုကိုသာ သာဓက ပမာဏအဖြစ် မှတ်ယူသင့်ပါသည်။

---

[၁]။ ဇာတ်အဋ္ဌကထာ ဒု-တွဲ၊ တိကနိပါတ်၊ မန္ဓာတုဇာတ်။ နှာ-၂၈၁။

http://www.dhammadownload.com



သောတာပန်အဖြစ်သို့ ရောက်လျှင်ကား– မီးကို ကိုင်ကြည့်၍ လက်တွေ့ ပမှန်းသိသကဲ့သို့ နိဗ္ဗာန်၏ ချမ်းသာမှု အရသာကို လက်တွေ့သိမြင်နိုင်ပါပြီ။ သောတာပန်များသည် ပုထုဇဉ်ဘက်သို့ ပြန်လည် ဆုတ်နစ်ခြင်း မရှိဘဲ ရဟန္တာအဖြစ်သို့ ရောက်အောင်သာ တိုးတက် အားထုတ်ကြသည်မှာ နိဗ္ဗာန်၏ ချမ်းသာမှုအရသာကို ကျနစွာ သိမြင်ပြီး ဖြစ်သောကြောင့် ဖြစ်၏။ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံခါနီးမှာလည်း ရုပ်နာမ်အားလုံး ဒုက္ခတုံးကြီးကို နောက်ဆုံး စွန့်ပစ်ရတော့မည် ဖြစ်၍ ကြည်လင် ရွှင်ပျတော် မူနိုင်ကြခြင်း ဖြစ်၏။ အကယ်၍သာ ပုထုဇဉ်တို့ အတွေးမျိုးဖြင့် တွေးဆကာ နိဗ္ဗာန်သည် မချမ်းသာဘဲ ပျင်းရိငြီးငွေ့စရာကြီး ဖြစ်နေလျှင် နိဗ္ဗာန်ဝင်ခါနီး၌ မည်သူမျှ ကြည်လင်ရွှင်ပျနိုင်ကြမည် မဟုတ်ပါ။ မိမိတို့ ရောက်ရမည့် နိဗ္ဗာန်၏ လွန်စွာ ချမ်းသာပုံကို အာရုံ၌ ရှင်းရှင်းလင်းလင်း သိမြင်ပြီး ဖြစ်သောကြောင့်သာ ကြည်လင်ရွှင်ပျတော်မူနိုင်ကြပါသည်။ ဤ၌—

မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန် ဝင်စံခါနီး၌ နတ်ရေ လူပါ လွမ်းဆွတ်တသ ငိုပွဲကြီး ကျင်းပကြသော်လည်း မိထွေးတော်ကား အနည်းငယ်မျှ ဝမ်းနည်းခြင်း မရှိဘဲ "သားတော်,သမီးတော်များ.... ဤအခါမျိုးကား ဝမ်းနည်း ပူဆွေး ငိုကြွေးရမည့် အခါ မဟုတ်၊ ဝမ်းမြောက်ရမည့်အခါ ဖြစ်သည်"ဟု–

တရားချလျက် တန်ခိုးပင် ပြခဲ့သေးသည်မှာ နိဗ္ဗာန်၏ ချမ်းသာပုံအတွက် လေးနက်ခိုင်မာလှသော သာဓကပင် ဖြစ်သည်။ ဤနိရောဓသစ္စာကို ဘုရားရှင်သည် ဉာဏ်ဖြင့် ဆိုက်ရောက် မျက်မှောက်ပြုတော်မူခဲ့ပြီး ဖြစ်ပါသည်။

## (၄) မဂ္ဂသစ္စာ

မဂ္ဂသစ္စာ=(မဂ္ဂ+သစ္စာ။ မဂ္ဂ=နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် လမ်းကောင်း+သစ္စာ=အမှန်တရား။)

ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ အမှန်တရားဖြစ်သော နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်း အကျင့်လမ်းကောင်းတရားကို "မဂ္ဂ=မဂ်"ဟူ၍ ခေါ်ပြီး ယင်း "မဂ္ဂ=မဂ်"၏ အစိတ်အင်္ဂါများကို "မဂ္ဂင်"ဟူ၍ ခေါ်၏။ မဂ္ဂင်တရားကား အရေအတွက်အားဖြင့် ဖော်ပြလတ္တံ့ပါအတိုင်း ရှစ်ပါးရှိပါသည်—

http://www.dhammadownload.com



## မဂ္ဂင်ရှစ်ပါး

(က) သမ္မာဒိဋ္ဌိ=မှန်ကန်သော အသိအမြင်၊

သတ္တဝါဟူသမျှ တစ်ဦးတစ်ယောက်၏ အလိုကြောင့် (ဝါ) တစ်ဦး တစ်ယောက်က ဖန်ဆင်းသောကြောင့် ကောင်းကျိုး, မကောင်းကျိုး ခံစားရသည် မဟုတ်၊ မိမိ ပြုအပ်သော ကံနှင့် ဉာဏ်, ဝီရိယတို့၏ ကောင်းမှု မကောင်းမှုကြောင့်သာ ကောင်းကျိုး, မကောင်းကျိုး ခံစားကြရသည်ဟု အမှန်အတိုင်း သိမြင်ခြင်း (ကမ္မဿကတာသမ္မာဒိဋ္ဌိ)၊

ဤခန္ဓာသည် ဖြစ်သည့်အတိုင်း မတည်ဘဲ ပျက်၍ ပျက်၍ နေသောကြောင့် မမြဲ၊ မမြဲသော တရားဟူသမျှသည် ဆင်းရဲ၏၊ မြဲလည်း မမြဲ, ဆင်းရဲလည်း ဆင်းရဲ, ပျက်ခြင်းသဘောလည်း ရှိသော တရားသည် အလို မလိုက်, အကြိုက် မပါ, သူငါ မဟုတ်ဟု အမှန်အတိုင်း သိမြင်ခြင်း (ဝိပဿနာသမ္မာဒိဋ္ဌိ)၊

ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အမှန်အတိုင်း သိမြင်ခြင်း (လောကုတ္တရာသမ္မာဒိဋ္ဌိ)တို့ ဖြစ်၏။

တရားကိုယ်မှာ ပညာစေတသိက်တည်း။

(ခ) သမ္မာသင်္ကပ္ပ=မှန်ကန်သော အကြံအစည်၊

ကာမဂုဏ်အာရုံများကို မလိုက်စားဘဲ ဒါနပြုမည်, ဥပုသ်စောင့်မည်, တရားအားထုတ်မည် စသောအားဖြင့် ကြံစည်စိတ်ကူးခြင်း. (နေက္ခမ္မသင်္ကပ္ပ)၊

သူတပါးတို့အား ဒေါသဖြင့် မကောင်းမကြံဘဲ မေတ္တာဖြင့် ကျန်းမာ ချမ်းသာစေရန် အကောင်းကိုသာ စိတ်ကူးကြံစည်ခြင်း (အဗျာပါဒသင်္ကပ္ပ)၊

အောက်လက်ငယ်သား ဆင်းရဲသူများအား သနားညှာတာ ကရုဏာဖြင့် ကူညီကယ်မရန် စိတ်ကူးကြံစည်ခြင်း (အဝိဟိံ-သာသင်္ကပ္ပ)တို့ ဖြစ်၏။

တရားကိုယ်မှာ ဝိတက်စေတသိက်တည်း။

http://www.dhammadownload.com



(ဂ) သမ္မာဝါစာ=မှန်ကန်သော စကားကို ပြောဆိုခြင်း၊

လိမ်ညာမပြောဘဲ အမှန်ကိုသာ ပြောခြင်း, ရန်ဖြစ်အောင် ကုန်းမတိုက်ဘဲ သင့်မြတ်မှုရှိအောင် ပြောခြင်း, ကြမ်းတမ်း ယုတ်မာ ဆဲဆိုခြင်း မပြုဘဲ နူးညံ့ ပြေပြစ်စွာ ပြောခြင်း, အကျိုးမဲ့ ရယ်စရာ မောစရာမျှ ဖြစ်သော စကားတို့ကို ရှောင်ရှား၍ အကျိုးများသော စကားတို့ကို ပြောဆိုခြင်းတို့ ဖြစ်၏။

(ဃ) သမ္မာကမ္မန္တ=မှန်ကန်သော အမှုကို ပြုခြင်း၊

သူတပါးတို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ရှား၍ သူတပါး အသက်ရှည်အောင် အနာရောဂါကင်း၍ ကျန်းမာခြင်း ရှိအောင် ကူညီခြင်း, သူတပါးဥစ္စာကို နှောင့်ယှက်ဖျက်ဆီး ခိုးယူခြင်းမှ ရှောင်ရှား၍ သူတပါး ဥစ္စာ လုံခြုံအောင် စောင့်ရှောက်ပေးမှု လှူဒါန်းပေးကမ်းမှုပြုခြင်း, သူတပါးတို့၏ ကာမကို မတရား ရယူလိုခြင်းမှ ရှောင်ရှား၍ သူတပါးတို့၏ စိတ်ကြည်နူးအောင် တံမြက်လှည်း,လမ်းပြင် စသည်ဖြင့် ကူညီ ဆောင်ရွက်ခြင်းတို့ ဖြစ်၏။

(င) သမ္မာအာဇီဝ=မှန်ကန်သော အသက်မွေးခြင်း၊

တရားသဖြင့် လယ်ယာလုပ်၍, ရောင်းဝယ်ဖောက်ကား၍, လက်မှုပညာ နှုတ်မှုပညာ အဖြာဖြာတို့ဖြင့် ရင်းနှီး၍ အသက် မွေးခြင်း၊ အချုပ်အားဖြင့် ငါးပါးသီလ မပျက်အောင် စောင့်ရှောက်၍ အသက်မွေးခြင်းတို့ ဖြစ်၏။

(စ) သမ္မာဝါယာမ=မှန်ကန်သော အားထုတ်ခြင်း၊

မတရားသဖြင့် ကြိုးပမ်းအားထုတ်ခြင်းမှ ရှောင်ကွင်း၍ တရားသော နည်းလမ်းဖြင့် ကြိုးပမ်းအားထုတ်ခြင်း ပြုရာ၌ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်အောင်, ဖြစ်ပြီးသော အကုသိုလ်ကို နောက်ထပ်မဖြစ် အသစ်မတိုးပွား ပယ်ရှား နိုင်အောင်, မဖြစ်ဖူးသေးသော ကုသိုလ်ကို ဖြစ်အောင်, ဖြစ်ပြီးသော ကုသိုလ်ကို နောက်မဆုတ်ဘဲ တိုးမြှတိုးအောင် ကြိုးပမ်းအားထုတ်ခြင်းများ ဖြစ်၏။ တရားကိုယ်မှာ ဝီရိယ စေတသိက်တည်း။

http://www.dhammadownload.com



## မဂ္ဂင်ရှစ်ပါး

(က) သမ္မာဒိဋ္ဌိ=မှန်ကန်သော အသိအမြင်၊

သတ္တဝါဟူသမျှ တစ်ဦးတစ်ယောက်၏ အလိုကြောင့် (ဝါ) တစ်ဦး တစ်ယောက်က ဖန်ဆင်းသောကြောင့် ကောင်းကျိုး၊ မကောင်းကျိုး ခံစားရသည် မဟုတ်၊ မိမိ ပြုအပ်သော ကံနှင့် ဉာဏ်၊ ဝီရိယတို့၏ ကောင်းမှု မကောင်းမှုကြောင့်သာ ကောင်းကျိုး, မကောင်းကျိုး ခံစားကြရသည်ဟု အမှန်အတိုင်း သိမြင်ခြင်း (ကမ္မဿကတာသမ္မာဒိဋ္ဌိ)၊

ဤခန္ဓာသည် ဖြစ်သည့်အတိုင်း မတည်ဘဲ ပျက်၍ ပျက်၍ နေသောကြောင့် မမြဲ၊ မမြဲသော တရားဟူသမျှသည် ဆင်းရဲ၏၊ မြဲလည်း မမြဲ, ဆင်းရဲလည်း ဆင်းရဲ, ပျက်ခြင်းသဘောလည်း ရှိသော တရားသည် အလို မလိုက်, အကြိုက် မပါ, သူငါ မဟုတ်ဟု အမှန်အတိုင်း သိမြင်ခြင်း (ဝိပဿနာသမ္မာဒိဋ္ဌိ)၊

ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အမှန်အတိုင်း သိမြင်ခြင်း (လောကုတ္တရာသမ္မာဒိဋ္ဌိ)တို့ ဖြစ်၏။

တရားကိုယ်မှာ ပညာစေတသိက်တည်း။

(ခ) သမ္မာသင်္ကပ္ပ=မှန်ကန်သော အကြံအစည်၊

ကာမဂုဏ်အာရုံများကို မလိုက်စားဘဲ ဒါနပြုမည်, ဥပုသ် စောင့်မည်, တရားအားထုတ်မည် စသောအားဖြင့် ကြံစည် စိတ်ကူးခြင်း (နေက္ခမ္မသင်္ကပ္ပ)၊

သူတပါးတို့အား ဒေါသဖြင့် မကောင်းမကြံဘဲ မေတ္တာဖြင့် ကျန်းမာ ချမ်းသာစေရန် အကောင်းကိုသာ စိတ်ကူး ကြံစည်ခြင်း (အဗျာပါဒသင်္ကပ္ပ)၊

အောက်လက်ငယ်သား ဆင်းရဲသူများအား သနားညှာတာ ကရုဏာဖြင့် ကူညီကယ်မရန် စိတ်ကူးကြံစည်ခြင်း (အဝိဟိံ-သာသင်္ကပ္ပ)တို့ ဖြစ်၏။

တရားကိုယ်မှာ ဝိတက်စေတသိက်တည်း။

http://www.dhammadownload.com



(ဂ) သမ္မာဝါစာ=မှန်ကန်သော စကားကို ပြောဆိုခြင်း၊

လိမ်ညာမပြောဘဲ အမှန်ကိုသာ ပြောခြင်း, ရန်ဖြစ်အောင် ကုန်းမတိုက်ဘဲ သင့်မြတ်မှုရှိအောင် ပြောခြင်း, ကြမ်းတမ်း ယုတ်မာ ဆဲဆိုခြင်း မပြုဘဲ နူးညံ့ ပြေပြစ်စွာ ပြောခြင်း, အကျိုးမဲ့ ရယ်စရာ မောစရာမျှ ဖြစ်သော စကားတို့ကို ရှောင်ရှား၍ အကျိုးများသော စကားတို့ကို ပြောဆိုခြင်းတို့ ဖြစ်၏။

(ဃ) သမ္မာကမ္မန္တ=မှန်ကန်သော အမှုကို ပြုခြင်း၊

သူတပါးတို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ရှား၍ သူတပါး အသက်ရှည်အောင် အနာရောဂါကင်း၍ ကျန်းမာခြင်း ရှိအောင် ကူညီခြင်း, သူတပါးဥစ္စာကို နှောင့်ယှက်ဖျက်ဆီး ခိုးယူခြင်းမှ ရှောင်ရှား၍ သူတပါး ဥစ္စာ လုံခြုံအောင် စောင့်ရှောက်ပေးမှု လှူဒါန်းပေးကမ်းမှုပြုခြင်း, သူတပါးတို့၏ ကာမကို မတရား ရယူလိုခြင်းမှ ရှောင်ရှား၍ သူတပါးတို့၏ စိတ်ကြည်နူးအောင် တံမြက်လှည်း,လမ်းပြင် စသည်ဖြင့် ကူညီ ဆောင်ရွက်ခြင်းတို့ ဖြစ်၏။

(င) သမ္မာအာဇီဝ=မှန်ကန်သော အသက်မွေးခြင်း၊

တရားသဖြင့် လယ်ယာလုပ်၍, ရောင်းဝယ်ဖောက်ကား၍, လက်မှုပညာ နှုတ်မှုပညာ အဖြာဖြာတို့ဖြင့် ရင်းနှီး၍ အသက် မွေးခြင်း၊ အချုပ်အားဖြင့် ငါးပါးသီလ မပျက်အောင် စောင့်ရှောက်၍ အသက်မွေးခြင်းတို့ ဖြစ်၏။

(စ) သမ္မာဝါယာမ=မှန်ကန်သော အားထုတ်ခြင်း၊

မတရားသဖြင့် ကြိုးပမ်းအားထုတ်ခြင်းမှ ရှောင်ကွင်း၍ တရားသော နည်းလမ်းဖြင့် ကြိုးပမ်းအားထုတ်ခြင်း ပြုရာ၌ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်အောင်, ဖြစ်ပြီးသော အကုသိုလ်ကို နောက်ထပ်မဖြစ် အသစ်မတိုးပွား ပယ်ရှား နိုင်အောင်, မဖြစ်ဖူးသေးသော ကုသိုလ်ကို ဖြစ်အောင်, ဖြစ်ပြီးသော ကုသိုလ်ကို နောက်မဆုတ်ဘဲ တိုးမြဲတိုးအောင် ကြိုးပမ်းအားထုတ်ခြင်းများ ဖြစ်၏။ တရားကိုယ်မှာ ဝီရိယ စေတသိက်တည်း။

http://www.dhammadownload.com



## (ဆ) သမ္မာသတိ=မှန်ကန်သော ဆင်ခြင်အောက်မေ့ခြင်း၊

ကုသိုလ်ကောင်းမှုနှင့် ဆိုင်ရာကို အောက်မေ့ခြင်း, အမှတ်ရခြင်း, မိမိတို့၏ မျက်စိ နား စသည်တို့၌ ထင်လာသမျှ အာရုံများကို ရောနှောခြင်း မရှိဘဲ (မြင်သည့်အခါ မြင်စိတ်, ကြားသည့်အခါ ကြားစိတ်ဟု ခွဲခြား၍) ထင်လာသည့်အတိုင်း တစ်မျိုးစီ တစ်မျိုးစီ အကန့်လိုက် အကန့်လိုက် ပိုင်းခြား၍ သိခြင်း၊ တရားကိုယ်မှာ သတိ စေတသိက်တည်း။ ဟင်းလျာအားလုံးတို့၌ ဆားခတ်ခြင်းကို အလိုရှိအပ်သကဲ့သို့လည်းကောင်း၊ မင်းမှုကိစ္စ အားလုံးတို့၌ ကိစ္စအားလုံးကို ဆောင်ရွက်တတ်သော အမတ်ကို အလိုရှိအပ်သကဲ့သို့လည်းကောင်း အရာအားလုံးတို့၌ သတိကို အလိုရှိအပ်၏။ သတိသည် ပိုသည်ဟူ၍ မရှိ၊ လိုသည်သာ ရှိသည်။

## (ဇ) သမ္မာသမာဓိ=မှန်ကန်သော တည်ကြည်ခြင်း၊

သစ်ရွက်ခြောက်များ ပြာမှုန်များသည် လေတိုက်သောအခါ အငြိမ်မနေဘဲ ပျံ့လွင့်သကဲ့သို့ အာရုံထွေပြား ပျံ့လွင့်မနေဘဲ ကျောက်ခဲသံခဲသည် လေတိုက်သော်လည်း မတုန်မလှုပ် မပျံ့လွင့်သကဲ့သို့ အာရုံတစ်ခုတည်းမှာ မပျံ့မလွင့်တည်နေခြင်း,ကမ္မဋ္ဌာန်းအာရုံ၌ ငြိမ်သက် တည်ကြည်နေခြင်း, သမာဓိ ရနေခြင်း, ကောင်းသော စာပေကို ကြည့်ရှုရေးသားရာ၌ သမာဓိရ တည်ကြည်နေခြင်း, ဒါနကိစ္စ သီလကိစ္စ ဘာဝနာကိစ္စ ကုသိုလ်ကောင်းမှုကိစ္စ စသည်ကို ကြံစည်စိတ်ကူးနေရာ၌ သမာဓိရ တည်ကြည်နေခြင်း စသည်တို့ဖြစ်၏။ တရားကိုယ်မှာ ဧကဂ္ဂတာ စေတသိက်တည်း။

အထက်တွင် ဖော်ပြခဲ့သော သမ္မာဒိဋ္ဌိ စသော ရှစ်ပါးကို "မဇ္ဈိမပဋိပဒါ=အလယ်အလတ်ကျင့်စဉ်"ဟု ခေါ်၏။ ဤတရားရှစ်ပါးတွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ နှစ်ပါးသည် "ပညာမဂ္ဂင်" ဖြစ်၏။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ သုံးပါးသည် "သီလမဂ္ဂင်"ဖြစ်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ သုံးပါးသည် "သမာဓိမဂ္ဂင်"ဖြစ်၏။ ပညာမဂ္ဂင် နှစ်ပါးကို အဘိဓမ္မာပိဋကဖြင့် အကျယ်ချဲ့သည်။ သီလမဂ္ဂင် သုံးပါးကို ဝိနည်းပိဋကဖြင့် အကျယ်ချဲ့သည်။ သမာဓိမဂ္ဂင် သုံးပါးကို သုတ္တန်ပိဋကဖြင့် အကျယ်ချဲ့သည်။ စင်စစ်

http://www.dhammadownload.com



အားဖြင့် မဂ္ဂင်ရှစ်ပါး(မဂ္ဂသစ္စာ)တရားလမ်းစဉ်သည် ပိဋကသုံးပုံကို အနှစ်ထုတ်၍ အချုပ်သဘော ညွှန်ပြထားသော ဗုဒ္ဓဝါဒသာသနာ့ လမ်းစဉ်တော်ကြီးပင် ဖြစ်သည်။

ဒုက္ခများစွာ သံသရာဝဋ်မှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်လိုသူ တို့သည် ဤမဂ္ဂင်တရား ရှစ်ပါးကို မိမိသန္တာန်၌ ထာဝစဉ် ဖြစ်ပွားအောင် ကြိုးစားရမည်။ ယင်းသို့ ကြိုးစားရာ၌ တစ်နေ့ တစ်ရက် တစ်နံနက် တစ်ခဏမျှ ကြိုးစားရမည် မဟုတ်။ စာအရကျက်သူသည် တစ်ခေါက်ကျက်ရုံမျှဖြင့် မရဘဲ အခေါက်ခေါက် အခါခါ ကျက်ရ၏။ ရပြန်ပါလည်း မကျေမချင်း ထပ်၍ ထပ်၍ အံရ၏။ မမေ့မပျောက်အောင် ထပ်၍ ထပ်၍ ပြန်ရ၏။ ထိုမျှလောက် ကျက်-အံ-ပြန် ကြိုးစားထားမှ ထိုစာနှင့် ဆိုင်သော အကျိုးတရားကို ရနိုင်သကဲ့သို့ ထို့အတူ "မဇ္ဈိမပဋိပဒါ" မဂ္ဂင် ရှစ်ပါးကိုလည်း မိမိ၏ သန္တာန်၌ ပထမ ဖြစ်အောင် ကြိုးစားရမည်။ ထို့နောက် ထပ်၍ ထပ်၍ ဖြစ်အောင် ကြိုးစားရမည်။ ထို့နောက် အသုံးကျအောင် ကျေနေအောင် ကြိုးစားရမည်။အထွတ်အထိပ်ရောက်အောင် ကြိုးစားလျှင် ဉာဏ်စက္ခုအလင်း ရ၍ "စက္ခုကရဏီ, ဉာဏကရဏီ"ဖြစ်ကာ တသံသရာလုံး၌ မည်သည့်ဘဝ မည်သည့် အခါကမျှ မသိမမြင်ခဲ့ရဖူးသော "သစ္စာလေးပါး အမှန်တရား"ကို ကောင်းစွာ သိမြင်ပြီး ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြု ဆိုက်ရောက်နိုင်ကြပါလိမ့်မည်။ ဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဤမဂ္ဂသစ္စာတရားကို တသန့်တည်း တဖြောင့်တည်း နောက်မဆုတ်တမ်း ကျင့်ကြံမှုများတော် မူခဲ့သည်။

**ဗုဒ္ဓဂုဏ်တော်ကို အာရုံပြု၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ရယူပါ**

ဘုရားရှင်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်း ပွားများလျက် (ပုတီးစိပ်) နေသောအခါ, အိပ်ရာဝင် အိပ်ရာထ၌ ဘုရားရှင်ကို အာရုံပြု၍ ရှိခိုးကန်တော့သောအခါ, ရေတော် ပန်းတော် ဆီမီးတော် ဆွမ်းတော် စသည်ဖြင့် လှူဒါန်း ပူဇော်နေသောအခါ စသည်တို့၌ ထိုသို့ ပြုလုပ်သော ပုဂ္ဂိုလ်၏ စိတ်အစဉ်ဝယ် မဂ္ဂင်ရှစ်ပါး တရားအားလုံး ပါဝင်နေပါသည်။ ထိုမဂ္ဂင် ရှစ်ပါး တရားများကား နိဗ္ဗာန်ကို (မျက်စိဖြင့် မြင်ရသလို) မျက်မှောက်ပြု နိုင်ကြောင်း လမ်းဖြောင့်လမ်းကောင်း အမှန်ပင် ဖြစ်၏။ မှန်သော လမ်းကို မှန်မှန်သွားနေသူသည် "လမ်းဆုံးလျှင် ရွာတွေ့" ဆိုသကဲ့သို့ ထိုလမ်းအဆုံးတွင် နိဗ္ဗာန်ကို ကောင်းစွာ တွေ့နိုင်ကြမည် အမှန်ဖြစ်ပါသည်။

http://www.dhammadownload.com



အကယ်၍ တရားမပေါက် နိဗ္ဗာန်ကို မတွေ့မရောက်ရသေးသော်လည်း မိမိစိတ်ကို အလွန်ထူးခြားသော ဘုရားအာရုံ၌ ချထားရသောကြောင့် အမြဲ ရွှင်လန်းသော ပီတိသောမနဿစိတ်, အမြဲ ကြည်လင်သော သဒ္ဓါစိတ်များ ဖြစ်ပွားနေရကား ထိုသူ၏ ရုပ်ဆင်းအင်္ဂါ မျက်နှာပါ ကြည်လင်၍ ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာခြင်းကို ရနိုင်ကြပါသည်။ "ဗုဒ္ဓ" ဂုဏ်တော်ကို အာရုံ ပြု၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ရယူသင့်ကြပါသည်။

၉။ ဘဂဝါဂုဏ်တော်

ဘဂဝါ= (ဘဂ+ဝါ။ ဘဂ =ဘုန်း+ဝါ=ရှိတော်မူသော မြတ်စွာ ဘုရား။)

ဘုရားရှင်သည် ဘဝများစွာ သံသရာ၌ စွန့်ကြဲပေးကမ်းခြင်း, ကိုယ်ကျင့် သီလကောင်းခြင်း, မေတ္တာတရား ကြီးမားခြင်း, သည်းခံ ခွင့်လွှတ်ခြင်း, တောထွက်၍ တရားကျင့်ခြင်း စသောအားဖြင့် ကုသိုလ်ကောင်းမှုကံ ပါရမီ အစုတို့ကို ဖြည့်ကျင့်ဆည်းပူးခြင်း ပြုတော်မူခဲ့သည်။ ယင်းသို့ ပြုတော်မူခဲ့သော ကုသိုလ်ကောင်းမှုကံ ပါရမီအစုများကို ရှေးဘုန်းရှေးကံဟု ခေါ်၏။ ထိုရှေးဘုန်း ရှေးကံများသည် ဘုရားရှင်၌ အဆုံးအပိုင်းအခြား မထားနိုင်လောက်အောင် များ၏။ မည်ရွေ့မည်မျှဟု အတိုင်းအဆမရှိ။ ဘုရားရှင်သည် အတိုင်းအဆ မရှိ အဆုံးအပိုင်းအခြား မထားနိုင်လောက်အောင် များသော ကုသိုလ်ကောင်းမှုကံ ပါရမီအစုများကြောင့် (သူတကာတို့ထက်) သာလွန် ထူးကဲသော ဘုန်းတော် များကို ရတော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် "ဘဂဝါ" ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်၊ လွန်စွာ ဘုန်းကြီးတော်မူပါသည်။

ဘုန်းတော်ခြောက်ပါး

ဘုရားရှင် ရတော်မူသော ( သူတကာတို့ထက် ) သာလွန် ထူးကဲသည့် ဘုန်းတော်များသည် အဆုံးမရှိ (=အနန္တ), အတိုင်းအဆမရှိ(=အပရိမာဏ) ဖြစ်သော်လည်း အမျိုးအစားအားဖြင့် ခွဲခြားလျှင်——

(၁) ဣဿရိယ၊ (၂) ဓမ္မ၊ (၃) ယသ၊
(၄) သိရီ၊ (၅) ကာမ၊ (၆) ပယတ္တ-

ဟူ၍ ခြောက်ပါးရှိပါသည်။

http://www.dhammadownload.com



(၁) ဣဿရိယဘုန်းတော်

"ဣဿရိယ"ဟူသည် အစိုးရခြင်းတည်း။ "အစိုးရခြင်း"ဟူသည် မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်းတည်း။ ဘုရားရှင်သည် မိမိ၏ (လောကီ, လောကုတ္တရာ) စိတ်တော်ကို အလိုရှိရာ အာရုံ၌ တည်ငြိမ်အောင် နိုင်နင်းစွာ ထားတော်မူနိုင်၏။ စက်ဆုပ်ဖွယ် အာရုံကို စက်ဆုပ်ဖွယ် မရှိသည်၏ အဖြစ်ဖြင့် ရှု၍ ထားနိုင်၏။ စက်ဆုပ်ဖွယ် မရှိသော အာရုံကို စက်ဆုပ်ဖွယ်အဖြစ်ဖြင့် ရှု၍ ထားနိုင်၏၊ စက်ဆုပ်ဖွယ်, မစက်ဆုပ်ဖွယ် အာရုံမှန်သမျှကို ဥပေက္ခာပြု လျစ်လျူရှု၍ ထားနိုင်၏။ ယင်းသို့ ဣဋ္ဌ, အနိဋ္ဌ အာရုံအမျိုးမျိုးကို လိုသလို ရှု၍ ထားရန် မိမိ စိတ်တော်ကို လွန်စွာ အစိုးရတော်မူ၏။ ထို့ပြင် ဈာနသမာပတ်, ဖလသမာပတ် ဝင်စားရာတို့၌လည်း စိတ်တော်ကို ညွတ်ကာမျှဖြင့် ကျွမ်းကျင် လိမ္မာစွာ ပိုင်ပိုင်နိုင်နိုင် ဝင်စားတော်မူနိုင်၏။ ဤသို့ (လောကီ, လောကုတ္တရာ) စိတ်တော်ကို အစိုးရခြင်းသည် "ဣဿရိယ" ဘုန်းတော် ဖြစ်၏။

ဣဿရိယဘုန်းတော် ရှစ်ပါး

လောက၌ ထင်ရှားကျော်ကြားသော လောကီဘုန်းတန်ခိုးခေါ် "လောကိယ ဣဿရိယဘုန်းတော်"ရှစ်ပါးလည်း ရှိ၏။ ယင်းရှစ်ပါးတို့ကား အောက်ပါအတိုင်း ဖြစ်ပါသည်—

(က) အဏိမာဘုန်းတော်=အဏုမြူမှုန်သဖွယ် အလွန်သေးငယ်အောင် ဖန်ဆင်းနိုင်သော တန်ခိုးတော်ဖြစ်၏။ အလွန်သေးငယ်သော မှုန်ညင်းစေ့အတွင်း၌ အဏုမြူမျှ သေးငယ်သော ကိုယ်တော်ကို ဖန်ဆင်းကာ ပရိက္ခာရှစ်ပါးလွယ်လျက် စင်္ကြံကြွတော်မူနိုင်၏။ မှုန်အတွင်း၌ ထင်သော အရိပ်သဖွယ် ဖူးမြင်နိုင်ကြ၏။ လုံးလုံး လျားလျား မမြင်ရအောင်လည်း ကိုယ်တော်ကို ကွယ်ဖျောက် တော်မူနိုင်၏။ ကွယ်ဖျောက်ပုံ သာဓကမှာ– ငါသာ မြဲသည် ငါသာ တန်ခိုးကြီးသည်ဟု အယူသည်းနေသော ဗကဗြဟ္မာ ကြီးနှင့် တန်ခိုးပြိုင်ရာ၌ ထင်ရှား၏။

(ခ) မဟိမာဘုန်းတော် = မြင်းမိုရ်တမျှ ( ထိုထက် အလွန် ) ကြီးမားအောင် ဖန်ဆင်းနိုင်သော တန်ခိုးတော် ဖြစ်၏။ အလိုတော်ရှိက စကြဝဠာ လောကဓာတ်ကြီး တခုလုံးကိုပင် ဖုံးအုပ်နိုင်လောက်အောင် ကြီးမားသော ကိုယ်တော်မြတ်ကို

http://www.dhammadownload.com



သပ္ပါယ်စွာဖန်ဆင်းတော်မူနိုင်၏။ မြင့်ခေါင်ကြီးမားပုံသာကေမှာ ယူဇနာ လေးသောင်းရှစ်ထောင် အမြင့်ရှိသော ရာဟုအသူရိန်နတ်ကြီး "ဘုရားကို ငုံ့ကြည့်ရလိမ့်မည်"ဟု အထင်ရောက်ပြီး ဘုရားရှင်ထံ မလာရောက်ဘဲ နေခဲ့ရာမှ (မအောင့်အီးနိုင်ဘဲ) ဘုရားထံမှောက် ရောက်၍ လာရာ ဘုရားရှင် လျောင်းနေသည်ကိုပင် အထက်ပိုင်းအဆုံးကို မမြင်နိုင်အောင် ကြီးမားစွာ ဖန်ဆင်း၍ အဖူးအမြော်ခံရာ၌ ထင်ရှား၏။

(ဂ) **လင်္ဃိမာဘုန်းတော်** = စိတ်၏ လျင်မြန်ခြင်းကဲ့သို့ ခန္ဓာကိုယ်ကို ပေါ့ပါး လျင်မြန်အောင် ဖန်ဆင်းနိုင်သော တန်ခိုးတော် ဖြစ်၏။ မြေပြင်မှာကဲ့သို့ ကောင်းကင်မှာ ပေါ့ပါး လျင်မြန်စွာ (ချွန်ပျံ၍) ကြွသွားတော်မူနိုင်၏။

(ဃ) **ပတ္တိဘုန်းတော်**=ကြွတော်မူလိုရာ အရပ်သို့ ဆီးတားကွယ်ကာခြင်း မရှိ၊ တခဏချင်း ကြွရောက်နိုင်သော တန်ခိုးတော်ဖြစ်၏။ ဘုရားရှင်သည် ချွေချွတ်ထိုက်သော သတ္တဝါကို မြင်လျှင်နတ်ပြည် ဗြဟ္မာ့ပြည်၌ပင် ဖြစ်စေကာမူ ထိုသူ၏ အထံသို့ တခဏခ ်း အရောက်ကြွတော်မူနိုင်၏။ စိတ်သွားရာ ကိုယ်ပါ အလိုတော်ရှိရာသို့ ရောက်တော်မူနိုင်သည်။

(င) **ပါကမ္မဘုန်းတော်**=အဆင်းအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုးကို တခဏချင်း ဖန်ဆင်းတော်မူနိုင်သော တန်ခိုးတော် ဖြစ်၏။ ဘုရားရှင်သည် တခါတရံ အခြားစကြဝဠာတိုက်သို့ ကြွရောက်၍ ထိုဒေသရှိ ဘုရင်မင်းများပုံဟန်ဖြင့် တရားဟောတော်မူသည်။

(စ) **ဤသိတာဘုန်းတော်**=မိမိစိတ်ကိုလည်းကောင်း, သတ္တဝါတို့ကိုလည်းကောင်း မိမိအလိုသို့ လိုက်ပါစေနိုင်အောင် အစိုးရတော်မူသော တန်ခိုးတော်ဖြစ်၏။ ဘုရားရှင်သည် မိမိစိတ်ကိုလည်း နိုင်နင်း၏။ သတ္တဝါတို့ကိုလည်း မိမိအလိုအကြိုက် လိုက်ပါစေနိုင်၏။ လိုသလို ပိုင်စိုးပိုင်နင်း ပြုလုပ်နိုင်၏။

(ဆ) **ဝသိတာဘုန်းတော်**=တန်ခိုး အမျိုးမျိုး ဖန်ဆင်းတော်မူရာ၌ အလွန်ကျွမ်းကျင် နိုင်နင်းတော်မူသော တန်ခိုးတော် ဖြစ်၏။ ဥရုဝေလ နဂါးကြီးကို ဆုံးမတော်မူရာ၌ နဂါးကြီးထက် ကြီးမားသော အခိုးလွှတ်ခြင်း, အလျှံ လွှတ်ခြင်း စသည့် အမျိုးမျိုးပြောင်းလဲပြုလုပ်ရာ၌ ဖန်ဆင်းတော်မူခြင်းမျိုးတည်း။

http://www.dhammadownload.com



(၈) ယမကပါဋိဟာရိယဉာဏ်တော် = ကိစ္စတခု ပြုစုနေတုန်း ပြီးဆုံးစေချင်သော် တခဏချင်း ပြီးစေနိုင်သော တန်ခိုးတော် ဖြစ်၏။ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာပြတော်မူရာ၌ အထက်ပိုင်းမှ မီးအလျှံ, အောက်ပိုင်းမှ ရေအလျဉ် (တဖန်) အောက်ပိုင်းမှ မီးအလျှံ, အထက်ပိုင်းမှ ရေအလျဉ် တသွင်သွင် ပြောင်းလဲနေအောင် ဖန်ဆင်းတော်မူခြင်းမျိုးတည်း။

## (၂) ဓမ္မဘုန်းတော်

ဝါသနာနှင့်တကွ ကိလေသာအားလုံးကို ပယ်သတ်နိုင်သော မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာတရားတို့ကို "ဓမ္မ"ဟု ဆိုသည်။ ဤတရားများကို ရှေးပါရမီစု ကောင်းမှုတို့ကြောင့် ရလာခြင်းဖြစ်၏။ ဤတရားများကို ရ၍ ဗုဒ္ဓဂုဏ်အင်များကို စုံလင်စွာ ပိုင်စိုးနိုင်ခဲ့သောကြောင့် ဤဓမ္မကိုးပါးသည် ဘုရားရှင်၏ ဘုန်းတော်များပင် ဖြစ်ပါသည်။

## (၃) ယသဘုန်းတော်

ကျော်စောခြင်းနှင့် အခြွေအရံများခြင်းကို "ယသ"ဟု ဆိုသည်။ ဘုရားရှင်၏ ကျော်စောသတင်းမှာ လူ့ဘုံသာမက နတ်ပြဟ္မာတိုင် ကျော်ကြားလျက် ရှိ၏။ လောက၌ အသိုင်းအဝိုင်း ချဲ့ထွင် ဖန်တီးမှုများဖြင့် မဟုတ်မမှန် လုပ်ကြံ ကျော်စောရသော ကျော်စောမှုမျိုးလည်း ရှိတတ်၏။ ဘုရားရှင်ကား ယင်းကဲ့သို့ သိုင်းဝိုင်းမှု လုပ်ကြံဖန်တီးမှုမပါ အမှန်အတိုင်းသာ ဖြစ်သော ဂုဏ်တော်များ ကြောင့် အလိုလို ထင်ပေါ် ကျော်စောလာရခြင်းဖြစ်၏။ ဘုရားရှင်၌ မှန်ကန်သော တရားများ, အတုမရှိသော ဂုဏ်တော်များ ရှိခြင်းကြောင့် လက်ထက်တော်က တပည့်အခြွေအရံများရာတွင် ဘုရားရှင်ထက်သာသော ဆရာတစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါ။ မင်းစိုးရာဇာနှင့် ပညာရှိဆိုသော ပဏ္ဍိတ်ဆရာကြီးများပါ ဘုရားရှင်၏ တပည့်များသာ ဖြစ်ကြသည်။ လူတွင်မက နတ်ပြဟ္မာများအထိ ဖြစ်၏။ နတ်ပြည် ပြဟ္မာ့ပြည်၌ကား ဘုရားရှင်ထံ တိုက်ရိုက် တပည့်ခံခဲ့သူ နတ်ပြဟ္မာများ ယနေ့အထိ ရှိနေကြသေး၏။

ဘုရားရှင်၏ ကျော်စောခြင်း ဂုဏ်သတင်းမှာ ရှေးအခါကသာ ပျံ့နှံ့ကျော်ကြားခဲ့သည် မဟုတ်၊ ယနေ့အထိ ကမ္ဘာလောကဝတ်၌ ပဲ့တင်ခတ်လျက် ရှိနေသေး၏။ ယင်းသို့ ကျော်စောခြင်း အဆက်မပြတ် ပဲ့တင်ခတ်လျက် ရှိနေခြင်းမှာ ကေန်ဖြောင့်မှန်၍ အနှစ်သာရနှင့် ပြည့်စုံသော ပိဋကတ်ဓမ္မ တရားမှတ်တိုင်ကြီးများရှိနေသောကြောင့် ဖြစ်၏။ ယခုအခါ ကမ္ဘာ့အရပ်ရပ်က ပညာရှိများလည်း ရှေးကထက် ပိုမို၍ လက်ခံယုံကြည်လာသည်ကို တွေ့မြင်နိုင်ပါသည်။

http://www.dhammadownload.com



## (၄) သိရီဘုန်းတော်

ဖူးမြော်၍ မဝနိုင်အောင် လွန်စွာ သပ္ပါယ်သော ကျက်သရေကို "သိရီ"ဟု ဆို၏။ ဘုရားရှင်၏ ကောင်းမှုပါရမီတော်များသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး စုဆောင်း ဆည်းပူးတော်မူခဲ့သောကြောင့် ညီညွှ ညီမျှ ရှိ၏ဟု ဂဏန်းချလျက် နှိုင်းဆရေတွက်၍ မရလောက်အောင် များပြားလှ၏။ ကမ္ဘာလောက၌ ရှိရှိသမျှ သတ္တဝါအပေါင်း၏ ကောင်းမှုပါရမီတွေကို စုပေါင်း၍ အဆတစ်ရာ မြှောက်ပွားပြီးလျှင် တစ်ဆူသော ဘုရား၏ ပါရမီ ကုသိုလ်တော်နှင့် ပြိုင်ယှဉ်သည်ရှိသော် ဘုရားရှင် တစ်ဆူ၏ ကုသိုလ်ကောင်းမှု များကပင် သာလွန်ဖွယ်ရှိပါသည်။

ထိုမျှလောက် များပြားသော ပါရမီ ကုသိုလ်တော်များသည် ဘုရားရှင်၏ ရူပကာယတော် အရပ်ရပ်၌ ယောကျ်ားမြတ်တို့၏ အမှတ်လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်များ, မျက်မှောင်တော် နှစ်သွယ် အလယ်တည့်တည့်၌ အထူးလှပ ဖြူဆွတ်လှသော "ဥဏ္ဏလုံ"ခေါ် မွေးရှင်တော်နှင့် တစ်လံမျှလောက် အမြဲထွန်းတောက်လျက်ရှိသော ရောင်ခြည် တော်ဝန်း အမှတ်တံဆိပ်ကို ခပ်နှိပ်လျက် ခန္ဓာကိုယ်အရေးနှင့် စပ်၍ နောက်ထပ် အကျိုးပေးစရာ မကျန်အောင် အစွမ်းကုန် အဆုံးစွန် အကျိုးပေး ဖန်ဆင်း ထားပါသည်။

ထို့ကြောင့် ဘုရားရှင်၏ တကိုယ်တော်လုံး ရွှေတုံးရွှေနှစ်ပမာ လှုနတ် ပြဟ္မာ မည်သူနှင့်မျှ မယှဉ်သာအောင် အတင့်တယ်ဆုံး အသပ္ပါယ်ဆုံး အယဉ်ကျေးဆုံး ကျက်သရေအရှိဆုံး ဖြစ်တော်မူရပါသည်။ ကျက်သရေအရှင် ဘုရားသခင်ကို ဖူးမြင်ကြသူ လူနတ်ပြဟ္မာ သတ္တဝါတို့အဖို့ရာ အချိန်သာကုန်၍ ပြန်ကြရသော်လည်း ဖူးမြင်၍ကား တင်းမတိမ်, အားမရ, ဖူးမဝနိုင်ဘဲ ထပ်တလဲလဲ ဖူးမြင်ချင်ကြသူသာ ရှိပါသည်။

ဘုရားရှင်သည် ကြည့်ရှုချင်စဖွယ် သပ္ပါယ်ရုံမျှသာ မဟုတ်၊ ရုပ်ပုံတော်အတွင်း ကိလေသာ အညစ်အထေးများ ကင်းစင်၍ အလွန်ကြည်လင်ရွှန်းပလျက် ရှိ၏။ သတ္တဝါတို့၏ အကျိုးကို လိုလားသော မေတ္တာတော်နှင့် ကရုဏာ, ပညာတော် တို့ပါ ရုပ်ပုံတော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက် ရှိ၏။ ထို့ကြောင့် ဘုရားရှင်၏ မျက်နှာတော်သည် စန္ဒာလမင်းကဲ့သို့ ပဝင်းရွှင်ပျ အေးမြတော် မူလှ၏။ ဘုရားရှင်ကို ကြည့်ရှု ဖူးမြင်ရလျှင် အကောင်းစိတ်တွေ တိုးပွား၍ အကျိုးများလှပြီး ကြည့်ရှု ဖူးမြင်သူတို့၏ စိတ်အစဉ်ကိုပါ ကြည်လင်ရွှင်ပျ အေးမြစေနိုင်ပါသည်။ ဘုရားရှင်၏ ကြည်လင် ရွှင်ပျ အေးမြသော ခေတ်များ

http://www.dhammadownload.com



ဖူးမြင်သူအပေါ် ကူးစက်လာခြင်း ဖြစ်ပါသည်။ ဤနေရာဝယ် ရုပ်ပုံတော်ကို ကြည့်ရှုရခြင်းဖြင့် ညစ်ညူးသော စိတ်ကို ကြည်နူးစေခဲ့သော ဗုဒ္ဓဘာသာ မဟုတ်သူ နိုင်ငံခေါင်းဆောင်ကြီး တစ်ဦး၏ အကြောင်းကို သာဓကပြုသင့် ပါသည်—

> အိန္ဒိယနိုင်ငံ၏ ထင်ရှားသော ခေါင်းဆောင် တစ်ဦး ဖြစ်သော ဝန်ကြီးချုပ် "ပဏ္ဍိတ်နေရူး"သည် ခပ်ရှယ်ရှယ်က ကျန်းမာရေးအတွက် အနားယူရင်း သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ ဇနီးနှင့် အတူသွား၍ ရှေးဟောင်း အဆောက်အအုံများကို လှည့်လည် ကြည့်ရှုခဲ့သည်။ တနေရာ၌ ဘုရားရှင်၏ ပုံတော်ကို တွေ့၍ အထူး စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ရာ မိမိ တည်းခိုရာသို့ ပြန်ရောက်သော်လည်း ထိုပုံတော်သည် မျက်စိထဲမှ မပျောက်အောင် အာရုံစွဲ၍ နေပါသတဲ့။ ဤအကြောင်းကို သီဟိုဠ်မိတ်ဆွေတို့အား ပြန်ပြောင်း၍ ပြောပြခဲ့သည်ဟု ဆို၏။
>
> အိန္ဒိယသို့ ပြန်ရောက်ပြီးနောက် နိုင်ငံရေးနှင့် စပ်၍ ထောင်ထဲသို့ ရောက်နေသည့်အခါ မိမိလုပ်လိုရာ မလုပ်ရသဖြင့် စိတ်ညစ်ညစ်ရှိနေခိုက် (အဘိဓမ္မာသဘောအားဖြင့် ဒေါမနဿဖြစ်နေခိုက်မှာ) သီဟိုဠ်ကျွန်းက မိတ်ဆွေထံမှ ယခင်က ကြည်နူးစွာ ဖူးတွေ့ခဲ့ရသော ဘုရားရှင်၏ ပုံတော်ကို ဓာတ်ပုံရိုက်၍ ပို့လိုက်သောကြောင့် ထိုပုံတော်ကိုပင် စားပွဲပေါ် တင်၍ ဖူးမြင်နေရခြင်းဖြင့် ညစ်ညူးသော စိတ်ကို ကြည်နူး စေခဲ့သည်ဟု သူ၏ အတ္ထုပ္ပတ္တိ၌ ထည့်သွင်းဖော်ပြထားကြောင်း (အရှင် ဇနကာဘိဝံသ၏ အနာဂတ်သာသနာရေးကျမ်း၌) ပြဆိုထား၏။

ဤသို့လျှင် သက်တော်ထင်ရှား ဘုရားရှင်ကို မဆိုထားဘိ ဘုရားရှင်၏ ပုံတော်အတုသည်ပင် ပညာရှင်တို့၏ စိတ်ကို ဤမျှလောက်ပင် ကြည်လင် လာစေနိုင်ပေသေး၏။ သက်တော်ထင်ရှား ဘုရားရှင်သည်ကား မည်မျှအထိ ကြည်လင် အေးမြစေလိမ့်မည်ဟု မှန်းဆ၍သာ ကြည်ညို သဒ္ဓါပွားသင့်ကြ ပါသည်။

## (၅) ကာမဘုန်းတော်

လိုလားတောင့်တတော်မူသည့်အတိုင်း ပြည့်စုံခြင်းကို "ကာမဘုန်းတော်"ဟု ဆိုသည်။ ဘုရားရှင်သည် သုမေဓာ ရသေ့ဘဝတုန်းက ဒီပင်္ကရာ မြတ်စွာဘုရား ကဲ့သို့ သတ္တဝါအများကို ချေချွတ် ကယ်တင်နိုင်ဖို့ရန် စိတ်ဖြင့် လိုလား တောင့်တတော်မူ၏။ "ဗုဇ္ဈိ ဗောဓေယျံ=ငါသည် တရားထူးကို သိလို့ရှိလျှင်

http://www.dhammadownload.com



ဝေနေယျသတ္တဝါတို့ကိုလည်း သိစေမည်”ဟု နှုတ်တော်ဖြင့် တောင့်တတော်မူ၏။ ယင်း တောင့်တချက်အတိုင်း သဗ္ဗညုတဉာဏ် အထွတ်တပ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ရကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ဘုရားရှင်သည် ကိုယ်ကျိုး ပြည့်ဝရုံဖြင့် တင်းတိမ် ရောင့်ရဲ ရပ်မနေဘဲ မူလတောင့်တချက်အတိုင်း ကိုယ်ကျိုး ပြည့်ဝပြီးနောက် သူတပါးအကျိုးကိုပါ ဆက်လက် ဆောင်ရွက်တော်မူခဲ့ရာ “ဓမ္မစကြာတရား” ဟောတော်မူသော အခါ၌ပင် တစ်ဆယ့်ရှစ်ကုဋေသော နတ် ဗြဟ္မာတို့ အကျွတ်တရား ရ၍ သစ္စာ လေးပါးကို သိခဲ့ကြပါသည်။ လိုလား တောင့်တတော်မူသည့်အတိုင်း ကိုယ်ကျိုး၊ သူ့ကျိုး နှစ်မျိုးလုံး အပြီးအဆုံး ပြည့်စုံအောင်မြင်ခြင်းသို့ ရောက်ခဲ့ပါသည်။

## (၆) ပယတ္တဘုန်းတော်

အထွတ်အထိပ်သို့ ရောက်သော လုံ့လဝီရိယတော်ကို “ပယတ္တဘုန်းတော်” ဟု ဆိုသည်။ ဘုရားရှင်၏ လုံ့လဝီရိယတော်မှာ ဘုရားမဖြစ်မီ ဘဝပေါင်း များစွာကပင် သာမန်ပုဂ္ဂိုလ်တို့ လိုက်မမီအောင် ပြောင်မြောက်ခဲ့၏။ ဘုရား ဖြစ်တော်မူလာသောအခါ တရှိန်တည်း တိုးတက်လာသော လုံ့လဝီရိယတော်မှာ အထွတ် အထိပ်သို့ ရောက်တော့သည်။ ဘုရားရှင်သည် နေ့စဉ် နေ့စဉ် ကျွတ်ထိုက်သော သတ္တဝါတို့ကို ဉာဏ်တော် ဖြန့်၍ ကြည့်တော်မူလေ့ရှိ၏။ ထိုသူသည် အဝေးအရပ်၌ ရှိနေလျှင် အချိန်အားလျော်စွာ တန်ခိုးဖြင့် ကြွ၍ တရားဓမ္မကို ဟောပြကာ တရားထူးကို ရစေတော်မူ၏။ နောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူခါနီး၌ ဝမ်းတော် လားသဖြင့် အားနည်းတော်မူလျက်ပင် သုဘဒ္ဒ ပရိဗိုဇ်ကို ချွတ်တော်မူလိုသောကြောင့် ကုသိနာရုံမြို့သို့ အရောက် ကြွတော် မူခဲ့၏။ ဘုရားရှင်၏ လုံ့လဝီရိယတော်ကား အံ့မခန်းရှိလှ၏။

ဘုရားရှင်သည် အနားယူနေသည့် အချိန်ဟု ပြောပလောက်အောင် မရှိ။ သတ္တဝါများအတွက် နေ့စဉ် မနေမနား ကြိုးစား ဟောပြော ချေချွတ်တော် မူလျက် ရှိ၏။ လောက၌ အများအတွက် ကြိုးစားနေပါသည်ဆိုသူ မည်သူတစ်ဦး တစ်ယောက်မျှ ဘုရားရှင်၏ လုံ့လဝီရိယတော်ကို မမီနိုင်ကြပါ။ ဤလုံ့လ ဝီရိယတော်ကြီးအတွက် တလောကလုံး၏ အားကိုး အားထား လေးစား မြတ်နိုးမှုကို အတုမဲ့အောင် ဆောင်ယူ ရရှိတော်မူခဲ့ပါသည်။

### အဆင်းရော အချင်းပါ ပြည့်စုံပါစေ

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသော နောက်ဆုံးဘဝတွင် လွန်စွာ များပြား ကြီးမားလှသည့် ရှေးဘုန်း ရှေးကံများက သူ့ထက်ငါ စုပြုံဝိုင်းအုံ၍ အကျိုး

http://www.dhammadownload.com



ပေးလာကြသဖြင့် အသက်ဘက်က ပြည့်စုံတော်မူလေသည်။ ဘုရားရှင်အတွက် လောကီ, လောကုတ္တရာ မည်သည့် အရာမျှ လိုလေသေး မရှိ။ ၃၂-ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် အတုမဲ့ သပ္ပါယ်သော ရူပနိကာယ (အဆင်း) တော်နှင့် ပြည့်စုံ၏။ မြေသျှိုး မိုးပျံ ဈာန် အဘိညာဉ် တန်ခိုး အမျိုးမျိုးတို့ကို အစိုးရတော်မူ၏။ ကိလေသာ အညစ်အထေး ကင်းစင်၍ ကြည်လင်သော စိတ်တော်ဖြင့် အစဉ် အေးမြတော်မူ၏။ လောကသုံးဘုံ အလုံးစုံကို လွှမ်းခြုံ ကျော်ကြား ထင်ရှားတော်မူ၏။ အလိုတော်အတိုင်း တောင့်တတိုင်းပင် မဆိုင်းကိုလို ပြီးစီး ပြည့်စုံတော်မူ၏။ တလောကလုံး ညွှတ်ရှိုးကိုးစား အားထား ဖို့ရာ လွန်စွာ ကိုးကုတ် အားထုတ်တော်မူ၏။ ဤသို့ ဤပုံ ဘုန်းဂုဏ်တော် အရည်အချင်းတို့နှင့် ပြည့်စုံတော်မူသည် ဖြစ်ရကား ဘုရားရှင်သည် (ရူပနှင့် ဓမ္မ=) အဆင်းရော အချင်းပါ ဘက်စုံ ပြည့်ဝသော "ဘဂဝါ" ဂုဏ်ထူးရှင် အတုမဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူပါသည်။ "ဘဂဝါ" ဂုဏ်တော်ကို အာရုံပြု၍ အဆင်းရော အချင်းပါ ဘက်စုံပြည့်အောင် ဖြည့်ကျင့် ဆည်းပူးသင့်ကြပါသည်။

## ကမ္ဘာကုန်သော်ထည်း မကုန်နိုင်သော ဂုဏ်တော်များ

လူ နတ် ဗြဟ္မာ သတ္တဝါတို့ ဆောင်လွယ် မှတ်လွယ် သိလွယ်ရုံမျှ ဘုရားရှင်၏ ဂုဏ်တော် ကိုးပါးကို အကျဉ်းချုပ် ဖော်ပြထားခြင်း ဖြစ်၏။ ဤဂုဏ်တော် ကိုးပါးသည် ဘုရားကို ကိုးကွယ် ဆည်းကပ်သူတို့ ဘုရားစစ် ဘုရားမှန် ဟုတ်, မဟုတ် စစ်တမ်းထုတ် ရွေးချယ်မှုအတွက် မှတ်တင် စစ်ဆေးရန် စံနှုန်းများပင် ဖြစ်၏။ ဘုရားစစ် ဘုရားမှန် ကေန်ဖြစ်က ဤဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံရ၏။ ဂုဏ်တော်ကိုးပါးနှင့် မပြည့်စုံဘဲ ဘုရားစစ် ဘုရားမှန် မဖြစ်နိုင်၊ ဘုရားတုသာ ဖြစ်နိုင်မည်။ ထိုကဲ့သို့သော ဘုရားမျိုးကို ကိုးကွယ်ဆည်းကပ်ခြင်း မပြုမိရန် သတိပြုရမည်။ ကိုးကွယ်မှုရှုံးလျှင် တသံသရာလုံး မှောက်နိုင်သည်။

စင်စစ် ဘုရားရှင်၏ ဂုဏ်တော်တို့ကား ဤကိုးပါးသာတည်း၊ ဤထက် မပိုဟု ဆိုဖွယ်မရှိပါ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီဖြည့်ခဲ့သော ဘုရားရှင်, ဂင်္ဂါဝါဠု သဲစုမက ပါရမီဖြည့်ခဲ့သောဘုရားရှင့်ကုသိုလ်ကောင်းမှုနှင့် စပ်၍ မပြုဖူးသော ဘဝ, မပြုဖူးသော ကုသိုလ်ကောင်းမှုဟူ၍ မရှိအောင် ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သော ဘုရားရှင်တို့၏ ဂုဏ်တော်တို့သည် ဤမျှ ဤမျှ ဂဏန်းချ၍ မရေတွက်သာအောင် အဆုံးအစမရှိ များလှ၏။ ဘုရားရှင်တို့၏ ဂုဏ်တော်အထူ များမှုနှင့် ပတ်သက်၍ ကျမ်းဂန်တို့၌ မိန့်ဆိုကြသည်မှာ——

http://www.dhammadownload.com



ကြွင်းမဲ့ဥဿုံ အသုံးစုံသော ဘုရားဂုဏ်တော်များကို မဆိုထားဘိ တစ်ခုတည်းသော "အရဟံ" ဂုဏ်တော်သည်ပင် အကျယ်ဖွင့်ခဲ့သော် ပိဋကသုံးပုံထက် များဖွယ်ရာ ရှိ၏။

တစ်ဆူသောဘုရားက တစ်ဆူသောဘုရား၏ "အရဟံ" ဂုဏ်တော်ကို အခြား စကားကို မပြောဘဲ တကမ္ဘာပတ်လုံး ကုန်ဆုံးအောင် ချီးကျူး ထုတ်ဖော် ပြောဆိုဒေတာ်မူသည့် တိုင်အောင် ကမ္ဘာကာသာ ကုန်ဖွယ်ရာ ရှိ၏။ ဘုရားရှင်၏ "အရဟံ" ဂုဏ်တော်ကား ကုန်ဖွယ်ရာမရှိ—

ဟူ၍ ဖြစ်၏။ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကား အနန္တ,အပရိမာဏ =အဆုံးအစ မရှိ, အတိုင်းအတာ မရှိ မရေမတွက်နိုင်အောင် များလှသည်။ ဂုဏ်တော်များကို ပွားများရာတွင် အဆုံးအစမရှိ,အတိုင်းအတာမရှိ မရေမတွက် နိုင်အောင် အောက်မေ့ ဆင်ခြင် ပွားများနေရမည်သာ ဖြစ်ပါသတည်း။

## လက်တွေ့ဂုဏ်တော်ပွားနည်း

ဘုရားရှင်၏ ဂုဏ်တော်များကို အောက်မေ့ ဆင်ခြင် ပွားများခြင်းသည် "ဗုဒ္ဓါနုဿတိဘာဝနာ, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း" တရား ရှုပွားခြင်းပင် ဖြစ်၏။ "ဗုဒ္ဓါနုဿတိဘာဝနာ, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း" နည်းဖြင့် ဘုရားရှင်၏ "အရဟံ" အစရှိသော ဂုဏ်တော်များကို စနစ်တကျ လက်တွေ့ အာရုံပြု ပွားများလို ကြသော အမျိုးသား အမျိုးသမီးတို့သည် ရှေးဦးစွာ "အရဟံ" အစရှိသော ဂုဏ်တော်များကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် အရကျက် နှုတ်တက်ဆောင် ပြီးလျှင် ဂုဏ်တော်ဖွင့်များကို သဘောပေါက် မှတ်မိနေအောင် အထပ်ထပ် လေ့လာထားရမည်။ ထို့နောက် အောက်ပါ အစီအစဉ်အတိုင်း အောက်မေ့ ဆင်ခြင်ပွားများခြင်းကို ပြုရမည်—

၁။ နေရာရွေးချယ်ခြင်း။ ။ဆိတ်ငြိမ်တိတ်ဆိတ်သော နေရာကို ရွေးချယ် ရမည်။ မိမိအိမ်မှာ ဖြစ်လျှင် အားလုံးတိတ်ဆိတ်သော အခါ ဖြစ်စေ ရမည်။ ရုပ်ပွားစေတီတော် အနီးအပါးဖြစ်လျှင်လည်း ပွဲလမ်းသဘင် အခါမျိုး မဟုတ်ဘဲ ဆိတ်ငြိမ်သောအခါမျိုး ဖြစ်စေရမည်။ (ဂုဏ်တော် ပွားမှု ကမ္မဋ္ဌာန်းအလုပ်သည် ပဓာနအားဖြင့် စိတ်အလုပ် ဖြစ်၏။ ရဟန်းရှင်လူတွေ များသော နေရာ, စကားပြောသံ, စာအံသံ, အသံချဲ့ စက်သံ စသည့် ဆူညံသော နေရာကို့သည် ကမ္မဋ္ဌာန်းအလုပ်ကို များစွာ အနှောင့်အယှက် ဖြစ်ပွားစေတတ်၍ ရှောင်ရှားရသည်။)

http://www.dhammadownload.com



(ဂ) ရှေးဦးပထမ သမာဓိ မရသေးမီ ဂုဏ်တော်တစ်ပါးတည်းကိုသာ စွဲ၍ အထပ်ထပ် ဆင်ခြင် ပွားများသည့်အတွက် စိတ်အနေ ကျဉ်းလျက် ပျင်းရိ ငြီးငွေ့ ပျံ့လွင့်မှု ရှိနေလျှင် ဂုဏ်တော် ကိုးပါးကို ပြောင်းကာ လှဲကာ အာရုံပြု ပွားများနိုင်သည်။ ထိုအခါ "သာယာကျယ်ဝန်း၍ ပန်းမျိုးစုံသော ပန်းဥယျာဉ် ကြီးတွင် ပျော်ပြီးရင်း ပျော်ရင်း ဖြစ်လာနိုင်သကဲ့သို့" ဂုဏ်တော် ပွားသူတို့၏ စိတ်ဓာတ်များလည်း လွှန့်လွှန့် လူးလူး မပြတ်ကြည်နူး၍ အထူးအားရကာ မကြာမီ သမာဓိ ရလာပြီး ကြက်သီးမွေးညင်း ထလောက်အောင် နှစ်သက် ဝမ်းမြောက်မှု ပီတိတရားများ ဖြစ်ပွားလာပါမည်။ ဉာဏ်ဝီရိယ အခြေအနေလိုက်၍ အနေးအမြန်ကား မတူနိုင်ကြပါ။

၇။ လက္ခဏာတင်၍ ဆင်ခြင်ခြင်း။ ။နှစ်သက် ဝမ်းမြောက်မှု ပီတိ ဖြစ်လာလျှင် ယင်းပီတိကို "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု လက္ခဏာယာဉ် တင်၍ ရှုဆင်ခြင်ပါ။ ပီတိ မဖြစ်လျှင်လည်း ဘုရားဂုဏ်ကို အာရုံ ပြုသော မိမိစိတ်အစဉ်၏ မမြဲပုံကိုပင် သတိဖြင့် စိုက်၍ "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု လက္ခဏာယာဉ် တင်ပြီး ရှုဆင်ခြင်ပါ။ အဆင့်ဆင့် အဆက်ဆက် ဉာဏ်စဉ်တက်ကာ ဤဘဝမှာပင် နိဗ္ဗာန်သို့ ကောင်းစွာ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါသည်။

အကယ်၍ လက္ခဏာယာဉ် တင်၍ မဆင်ခြင်လိုလျှင် ကမ္မဋ္ဌာန်း လမ်းဖြောင့်အောင် စွယ်စုံအကျိုးရသော "သဗ္ဗတ္ထက" ကမ္မဋ္ဌာန်းခေါ် "မေတ္တာ, အသုဘ, မရဏာနုဿတိ" ဘာဝနာများကိုပါ ကြိုးကြား ကြိုးကြား ညှပ်၍ မပြတ် မလပ် သတိ ကပ်ကာ ရှုမှတ် ပွားများ သင့်ပါသည်။ သို့မှသာ ကမ္မဋ္ဌာန်း လမ်းဖြောင့်၍ လိုအပ်သော အကျိုးများ ပြီးစီးနိုင်ကြပါမည်။ သို့မဟုတ်က ကမ္မဋ္ဌာန်း လမ်းချော် သွားတတ်သည်။

– ဘာဝနာလေးပါးတွင် "ဗုဒ္ဓါနုဿတိဘာဝနာ"ဖြင့် ဘုရားရှင် အပေါ် လေးစားကြည်ညိုမှု သဒ္ဓါတရား အဖြစ်များလာမည်။ သဒ္ဓါ လွန်၍ တဏှာဘက်သို့ ကျံမသွားစေရန် "အသုဘ ဘာဝနာ"က တားဆီးပေးနိုင်သည်။

[ဘုရားဖူးခြင်း, ဘုရားရှိခိုးခြင်း, ဘုရားဝတ်တက်ခြင်း, ဘုရား အနေကဇာတင်ခြင်း စသည်တို့မှာလည်း "ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း" ပင် ဖြစ်၏။ အနုအရင့်မျှသာ ခြားနား၏။ အာရုံထားနည်း, ယူနည်း တိကျမှန်ကန်ဖို့ အထူးလိုအပ်၏။]

## အတုမရှိသော ဘာဝနာ

ဘုရားရှင်၏ ဂုဏ်တော်များကို အလေးဂရုပြု၍ အောက်မေ့ဆင်ခြင်ပွားများ
ခြင်းသည် "ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဘာဝနာ" ပင် ဖြစ်၏။ ယင်းဘာဝနာသည်
ဘာဝနာကမ္မဋ္ဌာန်းအားလုံးတွင် အထူးခြားဆုံးသော အတုမရှိသည့် ဘာဝနာ
တစ်မျိုးဖြစ်၏။

မှန်၏။ ဘာဝနာကမ္မဋ္ဌာန်း လေးဆယ်ရှိရာတွင် ကြွင်းသုံးဆယ့်ကိုးပါးသော
ဘာဝနာတို့သည် အားထုတ်ဆဲ ဘဝ၌ ဈာန်, မဂ် အပ္ပနာသို့ တက်ခြင်း,
ကိလေသာလောကဓံကို သည်းခံနိုင်ခြင်းမှတပါး သံသရာ၌ ဆန်ကြယ်ကြီးမြတ်
လိုအပ်သော အကျိုးကို မပေးနိုင်၊ "ဗုဒ္ဓါနုဿတိဘာဝနာ" ကသာ လောကီဘက်,
လောကုတ္တရာဘက် နှစ်ဘက်လုံးတွင် ထက်မြက်ပွားတိုး ဆန်းကြယ်ကြီးမြတ်
လိုအပ်သော အကျိုးအမျိုးမျိုးတို့ကို ပေးစွမ်းနိုင်ပါသည်။

ထို့ပြင် ဒါန, သီလ စသော အမျိုးမျိုးသော ကုသိုလ်တို့၏ ထက်မြက်
ကြီးမားသော အကျိုးကို ပေးစွမ်းနိုင်ခြင်း၌လည်း ဘုရားရှင်၏ ဂုဏ်တော်ကို
ယုံကြည်သိမြင် ဆင်ခြင်အောက်မေ့နိုင်သော "ဗုဒ္ဓါနုဿတိဘာဝနာ" အရင်းခံ
ရှိမှသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ထေရပဒါန်ပါဠိတော်၌ "ဗုဒ္ဓါနုဿတိ
ဘာဝနာ" ကို "ဘာဝနာအပေါင်းတို့တွင် အတုမရှိ လွန်ကဲ ထူးမြတ်သော
ဘာဝနာဖြစ်၏" ဟု ဘုရားရှင်ကိုယ်တော်တိုင် ချီးကျူးမိန့်မြွက်တော်မူခဲ့ပါသည်။[၁]

## အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း

အမြတ်ဆုံး ဘုရားရှင်၏ အတု မရှိသော "ဗုဒ္ဓါနုဿတိဘာဝနာ" ကို
အောက်မေ့ဆင်ခြင်ပွားများသူသည် အမြတ်ဆုံး ဘုရားရှင်နှင့် အတူတကွ
ပေါင်းသင်းနေထိုင်ရသည့်ပမာ ဖြစ်၏။ ယင်းသို့ ဖြစ်သောကြောင့် ဘုရားရှင်
ထံမှ အမြတ်ဆုံး ဓာတ်များ ကူးစက်ပြန့်ပွားကာ ဘုရားရှင်ကဲ့သို့ အမြတ်ဆုံး
ပုဂ္ဂိုလ်ဖြစ်နိုင်ခြင်း အကျိုးတရားကို ရနိုင်ပါသည်။

---

၁။ အပ၊၁။၇၆။

http://www.dhammadownload.com



**အရှင်သာရိပုတ္တရာ၏** တပည့်များ–အရှင်သာရိပုတ္တရာကဲ့သို့ ပညာကြီးကြပုံ, **အရှင်မောဂ္ဂလာန်၏** တပည့်များ– အရှင်မောဂ္ဂလာန်ကဲ့သို့ တန်ခိုးအရာ နိုင်နင်းကြပုံ, အရှင်မဟာကဿပ၏ တပည့်များ– အရှင်မဟာကဿပကဲ့သို့ ခေါင်းပါးသော အကျင့်ရှိသူ ဓုတင်ဆောင်ချည်းဖြစ်ကြပုံနှင့် အရှင်အာနန္ဒာ၏ တပည့်များ– အရှင်အာနန္ဒာကဲ့သို့ အကြားအမြင် များကြပုံ စသည်တို့မှာ အကောင်းဘက်၌ ခေတ်ကူးစက်ပုံ၏ ထင်ရှားသော သာဓကများ ဖြစ်သည်။ **ဒေဝဒတ်၏** တပည့်များသည် ဒေဝဒတ်ကဲ့သို့ အလိုဆိုးရှိကြသူချည်း ဖြစ်ပုံ, ဆဗ္ဗဂ္ဂီရဟန်းတို့၏ အသင်းအပင်းများသည် ဆဗ္ဗဂ္ဂီရဟန်းတို့ကဲ့သို့ ဒုဿီလချည်း ဖြစ်ပုံ စသည်တို့မှာ မကောင်းဘက်၌ ခေတ်ကူးစက်ပုံ၏ ထင်ရှားသော သာဓက များဖြစ်ပါသည်။

ဘုရားရှင်ကလည်း "သတ္တဝါတို့မှာ ခေတ်တူချင်း နှီးနှောညီညွတ်ကြ၏" ဟူ၍ "ဓါတုသံယုတ်"[၁]၌ ဟောတော်မူခဲ့၍ "ယုတ်ညံ့သူကို ပေါင်းလျှင် မိမိမှာ ယုတ်ညံ့သူ ဖြစ်၏။ တန်းတူသူကို ပေါင်းလျှင် မဆုတ်ယုတ်၊ အဆင့် အတန်းမြင့်သူကို ပေါင်းလျှင် လျှင်မြန်စွာ တိုးတက် မြင့်မားသူ ဖြစ်၏" ဟူ၍ "သေဝိတဗ္ဗသုတ်"[၂]၌ ခေတ်ချင်း ပေါင်းစပ်ပုံနှင့် ကူးစက်ပြန့်ပွားပုံ သဘောကို ထုတ်ဖော် ဟောပြတော်မူခဲ့ပါသည်။ ထို့ကြောင့် အမြတ်ဆုံး ဘုရားရှင်၏ အတု မရှိသော "ဗုဒ္ဓါနုဿတိဘာဝနာကို" အောက်မေ့ ဆင်ခြင် ပွားများ၍ အမြတ်ဆုံး ဘုရားရှင်နှင့် အတူတကွ ပေါင်းသင်းနေထိုင်ပြီး ဘုရားရှင်ထံမှ အမြတ်ဆုံးခေတ်များ ကူးစက်ရယူကာ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစား သင့်ကြပါသည်။

> [ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရသူတို့သည် အမြတ်ဆုံးကို ကိုးကွယ်ရသူတို့ မည်ပေ၏။ အမြတ်ဆုံးကို ကိုးကွယ်သူ တို့သည် အမြတ်ဆုံးသော အကျိုးကို ရကြ၏။ ဣတိဝုတ်၊ အဂ္ဂပ္ပသာဒ သုတ်။ ၂၅၄။]

**လက်ငင်းရနိုင်သော ဂုဏ်တော်ပွါးကျိုး**

ဘုရားရှင်၏ ဂုဏ်တော်များကို အလေးဂရုပြု၍ အောက်မေ့ဆင်ခြင်ပွားများ ခြင်းကြောင့် လက်ငင်းရရှိနိုင်သော အကျိုးများမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်—

---

၁။ ဣတိဝုတ်။ ၂၄၂။ 　　　　 ၂။ အံ၊၁၊၁၂၃။

http://www.dhammadownload.com



၁။ ဘုရားရှင်၏ ဂုဏ်တော်ကို အထပ်ထပ် အခါခါ ပွားများရသည့် ဘုရားရှင်အပေါ်၌ သူမတူအောင် လွန်စွာကြည်ညိုလေးစားမှု ရှိသေ ကျိုးနွံမှုရှိသောကြောင့် အရိယာတို့၏ သဒ္ဓါတရားနှင့် အလားတူစွာ ခိုင်မာသော "သဒ္ဓါ" တရားရှိခြင်း "သတိ" တရား ကြီးမားခြင်း, အလွန်နက်နဲသော "ပညာ" တရား ရှိခြင်း ကုသိုလ်တရား အစဉ်တိုးပွားခြင်း၊

၂။ နှစ်သက်ဝမ်းမြောက်မှု (အနု,အရင့်) ပီတိတရားများ အစဉ် တိုးပွားခြင်း၊

၃။ ဘေးကြီး ဘေးငယ်များနှင့် အကြောက်ကြီး အကြောက်ငယ် များကို သည်းခံ ပယ်ဖျောက်နိုင်ခြင်း၊ (တစုံ တရာ ကြောက်မက်ဖွယ်ရာ ဘေးရန်ကြုံလာလျှင် ငါဘုရားကို သတိရ အောက်မေ့ကြဟု ဟောတော်မူသော ဓဇဂ္ဂသုတ်ပရိတ်တော် အရ ထင်ရှား၏။)

၄။ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကိုယ်တွင် ကျရောက်မည့် ဆင်းရဲဒုက္ခဟူသမျှကို ပပျောက်စေနိုင်ခြင်း၊

၅။ ဘုရားရှင်နှင့် အတူတကွ နေထိုင်ရသည်ဟု မှတ်ထင်ခြင်း၊ (ဘုရားရှင်နှင့် အတူနေရသဖြင့် မိဘနှင့် အတူနေရသော ကလေးငယ်ပမာ လွန်စွာ အားရှိခြင်း၊)

၆။ ဂန္ဓကုဋီတိုက် စေတီတော်သဖွယ် အပူဇော်ခံထိုက်သူ ဖြစ်ခြင်း၊ (မိမိသန္တာန်၌ ဘုရားရှင်၏ ဂုဏ်တော်များ ဖြစ်ပွား ကိန်းတည် နေသည့်အတွက် ဓာတ်တော်များ ဌာပနာထားသည့် စေတီ တိုက်အိမ်ကြီးပမာ ဖြစ်နေသည်။)

၇။ ဘုရားရှင်အပေါ် အားကျ၍ ဘုရားဖြစ်လိုစိတ်များ ဖြစ်ပွားကာ ဘုရားဖြစ်ကြောင်း ပါရမီကုသိုလ်ကောင်းတို့ကို အားထုတ်ခြင်း၊

၈။ မိမိ၌တွင် ဘုရားရှင် အစဉ်သီတင်းသုံးနေသကဲ့သို့ ရှိ၍ တစုံ တခု မကောင်းမှုပြုလုပ်ရန် ရှက်ရွံ့လျက် ရှိခြင်း၊

၉။ ဗုဒ္ဓါနုဿတိဘာဝနာကို အခြေခံဘည်ရာပြု၍ ဝိပဿနာဘာဝနာ တရားကို ပွားများအားထုတ်လျှင် မဂ်ဖိုလ်တရားကို အလွယ်နှင့် ရနိုင်ခြင်း၊

http://www.dhammadownload.com



၁၀။ ပါရမီကုသိုလ် မလုံလောက်သေး၍ ယခုဘဝ မဂ်ဖိုလ်ကို မရ လျှင်လည်း ခကောင်းရာ သုဂတိဘဝသို့ ရောက်ရန် သေချာခြင်း။

ဤကား–"ဗုဒ္ဓါနုဿတိဘာဝနာ"ခေါ် ဘုရားဂုဏ်တော်များကို အောက်မေ့ ဆင်ခြင် ပွားများခြင်းကြောင့် ရနိုင်သော အကျိုးတရားများ ဖြစ်၏။ ပွားများလျှင် ပွားများသလောက် အချိန်အခါမရွေးရရှိနိုင်ကြသော"ဝိသုဒ္ဓိမဂ်ကျမ်းလာ"[၁]အကျိုးတရားများဖြစ်ပါသည်။

**ဂုဏ်တော်ပွါးကျိုး ၁၇-မျိုး**

စေတီအတူ၊ စိတ်မှုတည်ကြည်၊ ရောက်မည်နတ်ရွာ၊ တွေ့ခါသိလွယ်၊ မြတ်နွယ်အမျိုး၊ ရှိ့ကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊ ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊ ကြီးမှုပညာ၊ နက်စွာ့ထက်ရှ့င်၊ လျှင်မြန်ဆန်းကြွယ်၊ ကောင်းကြွယ်စကား၊ ဆိုနိုင်ငြားသည်...၊ ဘုရားဂုဏ်တော်ပွါးကျိုးတည်း။

ထေရ့ထေရီ ပါဠိတော် အဋ္ဌကထာတို့နှင့်အညီ ရှေးပညာရှိကြီးများ ဖွဲ့ဆိုဖော်ပြအပ်သော အထက်ပါလင်္ကာအရ ဘုရားဂုဏ်တော် ပွားကျိုး ၁၇-မျိုးကို ဆက်လက် ဖော်ပြထားပါသည်—

၁။ စေတီအိမ်နှင့် တူသည်ဖြစ်၍ သူတပါးတို့၏ ရှိခိုးမှုကို ခံထိုက်ခြင်း၊
၂။ စိတ်တည်ကြည်ရဲရင့်ခြင်း၊
၃။ သေခါနီး၌ မတွေမဝေ သေရ၍ သေသည်၏ အခြားမဲ့၌ သုဂတိဘဝကို ရခြင်း၊ (လူကောင်း၊နတ်ကောင်းဖြစ်ရန် သေချာခြင်း)၊
၄။ နောင် ဘုရားနှင့် တွေ့သောအခါ ဘုရားဟောတရား (သစ္စာလေးပါး)ကို သိလွယ်ခြင်း။
၅။ အမျိုးမြတ်ခြင်း၊
၆။ သူတပါးတို့၏ အရိုအသေပြုမှုကို ခံရခြင်း၊
၇။ ချီးမွမ်းထိုက်သော ကိုယ်အင်္ဂါနှင့် ပြည့်စုံခြင်း၊
၈။ အဆင်းကောင်းခြင်း၊
၉။ ကိုယ်အနံ့ ကြိုင်ဆင်းခြင်း၊

[၁] ဝိသုဒ္ဓိ၊၁၊၂၀၆။

http://www.dhammadownload.com



၁၀။ ခံတွင်းအနံ့ မွှေးပျံ့ခြင်း၊
၁၁။ ကြီးကျယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၂။ နက်နဲသော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၃။ ထက်မြက်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၄။ လျင်မြန်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၅။ ရွှင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၆။ ဆန်းကြယ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊
၁၇။ စကားကောင်းကို ဆိုနိုင်ခြင်း။

ယင်း ၁၇-ပါးသော အကျိုးတို့ကို အစထား၍ လိုအပ်သမျှ ဆန်းကြယ်ကြီးမြတ်သော အကျိုးတို့ကို ပေးနိုင်၊ ရစေနိုင်ပါသည်။

ဖော်ပြပါ ကျမ်းဂန်လာ အကျိုးတရားအပြင် ဂုဏ်တော်ရွတ်ပွါး၍ ခရီးသွားလျှင် ရန်သူများမနှောင့်ယှက်နိုင်၊ ရန်သူများ မမြင်အောင် ကာကွယ်နိုင်၏။ ဂုဏ်တော်ကို အမြဲရွတ်ပွားနေလျှင် ကြောက်စိတ်ကင်း၏၊ ကျန်းမာသက်ရှည်၏၊ ရောဂါကင်း၏၊ အလုပ်အကိုင် အဆင်ပြေ၏၊ စီးပွားလာဘ်လာဘ တိုးတက်၏၊ မီးဘေးမှ ကာကွယ်၏၊ ဗုံးအမြောက်သေနတ်များ မထိမှန်ဘဲ လွတ်ကင်း၏၊ ဂုဏ်တော်များ ဆင်ခြင် ပွားများ၍ စာအံ စာကျက်လျှင် စာရလွယ်၏၊ စာရေးလျှင် အဆင်ပြေ၏၊ စာရလွယ်မှု ကျမ်းပြီးမှုကို ရှေးရှု၍ စာမအံ့မီ ကျမ်းမရေးမီ ယနေ့တိုင် "နမော တဿ"ဖြင့် ဘုရားရှိခိုးရှေ့ကျ ရှိကြ၏။ ဤသို့ စသည်ဖြင့် လက်တွေ့ အကျိုးရသူတို့က ဂုဏ်တော်အကျိုးကို ဝန်ခံပြောဆိုခဲ့ကြပါသည်။

စင်စစ်အားဖြင့် ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့သည် မရေမတွက်နိုင်အောင် များလှ၍ ဂုဏ်တော်ကို အောက်မေ့ဆင်ခြင် ပွားများမှုကြောင့် ရနိုင်သော အကျိုးတရားတို့မှာလည်း မရေမတွက်နိုင်အောင် များနှင့်ရှိပါသည်။ လက်တွေ့ပွါးများ၍ လက်တွေ့အကျိုးတရားကို ရယူခံစားသင့်ကြပါသည်။

## ဂုဏ်တော်အကျိုးရ သာဓကများ

ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု၍ အကျိုးရသော သာဓကဝတ္ထုတို့ကား လွန်စွာ များလှ၏။ စာဖတ်သူတို့ ပိုမို၍ ကြည်ညိုသဒ္ဓါ ဖြစ်ပွားနိုင်ကြစေရန် ထင်ရှားသော သာဓကဝတ္ထု အနည်းငယ်ကို ထုတ်ဖော်တင်ပြထားပါသည်။

http://www.dhammadownload.com



## ဘုရားရှိခိုးကို ယောင်ယမ်းရွတ်ဆိုမိကာမျှဖြင့် ဘီလူးဘေးမှ လွတ်ခဲ့ရသော မိစ္ဆာသူငယ်လေးအကြောင်း

ဘုရားရှင် လက်ထက်တော်အခါက ရာဇဂြိုဟ်မြို့၌ "သမ္မာသူငယ်" နှင့် "မိစ္ဆာသူငယ်"နှစ်ယောက်တို့ ရှိကြလေ၏။ ၎င်းတို့သည် နေ့စဉ်မပြတ် ဂေါ်လီလုံး ပစ်၍ ကစားလေ့ရှိကြသည်။ ဂေါ်လီလုံး ပစ်သောအခါ သမ္မာသူငယ်က "နမော ဗုဒ္ဓဿ=ဘုရားအား ရှိခိုးပါ၏"ဟု ဆို၍ ပစ်၏။ မိစ္ဆာသူငယ်က "နမော အရဟန္တာနံ=ရဟန္တာတို့အား ရှိခိုးပါ၏"ဟု ဆို၍ ပစ်၏။ (တိတ္ထိတို့ကို ရဟန္တာ မဟုတ်ဘဲ ရဟန္တာ-ဟု ထင်ပြီး ရှိခိုးခြင်းဖြစ်၏။) ယင်းသို့ ဆို၍ ပစ်ကြရာ၌ သမ္မာသူငယ်ကသာ နေ့စဉ် နိုင်လေ့ရှိ၏။ ထိုအခါ အမြဲရှုံးသော မိစ္ဆာသူငယ်သည် ကစားရာ၌ နိုင်လိုသဖြင့် သမ္မာသူငယ်ကို အတုယူကာ "နမော ဗုဒ္ဓဿ"အဆိုကို လေ့ကျင့်နေလေသည်။

တနေ့သောအခါ မိစ္ဆာသူငယ်၏ ဖခင်သည် ထင်းခုတ်ရန် လှည်းဖြင့် သွားရာ သူငယ်ကိုပါ ခေါ်၍ သွား၏။ ထင်းခုတ်ရာမှ ပြန်လာသောအခါ မြို့ပြင်ရှိ သုသာန်တစ်ခုအနီး၌ ခေတ္တလှည်းဖြုတ်၍ ထမင်းစားနေစဉ် လွှတ်ထားသော နွား နှစ်ကောင်လုံး အခြားနွားများနှင့်အတူ မြို့တွင်းသို့ ဝင်ရောက်လိုက်ပါသွားလေ သည်။ ဖခင်သည် ထမင်းစားပြီးနောက် နွားများကို မတွေ့သဖြင့် မြို့တွင်းအထိ လိုက်ရှာစဉ် နေဝင်၍ မြို့တံခါးပါ ပိတ်သွားသောကြောင့် မြို့ပြင်သို့ ပြန်မထွက် နိုင်ဘဲ ရှိလေ၏။ ဖခင်အလာကို မျှော်ရင်း ကျန်ရစ်သော သားငယ်မှာ ခရီးပန်း သည့်အတွက် လှည်းအောက်မှာပင် အိပ်ပျော်သွားလေသည်။

ညဉ့်အချိန် သမ္မာဘီလူးနှင့် မိစ္ဆာဘီလူး နှစ်ယောက်တို့ အတူထွက်လာ ကြစဉ် အိပ်နေသော သူငယ်ကို တွေ့သဖြင့် သမ္မာဘီလူးက မစားရန် တားမြစ်နေ သည့်ကြားမှ တားမရဘဲ မိစ္ဆာဘီလူးက စားရန်အတွက် သူငယ်၏ခြေထောက်ကို သွား၍ ဆွဲလေသည်။ ဆွဲလျှင် ဆွဲချင်း သူငယ်က အိပ်ရာမှ လန့်နိုးပြီး လေ့ကျင့် ရွတ်ဆိုနေကျအတိုင်း "နမော ဗုဒ္ဓဿ"ဟု ယောင်ယမ်းမြည်တမ်းလိုက်၏၊

စားရန် ဆွဲကိုင်သော ဘီလူးသည် သူငယ်၏ အသံကို ကြားလျှင် (ခတ်လိုက်သကဲ့သို့ ဖြစ်ကာ) အလွန် ကြောက်ရွံ့ ထိတ်လန့်ပြီး သူငယ်ကို လွှတ်၍ နောက်ဆုတ်ဖဲခွါထွက်ပြေးရန် ကြိုးစား၏ (ပြေးမရ)။ ထိုအခါ—

> သမ္မာဘီလူးက– "သင်သည် ရှေးဦးစွာ ငါ တားမြစ်ပါလျက် ငါ့စကားကို မနာယူ၊ ဘုရားရှင်၏ တပည့်သားကို စားရန် ကိုင်ဆွဲ (ပြစ်မှား)သည့်အတွက် ကြီးစွာသော အပြစ်ဒဏ် ခံရဖို့ ရှိလေသည်"ဟု ဆို၏။

http://www.dhammadownload.com



မိစ္ဆာဘီလူးလည်း ကြောက်ရွံ့အားကြီးစွာဖြင့် "ကျွန်ုပ် မှားပါသည်၊ ဤအပြစ်ကျေအောင် အဘယ် ဒဏ်ကို ထမ်းဆောင်ရမည်နည်း" ဟု မေး၏။

သမ္မာဘီလူးက "မင်းကြီး (ဗိမ္ဗိသာရ)၏ နန်းတော်မှ မင်းစားတော် ရွှေခွက်ကို ယူ၍ နတ်ဘောဇဉ်အပြည့်ထည့်ပြီး သူငယ်အား ကျွေးမွေး ပြုစုမှ သင့်အဖို့ အပြစ်ဒဏ်လွတ်နိုင်မည်" ဟု ပြော၏။

မိစ္ဆာဘီလူးသည် (သမ္မာဘီလူး ပြောသည့်အတိုင်း) မင်းစားတော် ရွှေခွက်နှင့် နတ်ဘောဇဉ်များကို အပြည့်ယူဆောင်လာပြီး ဘီလူးနှစ်ဦး တို့သည် သူငယ်၏ မိဘများအသွင်ဖြင့် သူငယ်အား ပြုစုကျွေးမွေး၍ "ဤရွှေခွက်ကို နတ်ဘီလူးတို့ ယူငင်သည်" ဟု မင်းကြီးတစ်ဦးတည်းသာ မြင်နိုင်အောင် ဘီလူးတို့၏ အာနုဘော်ဖြင့် ရွှေခွက်တွင် ကမ္ပည်းစာ ထိုးလျက် လှတ်ရာသို့ ဖယ်သွားကြလေ၏။

နံနက်မိုးသောက် အလင်းသို့ ရောက်လျှင် ပျောက်သော မင်းစား တော်ရွှေခွက်ကို လိုက်လံရှာဖွေကြရ သူငယ်၏ အနီး၌ တွေ့သဖြင့် သူငယ်ကို ခိုးသူအဖြစ် မင်းကြီးထံ ဆက်ကြလေ၏။ မင်းကြီးလည်း ရွှေခွက်တွင် ပါလာသော ကမ္ပည်းစာအရ ခိုးသူမဟုတ်မှန်း သိသော် လည်း မသိဟန်ဆောင်ကာ သူငယ်အား မေးစစ်ရာ "မိမိဘာမျှ မသိ ကြောင်း, ညက မိဘနှစ်ပါးလာပြီး ဤရွှေခွက်ဖြင့် စားသောက်ဖွယ် များကို ကျွေးမွေးကြောင်း" မင်းကြီးအား လျှောက်တင်စဉ် မိဘနှစ်ပါး တို့လည်း အနားသို့ ရောက်လာကြလေသည်။

မင်းကြီးလည်း အမှုမှန်ကို သိပြီး ဖြစ်၍ (နောက်ထပ် စစ်မေးခြင်း မပြုတော့ဘဲ) သူငယ်အား ရွှေခွက်ကို ပေးသနားပြီးလျှင် အမှုမှန်ကို ပိုမိုထင်ရှားစေရန် ဘုရားရှင်၏ အထံတော်သို့ သူငယ်နှင့်တကွ မိဘ နှစ်ဦးလုံးကိုပါ ခေါ်ဆောင်ကာ အကြောင်းစုံကို လျှောက်ထားလေ၏။ ယင်းသို့ လျှောက်သော် "ဗုဒ္ဓါနုဿတိဘာဝနာ" ကြောင့် ဘီလူးဘေးမှ လွတ်၍ ချမ်းသာစွာ အိပ်ရနေရသော မိစ္ဆာသူငယ်ကို အကြောင်းပြု၍ "အစောင့်အရှောက် အရှံအတား တရားခြောက်ပါး" ကို ဘုရားရှင်က ဟောကြားတော်မူ၏။ တရားအဆုံး၌ သူငယ်နှင့်တကွ မိဘနှစ်ပါးလုံး မိစ္ဆာအယူမှ လွတ်ကင်း၍ သောတာပတ္တိဖိုလ်၌ တည်ကြ၏။ (နောင်အခါ မိသားစုသုံးယောက်လုံး ရဟန်းပြု၍ ရဟန္တာအဖြစ် ရောက်ကြသည်[၁]။)

---

၁။ ဓမ္မ၊ဋ္ဌ၊၂။၂၈၄။

http://www.dhammadownload.com



[ ဤသာဓကအရ မိစ္ဆာသူယော်သည် ကစားပွဲနိုင်ရန် ရည်ရွယ် လေ့ကျင့်ထားသော "နမော ဗုဒ္ဓဿ" ကို ယောင်ယမ်းရွတ်ဆိုမိကာမျှဖြင့် ဤမျှ (ဘီလူးဘေးမှ လွတ်ခြင်း၊ ဘီလူး၏ အပူဇော်ကို ခံရခြင်း) အကျိုး များ ခံစားရသေး၏။ ဂုဏ်ရည်ကို ယုံကြည်၍ ဘုရားရှင်အား ပူဇော် ပါမူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ အကျိုးတရားသည် ဤမျှ ဤမျှသာဟု စိတ်ကူးကြံဆ၍ ကုန်စင်အောင် ပြောပြနိုင်မည်မဟုတ်ပါ၊ အစိန္တေယျအကျိုးများ ရနိုင်မည်သာ ဖြစ်ပါ၏။ ]

## ဘုရားရှင်အား ကြည်ညိုကာမျှ စိတ်ကြောင့် နတ်ပြည်ရောက်ရသော "မဋ္ဌကုဏ္ဍလီ" အကြောင်း

ဘုရားရှင် လက်ထက်တော်အခါက သာဝတ္ထိမြို့၌ အလွန် နှမြော ကပ်စေး နှဲသော "အဒိန္နပုဗ္ဗက" မည်သော ပုဏ္ဏားသူဌေးကြီးမှာ သားကလေး တစ်ယောက် ရှိ၏။ ထိုပုဏ္ဏားသည် ပန်းထိမ်သည်အား လက်ခပေးရမည် စိုးသောကြောင့် သူကိုယ်တိုင် ရွှေပြားခတ်၍ လိပ်ပြီးလျှင် သားကလေးအား နားတောင်း လုပ်ပေးထားလေသည်။ ထိုနားတောင်းကို အကြောင်းပြု၍ "မဋ္ဌကုဏ္ဍလီ"ဟု အမည်တွင်သည်။ (မဋ္ဌကုဏ္ဍလီ=စင်းလုံးချော နားတောင်း ရှိသူဟု ဆိုလိုသည်။)

"မဋ္ဌကုဏ္ဍလီ"သည် ၁၆-နှစ်လောက် အရွယ်ရောက်သောအခါ အသားဝါ၍ အစာမကြေရောဂါ ဖြစ်၏။ ကပ်စေးနှဲသော အဘသည် ဆေးဆရာကို မပင့်၊ မိခင်ဖြစ်သူက မနေနိုင်၍ "သားကို ဆေးကုပါဦး"ဟု ပြောသောအခါ "မင်းက ငါ့ဥစ္စာတွေ ကုန်တာကို ကြည့်ချင်လို့လား"ဟု ပြော၏။ ထို့နောက် ပုဏ္ဏားကြီးသည် ဆေးဆရာများထံ သွား၍ ဆေးနည်းကို မေး၏။ ဆေးဆရာ တို့သည် သူ၏ ကပ်စေးနှဲပုံကို သိ၍ တော်အောင် လျော်အောင် ဆေးနည်းကို ပြောလိုက်ကြ၏။

ပုဏ္ဏားကြီးသည် ထိုဆေးမီးတိုကလေးများဖြင့် ဆေးကုလေရာ ရောဂါမှာ တိုး၍သာ လာ၏။ ထိုအခါကျမှ ဆေးဆရာတစ်ယောက်ကို ပင့်၍ ပြလေသည်။ ဆေးဆရာသည် လူနာကို အကဲခတ်၍ ကုလို့ မရနိုင်ကြောင်းကို သိသောကြောင့် "မိမိမှာ ကိစ္စရှိသေး၍ အခြား ဆရာတစ်ဦးကို ပင့်ပါ"ဟု ပြောကာ ပြန်သွား လေ၏။ ပုဏ္ဏားကြီးသည် သူ၏ အိမ်တွင်းပစ္စည်းများကို လူမမာ မေးလာသူတွေ မြင်မှာ စိုး၍ လူမမာကို အိမ်၏ အပြင်ဘက် ဆင်ဝင်သို့ ထုတ်ထားလေသည်။

http://www.dhammadownload.com



ဘုရားရှင်သည် ထိုအကြောင်းကို သိ၍ "မဋ္ဌကုဏ္ဍလီ"အား ကယ်မတော်မူလိုသောကြောင့် ဆွမ်းခံ ကြွတော်မူရင်း ထိုပုဏ္ဏားကြီး၏ အိမ်ပေါက်၌ ရပ်တော်မူ၍ "မဋ္ဌကုဏ္ဍလီ" မြင်လောက်အောင် ရောင်ခြည်တော်ကို လွှတ်၍ ပြတော်မူ၏။ မိစ္ဆာအယူရှိသော သတို့သားငယ်သည် ရောင်ခြည်တော်နှင့်အတူ ဘုရားရှင်ကို ဖူးမြင်ရသောအခါ (လက်အုပ်ချီမိုး ရှိခိုးလိုသော်လည်း) လက်အုပ် ချီနိုင်လောက်အောင် အားမရှိသဖြင့် စိတ်ဖြင့်သာ ကြည်ညိုခွင့်ရရှာ၏။ ယင်းသို့ ကြည်ညိုသော စိတ်အစဉ် မပျောက်မီပင် ဘုရားရှင် ကြွသွား၍ မျက်စိ တဆုံးလောက် အရောက်မှာ သတို့သား စုတေ၍ တာဝတိံသာ နတ်ပြည်၌ နတ်သား ဖြစ်ရလေသည်။ ယူဇနာ သုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သမီး တစ်ထောင်ခြံရံလျက်"မဋ္ဌကုဏ္ဍလီနတ်သား"ဟူသောအမည်ဖြင့်ပင် ထင်ရှား၏။

"မဋ္ဌကုဏ္ဍလီ"နတ်သားသည် သုသာန်တွင် နေ့စဉ် ငိုကြွေးနေသော (လူ့ ဘဝက ဖခင်)ပုဏ္ဏားကြီးအား ကိုယ်ထင်ပြ၍ နတ်သားဖြစ်ရခြင်းအကြောင်းကို ထုတ်ဖော်ကာ အမြင်မှန် ရစေခဲ့သည်။ ထို့နောက် ၎င်းတို့နှစ်ဦး ဘုရားရှင် ထံမှောက် ရောက်၍ တရားဟူသမျှမှာ စိတ်ကသာ ရှေးသွား ဦးဆောင် ဖြစ်ကြောင်း "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"ဟူသော တရားတော်ကို နာကြားပြီး အဆုံး၌ သားအဖနှစ်ဦးလုံး သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ ကျန် ပရိသတ် ရှစ်သောင်းလေးထောင်တို့လည်း တရားထူးရကြ၏ ။

[ဤသာဓကအရ "မဋ္ဌကုဏ္ဍလီ" သတို့သားသည် သေခါနီးဆဲဆဲ ရောဂါဖိစီးနှိပ်စက်ခံရ၍ မိမိ၏ ခြေလက်ကိုမျှ မသယ်ယူနိုင်ဘဲ ရှိနေခိုက် ဘုရားရှင်အား ကြည်ညိုကာမျှ စိတ်ဖြင့် ဤမျှ (ဘဝမခြား နတ် စည်းစိမ်ကို ခံစားရခြင်း)အကျိုးထူးများ ရရှိသေး၏။ ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့ဖြင့် အားရ နှစ်ခြိုက်စွာ ဘုရားရှင်အား တသက်လုံး ကြည်ညိုဆည်းကပ်ခွင့်ရပါမူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ အကျိုး တရားသည် ဤရွေ ဤမျှသာဟု စိတ်ကူးကြံဆ၍ ကုန်စင်အောင် ပြောပြနိုင်မည် မဟုတ်ပါ၊ အစိန္တေယျ အကျိုးများ ရနိုင်မည်သာ ဖြစ်ပါ၏။]

**ဂုဏ်တော်ပွါး၍ မီးများကို ငြိမ်းစေခဲ့သော**

**မိဖုရားဝေလုံအကြောင်း**

ပုဂံပြည်တွင် သက္ကရာဇ် ၆၁၇-ခုနှစ်က "နရသီဟပတေ့"ခေါ် ဘုရင်တစ်ပါး မင်းပြုသည်။ ပုဂံရာဇဝင်တွင် နောက်ဆုံးမင်း ဖြစ်၏။၎င်းကို"မင်းခွေးချေး"ဟု

၁။ ဓမ္မပဒ႒ကထာ၁၅၆။

http://www.dhammadownload.com



လည်းကောင်း၊ "တရုတ်ပြေးမင်း" ဟု လည်းကောင်း ခေါ်ကြသေး၏။ ထိုမင်းသည် လွန်စွာ အစားကြူး၏။ ဟင်းခွက်ပေါင်းများစွာ ပွဲတော်တည်လေ့ ရှိ၏။ (တခါက တရုတ်ရန်ကြောင့် ပုသိမ်မြို့သို့ ထွက်ပြေးရစဉ် ဟင်းခွက်သုံးရာ တစ်ခွက်လျော့နေ၍ ဝမ်းနည်း ပက်လက် မျက်ရည်ကျခဲ့သည်အထိ ဖြစ်ခဲ့ရဖူး သည်ဟု ဆို၏။) ကစားလည်း ကြူး၏။ နွေလအခါဝယ် ဧရာဝတီမြစ်ကမ်းတွင် စံနန်းတော် တည်၍ မိဖုရား မောင်းမမိဿံ အခြွေအရံများနှင့်အတူ အမြဲတမ်း ရေပက်ဖျန်းကစားလေ့ရှိ၏။

ထိုမင်းတွင် "စောလုံ"ခေါ် အပြစ်ကင်း၍ ကောင်းခြင်းအင်္ဂါ လက္ခဏာ အသွင်အပြင်နှင့် ပြည့်စုံသော မိဖုရားတစ်ဦးရှိ၏၊ အရှက်အကြောက် ကြီး၏၊ အနေအထိုင် ပိရိသိမ်မွေ့၏။ ၎င်းသည် ဘုရင်အမြတ်နိုးဆုံး မိဖုရားတစ်ဦး ပေတည်း။ အခါတပါးဝယ် မိဖုရားစောလုံကို ကျီစယ်လိုသဖြင့် မောင်းမငယ် များအား စကားထည့်၍ မျက်နှာ ဆံပင်ပါမကျန် တကိုယ်လုံး ရွှဲရွှဲစိုအောင် ရေဖြင့် ပက်စေ၏။ မင်းကြီး ကိုယ်တိုင်လည်း ပက်၏။

မိဖုရားစောလုံသည် ကျီစယ်သည်ကို သည်းမခံနိုင်ရှာဘဲ အရှက်ကြီး၍ အမျက်ကြီး ရန်ငြိုးထားကာ စိတ်အနာကြီး နာသောကြောင့် စားတော်ပွဲတွင် အဆိပ်ခတ်၍ ဘုရင်အား ဆက်သစေလေသည်။ (မိန်းမတို့မွေတာ သာမန် အပြစ်မျိုးဖြင့် အငြိုးကြီးတတ်သည်။) ဘုရင်မင်းလည်း ပွဲတော် မတည်သေးဘဲ ခွေးကို ကျွေးစေရာတွင် တခဏချင်း ခွေးသေသည်ကို မြင်၍ ပွဲတော်ဆက်သူကို စစ်ဆေးသောအခါ မိဖုရားစောလုံအပေါ် ကျရောက်၏။ မိဖုရားကို စစ်ဆေး ပြန်ရာ—

"ပရိသတ်အလယ်တွင် မိမိအား တကိုယ်လုံး ရွှဲရွှဲစိုအောင် ရေပက် အရှက်ခွဲသောကြောင့် မကျေနပ်သည့်အတွက် အသက်ကို လုပ်ကြံ ကြောင်း၊ ပေးလိုတဲ့အပြစ်ကို ပေးနိုင်ကြောင်း" ပြတ်တောင်းတောင်း ခပ်မာမာနှင့် ပမာမခန့် သံတော်ဦးတင်လိုက်၏။

ထိုအခါ မင်းကြီးသည် မင်းတို့မျက်စောင်း အကြောင်းမရွေးတတ်သည့် အတိုင်း ဆိုင်းငံ့စဉ်းစား ထောက်ထားခြင်း မပြုဘဲ ပန်းပဲသမားကို ခေါ်၍ သံကျပ်စင်ကို လုပ်စေပြီးလျှင် "မိန်းမယုတ် စောလုံအား မီးရဲရဲ ညီးသော သံကျပ်စင်ပေါ် တင်၍ ဖိုကျင်ထိုးသတ်စေ" ဟု အမိန့်ချမှတ်လိုက်သည်။

http://www.dhammadownload.com



မိဖုရားစောလုံလည်း ပန်းပဲသမားကို ရွှေငွေများစွာ ပေး၍ ခုနစ်ရက်ကြာအောင် သံကျပ်စင်ကို ပြုလုပ်စေပြီးလျှင် နေ့ရော ညဥ့်ပါ ဘုရား၌ ပန်း, ရေချမ်း ကပ်၍ သရဏဂုံ သီလဆောက်တည်လျက် ခုနစ်ရက်ပတ်လုံး ဘုရားဂုဏ်တော်, တရား ဂုဏ်တော်, သံဃာ ဂုဏ်တော်များကို နှုတ်လုံးသွင်း ဆင်ခြင်ရွတ်ဖတ် ပွားများကာ အာရုံ ပြုနေလေသည်။ ခုနစ်ရက်စေ့သောအခါ ရဲရဲညီးသော သံကျပ်စင်ထက်သို့ မကြောက်မရွံ့ တက်လေရာ "အဆွေနှ်အေးမြမွှေးကြိုင်လှသော ဂေါသီတစန္ဒကူးကို ထည့်ခတ်လိုက်သကဲ့သို့" တခါတည်း မီးများ ငြိမ်း၍ သွားလေသည်။

ဤနည်းအတိုင်း ရတနာသုံးပါး၏ ဂုဏ်တော်များကို အာရုံပြု ဆင်ခြင်ပွားများနေမှုကြောင့် သုံးကြိမ်တိုင်အောင် ထပ်ကာ ထပ်ကာ မီးများငြိမ်းပြီးနောက် "ငါသည် ချမ်းသာခွင့်ရမည် မဟုတ်လျှင် တခဏချင်း သောင်းကျွမ်းပါစေသား"ဟု စိတ်ကို လျှော့ချ၍ အဓိဋ္ဌာန် လိုက်သည့်အခါ တခဏချင်း ပြာကျရရှာလေသည်။ ထိုအကြောင်းကို မင်းကြီး ကြားသိရသော အခါ ယူကျုံးမရ နောင်တကြီးစွာ ဖြစ်လေ၏။ ကယောင်ကတမ်း မြည်တမ်းရေရွတ်ကာ တဖျစ်တောက်တောက် တမ်းတနေလေသတည်း။

[ဤသာဓကအရ အကျီစား သန်လွန်းက အသက်ဆုံးသည် အထိ ရန်မီးပွားတတ်ပုံ, မကောင်းသော ရန်ငြိုးစိတ်ထားနှင့် မကောင်းသော အပြုအမူများသည် မကောင်းကျိုးသာ ရတတ်ပုံတို့ကို သင်ခန်းစာယူ သင့်၏။ မိဖုရားစောလုံ၏ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်လေ့ရှိပုံ, သေရမည့် ဘေးကိုပင် နေ့ရော ညဥ့်ပါ သရဏဂုံသီလ ဆောက်တည်၍ ရတနာသုံးပါး ဂုဏ်ရည်များကို ယုံကြည်စွာ ရွတ်ပွားဆင်ခြင် အာရုံပြုခြင်းဖြင့် မကြောက်မရွံ့ ရင်ဆိုင်ခဲ့ပုံတို့ကို အတုယူသင့်ကြပါသည်။]

ဘုရားဂုဏ်တော်ဖွင့် ပြီး၏။

http://www.dhammadownload.com

# ရတနာသုံးပါး ဂုဏ်တော်ဖွင့်

## တရားဂုဏ်တော်ခြောက်ပါး

### ၁။ သွာက္ခာတဂုဏ်တော်

> သွာက္ခာတ= (သု + အက္ခာတ။ သု = ကောင်းစွာ + အက္ခာတ= ဟောကြားအပ်သော တရားတော်။ "သွာက္ခာတ"ကို "သွက်ခါတ" ဟု အသံထွက်ဖတ်ပါ။)

ဘုရားရှင်သည် ဆယ်ပါးသော တရားတော်မြတ်ကို ကိုယ်တော်တိုင် ကျင့်ကြံ သိမြင်ပြီး မည်သည့် နတ်လူပညာရှိကမျှ ပိုသည်၊ လိုသည်၊ မှားသည်ဟူ၍ ဖြည့်စွက်ခြင်း၊ ပယ်နုတ်ခြင်း မပြုနိုင်အောင် ထက်ဝန်းကျင်ပြည့်စုံသော တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

**ဆယ်ပါးသောတရား**

| | | |
|---|---|---|
| (၁) | သောတာပတ္တိမဂ် | မဂ်တရား ၄-ပါး |
| (၂) | သကဒါဂါမိမဂ် | |
| (၃) | အနာဂါမိမဂ် | |
| (၄) | အရဟတ္တမဂ် | |
| (၅) | သောတာပတ္တိဖိုလ် | ဖိုလ်တရား ၄-ပါး |
| (၆) | သကဒါဂါမိဖိုလ် | |
| (၇) | အနာဂါမိဖိုလ် | |
| (၈) | အရဟတ္တဖိုလ် | |
| (၉) | နိဗ္ဗာန်တရား | ၁-ပါး |
| (၁၀) | ပရိယတ္တိတရား | ၁-ပါး |

> [အမျိုးအစားအားဖြင့် ၄-ပါး၊ အရေအတွက်အားဖြင့် ၁၀-ပါး ရှိ၏။ ထိုတွင် ပိဋကသုံးပုံ ပါဠိတော်၊ အဋ္ဌကထာကို လေ့လာသင်ယူရမည့် တရားဖြစ်၍ "ပရိယတ္တိတရားတစ်ခု"ဟု ရေတွက်သည်။ ကျန် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရား ကိုးပါးသည် "လောကုတ္တရာတရားများ" ဖြစ်၏။ သင်ယူရုံမျှဖြင့် မရ၊ လက်တွေ့ကျင့်ကြံအားထုတ်မှ ရနိုင်သည်။ "စာအုပ် စာပေ"တို့သည် ထိုတရားတော်များကို မှတ်သားထားရာ "တရားဘဏ္ဍာ တိုက်"များဖြစ်၏၊ "ဓမ္မစေတီတော်"ဟူလည်း ခေါ်၏။ ထိုတရားတော် များကို သင်အံပို့ချသော ပုဂ္ဂိုလ်များကား တရားဘဏ္ဍာတိုက်များကို စောင့်သော "ဘဏ္ဍာစိုးများ"ဖြစ်၏။]

http://www.dhammadownload.com



**အစစ်အမှန်တရားတော်**

အောက်သို့ ကျ-မသွားအောင် ဆောင်ထားနိုင်သော သဘောကို "ဓမ္မ=တရား"ဟူ၍ ဆိုရ၏။ မည်သည့် ပုဂ္ဂိုလ်က ဟောပြော ညွှန်ပြသည်ဖြစ်စေ ဓမ္မအစစ်အမှန် ဖြစ်လျှင် ထိုဓမ္မအတိုင်း နေထိုင်သူအား အောက်တန်းသို့ ကျ-မသွားအောင် ဆောင်ထားနိုင်သော သတ္တိစွမ်းအား ရှိရမြဲ ဖြစ်ပါသည်။

မှန်ပါသည်။ လောကကြီးပွားရေးကို လိုလား၍ "အသေဝနာ စ ဗာလာနံ" စသော မင်္ဂလာ တရားတော်ကို လိုက်နာသူသည် လောက၌ အောက်ကျ နောက်ကျ လူစားမျိုး မဖြစ်ရအောင် တရားတော်က ဆောင်ထားသဖြင့် အဆင့်အတန်း မြင့်သော လူတန်းစားအဖြစ်သို့ ရောက်နိုင်ပါသည်။ အပါယ်ဆင်းရဲကို ကြောက်၍ အထက်တန်းတရားကို လိုက်စားကျင့်ကြံသော ပုဂ္ဂိုလ်သည် ထိုတရား၏ ဆောင်ထားမှုကြောင့် အပါယ်ဆင်းရဲသို့ ကျရောက်ခြင်း မရှိဘဲ အထက်တန်းဘဝဖြင့် နိဗ္ဗာန်တိုင်အောင် ရောက်နိုင်ပါသည်။ ထို့ကြောင့် သတ္တဝါတို့ကို အောက်ကျ နောက်ကျ မဖြစ်ရအောင် အပါယ်လေးပါးသို့ ကျရောက်ခြင်း မရှိအောင် ဆောင်ထားနိုင်သော "ဓမ္မ=တရား"ကိုသာ တရားအစစ် တရားအမှန်ဟု မှတ်ယူသင့်ပါသည်။

**အကောင်းဆုံးတရား ဖြစ်တော်မူခြင်း**

အောက်သို့ ကျ-မသွားအောင် ဆောင်ထားနိုင်သော နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်း လမ်းကောင်း တရားများသည် ယခုအခါတွင် ဘုရားရှင်၏ ညွှန်ကြားချက်အတိုင်း မူမပျက် အထင်အရှားရှိနေပါသည်။ ထိုနည်း ထိုလမ်းကို လိုက်သူမှာ တရားတော်က ဆောင်ထားသဖြင့် အဆင့်အတန်း မြင့်သော လူတန်းစားအဖြစ်သို့ ရောက်ကာ ချမ်းသာအမှန် စံရမည် ဖြစ်၍ မလိုက်သူမှာ အောက်ကျနောက်ကျဖြစ်ကာ သံသရာဝဋ်ဒုက္ခများနှင့် မုချရင်ဆိုင်နေရမည်သာ ဖြစ်ပါသည်။ ဤနေရာတွင် ဘုရားရှင်လက်ထက်တော်က ဂဏကမောဂ္ဂလ္လာန ပုဏ္ဏားကြီး၏ ဘုရားရှင်အား လျှောက်ထားတင်ပြချက်ကို များစွာ မှတ်သားသင့်ပါသည်—

ပုဏ္ဏားကြီး။ ။"အရှင်ဂေါတမ....အရှင်ဂေါတမ၏ အဆုံးအမ ခံရသူ တပည့်များမှာ အကုန်လုံးပင် နိဗ္ဗာန်ရကြပါသလား၊ အချို့ မရဘဲ ရှိကြပါသလား"

ဘုရားရှင်။ ။"အကုန် မဟုတ်၊ အချို့ ရ၍ အချို့ မရကြချေ"

http://www.dhammadownload.com



ပုဏ္ဏားကြီး။ ။"အရှင်ဂေါတမ....နိဗ္ဗာန်လည်း ထင်ရှား ရှိ၍ နိဗ္ဗာန်ရောက်ကြောင်းနည်းလမ်းလည်း အထင်အရှားပင် ရှိ၏၊ နည်းပေးလမ်းပြတတ်သူ အရှင်ဂေါတမလည်း ရှိနေသည်သာတည်း၊ သို့ပါလျက် ဘာ့ကြောင့် အချို့ရ, အချို့မရ ဖြစ်ရပါသနည်း"

ဘုရားရှင်။ ။"ပုဏ္ဏားကြီး.... ဤအချက်၌ သင့်ကိုပင် မေးရဦးတော့မည်၊ သင် ကြိုက်သလို ဖြေလော့၊ ရာဇဂြိုဟ်ပြည် သွားလမ်းကို သင် သိသလော"

ပုဏ္ဏားကြီး။ ။"သိပါသည်"

ဘုရားရှင်။ ။"ပုဏ္ဏားကြီး....လူတစ်ယောက်သည် သင့်အား ရာဇဂြိုဟ်ပြည် သွားရန် လမ်းကို ညွှန်ကြားရန် မေးလာသော် သင်က 'ဘယ်ကနေ ဘယ်သွား, ဘယ်ရောက်လိမ့်မည်'ဟု လမ်းညွှန်ရာ ထိုသူမှာ သင်ညွှန်သည့်အတိုင်း မဟုတ်ဘဲ လမ်းလွဲလိုက်ကာ နောက်သို့ ပြန်လာရာ၏။ တစ်ယောက်ကမူ သင်ညွှန်ကြားသည့်အတိုင်း သွား၍ ရာဇဂြိုဟ်ပြည်သို့ ရောက်၏။ ပုဏ္ဏားကြီး.... ရာဇဂြိုဟ်ပြည်လည်း အထင်အရှား ရှိ၏။ ရာဇဂြိုဟ်ပြည်သို့ သွားရာ လမ်းလည်း ရှိနေသည်သာ ဖြစ်၏။ လမ်းညွှန်တတ်သူ သင်လည်း အရှိပင်တည်း၊ သို့ဖြစ်ပါလျက် တစ်ယောက်မှာ ရာဇဂြိုဟ်ပြည်သို့ ရောက်၍ တစ်ယောက်ကား ရာဇဂြိုဟ်ပြည်သို့ မရောက်ဘဲ ရှိသည်မှာ ဘာ့ကြောင့်ပါနည်း"

ပုဏ္ဏားကြီး။ ။"အရှင်ဂေါတမ....တပည့်တော် ဘာလုပ်နိုင်မလဲ၊ တပည့်တော်က လမ်းညွှန်သူသာ ဖြစ်ပါသည်"

ဘုရားရှင်။ ။"ပုဏ္ဏားကြီး....နိဗ္ဗာန်လည်းရှိနေလျက်သာ၊နိဗ္ဗာန်ရောက်ကြောင်း လမ်းလည်း အရှိပင်၊ နည်းပေး လမ်းပြတတ်သူ ငါဘုရားလည်း ရှိသည်သာတည်း၊ သို့ပါလျက် အချို့ နိဗ္ဗာန်ရကြ၏၊ အချို့ကား မရကြ။ ဤအရာ၌ ငါဘုရား ဘာတတ်နိုင်မည်နည်း၊ငါဘုရားကား နည်းပေးလမ်းညွှန်သူသာ ဖြစ်ပေသည်"

ပုဏ္ဏားကြီးသည် ဘုရားရှင်၏ အဖြေစကား တရားတော်ကို ကြားနာရ၍ လွန်စွာ အားရ ဝမ်းသာလှသဖြင့် "အရှင်ဂေါတမ....အမြစ်နံ့သာမျိုး မှန်သမျှတွင် ကရမက်ကို အကောင်းဆုံး အမြတ်ဆုံးဟု ဆိုအပ်ပါသည်။ အနှစ်နံ့သာမျိုးတွင် စန္ဒကူးနီကို အထူးခြားဆုံး အမြတ်ဆုံးဟု ဆိုအပ်ပါသည်။ အပွင့်နံ့သာမျိုးတို့တွင် မြတ်လေးပန်းကို အမြတ်ဆုံးဟု ဆိုအပ်ပါသည်။ ထိုနည်း

http://www.dhammadownload.com



တူစွာပင် ယခုခေတ်ပေါ် တရားတို့တွင် အရှင်ဂေါတမ၏ ဩဝါဒတရားမှာ အကောင်းဆုံးအမြတ်ဆုံးဖြစ်ပါပေသည်"ဟု ချီးကျူးလေသည်(ဥပရိပဏ္ဏာသ၊ ဂဏကမောဂ္ဂလ္လာနသုတ်။ ၅၂-၇)။

ဘုရားရှင်၏ လမ်းညွှန် ဟောကြားချက်တရားကို ကြားရရုံ သိရရုံမျှဖြင့် ကျေနပ်မနေကြဘဲ နိဗ္ဗာန်ပေါက်ရောက်အောင် ကျင့်ကြံလျှောက်လှမ်း သင့်ကြပါသည်။

## ကြားနာရုံမျှဖြင့်ပင် အပူစင် (အစ၏ ကောင်းခြင်း)

ရုပ်နှင့်နာမ် နှစ်မျိုးပေါင်းစပ်မိနေသော အရာကို "သတ္တဝါ"ဟု ခေါ်၏။ လူစသည်တို့ဖြစ်၏။ လူ၏ ခန္ဓာကိုယ်သည် အမိဝမ်းတွင် ပဋိသန္ဓေနေသည်မှ စ၍ ဖွားမြင်သည့်တိုင်အောင် ဇာတိဒုက္ခဖြစ်နေရသဖြင့် "ဇာတိမီး"အလောင် ခံရ၏။ ထို့နောက် ဆာလောင်မွတ်သိပ်ခြင်း, ရလာ မလို, လိုတာ မရဖြစ်ခြင်း, ချစ်သော သူနှင့် ကွဲနေရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ် ရခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်မှာ ဒုက္ခမီးပူအမျိုးမျိုး အလောင်ခံရ၏။ ရင့်ရော်အိုမင်းလျှင် "ဇရာမီး", သေကျေပျက်စီးလျှင် "မရဏမီး" အသီးသီး အလောင်ခံနေရ၏။ "လူတစ်ခု ပူမှုဆယ်ကုဋေ"ဟုပင် အဆိုပြုကြ၏။ မည်သို့ ဆိုစေ သတ္တဝါများကို လောင်ကျွမ်း ပျက်စီးစေတတ်ပြီး ဆင်းရဲခြင်းသို့ ရောက်စေတတ်သော ဒုက္ခအပူမီးသည် ပိဋကကျမ်းဂန်များအဆိုအရ အကျဉ်း အားဖြင့် တစ်ဆယ့်တစ်မျိုး ရှိပါသည်—

(၁) ရာဂမီး=အလိုရမ္မက်ကြီးမှု၊

(၂) ဒေါသမီး=ပြစ်မှားပုတ်ခတ်မှု၊

(၃) မောဟမီး=အမှန်မသိမှု၊ အမှားကို အမှန်ထင်မှု၊

(၄) ဇာတိမီး=ပဋိသန္ဓေနေရမှု၊

(၅) ဇရာမီး=အိုမင်းရင့်ရော်မှု၊

(၆) မရဏမီး=သေကျေပျက်စီးမှု၊

(၇) သောကမီး=စိုးရိမ်ပူဆွေးမှု၊

(၈) ပရိဒေဝမီး=ငိုကြွေးရှိုက်ငင်မှု၊

(၉) ဒုက္ခမီး=ကိုယ်ဆင်းရဲမှု၊

(၁၀) ဒေါမနဿမီး=စိတ်ဆင်းရဲမှု၊

(၁၁) ဥပါယာသမီး=ဆို့တက်မေ့မြောဖြစ်မှု[၁]။

---

၁။ ဝိ၊၃။၄၄။ သာရတ္ထ။ဋီ၊ ၂။၈၉။

http://www.dhammadownload.com



ထိုဒုက္ခအပူမီး တစ်ဆယ့်တစ်မျိုးတွင် "ရာဂ, ဒေါသ, မောဟ" မီးသုံးမျိုးသည် အခြေခံအကျဆုံး မီးများ ဖြစ်၏။ "လောကမှာ ရာဂလောက် ပူလောင်တတ်သော မီးမရှိ၊ ရာဂသည် အပူမလောင်ဆုံးမီး ဖြစ်၏။ ဒေါသလောက် ဖျက်ဆီးတတ်သော တရားမရှိ၊ ဒေါသသည် အဖျက်ဆီးဆုံး တရားဖြစ်၏" စသည်ဖြင့် ပညာရှိများက ဝန်ခံပြောဆိုကြ၏။ အပြင်းအထန် ပစ်ခတ်နေသော စစ်ပွဲကြား၌ ဝင်နွှဲနေရသော စစ်သားထစ်ယောက်သည် အမျိုးမျိုး စစ်ဒဏ်ကို ခံရဘိသကဲ့သို့ ဒုက္ခအပူမီးမျိုးစုံ စုပြုံလောင်ကျွမ်းနေသော လောကကြီးဝယ် ဤခန္ဓာကိုယ်ကို ရနေသူမှန်သမျှ ဘုရားရှင်သော်မှပင် လွှန်ဆန်မရ မရှဏ်မီး လောင်ကျွမ်းခံရသေး၏။

ဘုရားရှင်၏ တရားတော်များသည် ဖော်ပြပါ ဒုက္ခအပူမီး တစ်ဆယ့်တစ်ပါးကို ကြားနာရုံမျှဖြင့် ကင်းစင်အောင် ငြိမ်းစေနိုင်ပါသည်။ ဤနေရာတွင်—

> သားလည်းသေ လင်လည်းဆုံး ဥစ္စာခနေ အမိအဖတွေပါ အကုန်ပျက်ပြုန်း၍ အရူးလုံးလုံး ဖြစ်ကာ ခန္ဓာကိုယ်မှာပင် အဝတ် မကပ်နိုင်အောင် အပူမီး တောက်နေရှာသော "ပဋာစာရီ" သည် ဘုရားထံမှောက်ရောက်၍ ဘုရားရှင်၏ တရားစကားကို ကြားနာလိုက်ရုံမျှဖြင့် ဒုက္ခအပူမီးများ ငြိမ်းအေးသွားပုံမှာ ကြားနာရုံမျှဖြင့်ပင် အပူကင်းစင်ပုံအတွက် ထင်ရှားသော နမူနာတစ်ခု ဖြစ်ပါသည်။

ဤသို့ တရားတော်ကို နာကြားရသူအဖို့ သောက, ပရိဒေဝ စသော ဒုက္ခအပူမီးများ ကင်းရခြင်းမှာ စိတ်ကို ချမ်းသာအေးမြစေတတ်, ပီတိ ဖြစ်စေတတ်သော တရားတော်အမှန် ဖြစ်သောကြောင့် ဖြစ်ပါသည်။

### ချီးမွမ်းသံမစဲ ချီးမွမ်းဆဲ

ဘုရားရှင်၏ တရားတော်ကို နာကြားရလျှင် တရားတော်ကို သိခြင်း, အနက်ကို သိခြင်းဖြင့် ပီတိ အထူးဖြစ်ကြရသောကြောင့် ဘုရားရှင် လက်ထက်တော် အခါကပင် တရားတော်၏ ကောင်းမြတ်လှပုံကို အမျိုးမျိုးဂုဏ်တင်၍ ချီးမွမ်းခဲ့ကြပါသည်။ ယနေ့တိုင်လည်း ချီးမွမ်းသံမစဲ ချီးမွမ်းဆဲ ရှိနေကြပါသည်။ ချီးမွမ်းသံအများမှ ဘုရားလက်ထက်တော်က ချီးမွမ်းသံတစ်ခုကို ဖော်ထုတ်တင်ပြအပ်ပါသည်။

ဘုရားရှင်လက်ထက်တော်က "ကာရဏပါလီ" မည်သော ပုဏ္ဏားတစ်ယောက်သည် ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့၏ အလုပ်ကို လုပ်နေ၏။ ယင်းသို့ လုပ်ကိုင်နေဆဲ အဝေးမှ လာသော "ပိင်္ဂိယာနီ" မည်သော ပုဏ္ဏားကို မြင်ရသော်—

http://www.dhammadownload.com



**ကာရဏပါလိ**။ ။"အရှင်...ဘယ်က လာသလဲ"

**ပိင်္ဂိယာနိ** ။ ။"ရဟန်းဂေါတမထံမှ ပြန်လာကြောင်း"ဖြေ၏။ ထိုအခါ—

**ကာရဏပါလိ**။ ။"ရဟန်း ဂေါတမ၏ ပညာအစွမ်းကို အရှင် ဘယ်လို ထင်သလဲ၊ ပညာရှိသူတစ်ဦးပဲ ထင်ပါရဲ့"

**ပိင်္ဂိယာနိ** ။ ။"ကျုပ်က ဘယ်လိုလူမို့လဲ၊ ဘယ်လောက် တော်တဲ့လူမို့ ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်ရမှာလဲ၊ ရဟန်း ဂေါတမ၏ ပညာစွမ်းကို သိသူမှာ ရဟန်းဂေါတမလို ပုဂ္ဂိုလ်မျိုးသာ ဖြစ်ရပေမပေါ့"

**ကာရဏပါလိ**။ ။"အရှင်ကား ရဟန်းဂေါတမအား ကောင်းမြတ်မွန်ရည် လှသော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းခဲ့၏။ ဘယ်လို အကျိုးထူး မြင်၍ ရဟန်းဂေါတမ၌ ကြည်ညိုရပါသလဲ"

**ပိင်္ဂိယာနိ** ။ ။"အမောင်....အကောင်းဆုံးသော အရသာများဖြင့် ဝအီနေသော ယောကျ်ားသည် အခြားညံ့ဖျင်းသော အရသာများကို မလိုလား မနှစ်သက်တော့ပြီ၊ ထို့အတူ ရဟန်းဂေါတမ ဘယ်ပုံ ဟောသည်ဖြစ်စေ တရားကို နာရသော် ထိုတရားမှတပါး အခြား သမဏ ပြာဟ္မဏတို့၏ အယူဝါဒကို မလိုလား မနှစ်သက်တော့ပါ"

"အမောင်....ဆာလောင်၍ အားနည်းနေသောယောကျ်ား သည် ပျားမုန့်ဆုပ်ကို ရသည် ရှိသော် ဘယ်နေရာမှာ လျက်လျက် ကောင်းမွန်ချိုမြသောအရသာကို ရနေသည်သာ ဖြစ်၏၊ ထို့အတူ ရဟန်းဂေါတမ၏ တရားကို ဘယ်ပုံ နာရ နာရ ထိုတရားမှ နေ၍ နှစ်သက်ခြင်းကို ရနေသည်သာ, စိတ်ကြည်လင်ခြင်းကို ရနေသည်သာ ဖြစ်ပါ၏"

"အမောင်.... စန္ဒကူးရွေဖြစ်စေ, စန္ဒကူးနီဖြစ်စေ စန္ဒကူး တုံးတစ်ခုခုကို ရသော ယောကျ်ားသည် ထိုစန္ဒကူးတုံးကို အရင်း, အဖျား, အလယ် သုံးသွယ်တို့တွင် ကြိုက်ရာက နမ်းရှူစေ မွှေးကြိုင်သော ရနံ့ကို ရလျက်သာ ရှိသည်။ ထို့အတူ ရဟန်းဂေါတမ၏ တရားကို ဘယ်ပုံ နာရ နာရ ထိုတရားမှ နေ၍ ဝမ်းမြောက်ခြင်း ရလျက်သာ,စိတ် ရွှင်ပျခြင်း ရလျက်သာ ဖြစ်ပါ၏"

http://www.dhammadownload.com



"အမောင်....အပြင်းအထန်ရောဂါကပ်ရောက်၍ ဒုက္ခရောက်နေသော ယောကျ်ားကို ကျွမ်းကျင်သော ဆေးဆရာသည် တခဏချင်း ရောဂါပျောက်ငြိမ်းစေသကဲ့သို့ ထို့အတူ ရဟန်းဂေါတမ ဘယ်နည်းဖြင့် ဟောသည်ကို မဆို နာရ ကြားရမှု ထိုတရားကြောင့် စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းများ ငြိမ်းပျောက်ခြင်းသို့ ရောက်ရသည်သာ ဖြစ်ပါ၏"

"အမောင်.... နွေအပူဒဏ် ခံရ၍ ပင်ပန်း နွမ်းနယ်ကာ ရေဆာလျက်ရှိသော ယောကျ်ားသည် အေးကြည်ချိုမြသော ရေရှိ၍ ဆိပ်ကမ်းသာယာ မွှေးလျော်ဖွယ် ရေကန်သာသို့ ရောက်လာလျက် ထိုရေကန်သို့ သက်ဆင်းပြီးလျှင် ချိုးရ သောက်ရသော် အပူအပန် မှန်သမျှ အေးမြ ငြိမ်းစေခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ရဟန်းဂေါတမ ဘယ်နည်းဖြင့် ဟောသည်ကို မဆို နာရသူမှာ ထိုတရားကြောင့် အပူအပန် မှန်သမျှ ငြိမ်းရသည်သာ ဖြစ်ပါသည်"

ဤသို့ ပိင်္ဂိယာနီထံမှ ဘုရားရှင်၏ ဂုဏ်တော်များကို နာကြားရသောအခါ "ကာရဏပါလီ"သည် နေရာမှ ထကာ လက်ဝဲပခုံးထက် ကိုယ်ရုံတဘက် တင်လျက် လကျ်ာဒူးကို မြေမှာ ထောက်ပြီးလျှင် ဘုရားရှင်ရှိရာ လက်အုပ်ချီ၍ "နမော တဿ" ပဏာမဖြင့် သုံးကြိမ် ဥဒါန်းကျူးကာ ကန်တော့ခဲ့ပေသည် (အံ၊ ၂။ ၂၀၆)။

## ကျင့်လျှင် ချမ်းသာ (အလယ်၏ ကောင်းခြင်း)

ကြားနာရုံမျှဖြင့်ပင် အပူကင်း၍ စိတ်တွင် အေးမြ ပီတိပဿဒ္ဓိ ဖြစ်ရသော ဘုရားရှင်၏ တရားတော်သည် ကျင့်ကြံလိုက်နာရသောအခါ ဆိုဖွယ်ရာ မရှိပြီ။ အကျင့်သီလတစ်ခုဖြင့်ပင် ဘေးကင်းရန်ကင်း ကိုယ်ချမ်းသာ, စိတ်ချမ်းသာခြင်းကို ဖြစ်စေတတ်၏။ အများ၏ချစ်ခင်လေးမြတ်မှုကို ခံရ၏။ မေတ္တာ, ကရုဏာ, မုဒိတာများ ဖြစ်လျက် အလွန်စိတ်အေးချမ်းသာ နေရသည့်အတွက် ရောဂါကင်းလျက် အဆင်းခွန်အား များစွာတိုးကာ အသက်ရှည်စွာ နေရတတ်၏။ ဤ၌ တရားကို ကျင့်ကြံလိုက်နာ၍ တရားတော်က ပြန်လည်စောင့်ရှောက်သည့် အတွက် ချမ်းသာပုံ သာဓကတစ်ခုကို ဆက်လက်တင်ပြထားပါသည်—

http://www.dhammadownload.com



ကာသိတိုင်း ဓမ္မပါလရွာမှ "ဓမ္မပါလလုလင်"သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ သွားရောက် ပညာသင်ကြားရာ တပည့်ငါးရာတို့၏ အကြီးအမှူး တပည့်ကြီးအဖြစ် ရောက်လေ၏။

တနေ့သ၌ ဆရာကြီး၏ သားကြီး သေဆုံးသဖြင့် ထိုအရေးကို ဆွေးနွေးပြောဆိုကြရာမှအစ ဓမ္မပါလထံမှ သူတို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်၌ မသေကြောင်း ကြားရသောအခါ ဆရာကြီးအား ပြောပြကြ၏။ ဆရာကြီးလည်း ဓမ္မပါလကို ခေါ်မေး၍ ဟုတ်မှန်ကြောင်း သိရသောအခါ လွန်စွာ အံ့ဩလှသဖြင့် မိမိကိုယ်တိုင် သွားရောက်စုံစမ်းရန် ဆုံးဖြတ်လေ၏။ ထို့နောက် ဆိတ်ရိုးများကို လွယ်အိတ်ထဲထည့်ပြီးလျှင် တပည့်များအား စာပေချပို့ရန် ဓမ္မပါလလုလင်ကို မှာကြားလျက် ထွက်ခွါခဲ့ရာ ဓမ္မပါလရွာ၊ ဓမ္မပါလလုလင်တို့၏ အိမ်သို့ ဆိုက်ရောက်လေ၏။ ဆရာကြီးအား အိမ်သားများက ဝတ္တရားကျေပွန်အောင် ပြုစုကြ၏။ ထမင်းသုံးဆောင်ပြီးနောက် အေးအေးသက်သာ နေသောအခါ—

ဆရာကြီးက— ဓမ္မပါလလုလင်၏ ဖခင် ပုဏ္ဏားကြီးအား "ဓမ္မပါလ ကွယ်လွန်ပြီဖြစ်ကြောင်း, သခါရမှန်သမျှ အနိစ္စချည်း ဖြစ်၍ မစိုးရိမ်ဖို့ အကြောင်း"ပြောပြ၏။

ပုဏ္ဏားကြီးလည်း လက်ခုပ်လက်ဝါးတီးလျက် ပြင်းစွာ ရယ်လေ၏။ "ဘာကြောင့် ရယ်သလဲ"ဟု မေးသော် "ကျွန်တော့သား မသေပါဘူး ဆရာကြီး၊ တခြားသူတစ်ယောက်ယောက် သေတာဖြစ်ပါလိမ့်မယ်"ဟု ဆို၏။ ထိုအခါ—

ဆရာကြီးက— "ယုံပါ ပုဏ္ဏား၊ ဟောဒါ သင့်သားအရိုးတွေပဲ"ဟု အရိုးများထုတ်ပြသော်—

ပုဏ္ဏားကြီးက— "ဆရာကြီး ပြသော အရိုးမှာ ဆိတ်ရိုး၊ ခွေးရိုး တစ်မျိုးမျိုး ဖြစ်ပါလိမ့်မယ်၊ ကျွန်တော့သား မသေပါဘူး၊ ကျွန်တော်တို့ အမျိုးမှာ အမျိုးခုနစ်ဆက်တိုင်အောင် ငယ်ငယ်နှင့် သေဖူးသည် မရှိပါ ဆရာကြီး"ဟု ရဲဝံ့စွာ ငြင်းဆို၏။

ဆရာကြီးလည်း အလွန် အံ့ဩ၍ "သင်တို့ အမျိုး၌ ထိုသို့ ငယ်ငယ်ရွယ်ရွယ်နှင့် မသေသည်မှာ အဘယ်ကြောင့်ပါနည်း"ဟု မေး၏။ ပုဏ္ဏားကြီးက ဖော်ပြလတ္တံ့ပါအတိုင်း အကျယ်တဝင့် ပြောပြလေသည်—

http://www.dhammadownload.com



ဆရာကြီး.... ကျွန်တော်များ တရားကျင့်ကြပါသည်။ အရိယာတို့ကဲ့ရဲ့ဖွယ် မကောင်းမှု မပြုကြပါ။ မသူတော်တရား သူတော်ကောင်းတို့၏ တရား နှစ်မျိုးလုံး နာကြပါသည်။ သူတို့နှင့် မဆန့်ကျင်အောင် နာကြသော်လည်း မသူတော်များတရားကို လက်မခံကြပါ၊ သူတော်ကောင်းများနှင့်သာ ပေါင်းသင်းကြပါသည်။

ကျွန်တော်များသည် မလှူမီလည်း ငမ်းသာ၊ လှူဆဲလည်း ဝမ်းသာ၊ လှူပြီးသောအခါလည်း နောင်တမဖြစ်ကြပါ။ ရဟန်း၊ ပုဏ္ဏား၊ ခရီးသည်၊ သူတောင်းစား၊ ဆင်းရဲသားတို့ကို ထမင်း အဖျော်ပေးကမ်းကြပါသည်။

ကျွန်တော်များ၏ ဇနီးများသည် အခြား ယောကျ်ားနှင့် မမှားကြသလို ကျွန်တော်များလည်း အခြား မိန်းမများနှင့် မမှားကြပါ၊ ဗြဟ္မစရိယအကျင့်ကို ကျင့်ကြပါသည်။

ကျွန်တော်တို့သည် အသက် မသတ်ကြ၊ မခိုးကြ၊ လိမ် မပြောကြ၊ အရက် မသောက်ကြပါ။

တရားရှိသော ကျွန်တော်တို့၏ ဇနီးများမှ ဝေဒကျမ်းတတ် ပညာရှိ သားကောင်းသားမြတ်များသာ မွေးဖွားပါသည်။ အမိအဖ ညီအစ်ကို မောင်နှမ သားမယား ကျေးကျွန်အစေခံ အမှုလုပ်အားလုံး နောင်ဘဝရေးအတွက် တရားကျင့်ကြသူချည်း ဖြစ်ပါသည်။ ဤအကျင့်များမှာ ကျွန်တော်များ ငယ်ငယ်နှင့် မသေရခြင်းအကြောင်းများ ဖြစ်ပါသည်။

ဓမ္မပါလလုလင်၏ ဖခင် ပုဏ္ဏားကြီး၏ စကားကို ကြားရသောအခါ ဆရာကြီးက မိမိစုံစမ်းလို၍ လာခဲ့ကြောင်း၊ ဓမ္မပါလလုလင်မှာ ကျန်းမာလျက်ရှိကြောင်း ပြောကာ ပုဏ္ဏားကြီး ပြောပြသော အကျင့်တရားများကို မိမိတို့ ကျင့်ရန် ရေးကူးပြီး ပြန်လာခဲ့လေသည်။ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ=တရားကျင့်သူကို တရားက တဏယ် ပြန်၍ စောင့်ရှောက်တတ်၏"ဟူသော စကားနှင့်အညီ တရားကျင့်၍ ချမ်းသာရပုံ သာဓကဖြစ်ပါသည်[၁]။ အကျင့်သီလထက် မြင့်သော သမာဓိ၊ ပညာစသော အကျင့်များကို ကျင့်ရပါမူကား ဆိုဖွယ်ရာ မရှိတော့ပါ၊ မင်္ဂချမ်းသာ ဖိုလ်ချမ်းသာ အဆင့်အထိ မြင့်မားသော ချမ်းသာများကို ရရှိနိုင်ကြမည်မှာ ဧကန်မလွဲ ဖြစ်ပါသည်။ ဤကား တရားတော်၏ "ကျင့်သုံးရခြင်း"တည်းဟူသော အလယ်၏ ကောင်းခြင်းတည်း။

---

၁။ ဇာ၊ဋ္ဌ၊၄၊၅၀။

http://www.dhammadownload.com



ဤသာဓကကို ထောက်၍ ဘုရားရှင်၏ တရားတော်အတိုင်း ကျင့်ကြံ လိုက်နာစောင့်စည်းနေရလျှင် စိတ်ကျဉ်းကျပ်ပြီး ဆင်းရဲလိမ့်မည်။ ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်သော လောကီအာရုံများကို လိုက်စားနေရမှသာ ပျော်ရွှင်ဖွယ် ရှိသည်ဟု လူများစွာတို့ ထင်မှားနေခြင်းကား မီးရောင်ကို ရွှေတောင်ထင်၍ ဝင်ရောက်တိုးဝှေ့သော ပိုးပရန်ကောင်မျိုးနှင့် တူလှချေ၏ တကား။

## ကျင့်ပြီးခါလည်း လွန်စွာ ငြိမ်းချမ်း (အဆုံး၏ ကောင်းခြင်း)

ဘုရားရှင်၏ တရားတော်ကို အစွမ်းကုန်ကျင့်၍ အမြင့်ဆုံး မဂ်ဖိုလ်အကျိုးကို ရသောအခါ တစ်ဆယ့်တစ်ပါးသော ဒုက္ခအပူမီးများ အပြီးသတ် လက်စသိမ်း၍ လွန်စွာ ငြိမ်းချမ်းသော နိဗ္ဗာနဓာတ် (သန္တိသုခ) ချမ်းသာမြတ်ကို သိမြင် ဆိုက်ရောက် မျက်မှောက်ပြုကာ ရယူနိုင်ကြပါပြီ။ ထိုချမ်းသာမြတ်ကို ဘုရား ရဟန္တာ အရိယာပုဂ္ဂိုလ်တို့ ဖလသမာပတ်ဖြင့် အထပ်ထပ် အခါခါ သိမြင် ဆိုက်ရောက် မျက်မှောက်ပြုကာ ရယူတော်မူလေ့ရှိပါသည်။

ချမ်းသာသည်—

(၁) ခံစားရသော ချမ်းသာ "ဝေဒယိတသုခ"နှင့်

(၂) မခံစားရဘဲ ငြိမ်းချမ်းသော ချမ်းသာ "သန္တိသုခ"—

ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် "ဝေဒယိတသုခ"ကား တဏှာရာဂ သမားတို့ ခံစားသော ချမ်းသာဖြစ်၏။ ချမ်းသာစစ်မဟုတ်၊ မခံစားမီလည်း ဆင်းရဲ၏၊ ခံစားပြီးနောက်လည်း ဆင်းရဲ၏၊ ငြိမ်းချမ်းမှုမရှိ။ "သန္တိသုခ"ကား တဏှာရာဂ ကုန်ခန်းမှ ရရှိ၏။ မခံစားရဘဲ အေးငြိမ်းရ၏။ ဒုက္ခဆင်းရဲဟူ၍ မြူမျှ မရှိပါ။ တဏှာရာဂ မကင်းကြသော လူများစွာတို့သည် ခံစားဖူးကြ ခံစားနေရသော "ဝေဒယိတသုခ"ကိုသာ မြင်တွေ့ခံစားနေရသဖြင့် မခံစားရဘဲ ငြိမ်းချမ်းသော ငြိမ်သက်သော ချမ်းသာ"သန္တိသုခ"ကို မယုံကြည်နိုင်ဖြစ်ကာ မလိုမချင် ရှိတတ်ကြသည်။ အမှန်စင်စစ်အားဖြင့်ကား "သန္တိသုခ"သည် အောက်တန်းကျသူတို့ ရရှိနိုင်သော အောက်တန်းစား ချမ်းသာမျိုး မဟုတ်၊ လူထက် လူ, နတ်ထက် နတ်, မြတ်ထက် မြတ် ပုဂ္ဂိုလ်တို့သာ ရရှိနိုင်သော ချမ်းသာမျိုး ဖြစ်၏။ မခံစားဘဲ ချမ်းသာပုံ သဘောကို စဉ်းစား ဆင်ခြင်ကြည့်သူတို့ မှန်းဆ သိမြင် နိုင်ကြပါသည်။

ခွေးဘဝ ရောက်နေလို့သာ မစင်ကို စားချင်သည်။ ခွေးဘဝမှ လွတ်၍ လူဖြစ်သောအခါ စားပါဆို၍တောင် မစင်ကို မစားနိုင်၊ စားချင်စိတ်လည်းမရှိ။ စင်စစ်ကား မြင်ရုံမျှဖြင့် အော့နှလုံးနာကြသည်။

http://www.dhammadownload.com



ထို့အတူပင် ခံစားတတ်သော တဏှာ မကုန်သေး၍သာ ခံစားချင် နေသည်။ တဏှာကုန်ခန်း၍ ရဟန္တာဖြစ်သောအခါ ခံစားပါဆိုတောင် မခံစားတော့၊ ခံစားချင်စိတ်လည်း မရှိတော့။ စင်စစ်ကား ကာမဂုဏ် တွေကို စက်ဆုပ်ရွံမုန်း၍ မခံစားဘဲ အေးငြိမ်းသော ချမ်းသာကိုသာ နှစ်သက်နေတော့သည်။ ဤ၌ စားချင်၍ စားရသည့်အတွက် အလိုပြည့် ချမ်းသာရသည်ကား "ဝေဒယိတသုခ" ဖြစ်၏။ မစားချင်သည့်အတိုင်း မစားဘဲနေရသဖြင့် အေးငြိမ်းရသည်ကား "သန္တိသုခ" သဘောတည်း။

"သန္တိသုခ"၏ ခံစားမှုမပါဘဲ ချမ်းသာပုံ သဘောကို မှန်းဆ သိမြင်နိုင် ကြရန် ဥပမာသာဓကတစ်မျိုးဖြင့် တင်ပြပါဦးမည်—

အလွန်စည်းစိမ်ကြီးသော လူချမ်းသာ တစ်ယောက်သည် တီးကြ၊ မှုတ်ကြ၊ ကခုန်ကြနှင့် ယုယဖျော်ဖြေသူကလေးများ၏ အလယ်မှာ ထည်ထည်ဝါဝါ အိပ်ပျော်နေ၏။ ဆင်းရဲသား လယ်သမားလေး တစ်ယောက်ကား နေပူကျဲတောက် သစ်ပင်အောက်၌ လယ်ကန်သင်း ရိုးကို ခေါင်းအုံးကာ တစ်ယောက်တည်း အိပ်ပျော်နေရှာ၏။ အိပ်ပျော် ချိန်၌ ထိုနှစ်ယောက်လုံးပင် ဘာမျှ မခံစားကြရ။ အိပ်ရာမှ နိုးကြသော် ကိုယ်စီကိုယ်င "အိပ်ရတာ ကောင်းလိုက်တာ" ဟု ကျူးရင့်ပြောဆို ကြ၏။ မည်သည့် အရာ ကောင်းပါသနည်း၊ ခံစားမှုမပါ အေးငြိမ်း ချမ်းသာသော အကောင်းပင် မဟုတ်ပါလော။

ဘုရားရှင်၏ တရားတော်ကို ကျင့်၍ အမြင့်ဆုံးအဆင့် ရောက်သည့်အခါ အမြင့်ဆုံးသော "သန္တိသုခ" နိဗ္ဗာနဓာတ် ချမ်းသာမြတ်ကို ရရှိနိုင်ကြပါသည်။ ဒုက္ခဆင်းရဲဟူ၍ မြူမျှမသန်း လွန်စွာ ငြိမ်းချမ်းလှ၏။ ဤကား တရားတော်၏ "ကျင့်ပြီးခြင်း၊ အကျိုးရခြင်း" ဟူသော အဆုံး၏ ကောင်းခြင်းတည်း။

## အကြိတ်အနယ်ခံနိုင်သော တရားဖြစ်ခြင်း

ဘုရားရှင်၏ တရားတော်များသည် ဗုဒ္ဓဘာသာမှ ဘပါးသော သူဝါဒ ရှိသူ "တိတ္ထိ" တို့၌ ရှိသော အကြောင်းအကျိုးနှင့် မယှဉ်သည့် တရားမျိုး မဟုတ်၊ စိတ်ကူးဉာဏ်ဖြင့် ကြံဆတီထွင် ညွှန်ပြထားသော ဟန်ဆောင်တရား မျိုးလည်း မဟုတ်၊ ကိုယ်တိုင်ကျင့်ကြံ သိမြင်ပြီးမှ ဟောကြားညွှန်ပြထားသော လက်တွေ့ တရားများ ဖြစ်၏။ အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကောင်း၏။ မည်သည့် နတ် လူ ပညာရှိကမျှ ပိုသည်၊ လိုသည်၊ မှားသည်ဟု ဖြည့်စွက်ခြင်း၊ ပယ်နုတ်ခြင်း မပြုနိုင်၊ လွန်စွာ ခိုင်မာ၏။

တရားတော်က "မလုပ်နဲ့ အပြစ် ရှိသည်" ဟု တားမြစ်ထားသည်ကို လုပ်မိလျှင် တကယ်အပြစ်ရ၍ "လုပ်ပါ အကျိုးကြီးသည်"ဟု တိုက်တွန်းသည်ကို လုပ်ကြည့်လျှင် တကယ် အကျိုးရှိသည်ကို တွေ့ရ၏။ အကျိုးကို အပြစ်ဖြစ်အောင်, အပြစ်ကို အကျိုးဖြစ်အောင်, အကျိုးအပြစ် လုံးဝ မဖြစ်အောင်, ပေါ့သွားအောင်, လေးသွားအောင် မည်သည့် တန်ခိုးရှင်ကမျှ ဖန်တီးပိတ်ပင်ခြင်း, တားဆီးခြင်း, ဖယ်ရှားခြင်း စသည်ကို လုံးဝ မပြုနိုင်ပါ။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က ဟောခဲ့ပြောခဲ့သော တရားဖြစ်၍ ယခုခေတ် အခြေအနေ, ယခု လူတွေနှင့် မဟပ်မိ၊ ရှေးကျနေပြီ၊ ခေတ်မမီတော့ဟု ဆိုဖွယ်မရှိ။ တရားအားလုံးသည် တကယ့် သဘာဝဓမ္မချည်း ဖြစ်၍ ခေတ်အဆက်ဆက် နှစ်အဆက်ဆက် အချိန်အခါမရွေး အမြဲတမ်း အမှန်ဆုံး အကောင်းဆုံး ဖြစ်၍ သစ်နေဆဲဖြစ်ပါသည်။ လက်တွေ့ ညွှန်ပြထားသော တရားများဖြစ်သောကြောင့် သဘာဝလိုက်စားသူ ပညာရှိတို့၏ အကြိတ်အနယ်ဝေဖန်ဆွေးနွေးမှု, စိစစ်မှုတို့ကိုလည်း ကောင်းစွာ ခံနိုင်၏။ ပညာရှိလေလေ အားရကျေနပ်လေလေ ဖြစ်ကြရသည်။ ဤနေရာတွင် ဘုရားရှင်လက်ထက်တော်က ဥပါလိသူကြွယ် ချီးကျူးပြောဆိုခဲ့သော "မျောက်ကလေးကို ပင်မင်းပေးခိုင်းပုံ" ဥပမာစကားသည် တိတ္ထိတို့၏ ဝါဒတရားနှင့် ဗုဒ္ဓဝါဒတရားတို့၏ ခြားနားချက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းသိသာစေပါသည်။

ရှေးက ပုဏ္ဏားအိုကြီးတစ်ယောက်၌ မွေးခါနီး ကိုယ်ဝန်အရင့်အမာရှိနေသော ဇနီးငယ်ကလေး တစ်ယောက် ရှိ၏။ ကလေးမျက်နှာမြင်သောအခါ ကစားဖို့ရာ မျောက်ကလေးအဝယ်ခိုင်း၏။ "ဆိုင်းပါဦး" ဟု ပြောသော်လည်း မရ၊ ဇနီးက အထပ်ထပ် ပူဆာသဖြင့် ဈေးသို့ သွား၍ မျောက်ကလေး ဝယ်ပေးရသည်။ တဖန် မျောက်ကလေးကို ပင်မင်း (ဆေးဆိုး) ပေးရန် ပူဆာပြန်သောကြောင့် ပင်မင်းဆိုင်သို့ သွား၍ မျောက်ကလေးကို ရိုက်နှက်ဖွပ်လျှော်ပြီး ဆေးဆိုးပေးရန် အပ်နှံသည်။ ထိုအခါ ပင်မင်းဆရာက "ခင်ဗျား၏ မျောက်ကလေးမှာ လှအောင် ဆေးဆိုးတော့ ခံနိုင်ပါလိမ့်မည်၊ ဖြူအောင် ဖွပ်လျှော်ဖို့ရာ အထုအရိုက်ကိုတော့ ခံနိုင်မည် မဟုတ်ပါ"[၁] ဟု ဆိုသတဲ့။

---

၁။ မဇ္ဈိမပဏ္ဏာသ၊ ဥပါလိသုတ်။၃၈၄၆။

http://www.dhammadownload.com



ထိုအတူပင် နိဂဏ္ဌတို့၏ ဝါဒတ[illegible] လူမှု[illegible]တို့ အထင်ကြီးရုံ အပေါ်ယံ နားထောင်ကောင်းရုံ ဟန်ဆောင်ဆေးဆိုးပြမှုတော့ ခံနိုင်ပါရဲ့၊ သဘာဝလိုက်စားသူ ပညာရှိတို့၏ အကြိုဟ်[illegible] ဝေဖန်ဖွေးနွေးမှု, သုံးသပ်မှုကိုတော့ ခံနိုင်ရည် မရှိပါဟု-

တိတ္ထိဆရာကြီး "နိဂဏ္ဌနာဋပုတ္တ"အား တပည့်ဟောင်း ဖြစ်သူ "ဥပါလိ" သူကြွယ်က ပြောပြခဲ့ဖူးလေသည်။ ဥပါလိကား ယခင်က တိတ္ထိတို့၏ ဝါဒကို အသဲစွဲလက်ခံယုံကြည်ခဲ့သူဖြစ်သော်လည်း ဘုရားရှင်၏ တရားတော်ကို နာရသော အခါ တိတ္ထိတို့၏ ဝါဒ၌ ဘာမျှ အနှစ်ရှာမရ, အလဟဿ ဖြစ်သည်ကို အတိအကျ သိခဲ့သည်။ ဤသို့ ဖြစ်ရသည်မှာ ဘုရားတရားတော်များ၏ မည်သည့်သာသနာ ပြင်ပ ဝါဒနှင့် မဆို ယှဉ်ပြိုင်နိုင်သော ကောင်းမြတ်သည့် ဂုဏ်အရည်အချင်းများ ရှိနေသောကြောင့် ဖြစ်ပါသည်။

## ၂။ သန္ဒိဋ္ဌိကဂုဏ်တော်

သန္ဒိဋ္ဌိက=(သံ+ဒိဋ္ဌိက။ သံ=ကိုယ်တိုင်+ဒိဋ္ဌိက=သိမြင်အပ်သော တရားတော်။)

အရိယာပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်ကိုယ်ကျ (သူပြော လူပြော မဟုတ်ဘဲ) လက်တွေ့ဒိဋ္ဌ (မျက်စိဖြင့် မြင်ရသကဲ့သို့) သိမြင်ရသော တရားတော် ဖြစ်၏။ ဘုရားရှင် ဟောတော်မူထားသည့်အတိုင်းသာ ကျင့်ကြံ အားထုတ်ကြလျှင် ကျင့်တိုင်းပေါက်၍ မဂ်,ဖိုလ်အထိ ဆိုက်ရောက်နိုင်၏။ မဂ်,ဖိုလ်ရလျှင် နိဗ္ဗာန်ကို ကိုယ်တိုင် ကိုယ်ကျ သိမြင်နိုင်ကြ၏။ ထို့ကြောင့် အရိယာအပေါင်း သူတော်ကောင်းတို့သည် သူတကာ အပြော ကောင်း၍ ယုံကြည်ကျေနပ် ဆည်းကပ်ကြခြင်း မဟုတ်ဘဲ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါးကို တပ်အပ်ထင်ထင် ကိုယ်တိုင်တွေ့ ကိုယ်တိုင် မြင်ပြီး ကိုယ်တိုင်ယုံကြည် ကျေနပ်ဆည်းကပ်ကြခြင်း ဖြစ်ပါသည်။

["ပရိယတ်တရား"သည် ဘုရားရှင်၏ စကားတော်အစဉ်သာ ဖြစ်၍ ကိုယ်တိုင်ကျင့်ကြံ၍ ကိုယ်တိုင်ဒိဋ္ဌ သိရမြင်ရ ကိုယ့်သန္တာန်၌ ဖြစ်စေရသော တရားမဟုတ်သောကြောင့် ဤ"သန္ဒိဋ္ဌိက"ဂုဏ်တော်၌ မပါခြင်းဖြစ်၏။]

ဗုဒ္ဓဘာသာ၏လက်စွဲကျမ်း ၁၀—ပ-မ-သ-၈

http://www.dhammadownload.com



**ကိုယ်တိုင်သိမြင်နိုင်သော တရားဖြစ်ခြင်း**

ဘုရားရှင်၏ တရားတော်သည် ကိုယ်တိုင်ဒိဋ္ဌ သိမြင်နိုင်လောက်အောင် ထင်ရှားသော ဂုဏ်တော်ရှိ၏။ တရားတော်အတိုင်း ကျင့်လျှင် လောကီဈာန် အဘိညာဉ်တန်ခိုးအမျိုးမျိုးတို့အပြင် လောကီမှ လွန်မြောက်၍ လောကုတ္တရာ မဂ်, ဖိုလ်အထိ ရနိုင်ရောက်နိုင်၏။ အခြားသော ဘာသာတို့၌ ရှိသော တရားများကား ယင်းသို့မဟုတ်၊ ဈာန်အဘိညာဉ်တန်ခိုးမျှ ရနိုင်သော အစီအစဉ်မရှိ။ အချို့မှာ ဈာန်အဘိညာဉ်တန်ခိုးမျှ ရနိုင်လောက်သော အစီအစဉ်ကား ရှိ၏။ ယင်းသို့ရှိသော်လည်း လောကီမှ လွန်မြောက်၍ လောကုတ္တရာ မဂ်, ဖိုလ်အထိ ရနိုင်ရောက်နိုင်ခြင်းကား လုံးဝ မရှိပါ။ ယင်းတို့တရားများသည် လက်တွေ့နည်း မကျ၊ တကယ်လုပ်၍ အဟုတ်မဖြစ်၊ အပြောဖြင့် မောရ၍ ကျေနပ်နေကြရသည်။

ဘာသာခြားတို့သည် တရားကိုသာ လက်တွေ့ မပြနိုင်ကြသည် မဟုတ်၊ တရားကို ပညတ်ဟောပြ အဆုံးအမပေးခဲ့သော ဘုရားကိုလည်း အထင်အရှား ပြနိုင်သောအစွမ်းမရှိကြပါ။ ကောင်းကင်ဘုံမှာ လိုလို, ဟိုမှာ လိုလို, သည်မှာ လိုလိုနှင့် ယီးတီးယားတားဖြင့်သာ ကျေနပ်ကြရသည်။ ၎င်းတို့၏ ဘုရား၌ "ဘုရားဖြစ်ဖို့ရာ မည်သည့်ကောင်းမှုပါရမီကို ဆည်းပူးဖြည့်ကျင့်လျက် မည်သည့် အမျိုးအနွယ်တွင် ဖွားမြင်ပြီးလျှင် မည်ကဲ့သို့ တရားအားထုတ်၍ မည်သည့် အရပ်၌ ဘုရားဖြစ်ပြီးနောက် မည်မျှလောက် ကြာအောင် တရားဟော၍ မည်မျှသတ္တဝါတွေကို အကျွတ်တရား ရစေသည်"ဟု ကျကျနန ခိုင်ခိုင်မာမာ ပြစရာ မရှိပါ။

ဗုဒ္ဓအယူဝါဒ ရှိသူတို့၏ ဘုရားရှင်သည်ကား ထိုကဲ့သို့ မဟုတ်၊ ဖော်ပြပါ အချက်အားလုံးကို ကွက်ကွက် ကွင်းကွင်း စေ့စေ့ငငရှင်းလင်း ပြနိုင်၏။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က အိန္ဒိယပြည်၌ ပွင့်ထွန်းတော်မူခဲ့ကြောင်းကို ဘုရားရှင်၏ သီတင်းသုံးတော်မူရာ အရပ်နှင့် အဆောက်အအုံ အစိတ်အပိုင်းများ ယခုတိုင် မျက်မြင် ထင်ရှားရှိသေးသဖြင့် မည်သူမျှ ငြင်းဆန်နိုင်ဖွယ်မရှိပါ။ သို့ဖြစ်၍ ဗုဒ္ဓအယူဝါဒ ရှိသူတို့၏ ဘုရားသည် "လေဖမ်းဒန်းစီး ကောင်းကင်မှာ ထိုက်ကြီးတည်သလို" ယီးတီးယားတား ဟိုလိုလို သည်လိုလိုနှင့် လှည့်ပတ်၍ ထားအပ်သော စိတ်ကူး၌သာ ရှိသော ဘုရားမဟုတ်ပါ၊ တကယ်ပင် ထင်ရှားဖြစ်ခဲ့သော ဘုရားဖြစ်ပါသည်။

ယင်းသို့ ဘုရားရှင် ထင်ရှားဖြစ်ခဲ့သလို ဘုရားရှင်၏ တရားတော်များလည်း ယခုတိုင် ထင်ရှား ရှိနေကြဆဲ ဖြစ်၏။ ထိုတရားတော်၌ လာသည့်အတိုင်း ကျင့်ပါလျှင် ကိုယ်တိုင်ဒိဋ္ဌ သိမြင်နိုင်၏။ ကိုယ့်သန္တာန်မှာ မဂ်တရား ဖိုလ်တရား

http://www.dhammadownload.com



ဘုရားရှင် ဟောတော်မူအပ်သော တရားတော်တို့တွင် မဂ်တရားဟူသည် ကုသိုလ်တရားဖြစ်၍ ဖိုလ်တရားကား ထိုကုသိုလ်၏ အကျိုးတရား ဖြစ်၏။ ကုသိုလ်တရားချင်း တူသော်လည်း အခြား ဒါန, သီလ စသော ကုသိုလ်တရားတို့ကား များသောအားဖြင့် နောက်ဘဝ ရောက်မှ အကျိုး ပေးကြ၏။ ဤဘဝမှာပင် အကျိုး ပေးနိုင်စေကာမူ မဂ်ကုသိုလ်ကဲ့သို့ ခဏမခြားဘဲ တဆက်တည်း အကျိုးမပေးနိုင်ကြ၊ ရက်, လ, နာရီ ခြားပြီးမှသာ အကျိုး ပေးလေ့ရှိကြ၏။ မဂ်ကုသိုလ်တရားကား ထိုကဲ့သို့ မဟုတ်၊ အချိန်ကာလ ကြာအောင် ဆွဲ၍ ဖင့်နွဲ့လင့်နေရခြင်း မရှိဘဲ မဂ်တရားဖြစ်ပြီး၍ ချုပ်သည်နှင့် ထပ်ပြိုင်နက် ဖိုလ်တရားအကျိုးကို ပေးနိုင်ပါသည်။ ထို့ကြောင့် သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်-ဟူသော မဂ်လေးပါး တရားတော်သည် "အကာလိက"ဂုဏ်တော်အားဖြင့် ထင်ရှားတော်မူပါသည်။

**အကောင်းဆုံး အကျိုးရ၍ အမြန်ဆုံး အကျိုးပေးသော တရားတော်**

မဂ်လေးပါး တရားတော်သည် ကိလေသာတို့ကို တခါတည်း အပြီးအပြတ် သတ်နိုင်သော အလွန်အားကြီးသည့် အစွမ်းအာနုဘော်ကြောင့် တခြား (ဒါန, သီလ စသော) ကုသိုလ်တို့၏ အကျိုးထက် သာလွန်သော အတုမဲ့ အကျိုးကို ပေးစွမ်းနိုင်၏။ တခြား ကုသိုလ်တို့၏ အကျိုးမှာ ကိလေသာ မကင်းသည်နှင့်အမျှ ဒုက္ခမရှင်းသော အကျိုးများ ဖြစ်၏။ အေးငြိမ်းမှု မရှိကြ။ မဂ်ကုသိုလ်၏ အကျိုးကား ကိလေသာ ကင်း၍ ဒုက္ခရှင်း၏၊ အေးငြိမ်းမှုလည်း ရှိ၏။ ထို့ကြောင့် မဂ်ကုသိုလ်၏ အကျိုးဖြစ်သော ဖိုလ် ချမ်းသာမှာ အကောင်းဆုံးချမ်းသာ အကောင်းဆုံးအကျိုး ဖြစ်ပါသည်။

အကောင်းဆုံး အကျိုးကို ရစေနိုင်သော မဂ်လေးပါး ကုသိုလ်တရားသည် မိမိ ဖြစ်ပြီးလျှင် ပြီးချင်း တဆက်တည်း ဖိုလ်တည်းဟူသော အကျိုးကို အမြန်ဆုံး ပေးစွမ်းနိုင်၏။ မဂ်တရားဖြစ်သောအခါ ဖိုလ်တရား ဖြစ်မလာရန် တားမြစ်နိုင်သော အန္တရာယ်ဟူ၍ တစုံတရာမျှ မရှိနိုင်။ မဂ်ဟာရား ဖြစ်လျှင် ဖိုလ်တရားမှာ ကိန်းသေ ဖြစ်ကို ဖြစ်ရ၏။ [အဘိဓမ္မာသဘောဟရားကို လေ့သာဖူးက ပို၍ သဘောကျနိုင်ကြပါမည်။]

မဂ်တရား၏ အမြန်ဆုံး အကျိုးပေးရာ၌ အန္တရာယ်ဘေး မရှိပုံနှင့် စပ်၍ မဂ်ပုဂ္ဂိုလ်ကို တည်နေသော ကမ္ဘာရှိသော (၀ါ) ပျက်တော့မည့် ကမ္ဘာကို မပျက်သေးအောင် တန့်ရပ်ထားနိုင်သော "ဌိတကပ္ပီ" ပုဂ္ဂိုလ်မျိုးဟုပင် ကျမ်းဂန်[၁]တို့၌ ဂုဏ်ပြုတင်စားခဲ့ကြပါသည်။ ပုဂ္ဂိုလ်ကလည်း မဂ်သို့ အဆိုက်

၁။ အဘိ၊ ၄။ ၃၈၁၇။

http://www.dhammadownload.com



ကမ္ဘာကလည်း လောင်ကျွမ်းပျက်စီးချိန် ရောက်နေလျှင် ဖိုလ်မရောက်သေးခင် ကမ္ဘာကတောင် မပျက်သေးဘဲ ဆိုင်းငံ့နေရ၏ဟု ဆိုလိုပါသည်။ လုံးလုံး လျားလျား ကမ္ဘာမပျက်အောင် တားနိုင်၍ ဆိုခြင်းကား မဟုတ်၊ သာသနာ ရှိစဉ် ကမ္ဘာလည်း ပျက်ရိုးမရှိ။ သို့ရာတွင် ဤအဖြစ်မျိုးပင် ဖြစ်စေဦးတော့ မဂ်၏ အကျိုးပေးမှုမှာ အာနုဘော်ကြီးလှ၏၊ လျင်မြန်၏။ အန္တရာယ် မရှိဟု ပြလို၍ မိန့်တော်မူခြင်း ဖြစ်ပါသည်။ ချိန်ခါအခွင့် မဆိုင်းလင့်ဘဲ ကျင့်လျှင် ကျင့်ချင်း ခုလက်ငင်းချက်ချင်း အကျိုးခံစားရ၏။ "ရော့ ပတ္တမြား, ရော့ နဂါး"ဟု ဖလှယ်နေလျှင် ကြာဦးမည်။ တရားတော်၏ အကျိုးပေးမှုမှာ အလွန်မြန်ဆန်၍ စိတ္တက္ခဏတစ်ခုမျှပင် မခြားပါ။

## လက်ငင်းအကျိုးရနိုင်သော "အကာလိက"တရားများ

ဤ"အကာလိက"ဂုဏ်တော်သည် မဂ်လေးပါးတရားကို ပဓာနအားဖြင့် ဆိုသောကြောင့် စင်စစ် မဂ်လေးပါး တရားနှင့်သာ ဆိုင်သော ဂုဏ်တော် ဖြစ်၏။ သို့ရာတွင် "သတိပဋ္ဌာန်, အာနာပါန" စသော ဘာဝနာတရား များလည်း ရှုပွားလျှင် သောက, ဒေါသ ပျောက်ငြိမ်းမှု ချမ်းသာများကို လက်ငင်းဒိဋ္ဌ ရနိုင်ကြသည်သာ ဖြစ်သောကြောင့် ယင်းဘာဝနာတရားများ ကိုလည်း အပဓာနအားဖြင့် ယူနိုင်ပါသည်။ အခြား "ဒါန, သီလ" စသော ကုသိုလ်တရားများလည်း ပြုလုပ်တိုင်းမှာပင် အပြစ်မရှိ ချမ်းသာသော အကျိုး "အနဝဇ္ဇသုခဝိပါက" များကို အတိုင်းအတာ ရှိသမျှ ခံစားရရှိနိုင်ကြ သည်သာ ဖြစ်သောကြောင့် တကယ့် "အကာလိကအစစ်" ကုသိုလ်များ မဟုတ်စေကာမူ လက်ငင်း သုခ ရှိသော "အကာလိကကုသိုလ်" များပင် ဖြစ်ကြောင်း မှတ်ယူသင့်ပါသည်။

အချုပ်အားဖြင့်ကား– ဘုရားရှင်၏ တရားတော်သည် ငရဲနှင့် ခြောက်, နတ်ဘုံနှင့်မြှောက်ကာ တမလွန်ကိုသာ လက်ညှိုးညွှန်နေသော အခြောက်တရား, အမြှောက်တရား မဟုတ်၊ လက်တွေ့ အကျိုးရနိုင်သော "သန္ဒိဋ္ဌိက" တရား, အချိန်မရွေး အကျိုးပေးသော "အကာလိက" တရားမျိုး ဖြစ်ကြောင်း သတိ ထား၍ အလေးအစားပြုသင့်ကြပါသည်။

## ၄။ ဧဟိပဿိကဂုဏ်တော်

ဧဟိပဿိက = (ဧဟိ+ပဿိက။ ဧဟိ=လာစမ်းပါ+ပဿိက= ရှုကြည့်စမ်းပါဟူ၍ ဖိတ်ခေါ်ထိုက်သော တရားတော်၊ လာစမ်းပါ, လိုက်ခဲ့စမ်းပါ, ဤတရားကို ရှုကြည့်စမ်းပါ, ကျင့်ကြည့်စမ်းပါဟူ၍ ရဲရဲတောက် ဖိတ်ခေါ်ပြောကြားထိုက်သော တရားတော်။)

http://www.dhammadownload.com



ရှိပါသည်။ ဘုရားရှင် လက်ထက်တော်က [illegible] အရွယ်၂ ခုနစ်နှစ်သားအရွယ်၃ [illegible] တရားကို အလွယ်တကူ နားလည်သိမြင်၍ [illegible] ရောက်ခဲ့ရာ တကယ်တမ်း ကျင့်ကြံကြိုးကုတ် [illegible] မရနိုင်ဘဲ ရှိပါတော့အံ့နည်း။

ဤနေရာတွင် မိထွေးတော် ဂေါတမီ [illegible] ကျူးရင့်ခဲ့သော ဖော်ပြလတ္တံ့ပါ စကား [illegible] ကောင်းလှပါသည်—

ဘုန်းတော်ကြီးသော မြတ် [illegible] ခဲ့ကုန်သော ရှေးရှေးက (ဘုရားအ [illegible]) [illegible] တို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မတွေ့မြင်ခဲ့ [illegible]

ယခုအခါ၌မူ သားတော်ကြီး [illegible] မျှသာ ရှိသေးသော သူငယ် [illegible] သိမြင်ခံစားနေကြပါပြီ (ထေရီ [illegible])။

## လှည့်စား၍ မရနိုင်တော့ခြင်း

မဂ် ဖိုလ် နိဗ္ဗာန် ကိုးဆန်သော [illegible] သိမြင်ရသော တရားများ ဖြစ်၍ တရား [illegible] ဆုံးဖြတ်နိုင်ကြသောကြောင့် အရိယာပုဂ္ဂိုလ် [illegible] ရတနာ သုံးပါး၌ မတုန်မလှုပ် သက်ဝင် [illegible]။ [illegible] သုံးပါးနှင့် စပ်၍ မည်သူ တစ်ဦးတစ်ယော [illegible] လှည့်စား၍ မရပုံအတွက် ထင်ရှားသော [illegible] အတိုင်း ဖြစ်ပါသည်—

---

၁။ ၄-နှစ်သား ရဟန္တာသာမဏေ "ဂေါဒိ [illegible]" ([illegible])

၂။ ၅-နှစ်သား ရဟန္တာသာမဏေ "ပဋ္ဌ [illegible]" ([illegible]), "စန္ဒန"(အပ၊ ၂။၆၃။)

၃။ ၇-နှစ်သား ရဟန္တာသာမဏေ "သံကိစ္စ [illegible]" (မွေ၊ဋ္ဌ၊ ၂။၄၁၆။)

http://www.dhammadownload.com



သံဃာမည်၏။ [ပရမတ္ထ=အစစ်အမှန် မဖောက်မပြန်နိုင်သော (ရဟန်းသံဃာတော်အဖြစ်မှ ပြောင်းလွဲ၍ လူဝတ်ကြောင်ဘဝ စသည်သို့ ဘယ်နည်းနှင့်မျှ မလျှောကျနိုင်သော) +သံဃာ=အရိယာ ရဟန်းတော်များ၏ အပေါင်းအစု ဖြစ်သော သံဃာတော်။]

"သုပ္ပဋိပန္နတာ" စသော ဂုဏ်တော်များနှင့် အထိုက်အလျောက် ပြည့်စုံနိုင်၍ အရိယာ သံဃာတော်များနှင့် ဝိနည်းသိက္ခာ အကျင့် တူသောကြောင့် "သံဃာ"ဟု သမုတ်အပ်သော သံဃာတော်သည် "သမ္မုတိ"သံဃာတော်မည်၏။ (သမ္မုတိ=သမုတ်အပ် အသိအမှတ် ပြုအပ်သော+သံဃာ=ပုထုဇဉ်ရဟန်းတော်များ၏ အပေါင်းအစု ဖြစ်သော သံဃာတော်။) သမ္မုတိသံဃာတော်သည် ပုထုဇဉ်မျှသာ ဖြစ်၍ သံဃာအဖြစ်မှ လူဝတ်ကြောင်ဘဝသို့ လျှောကျနိုင်၏၊ အရိယာ သံဃာတော်များနှင့် အကျင့်သိက္ခာ တစ်စိတ်တစ်ဒေသအားဖြင့် တူညီသောကြောင့် တင်စားသောအားဖြင့် သံဃာဟူ၍ ခေါ်ဝေါ် ပညတ် သမုတ်အပ်သည်ဟု ဆိုလိုပါသည်။

အာရုံပြုရာတွင် သရဏဂုံ ဆောက်တည် ကိုးကွယ်ရာ၌ ဖြစ်စေ, သံဃာ့ဂုဏ်တော်များကို ရည်မှန်း၍ "သံဃာနုဿတိ" ကမ္မဋ္ဌာန်း စီးဖြန်းသော အခါ၌ဖြစ်စေ ပရမတ္ထသံဃာခေါ် အရိယာသံဃာတော်များ၏ "သုပ္ပဋိပန္နတာ" စသော ဂုဏ်တော်များကို အာရုံပြုရသည်။ သံဃိကဒါနအဖြစ် ကျောင်း, သင်္ကန်း, ဆွမ်း စသော အလှူ ပြုရာ၌ကား အာရုံပြုရာတွင် ပရမတ္ထသံဃာ, သမ္မုတိသံဃာ နှစ်မျိုးလုံး ပါဝင်ကြပါသည်။ ဥပမာ– ယခုကာလ စေတီ ပုထိုး ရုပ်ပွားဆင်းတုတော်များအား ပူဇော်ကြရာ၌ သက်တော်ထင်ရှား ဘုရားရှင်ကိုပါ ရည်စူး၍ ပူဇော်ကြသကဲ့သို့တည်း။

## ဘုရားရှင်ကိုယ်တော်စား သာသနာပြုပုဂ္ဂိုလ်များ

ဘုရားရှင် တည်ထောင်တော်မူခဲ့သော ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်—

(၁) ပရိယတ္တိသာသနာ=ပါဠိတော်နှင့် အဋ္ဌကထာ ကျမ်းစာများ၊

(၂) ပဋိပတ္တိသာသနာ=တရားတော်အတိုင်း ကျင့်ကြံ အားထုတ်မှု၊

(၃) ပဋိဝေဓသာသနာ=သိမြင်ရရှိသော မဂ်ဖိုလ်နိဗ္ဗာန်တရား–

ဟူ၍ သုံးမျိုး ရှိ၏။ သံဃာတော်သည် သာသနာတော် မဟုတ်၊ သာသနာ့ဝန်ဆောင်များသာ ဖြစ်၏။ ယင်းသာသနာ့ဝန်ဆောင် ဖြစ်တော်မူကြသော သံဃာတော်များ၏ တာဝန်ကား ဖော်ပြပါ သာသနာ သုံးမျိုးကို ကိုယ်တိုင်

http://www.dhammadownload.com



အားထုတ်ခြင်း, သူတပါးတို့ကို နားလည်အောင် ပို့ချဟောပြခြင်းအားဖြင့် ကွယ်ပျောက်မသွားအောင် စောင့်ရှောက်ရခြင်းဖြစ်၏။

ဤသာသနာတော် သုံးရပ်ကို မကွယ်ပအောင် ဘုရား ပရိနိဗ္ဗာန်စံတော်မူ၍ ကျမ်းဂန်ကို တတ်ကျွမ်းသည့် ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အဆင့်ဆင့် လက်ကမ်း၍ အဆက်ဆက် ဆောင်ရွက်တော်မူလာခဲ့ကြပါသည်။

အကယ်၍သာ ရှေးရှေးက သံဃာတော်များသည် ကိုယ်ကျိုးအတွက် သက်သက်ကြည့်၍ တရားကိုချည်း အားထုတ်နေကြသော်လည်းကောင်း, ရဟန်းသံဃာများကို အဆင့်ဆင့် အဆက်ဆက် စာပေများ မပို့ချဘဲ တာဝန်မဲ့စွာ အေးအေး နေခဲ့ကြသော်လည်းကောင်း, ဒါယကာ ဒါယိကာမတွေကိုသာ ဦးစားပေး၍ ဟောရေး ပြောရေးလောက်သာ အလေးထား နေခဲ့ကြသော် လည်းကောင်း ဤသာသနာ သုံးရပ်သည် ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် မကြာခင် ကွယ်ပျောက်ခဲ့ရာ၏။

စာချဆရာတော်တို့၏ အပင်ပန်းခံလျက် ကျမ်းဂန်ပို့ခြင်း, အဆင့်ဆင့် လက်ဆင့်ကမ်း၍ အဆက်ဆက် မပျက်မကွက် စာပေများ ပို့ချခြင်း, နှုတ်တက် အာဂုံ ဆောင်၍ ရွတ်အံ သရဇ္ဈာယ်ခြင်း စသော သာသနာစောင့် လုပ်ရပ်တို့ကြောင့်သာ ယခုတိုင်အောင် သာသနာတော်ကြီးကို အားလုံး ဖူးတွေ့နေကြရပါသည်။ ဤ၌ စာအုပ်ပေစာများ မရှိသေးမီ သီဟိုဠ် သာသနာခေတ်က သာသနာတော် တည်တံ့ရေးအတွက် အားကြိုးမာန်တက် အသက်နှင့်အပ် ဆောင်ရွက်ခဲ့ကြသော သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် ဆရာတော် အရှင်မြတ်တို့၏ သာသနာစောင့် လုပ်ငန်းရပ်တစ်ခုကို ကြည်ညိုသဒ္ဓါ ပွားနိုင်ရန် ဆက်လက် တင်ပြထားပါသည်—

> "သီဟိုဠ်ကျွန်းဝယ် "စဏ္ဍာလတိဿ" သူပုန်ဘေးကြီး ဖြစ်ပွားသော အခါ လူအများတို့ လုပ်ကိုင် စားသောက်ခြင်းငှာ မဖြစ်နိုင် သောကြောင့်လည်းကောင်း, မိုးခေါင် ရေရှား ဖြစ်နေသောကြောင့် လည်းကောင်း, ရဟန်းတော်များအတွက် အခက်အခဲကြုံတွေ့ရလေသော် ရဟန်းတော်အများပင် "ဇမ္ဗုဒီပ မဇ္ဈိမဒေသ" သို့ ပြောင်းရွှေ့ကြရလေသည်။
>
> ခြောက်ကျိပ်မျှသော ရဟန်းတော်တို့ကား ကမ်းနားသို့ ရောက်ပြီးမှ တစ်ဖက်ကမ်းကူးမည့် ဖောင်ကြီးပေါ်သို့မတက်ကြဘဲ ထိုင်တော်မူတ်သော သီဟိုဠ်ကျွန်း၌ပင် နေရစ်ကြလေသည်။

http://www.dhammadownload.com



ယင်းသို့ နေရစ်ကာ လူအများထံမှ ရသမျှသော သစ်ဥ, သစ်ရွက်, သစ်မြစ်တို့ကို ဘုဉ်းပေးစားသောက်ပြီး (စာအုပ် ပေစာ မရှိသေးသော ထိုခေတ်ဝယ်) နှုတ်တက်ရထားသော ပိဋကတ် တရားတော်များကို မေ့ပျောက်မသွားစေရန် နေ့စဉ် ရွတ်အံ၍ နေကြရှာလေသည်။ အချို့ နေရာများ၌ကား သစ်ဥ, သစ်ဖုမျှပင် မရကြသောကြောင့် လင်း လျှောက်၍ စာမပြန်နိုင်လျှင် ထိုင်၍ စာပြန်ကြ၏။ ဝမ်းတွင်း၌ အစာ မရှိ၍ ပူလောင်လာလျှင် ဝမ်းဗိုက်အေးစေရန် သဲတွေ စု၍ သဲပုံပေါ်၌ ဝမ်းလျားမှောက်၍ ကျမ်းစာများကို စိတ်ဖြင့်သာ ရွတ်အံတော်မူကြ လေသည် (အံ၊ ဋ္ဌ၊၁။၇၁)။

ရဟန်း သံဃာတော်များသည် သာသနာတော် တည်တံ့ရေး၏ အခြေခံ ဖြစ်သော ပရိယတ် တရားတော်ကြီး မကွယ်ပျောက်အောင် ကောင်းစွာ လည်းကျင့် အဆင့်ဆင့်လည်း ဆောင်ရွက်ခဲ့ပါသည်။ ဤ အကြောင်းကို ကောင်းကောင်းသိသူ အဘယ်လူ အဘယ်နတ် အဘယ်ဗြဟ္မာ အဘယ်သတ္တဝါ သည် အဘယ်မှာလျှင် စာပေသင်၍ အစဉ်ပို့ချ ရွတ်အံနေကြကာ ကောင်းစွာ ကျင့်နေကြသော ရဟန်း သံဃာတော်များကို မကြည်ညို မကိုးကွယ်ဘဲ နေနိုင်ပါအံ့နည်း။ ထိုသို့သော ရဟန်း သံဃာတော်များကို "ဘုရားအရာ ထား၍ ဘုရားရှင် ကိုယ်တော်စား သာသနာပြု ပုဂ္ဂိုလ်များ" အဖြစ် အစဉ်မြှောက်စား လေးစားယုံကြည် ကိုးကွယ်နေကြမည်သာ ဖြစ်ပါသတည်း။

**သာသနာတော် အရှည်ခံ၍ တည်တံ့ရေးအတွက်**
**သံဃာတော်အား အလေးထားသင့်ပုံ**

ဗုဒ္ဓမြတ်စွာသည် ညဉ့်အခါ၌ အမှောင်ထုကြီးကို ပယ်ခွင်း၍ အလင်းကို ဆောင်သော လမင်းနှင့် တူတော်မူ၏။ ရဟန်း သံဃာတော်များကား လမင်း၏ ဝန်းကျင် ဝဲယာ၌ ထွန်းလင်း တောက်ပလျက်ရှိသော ကြယ်တာရာ များနှင့် တူတော်မူကြပါသည်။

အစစ်အမှန် ဖြစ်သော "သွာက္ခာတ" စသော ဂုဏ်တို့နှင့် ပြည့်စုံသော တရားဓမ္မတို့မှာ ဗုဒ္ဓမြတ်စွာ လမင်းမှ ထွန်းလင်းထွက်ပေါ်လာသော အရောင် အဝါများနှင့် တူတော်မူကြ၏။ လမင်းကြီး ဝင်သွားသောအခါ ကြယ်တာရာ တို့၏ အလင်းရောင်ကိုသာ အားပြုရတော့သကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာ လမင်းရတနာကြီး ကွယ်ပပြီးရာ ယခုလို အခါ၌ သံဃာရတနာမှ တဆင့် ထွက်ပေါ်လာသော တရားဓမ္မ အရောင်ကိုသာ အားကိုးကြရပါသည်။

http://www.dhammadownload.com



"အရှင်မဟာကဿပ" မထေရ်မှ စ၍ သံဃာရတနာဝင် အရှင်မြတ်တို့သည် ယနေ့တိုင်အောင် တရားမွေ အရောင်ကို ထွန်းပြောင်စေတော်မူခဲ့ကြသည့် အတွက် ကျေးနပ် အားရဖွယ်ရာ လွန်စွာ ကျေးဇူး ကြီးမားတော်မူကြပါသည်။

သာသနာတော် အရှည်ခံ၍ တည်တံ့ထွန်းလင်းရေးအတွက် သံဃာတော်၏ အရေးပါမှုကို ကောင်းစွာ သိမြင်တော်မူသောကြောင့် ဘုရားရှင် ကိုယ်တော်တိုင် ရဟန်း သံဃာတော်များကို လွန်စွာ အရေးထား၍ လေးစားတော်မူခဲ့ပါသည်။ ထင်ရှားသော သာဓကတစ်ခုမှာ—

မိထွေးတော် ဂေါတမီသည် ဗုဒ္ဓရှင်တော်ဘုရားကို သင်္ကန်းလှူ လို၍ ရက်ကန်းသည်များကို သီးခြား အမိန့်ပေးကာ ကိုယ်တိုင်လည်း ပါဝင်၍ သင်္ကန်းကို ရက်လုပ်၏။ သင်္ကန်းရက်လုပ်ပြီး၍ ဘုရားရှင်အား လှူဒါန်းသောအခါ–

ဘုရားရှင်က– "သံဃေ တွံ ဂေါတမိ ဒေဟိ၊ သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စ=ဂေါတမီ....သံဃာအား လှူလိုက်လော့၊ သံဃာအား လှူလျှင် ငါ့အားလည်း ပူဇော်ရာရောက် လိမ့်မည်"ဟု မိန့်တော်မူသည် (ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ်။ ၂၉၉)။

ဤသို့ ဘုရားရှင် မိန့်တော်မူခြင်းမှာ မိထွေးတော် ဂေါတမီအား ဘုရားရှင်၌ စေတနာသုံးတန်, သံဃာတော်၌ စေတနာသုံးတန် စေတနာခြောက်တန်ရ၍ ကျေးဇူးများစေလိုသောကြောင့် ဖြစ်၏။ ထို့ပြင် နောင်လာသူ လူအပေါင်းတို့ အနေဖြင့် ရဟန်း သံဃာများအား အလေးပြုစေလိုသောကြောင့် ဤသို့ မိန့်တော်မူခြင်းဖြစ်၏။ ရဟန်း သံဃာများအား အလေးပြုစေလိုပုံမှာ –"ငါ ဘုရားသည် ကြာမြင့်စွာ မတည်၊ ဤသာဝက ရဟန်းသံဃာများသည်သာလျှင် ကြာမြင့်စွာ တည်မည်၊ ငါဘုရား၏ အဆုံးအမ သာသနာသည်လည်း ဤရဟန်း သံဃာတော် အပေါင်း၌သာလျှင် နှစ်ပေါင်းငါးထောင် မြဲးမြောင်ခံ့ရှည် တည့်ပေမည်။ ဤရဟန်း သံဃာတော် အပေါင်းသည်လည်း မြတ်သော အလှူကို ခံထိုက်သော ဒက္ခိဏေယျ ပုဂ္ဂိုလ်များပင် ဖြစ်၏။ ဤသို့ နောင်လာသူ လူအပေါင်းတို့ သိရှိ၍ ရဟန်းသံဃာတော်များအား အလေးပြုလျှင် သာသနာ တော်သည်လည်း ကြာမြင့်စွာ တည်လိမ့်မည်"ဟူ၍ ဖြစ်ပါသည်။

ဘုရားရှင် ကိုယ်တော်တိုင် ဤသို့ ဤပုံ ဦးစားပေး၍ အလေးထား အာရုံ ပြုတော်မူခဲ့သော ရဟန်း သံဃာတော်များအား သာသနာတော် အရှည်ခံ၍ တည်တံ့ရေးအတွက် အထူး အလေးထား ဆည်းကပ် ကိုးကွယ်သင့်ကြပါသည်။

## ရတနာသုံးပါး ဂုဏ်တော်များ ရွတ်ဖတ်ပွားများကျိုး

မကျဉ်းမကျယ် သိလွယ်ရုံမျှ ဖွင့်ပြခဲ့သော ရတနာသုံးပါး ဂုဏ်တော်ဖွင့်ကား အပြီးအဆုံးသို့ ရောက်ပါပြီ။ ဂုဏ်တော် ပွားများမှု "ဗုဒ္ဓါနုဿတိဘာဝနာ, ဓမ္မာနုဿတိဘာဝနာ, သံဃာနုဿတိဘာဝနာ" နှင့် ပတ်သက်၍—

(၁) ဉာဏ်ဖြင့် ဆင်ခြင်ပွားများခြင်း၊

(၂) နှုတ်ဖြင့် ရွတ်ဆိုပွားများခြင်း—

ဟူ၍ ပွားများပုံ ပွားများနည်း နှစ်မျိုး နှစ်စားရှိရာ ဉာဏ်ဖြင့် ဆင်ခြင်ပွားများခြင်းမှာ တကယ့် ဘာဝနာစစ် လုပ်ငန်းဖြစ်၍ တကယ်လည်း အကျိုးကြီးမား လှ၏။ ယင်းသို့ ဆင်ခြင် ပွားများနိုင်ရေးအတွက် ဂုဏ်တော်များ၏ အနက် အဓိပ္ပါယ်ကို သဘောပေါက် သိမြင်မှု ရှိရန် အထူး လိုအပ်၏။ ဤကျမ်း၌ ဖော်ပြထားသော ဂုဏ်တော်ဖွင့်များသည် အထပ်ထပ် အခါခါ ဖတ်သူတို့အတွက် ဂုဏ်တော်များ၏ ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို သဘောပေါက် သိမြင်နိုင်အောင် အထောက်အကူ ဖြစ်စေနိုင်ပါလိမ့်မည်။

လက်တွေ့ ဆင်ခြင် ပွားများလိုသူတို့ အတွက်လည်း "ပွားများနည်း"ကို ဘုရားဂုဏ်တော်ဖွင့် အဆုံးခန်း (စာ-၁၁၇)၌ အသင့် ဖွင့်ဆိုပြထားပြီး ရှိပါလေပြီ။ ထို၌ ဘုရားဂုဏ်ကို ပဓာနပြု၍ ဖွင့်ပြထားသော်လည်း ထိုနည်းကို စံထား၍ ကျန် တရားဂုဏ်နှင့် သံဃာဂုဏ်များကိုလည်း အလွယ်တကူ ပွားယူ နိုင်ကြပါသည်။

ရတနာသုံးပါး ဂုဏ်တော်များ၏ ပါဠိသက်သက်ကိုသာ ရ၍ အနက်အဓိပ္ပါယ် ကို သဘောပေါက် သိမြင်နိုင်မှု မရှိသူတို့အတွက်လည်း စိတ်ပျက်အားငယ်ရာ မရှိပါ။ အနက်အဓိပ္ပါယ်ကိုပင် မသိငြားသော်လည်း ဘုရားရှင်၏ ဂုဏ်တော်, တရားတော်၏ ဂုဏ်တော်နှင့် သံဃာတော်များ၏ ဂုဏ်တော်များကို အာရုံပြု၍ ဂုဏ်တော် ပါဠိများကို နှုတ်က အမြဲမပြတ် ရွတ်ဆိုပွားများခြင်း၊ စိတ်ထဲက ရည်မှတ်၍ ရွတ်ဆို ပွားများခြင်းကို ပြုလုပ်နိုင်ပါသည်။

ယင်းသို့ အမြဲအစွဲ ရွတ်ဆို ပွားများနေပါလျှင် ကြောက်ရွံ့သော စိတ်များ ပျောက်ကင်းခြင်း၊ လက်နက်ကောင်း, အဖော်ကောင်း ရှိသူသဖွယ် ရဲရင့်ခြင်း၊ နှလုံးသွေးများ ကြည်၍ စိတ်ဓာတ်များ ခိုင်မာ တည်တံ့ခြင်း၊ အစိမ်း, သူရဲ စသော မကောင်းဆိုးဝါးများ မခြောက်မလှန့်နိုင်ခြင်း၊ ရန်သူမျိုး ငါးပါး ဘေးအန္တရာယ်မှ လွတ်ကင်းခြင်း၊ နတ်, လူ သူတော်ကောင်းတို့ ချစ်မြတ်နိုးခြင်း

http://www.dhammadownload.com



စသော အကျိုးများကို ယခုဘဝ၌ပင် ရနိုင်ခြင်း၊ နောင်အခါ အလေ့အကျင့်အထုံရ၍ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက် ပြုနိုင်ခြင်း စသော အကျိုးများကို ကောင်းစွာ ရရှိနိုင်ကြပါသည်။

ထို့ပြင် "နှုတ်ဖြင့် ရွတ်ဆိုပွားများခြင်းသည် စိတ်ဖြင့် ရွတ်ဆိုပွားများခြင်း၏ အထောက်အပံ့ ဖြစ်၏။ စိတ်ဖြင့် ရွတ်ဆို ပွားများခြင်းသည် လက္ခဏာကို ထိုးထွင်း သိမြင်ခြင်း၏ အထောက်အပံ့ ဖြစ်၏။ လက္ခဏာကို ထိုးထွင်း သိမြင်ခြင်းသည် မဂ် ဖိုလ် နိဗ္ဗာန်ကို ထိုးထွင်း သိမြင်ခြင်း၏ အထောက်အပံ့ ဖြစ်၏" ဟူ၍ မဂ်ဖိုလ်နိဗ္ဗာန်အထိ ရောက်ရှိနိုင်သော ရွတ်ဆို ပွားများခြင်း၏ အကျိုးတရားကို ဝိသုဒ္ဓိမဂ်နှင့် ဝိဘင်းအဋ္ဌကထာကျမ်း[၁] တို့၌ တိုက်ရိုက် ဖွင့်ဆိုချက်များ ရှိပါသည်။

ထို့ကြောင့် ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါစိတ်ထားဖြင့် ထာဝစဉ် ဆင်ခြင်ပွားများခြင်း, ရွတ်ဆိုပွားများခြင်း အမှု ပြုလုပ်ကာ ကောင်းကျိုးချမ်းသာ မင်္ဂလာအကျိုးတရားတို့ကို ရရှိ ခံစားနိုင်ကြပါစေ။

သံဃာဂုဏ်တော်ဖွင့် ပြီး၏။

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၃၅။ အဘိ၊ဋ္ဌ၊ ၂။ ၂၁၅။

http://www.dhammadownload.com

# အခန်း (၆)

## ဆုတောင်းခြင်းနှင့် အမျှဝေခြင်း

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ရတနာမြတ်သုံးပါးကို ဦးချရှိခိုး၍ ငါးပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါး စသောအားဖြင့် သီလများကို ဆောက်တည်ခြင်း၊ ပန်း, ရေချမ်း, ဆွမ်း, ဆီမီး အသီးသီး ကပ်လှူ ပူဇော်ခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်းနှင့် ရတနာမြတ်သုံးပါး ဂုဏ်တော်ပွားများခြင်း စသော ကုသိုလ်ကောင်းမှု လုပ်ငန်းများကို နေ့စဉ်လိုလို ပြုလုပ်ကြမြဲ ဖြစ်၏။ ယင်း ကုသိုလ်ကောင်းမှု လုပ်ငန်းများကို အလွယ်တကူ ပြုလုပ်နိုင်ကြရန် ဤကျမ်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုကို ပြုလုပ်ပြီးနောက် ကောင်းမှုရှင် ပုဂ္ဂိုလ်များတွင် အချို့က ရေစက်ချခြင်းနှင့် အတူ "ဆုတောင်းခြင်း, အမျှဝေခြင်း" တို့ကို ဆက်လက် ပြုလုပ်လေ့ရှိသော်လည်း အချို့က "ပြုရန် မလိုပါ၊ ရေစက်မချလဲ ကုသိုလ်ရပြီးသားပဲ"ဟု သဘောထားကာ မပြုလုပ်ဘဲ နေတတ်ကြပါသည်။ ပြုလုပ်သူ အချို့ကလည်း ပြုလုပ်ရိုး အစဉ်အလာ ရှိ၍ အရှိန်အဟုန် မပျက် ဆက်လက် လုပ်နေရသော်လည်း အကျိုးစီးပွား ရှိ, မရှိကိုပင် ဆင်ခြင်မိဟန် မတူပါ။ ဆုတောင်းခြင်းနှင့် ပတ်သက်၍ အမြီး အမောက် မတည့်ဘဲ ရောက်မိ ရောက်ရာ ဆုတောင်းဆုယူ ပြုမိနေသူတို့လည်း ရှိနေတတ်ကြပါသည်။

အမှန်စင်စစ် ဆုတောင်းခြင်း, အမျှဝေခြင်း အလုပ်တို့သည် အချည်းနှီး အကျိုးမဲ့ မဟုတ်ကြပါ၊ သေချာပေါက် အကျိုးစီးပွားများကို တိုးတက် ရယူလို၍ အပိုထပ်ကာ အမြတ်ပေါ်အောင် ပြုလုပ်ကြခြင်းသာ ဖြစ်၏။ မလုပ်လျှင် အပြစ်ရမှာမို့ ပြုလုပ်ရခြင်း မဟုတ်ပါ။ သို့ပါလျက် နည်းစနစ် မှန်ကန်မှုရှိအောင် မလုပ်တတ်လျှင် "ထိုင်နေ အကောင်းသား ထသွား ကျိုးမှန်းသိ"ဖြစ်ကာ အကျိုးမရ အပြစ်ရ၍ အရင်းရှုံးတတ်ကြပါသည်။

သို့ဖြစ်၍ "ဆုတောင်းခြင်း, အမျှဝေခြင်း" ဖြင့် သေချာပေါက် အကျိုးများ တိုးပွား ရရှိစေရန်နှင့် သံသရာလမ်း စခန်းဝယ် အမြတ်ဆုံး နိဗ္ဗာန်နှင့် ဖြောင့်တန်းသော လုပ်ငန်းကောင်းတစ်ခု ဖြစ်စေရန် ရည်သန်လျက် ဆုတောင်းခန်းနှင့် အမျှဝေခန်းတို့ကို လေ့လာသိရှိနိုင်ရန် ဆက်လက် တင်ပြထားပါသည်။

http://www.dhammadownload.com



**ဆုတောင်းခြင်းအကြောင်း**

"ဆုတောင်းခြင်း"ဟူသည် မိမိလိုအပ်သော အကျိုးကို စိတ်ဖြင့် မှန်းဆ၍ ဖြစ်စေ, နှုတ်ဖြင့် တမ်းတ၍ ဖြစ်စေ တောင်းဆိုခြင်း ဖြစ်သည်။ ပါဠိဘာသာလို "ပတ္ထနာ", "ယာစနာ" စသောအားဖြင့် ခေါ်ဝေါ်သုံးနှုန်း၏။ အဘိဓမ္မာ တရားကိုယ် သဘောအားဖြင့်ကား "ဆန္ဒစေတသိက်"တည်း။

ယင်းသို့ ဆုတောင်းရာ၌ တောင်းသော ဆုကို ပေးမည့် သူမှာ အခြားသူ မဟုတ်၊ မိမိ (ပြုသောကံ) သာလျှင် ဖြစ်သောကြောင့် ဆုကို တောင်းရုံသာ တောင်း၍ မရနိုင်၊ ကောင်းမှုကုသိုလ်ကိုလည်း ပြုရပေဦးမည်။

တဖန် ကောင်းမှုကုသိုလ်ကို ပြု၍ ဆုမတောင်းခဲ့ပြန်လျှင် အကျိုးရရှိမှု မသေချာနိုင်သောကြောင့် ကုသိုလ်ကောင်းမှု တစုံတခု ပြုတိုင်း ဆုကိုလည်း တောင်းရမည်။

> မှန်ပါသည်၊ "အကြင်ပုဂ္ဂိုလ်အား တရားငါးမျိုး (သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ)သာ ရှိ၍ ဆုတောင်းခြင်း မရှိ၊ ထိုပုဂ္ဂိုလ်အား ကောင်းကင်သို့ ပစ်လွှတ်သော လှံတံသည် အရင်း, အဖျား, အလယ် အားဖြင့် ဤသုံးပါးတွင် ကျချင်ရာ ကျနိုင်သကဲ့သို့ အကျိုးရမှု မသေချာ။ ဆုကိုသာ တောင်း၍ တရားငါးမျိုး မရှိလျှင်လည်း အကျိုးရမှု မသေချာ။ တရားငါးမျိုးလည်းရှိ၍ ဆုလည်းတောင်းသူအား သေချာပေါက် အကျိုးရနိုင်၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှု တစုံတခု ပြုတိုင်း ဆုမတောင်းဘဲ မနေသင့် (ဥပရိပဏ္ဏာသဋ္ဌကထာ၊ သင်္ခါရုပ- ပတ္တိသုတ်။၁၀၄)။

ဆိုလိုသည်မှာ ကောင်းမှု ကုသိုလ်ကိုလည်း ပြု၊ ဆုကိုလည်း တောင်းပါ၊ သို့မှသာ လိုရာဆန္ဒ အကျိုးစီးပွားများ အလိုကျအတိုင်း သေချာပေါက် ပြီးစီးနိုင်မည်ဟု ဆိုလိုပါသည်။

"ကောင်းမှု ကုသိုလ်"ဆိုရာ၌ "ဆုတောင်းမှု"ကို ပြီးစီး ပြည့်စုံစေနိုင်သော ကောင်းမှု ကုသိုလ်မျိုးမှာ– "သီလရှိသူသည် စင်ကြယ်သူ ဖြစ်သောကြောင့် မိမိ တောင့်တသည့်အတိုင်း ပြည့်စုံရ၏"ဟု (အံ၊၃၊ဒါနူပပတ္တိသုတ်။ ၇၀–၂။ မူလပဏ္ဏာသ။ သာလေယျကသုတ်)စသည်တို့၌ ဘုရားရှင် မိန့်မြွက်တော်မူခဲ့သော ကြောင့် သီလစောင့်စည်းမှု ရှိသူ၏ ကောင်းမှုကုသိုလ်သည်သာ အဓိကအခြေခံ အကျဆုံး ဖြစ်ကြောင်း သတိပြုသင့်ပါသည်။ ဤတွင် "သီလ"ကို "သမာဓိ =စိတ်တည်ကြည်မှု"နှင့် "ပညာ = ထိုးထွင်းသိမြင်မှု" နှစ်ပါးတို့ဖြင့် အဆင့်ဆင့် မွမ်းထိုပေးနိုင်ကြပါမူကား ဆိုဖွယ်ရာ မရှိ၊ သာ၍ပင် ပြီးပြည့်စုံ

http://www.dhammadownload.com



နိုင်ပါသည်။ ဆိုလိုသည်မှာ–သမထ, ဝိပဿနာတရား ပွားများအားထုတ်ဆဲဖြစ်သော ယောဂီသူတော်စင်နှင့် အားထုတ်ပြီး ဖြစ်သော အရိယာအရှင်တို့၏ ဆုတောင်းခြင်းမှာ ပို၍ပင် မြင့်မြတ်စင်ကြယ်၏၊ တွယ်တာမှုကင်းသော သီလဖြစ်၍ လိုတိုင်း ရ, တ-တိုင်းပြည့် ဖြစ်နိုင်ကြသည်ဟု ဆိုလိုပါသည်။

## သေသူကို နတ်ပြည်ရောက်အောင် ဆုတောင်းပေး၍ ရနိုင်ပါသလော?

ဆုတောင်းခြင်းနှင့်စပ်၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏"ဆုတောင်းခြင်း"၌ ဆုပေးမည့် သူမှာ အခြားသော ဖန်ဆင်းရှင် ဘုရားသခင်ဟူ၍ သီးခြား မရှိပါ။ မိမိအနေဖြင့်သာ မိမိလိုအပ်သမျှကို ဖန်ဆင်းရယူနိုင်ပါသည်။ ဘုရားရှင် အနေဖြင့်ကား "မိမိကို မိမိ ကယ်တင်နိုင်ရန်, မိမိကို မိမိ လိုသလို ဖန်ဆင်းနိုင်ရန်" နည်းလမ်းများကိုသာ ညွှန်ပြပေးတော်မူပါသည်။

အရာရာကို ဘုရားရှင်ကသာ ဖန်ဆင်းပေးသည်ဟု ယုံကြည် ယူဆသူတို့၏ "ဆုတောင်းခြင်း"၌ကား ဆုပေးမည့် သူမှာ သီးခြား ဖြစ်၍ ဖန်ဆင်းရှင် ဘုရားသခင်ဟူ၍ ရှိ၏။ မိမိဘာသာ မိမိအလိုကျ ဖန်ဆင်းရယူနိုင်ခြင်း မရှိ။ ဖန်ဆင်းရှင် ဘုရားသခင်က ဖန်ဆင်းပေးမှသာ ရနိုင်သောကြောင့် ဘုရားထံ အသနားခံ၍ တောင်းယူကြရပါသည်။

ဤ၌ မိမိ လိုအပ်သော ဆုကို ဘုရားရှင်က တောင်းပေး၍ ရနိုင်, မရနိုင်ဟူသော ပြဿနာနှင့် စပ်၍ ဘုရားရှင် ကိုယ်တော်တိုင် ဖြေရှင်း မိန့်မြွက်တော်မူချက်မှာ လွန်စွာ လေးနက်၍ မှတ်သားနာယူဖွယ် ကောင်းလှပါသည်—

> အသိဗန္ဓကၕ်သား ရွာသူကြီး တစ်ဦးက– "မြတ်စွာဘုရား... ပြာဟ္မဏ ဆရာကြီးတို့သည် သေသွားသူကို နတ်ပြည်ရောက်အောင် ဆုတောင်းပေးနိုင်ကြပါသည်၊ အရှင်ဘုရားကော ထိုသို့ ပြုလုပ်ပေးနိုင်ပါသလား" ဟု လျှောက်ထား၏။
>
> ထိုအခါ မြတ်စွာဘုရားက–"ပါဏာတိပါတ စသော ဒုစရိုက်များကို လုပ်၍ သေသွားသူ အတွက် လူအများ စုပေါင်း၍ 'နတ်ပြည်ရောက်ပါစေ' ဟု ဆုတောင်း ပေးသော်လည်း ရေ၌ မြုပ်နေသော ကျောက်ခဲကို 'ကမ်းပေါ် တက်လာပါစေ' ဟု ဆုတောင်း၍ မရသကဲ့သို့ မရနိုင်ချေ။

http://www.dhammadownload.com



**ဆုတောင်းခြင်းအကြောင်း**

"ဆုတောင်းခြင်း"ဟူသည် မိမိလိုအပ်သော အကျိုးကို စိတ်ဖြင့် မှန်းဆ၍ ဖြစ်စေ, နှုတ်ဖြင့် တမ်းတ၍ ဖြစ်စေ တောင်းဆိုခြင်း ဖြစ်သည်။ ပါဠိဘာသာလို "ပတ္ထနာ", "ယာစနာ" စသောအားဖြင့် ခေါ်ဝေါ်သုံးနှုန်း၏။ အဘိဓမ္မာ တရားကိုယ် သဘောအားဖြင့်ကား "ဆန္ဒစေတသိက်"တည်း။

ယင်းသို့ ဆုတောင်းရာ၌ တောင်းသော ဆုကို ပေးမည့်သူမှာ အခြားသူ မဟုတ်၊ မိမိ (ပြုသောကံ) သာလျှင် ဖြစ်သောကြောင့် ဆုကို တောင်းရုံသာ တောင်း၍ မရနိုင်၊ ကောင်းမှုကုသိုလ်ကိုလည်း ပြုရပေဦးမည်။

တဖန် ကောင်းမှုကုသိုလ်ကို ပြု၍ ဆုမတောင်းခဲ့ပြန်လျှင် အကျိုးရရှိမှု မသေချာနိုင်သောကြောင့် ကုသိုလ်ကောင်းမှု တစုံတခု ပြုတိုင်း ဆုကိုလည်း တောင်းရမည်။

> မှန်ပါသည်၊ "အကြင်ပုဂ္ဂိုလ်အား တရားငါးမျိုး (သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ)သာ ရှိ၍ ဆုတောင်းခြင်း မရှိ၊ ထိုပုဂ္ဂိုလ်အား ကောင်းကင်သို့ ပစ်လွှတ်သော လှံတံသည် အရင်း, အဖျား, အလယ် အားဖြင့် ဤသုံးပါးတွင် ကျချင်ရာ ကျနိုင်သကဲ့သို့ အကျိုးရမှု မသေချာ။ ဆုကိုသာ တောင်း၍ တရားငါးမျိုး မရှိလျှင်လည်း အကျိုးရမှု မသေချာ။ တရားငါးမျိုးလည်းရှိ၍ ဆုလည်းတောင်းသူအား သေချာပေါက် အကျိုးရနိုင်၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှု တစုံတခု ပြုတိုင်း ဆုမတောင်းဘဲ မနေသင့် (ဥပရိပဏ္ဏာသဋ္ဌကထာ၊ သခ်ါရုပ-ပတ္တိသုတ်။၁၀၄)။

ဆိုလိုသည်မှာ ကောင်းမှု ကုသိုလ်ကိုလည်း ပြု၊ ဆုကိုလည်း တောင်းပါ၊ သို့မှသာ လိုရာဆန္ဒ အကျိုးစီးပွားများ အလိုကျအတိုင်း သေချာပေါက် ပြီးစီးနိုင်မည်ဟု ဆိုလိုပါသည်။

"ကောင်းမှု ကုသိုလ်"ဆိုရာ၌ "ဆုတောင်းမှု"ကို ပြီးစီး ပြည့်စုံစေနိုင်သော ကောင်းမှု ကုသိုလ်မျိုးမှာ— "သီလရှိသူသည် စင်ကြယ်သူ ဖြစ်သောကြောင့် မိမိ တောင့်တသည့်အတိုင်း ပြည့်စုံရ၏"ဟု (အံ၊၃၊ဒါနူပပတ္တိသုတ်။ ၇၀-၂။ မူလပဏ္ဏာသ။ သာလေယျကသုတ်)စသည်တို့၌ ဘုရားရှင် မိန့်မြွက်တော်မူခဲ့သော ကြောင့် သီလစောင့်စည်းမှု ရှိသူ၏ ကောင်းမှုကုသိုလ်သည်သာ အဓိကအခြေခံ အကျဆုံး ဖြစ်ကြောင်း သတိပြုသင့်ပါသည်။ ဤတွင် "သီလ"ကို "သမာဓိ =စိတ်တည်ကြည်မှု" နှင့် " ပညာ = ထိုးထွင်းသိမြင်မှု " နှစ်ပါးတို့ဖြင့် အဆင့်ဆင့် မြှမ်းထုံပေးနိုင်ကြပါမူကား ဆိုဖွယ်ရာ မရှိ၊ သာ၍ပင် ပြီးပြည့်စုံ

http://www.dhammadownload.com



နိုင်ပါသည်။ ဆိုလိုသည်မှာ–သမထ, ဝိပဿနာတရား ပွားများအားထုတ်ဆဲဖြစ်သော ယောဂီသူတော်စင်နှင့် အားထုတ်ပြီး ဖြစ်သော အရိယာအရှင်တို့၏ ဆုတောင်းခြင်းမှာ ပို၍ပင် မြင့်မြတ်စင်ကြယ်၏၊ တွယ်တာမှုကင်းသော သီလဖြစ်၍ လိုတိုင်း ရ, တ-တိုင်းပြည့် ဖြစ်နိုင်ကြသည်ဟု ဆိုလိုပါသည်။

## သေသူကို နတ်ပြည်ရောက်အောင် ဆုတောင်းပေး၍ ရနိုင်ပါသလော?

ဆုတောင်းခြင်းနှင့်စပ်၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏"ဆုတောင်းခြင်း"၌ ဆုပေးမည့် သူမှာ အခြားသော ဖန်ဆင်းရှင် ဘုရားသခင်ဟူ၍ သီးခြား မရှိပါ။ မိမိအနေဖြင့်သာ မိမိလိုအပ်သမျှကို ဖန်ဆင်းရယူနိုင်ပါသည်။ ဘုရားရှင် အနေဖြင့်ကား "မိမိကို မိမိ ကယ်တင်နိုင်ရန်, မိမိကို မိမိ လိုသလို ဖန်ဆင်းနိုင်ရန်" နည်းလမ်းများကိုသာ ညွှန်ပြပေးတော်မူပါသည်။

အရာရာကို ဘုရားရှင်ကသာ ဖန်ဆင်းပေးသည်ဟု ယုံကြည် ယူဆသူတို့၏ "ဆုတောင်းခြင်း"၌ကား ဆုပေးမည့် သူမှာ သီးခြား ဖြစ်၍ ဖန်ဆင်းရှင် ဘုရားသခင်ဟူ၍ ရှိ၏။ မိမိဘာသာ မိမိအလိုကျ ဖန်ဆင်းရယူနိုင်ခြင်း မရှိ။ ဖန်ဆင်းရှင် ဘုရားသခင်က ဖန်ဆင်းပေးမှသာ ရနိုင်သောကြောင့် ဘုရားထံ အသနားခံ၍ တောင်းယူကြရပါသည်။

ဤ၌ မိမိ လိုအပ်သော ဆုကို ဘုရားရှင်က တောင်းပေး၍ ရနိုင်, မရနိုင်ဟူသော ပြဿနာနှင့် စပ်၍ ဘုရားရှင် ကိုယ်တော်တိုင် ဖြေရှင်း မိန့်မြွက်တော်မူချက်မှာ လွန်စွာ လေးနက်၍ မှတ်သားနာယူဖွယ် ကောင်းလှပါသည်—

> အသိဗန္ဓကၡ၏သား ရွာသူကြီး တစ်ဦးက– "မြတ်စွာဘုရား... ပြာဟ္မဏ ဆရာကြီးတို့သည် သေသွားသူကို နတ်ပြည်ရောက်အောင် ဆုတောင်းပေးနိုင်ကြပါသည်၊ အရှင်ဘုရားကော ထိုသို့ ပြုလုပ်ပေးနိုင်ပါသလား" ဟု လျှောက်ထား၏။
>
> ထိုအခါ မြတ်စွာဘုရားက–"ပါဏာတိပါတ စသော ဒုစရိုက်များကို လုပ်၍ သေသွားသူ အတွက် လူအများ စုပေါင်း၍ 'နတ်ပြည် ရောက်ပါစေ' ဟု ဆုတောင်း ပေးသော်လည်း ရေ၌ မြုပ်နေသော ကျောက်ခဲကို 'ကမ်းပေါ် တက်လာပါစေ' ဟု ဆုတောင်း၍ မရသကဲ့သို့ မရနိုင်ချေ။

http://www.dhammadownload.com



သူစရိုက် လုပ်ပြီး သေသွားသူအတွက်လည်း 'အပါယ်ကျပါစေ'ဟု ဆုတောင်း ပေးသော်လည်း ထောပတ်အိုးကို ရေ၌ ချသောအခါ ရေပေါ် ပေါ်လာသော ထောပတ်ဆီများကို 'နစ်မြုပ်ပါစေ' ဟု ဆုတောင်း၍ မရနိုင်သကဲ့သို့ပင် ဖြစ်သည်''ဟု မိန့်တော်မူသည် (သံ၊၂၊ အသိဗန္ဓကပုတ္တသုတ်။၄၉၇)။

ထို့ပြင် ဆရာ အစဉ်အဆက်ကပင် ဖန်ဆင်းရှင်ကို မြင်လည်း မမြင်ဖူး။ မည်သည့် နေရာ၌ ရှိသည်ဟူ၍လည်း မသိပါဘဲလျက် ထိုဖန်ဆင်းရှင် နေရာ ဘုံဌာနသို့ ရောက်ရန် ကျင့်ကြံနေခြင်း ဆုတောင်းခြင်းတို့သည်—

မည်သည့်အရပ်၌ ရှိ၍ မည်သည့် အမျိုးအနွယ် အမည်နာမ ရှိသည့် မည်မျှ လှပသည်ဟု မသိမမြင်ဖူးသော (စိတ်ကူးယဉ်) အလှမယ်ကို လိုချင်နေသူကဲ့သို့လည်းကောင်း၊

မည်သည့် အရပ်၌ ရှိ၍ မည်သို့ ဆောက်လုပ်ထားသည် မည်မျှ နိမ့်သည် မြင့်သည်ဟု မသိရသော အဆောက်အအုံကြီးကို ထောင်ပြီး တက်ရန် လှေကား ပြုလုပ်နေသူကဲ့သို့လည်းကောင်း၊

ဟိုမှာဘက် မြစ်ကမ်းကြီးကို ဤမှာဘက်သို့ ရောက်လာပါစေဟု ဆုတောင်းနေသူကဲ့သို့လည်းကောင်း–

ဖြစ်၍ အကြောင်းယုတ္တိ မရှိကြောင်း မိန့်တော်မူသည် (ဒီ၊၁၊တေဝိဇ္ဇ သုတ်။၂၂၂)။

ယုံကြည်ချက် ဇွဲ၊ လုံ့လနှင့် ဆန္ဒအင်အား မည်မျှပင် ကြီးမားထက်သန် စေကာမူ မိမိ ဆန္ဒကသာ ချမှတ်ဖေးထားသော ပန်းတိုင်သည် အမှန်တကယ် ရှိသော ပန်းတိုင် မဟုတ်သောကြောင့် လိုအပ်သော အကျိုးကို မည်သည့် အခါမျှ ပြီးစီးစေနိုင်မည် မဟုတ်သည်ကို သတိပြုသင့်ပါသည်။

### တောင်းသော ဆုနှင့် တန်အောင်ပြုရမည်

"လောက၌ တစ်ရာတန်ပစ္စည်းကို လိုလျှင် တစ်ရာကျပ်၊ တစ်ထောင်တန် ပစ္စည်းကို လိုလျှင် တစ်ထောင်ကျပ်" စသောအားဖြင့် တန်ရာ တန်ကြေး ပေးယူမှ မိမိ လိုအပ်သော ပစ္စည်းကို ရနိုင်သကဲ့သို့ ဆုတောင်းရာ၌လည်း တောင်းသောဆုနှင့် တန်အောင် ကုသိုလ် ကောင်းမှုကို ပြုမှ (ကုသိုလ်ကောင်းမှု

http://www.dhammadownload.com



ကြေးကို ပြုပေးမှ) လိုအပ်သော အရာကို လိုအပ်သလောက် ရနိုင်ပေမည်။ ငွေတစ်ပြား ပေးရုံမျှဖြင့် တစ်သိန်းတန် ရွှေဖလားကို မရနိုင်သကဲ့သို့ မတောက်တခေါက် ကောင်းမှု ကုသိုလ်လေး ပြုရုံမျှဖြင့်လည်း လိုအပ်သမျှ ဆုတွေ တပုံကြီး တောင်းယူ၍ ရနိုင်ကြမည် မဟုတ်ပါ။

"ဂေါတမ" ဘုရားရှင်သည် မိမိ တောင်းသော ဘုရားဆုနှင့် တန်အောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီ ကောင်းမှု ကုသိုလ်စုတို့ကို ပြုလုပ် ဆည်းပူးတော်မူခဲ့ရခြင်း၊ "အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်" တို့သည် မိမိတို့ တောင်းသော အဂ္ဂသာဝကဆုနှင့် တန်အောင် တစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းတိုင်တိုင် ပါရမီ ကောင်းမှု ကုသိုလ်စုတို့ကို ပြုလုပ် ဆည်းပူးတော်မူခဲ့ရခြင်း၊ မဟာသာဝကများ ဖြစ်သော "အရှင်မဟာကဿပ", "အရှင်အာနန္ဒာ" တို့နှင့် ထင်ရှားသော ရဟန္တာမကြီးများ ဖြစ်ကြသော "မိထွေးတော်ဂေါတမီ" "ခေမာထေရီ" စသည်တို့သည်လည်း မိမိတို့ တောင်းသော ဆုများနှင့် တန်အောင် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီ ကောင်းမှု ကုသိုလ်စုတို့ကို အသီးသီး ပြုလုပ် ဆည်းပူးတော် မူခဲ့ကြရခြင်းတို့ကို ကြည့်လျှင် ဂုဏ်ထူးရှင်တို့အဖို့ တောင်းသောဆုနှင့် တန်အောင် ကုသိုလ်ကောင်းမှု ပြုရမည်မှာ တနည်းအားဖြင့် မိမိ တောင်းသော ဆုအတွက် တန်ရာ တန်ကြေး ပေးယူရမည်မှာ ထင်ရှား သိသာလှပါသည်။

ဂုဏ်ထူးရှင်အဖြစ် မလိုလားဘဲ သာမည အနေမျိုးဖြင့် နိဗ္ဗာန်ကို အမြန် လိုချင်သူတို့ အဖို့ကား– ကြိုးကြိုးစားစား နိုးနိုးကြားကြားဖြင့် အားထုတ်ပါမူ သာသနာ ထွန်းလင်းခိုက် ဖြစ်၍ ယခု ဘဝမှာပင် နိဗ္ဗာန်ကို ရနိုင်ခွင့် ရှိပါ၏။ အကယ်၍ မရနိုင်သေးလျှင် ဤဘုရားရှင်၏ သာသနာမှာပင် ရခွင့် ရှိ၏။ ပွင့်တော်မူလတ္တံ့ ဖြစ်သော အရိမေတ္တေယျ ဘုရားရှင်၏ လက်ထက်တော် ကျလျှင်ကား မုချ ရနိုင်စရာ ရှိ၏။

ဆုတောင်းရာ၌ သူများက တောင်းပေးသော ဆုမှာ ကိုယ့်အလိုကျ ဖြစ်ချင်မှ ဖြစ်မည်၊ မဖြစ်ဖို့သာ များသည်။ ထို့ကြောင့် မိမိ အလိုရှိရာ ဆုကို မိမိဘာသာ တောင်းယူခြင်းသာ ပို၍ သဘာဝကျနိုင်ပါသည်။ "နိဗ္ဗာန်ရပါလို၏" စသောအားဖြင့် ဆုတောင်းခြင်းမှာ "နိဗ္ဗာန် ရအောင် အားထုတ်ပါမည်" ဟု မိမိကိုယ်တိုင် ဝန်ခံ ကတိပေးခြင်းတစ်မျိုး ဖြစ်သည်ကို သတိပြုသင့်ကြပါသည်။

http://www.dhammadownload.com



**ဘုရား မကြိုက်သည့် အဓိဋ္ဌာန်ဆုကို တောင်းခဲ့သော ထူသားစား ပေါရိသာဒ**

ဘုရားလောင်းအား ဘုရားဖြစ်ခါနီးဝယ် နို့ဃနာဆွမ်းကို ရွှေခွက်ပါ လှူခဲ့သော "သုဇာတာ" သူဌေးသမီးသည် "အပျိဘဝတုန်းက အမျိုးတူ သူဌေးသားနှင့် ရ၍ သားဦး ဖွားအောင် စောင်မလျှင် အရှင်နတ်မင်းအား နှစ်စဉ် ပူဇော်ပါမည်"ဟု ဝန်ခံခဲ့၍ သူဟောင့်တတိုင်း အကျိုး ရသဖြင့် "ယသ" ဟူသော သတို့သားကို ဖွားမြင်ခဲ့သောကြောင့် ညောင်ပင်စောင့် နတ်က မ-စ သည်ဟု ယူဆကာ အနှစ် နှစ်ဆယ်လုံးလုံး အဆိုပါ ညောင်ပင် စောင့်နတ်ကြီးအား ကဆုန်လပြည့်နေ့တိုင်း သွား၍ ပူဇော်ပသခဲ့ပါသည်။

ဤသို့ ဆုတောင်းခြင်း ဆုပန်ခြင်းမျိုးမှာ ရှေးအခါကသာ ရှိခဲ့သည် မဟုတ်၊ ယခုအခါ၌လည်း ရှိနေကြဆပင် ဖြစ်၏။ ယင်းသို့ ပြုလုပ်ခြင်းကို လောက ဝေါဟာရအားဖြင့် "အဓိဋ္ဌာန် ပြုသည်" ဟူ၍လည်း မှားယွင်းစွာ နားလည် နေကြ၏။ စင်စစ် က ကံ၏ အကျိုးကို ယုံကြည်မှု နည်းသူ, အသိဉာဏ် ခေါင်းပါးသူတို့၏ အလေ့အလာသာ ဖြစ်၏။ လူသားတို့ ကမ္ဘာ၌ လူသား အသိဉာဏ် မပြည့်စုံမီ ကြောက်စိတ်ဖြင့် နတ်များကို ကိုးကွယ်စဉ် ခေတ်က အမူအကျင့်များ ဖြစ်၏။ ဤ အဓိဋ္ဌာန်ဆုမျိုးသည် ရံခါ ကြီးစွာသော အန္တရာယ်ကိုပင် ဖြစ်စေတတ်ပါသည်။ ဤနေရာ၌ "လူသားစား ပေါရိသာဒ"၏ အကြောင်းကို ကောင်းစွာ သတိပြုသင့်ကြပါသည်။

ပေါရိသာဒသည် တောကြီးအတွင်း ညောင်ပင်ကြီး တစ်ပင်၏ အခေါင်း ပါးပျဉ်းကြားတွင် ပုန်းအောင်းကာ လူများကို လိုက်လံ ဖမ်းယူသတ်စားနေ၏။ တနေ့သ၌ ခြေထောက်တွင် ရှားငုတ် စူးရာ ခြေဖမိုး ပေါက်ထွက်သွား၏။ အစာရှာ မထွက်နိုင်၊ ခုနစ်ရက်လုံးလုံး ညောင်ပင်ခေါင်းထဲ၌ အောင်းနေရ၏။ ယင်းသို့ ဒုက္ခရောက်နေစဉ် ညောင်ပင်စောင့်နတ်အား အားကိုးစိတ် ဝင်လာကာ-

"အရှင် နတ်မင်းကြီး... ခုနစ်ရက်အတွင်း ကျွန်ုပ်၏ အနာ ပျောက်ကင်းအောင် မ-စ ပါ။ ပျောက်ကင်းလျှင် သင်၏ ညောင်ပင်ကို ဇမ္ဗူဒိပ်အတွင်းရှိ တစ်ရာ့တစ်ပါးသော မင်းတို့၏ လည်ချောင်း သွေးဖြင့် ဆေးလျက် အူများဖြင့် ရစ်ပတ်ပြီး အသားဖြင့် ပသ၍ ပူဇော်ပါမည်"ဟု ဆုတောင်းလိုက်သည်။

http://www.dhammadownload.com



ခုနစ်ရက်လုံးလုံး အစာ မစားရသဖြင့် သွေးသား ခန်းခြောက်၍ အနာပျောက်သွားသည်ကို ညောင်ပင်စောင့်နတ်က မိမိဆုတောင်းတိုင်း မ-စ သည်ဟု ထင်မှတ်သွားတော့သည်။

ထိုအချိန်မှ စ၍ တစ်ရာ့တစ်ပါးသော မင်းများကို တစ်ယောက်ပြီး တစ်ယောက် ဖမ်းဆီးကာ ညောင်ပင်၌ အသီးသီး ယင်ပူဇော်ရန် ဇောက်ထိုးမိုးမျှော် ချိတ်ဆွဲထား၏။ ပေါရိသာဒသည် မီးဖို၍ အသား ကင်ရန် တံစို့များ လုပ်နေသည်ကို မြင်သော ညောင်ပင်စောင့် နတ်မင်းကြီးမှာ မိမိပါ တာဝန်မကင်းဖြစ်ကာ စိုးရိမ်ပူပန်မိနေ၏။

"ငင်း၏ အနာပျောက်ကင်းအောင်လည်း ငါက ကူညီ မ-စ ခဲ့ရသည် မဟုတ်၊ ကိုယ့်စိတ်နှင့်ကိုယ် အယူမှားပြီး သတ္တဝါတွေ ဒုက္ခရောက်ကုန်ကြတော့မည်၊ငါလဲ မကယ်ဆယ်နိုင်"ဟု စဉ်းစားပူပန်ကာ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်နှင့် သိကြားမင်းတို့ထံသွား၍ ပေါရိသာဒအား ဟန့်တားပေးရန် တောင်းပန်လေသည်။ နတ်မင်းကြီးလေးယောက်နှင့် သိကြားမင်းတို့လည်း မည်သို့မျှ မတတ်နိုင်ရှာကြပေ။

ထို့နောက် ဘုရားလောင်း "မဟာသုတသောမ" မင်း ကြီး က တရားဟော ဖျောင်းဖျမှ လွတ်ကင်း ချမ်းသာမှု ရကြတော့သည် (ဇာ၊ ၄၊ ၅၊ မဟာသုတသောမဇာတ်။ ၄၈၅)။

## ဘတပြန် ကျားတပြန် သတ်ရန် ဆုကို တောင်းခဲ့ကြသော မယားကြီး, မယားငယ်

တရံရောအခါက သူကြွယ်၏ သားတစ်ယောက်သည် ဖခင်သေပြီးနောက် မိခင်နှင့် နေ၏။ အရွယ်ရောက်လျှင် မိခင်က မိန်းမရှာ၍ ပေးစား၏၊ ထိုမိန်းမက သားသမီးမရ အမြုံမ ဖြစ်နေပြန်သဖြင့် နောက်တစ်ယောက် ထပ်မံ ပေးစားရန် ကြံ၏။

ထိုအကြံကို မိန်းမမြုံက သိ၍ "သူတို့သဘောကျ မိန်းမကို ရှာ၍ ပေးစားက ငါ့အား ကျွန်နေရာထား၍ သုံးဆောင်လိမ့်မည်။ ငါကိုယ်တိုင် မိန်းမငယ်တစ်ယောက် ရှာဖွေပေးစားမည်"ဟု ကြံကာ ကိုယ်တိုင်ရှာဖွေ ပေးစားခဲ့၏။ ထို့နောက် ငင်းမိန်းမ ကိုယ်ဝန်ရသောအခါ နှစ်ကြိမ်တိုင် ကိုယ်ဝန်ပျက်ဆေး တိုက်ကျွေးပြီး ဖျက်ချခဲ့၏။ သုံးကြိမ်မြောက်တွင် မိခင်ပါ ပြင်းထန်စွာ ဝေဒနာခံစားရပြီး သေရရှာ၏။

http://www.dhammadownload.com



သေခါနီးကာလ၌ "အသင်သည် ငါ့ကို ဆောင်ယူလာပြီး အသင်သည်ပင် သုံးကြိမ်တိုင်တိုင် ကိုယ်ဝန်ကို ပျက်စီးလျှောကျစေ၍ သူငယ်တို့ကို ဖျက်ဆီး၏။ ယခုအခါ၌ ငါလဲ ပျက်စီးရတော့အံ့၊ ဤဘဝမှ စုတိမနေ သေလွန်သည် ရှိသော် အသင်၏ သား သမီးတို့ကို ဖျက်ဆီးနိုင်သည်ကို ဖြစ်ရပါလို၏"ဟု ဆုတောင်း၍ သေလွန်လျှင် ထိုအိမ်၌ပင် "ကြောင်မ"ဖြစ်၏။

မိန်းမမြုံမှာလည်း ယောကျ်ားက ရိုက်နှက်သည့် ဒဏ်ရာကြောင့် သေလွန်ခဲ့ရာ ထိုအိမ်၌ပင် "ကြက်မ" ဖြစ်လေ၏။ ကြက်မက ဥတိုင်း ဥတိုင်း ကြောင်မက စားပစ်ခဲ့ရာ သုံးကြိမ်မြောက်တွင် "ဤဘဝမှ သေခဲ့သည် ရှိသော် သားသမီးနှင့်တကွ ထိုကြောင်မကို စားခြင်းငှာ စွမ်းနိုင်သည်ကို ဖြစ်ရပါလို၏"ဟု ကြက်မသည် ဆုတောင်း၍ သေလွန်၏။

ထို့နောက် ကြက်မက "ကျားသစ်မ"ဖြစ်၍ ကြောင်မက "သမင်မ" ဖြစ်လာ၏။ သမင်မက မွေးတိုင်း ကျားသစ်မက စားပစ်ခဲ့ရာ သုံးကြိမ်မြောက်တွင် "ဤဘဝမှ သေခဲ့သော် ထိုကျားသစ်မကို သားနှင့်တကွ စားရပါလို၏"ဟု သမင်မသည် ဆုတောင်း၍ သေလွန်၏။ ("သမင်မွေးရင်း ကျားစားရင်း"ဟူသော စကားပုံ ဖြစ်လာခဲ့၏။)

ထို့နောက် သမင်မက "ကာဠ"မည်သောဘီလူးမ ဖြစ်၍ ကျားသစ်မက သာဝတ္ထိပြည်ဝယ် လူအမျိုးသမီး ဖြစ်လာ၏။ ဘီလူးမသည် အမျိုးသမီး အိမ်ထောင်ကျ၍ သားဖွားသောအခါ နှစ်ကြိမ်တိုင် လိုက်၍ ကိုက်စား၏။ သုံးကြိမ်မြောက် ရောက်သောအခါ မွေးဖွားသော သားငယ်ကို စားရန် လိုက်စဉ် ဘုရားရှင်နှင့် တွေ့၍ "အဘယ့်ကြောင့် ခိုက်ရန်ကို ရန်တုံ့မူခြင်း ပြုကြကုန်ဘိသနည်း၊ ခိုက်ရန်တို့မည်သည်ကား ရန်တုံ့ မမူသဖြင့်သာလျှင် ငြိမ်းပျောက်ကုန်၏၊ ရန်တုံ့မူသဖြင့် ခိုက်ရန်ခပ်သိမ်းတို့သည် မငြိမ်းမပျောက်သည်သာလျှင်တည်း"ဟု ရန်ပြေငြိမ်းကြောင်းတရားတော်ကို ဟောပြခဲ့ရာ ရန်မီးများ ငြိမ်း၍ ချစ်ခင်ခြင်းသို့ ရောက်သွားကြလေသည် (ဓမ္မပဒ၊ဋ္ဌ၊၁။၂၉)။

ဆုတောင်းမှားခြင်းသည် အဘယ်မျှ ကြောက်လန့်ဖွယ်ကောင်းပါသနည်း၊ လူတို့သည် "သူဖြစ်ချင်သလို ဖြစ်နေသည်"ဟု ထင်ကာ အမှုမဲ့ အမှတ်မဲ့ ရေစုန်မျော၍ လိုက်ပါမနေသင့်ကြပါ။ မိမိတို့ ဖြစ်လိုသော ဆန္ဒ, ဖြစ်ချင်သော စိတ်ကြောင့် ဖြစ်နေကြရသည်သာ အမှန် ဖြစ်သောကြောင့် မကောင်းသော

http://www.dhammadownload.com



လိုအင်ဆန္ဒနှင့် အမှားဆုတောင်းခြင်းများကို အစွမ်းကုန် ရှောင်ရှား၍ ကောင်းသော လိုအင်ဆန္ဒနှင့် အမှန်အကောင်း ဆုတောင်းခြင်းများဖြင့်သာ ကောင်းသည်ထက် ကောင်းအောင် ကြိုးစားဆောင်ရွက်သင့်ကြပါသည်။

## ဆုတောင်း နှစ်မျိုး

"ဆုတောင်း" သည် လှေ့ သင်္ဘော စသည်တို့၌ ရှိသော ပဲ့တက်နှင့် တူ၏။ လှေသင်္ဘောသည် ပဲ့ဘက်ပါမှ ရေလမ်းခရီးတွင် လိုသော နေရာသို့ တည့်တည့် မတ်မတ် ရောက်စေနိုင်သကဲ့သို့ ကုသိုလ်ကောင်းမှု ပြုသူသည် ဆုတောင်းပါမှ သံသရာ ခရီးလမ်းတွင် အလိုရှိရာကို လိုသလို ရယူနိုင်ပါသည်။ လူ့ စည်းစိမ်, နတ်စည်းစိမ်မှ စ၍ မဂ်ဖိုလ်နိဗ္ဗာန်အထိ မည်သည့် အရာကို မဆို လိုသလို ရနိုင်ယူနိုင်ကြပါသည်။

ယင်းသို့ ဆုတောင်းခြင်းဖြင့် လိုအပ်သော အရာကို လိုသလို ရယူနိုင်သောကြောင့် ဆုတောင်းမှု၌ လိမ္မာ ကျွမ်းကျင်မှုရှိရန် အထူး လိုအပ်ပါသည်။ ဆုကို အတောင်း မတတ်ပါက အမြတ် မပေါ်ရုံမျှမက အရှုံးပင် ရှိနိုင်ကြသောကြောင့် ဆုတောင်းပုံတောင်းနည်းကို လေ့လာ မှတ်သားသင့်ပါသည်။

ဆုတောင်းသည် အမျိုးမျိုးသော အလိုဆန္ဒအရ မီးခိုးမဆုံး မိုးမဆုံး အမျိုးမျိုး တောင်းနေကြသော်လည်း အချုပ်သဘောအားဖြင့် နှစ်မျိုးသာ ရှိ၏။ နှစ်မျိုးမှာ—

(၁) သံသရာဝဋ်ကို မှီသော ဆုတောင်း (ဝဋ္ဋနိဿိတ)၊

(၂) သံသရာဝဋ်ကို မမှီသော ဆုတောင်း (ဝိဝဋ္ဋနိဿိတ)—

တို့ဖြစ်ကြပါသည်။

## (၁) ဝဋ္ဋနိဿိတ ဆုတောင်း

ထိုတွင် လူ နတ် ဗြဟ္မာ လောကီ စည်းစိမ်ချမ်းသာ အမျိုးမျိုး(ဝဋ္ဋနိဿိတ) ဆုကို တောင်းခဲ့လျှင် နည်းသည်ဖြစ်စေ,များသည်ဖြစ်စေ တောင်းသလောက်သာ ရ၏။ သံသရာဝဋ်မှ လွတ်မြောက်ရာ, ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန် အထိ ရောက်စေနိုင် ရစေနိုင်သည့် အကျိုးမျိုးကို မရနိုင်ပါ။ "တစ်ချက်ခုတ် တစ်ချက်ပြတ်" ဆုတောင်းမျိုးဟု မှတ်ယူ သင့်ပါသည်။ ဤ၌ "ဝဋ္ဋနိဿိတ" ဆုတောင်းနှင့် စပ်၍ ဘုရားရှင် လက်ထက်တော်က သာဝတ္ထိပြည် ဝိသာခါ ကျောင်းအမကြီး၏ ပုဗ္ဗာရုံကျောင်းမှ ဥပုသ်သည် အမျိုးသမီးများ၏ ဆုတောင်း ကြပုံများမှာ လွန်စွာ သင်ခန်းစာယူဖွယ် ကောင်းလှပါသည်—

http://www.dhammadownload.com



ဝိသာခါ ကျောင်းအမကြီးသည် မိမိနှင့်အတူ ဥပုသ်စောင့်ကြသော အမျိုးသမီးငါးရာထံ သွား၍ "အဘယ် ရည်ရွယ်ချက်ဖြင့် ဥပုသ်စောင့်ကြပါသလဲ၊ ဘယ်လို ဆုမျိုးကို တောင်းကြပါသလဲ" ဟု စနည်းနာ မေးမြန်းကြည့်ခဲ့ရာ–

အဘွားကြီးများက "နတ်ပြည် ရောက်ချင်လို့" ဟူ၍လည်းကောင်း၊

အိမ်ရှင်မများက "လင်တူမယားဘဝ (မယားပြိုင်) မဖြစ်ပါစေနဲ့" ဟူ၍လည်းကောင်း၊

အိမ်ထောင် ပြုစ အမျိုးသမီးများက "သား ယောကျ်ားလေး မွေးပါစေ" ဟူ၍လည်းကောင်း၊

အပျိုမယ်များက "အချိန်ရှိတုန်း လင်ကောင်း သားကောင်း ရရပါလို၏" ဟူ၍လည်းကောင်း–

အသီးသီး ဆုတောင်းကြပုံကို ပြောပြကြလေ၏။

ဝိသာခါ ကျောင်းအမကြီးက ထိုအကြောင်းစုံကို ဘုရားရှင်အား သွား၍ လျှောက်သဖြင့် အိုဘေး နာဘေးကြီးအကြောင်း ဟောကြား၍ ဆုံးမတော်မူခဲ့ဖူး၏ (ဓမ္မပဒ၊ဋ္ဌ၊၁။၃၇)။

ထို့ပြင် ဆဒ္ဒန်ဆင်မင်းဝတ္ထု[၁]၌ "စူဠသုဘဒ္ဒါ"မိဖုရား၏ ဆဒ္ဒန်ဆင်မင်းအပေါ် ရန်ငြိုးဖွဲ့၍ အစွယ်ကို ဖြတ်ကာ သတ်ရလိုကြောင်း ရှေးဆုတောင်း မှားခဲ့ပုံ, ကာဠယက္ခိနီဝတ္ထု[၂]၌ မယားကြီး မယားငယ်တို့ ဘဝအဆက်ဆက် ရန်ဘက်ဖြစ်ကာ ဘတပြန်ကျားတပြန် သတ်ကြသည်အထိ ရှေးဆုတောင်း မှားခဲ့ပုံများမှာ ဆုတောင်းမှု၌ မလိမ္မာခြင်း၏ အပြစ်တို့သာ ဖြစ်ပါသည်။

## (၂) ဝိဝဋ္ဋနိဿိတ ဆုတောင်း

သံသရာဝဋ်မှ လွတ်မြောက်ရာ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာ (ဝိဝဋ္ဋနိဿိတ)ဆုကို တောင်းခဲ့လျှင်ကား တောင်းသော ဆုအပြင် လူနတ်ဗြဟ္မာ စည်းစိမ်ချမ်းသာ လောကီဆုများကိုပါ ရရှိနိုင်ကြောင်း "အံ၊ဋ္ဌ၊၁၊ပဏိဟိတအစ္ဆဝဂ်။ ၄၂" စသည်တို့၌ ဖွင့်ဆိုထားပါသည်။ "တစ်ချက်ခုတ် နှစ်ချက်ပြတ်" ဆုတောင်း မျိုးပင် ဖြစ်၏။

---

၁။ ဇာ၊ဋ္ဌ၊၅။၃၇။ ၂။ ဓမ္မဋ္ဌ၁။၂၉။

http://www.dhammadownload.com



ဆုတောင်းရာ၌ တစ်ချက်ခုတ် တစ်ချက်ပြတ် "ဝဋ္ဋနိဿိတ" ဆုမျိုးကို မတောင်းဘဲ တစ်ချက်ခုတ် နှစ်ချက်ပြတ် "ဝိဝဋ္ဋနိဿိတ" ဆုမျိုးကို တောင်းသင့်ကြပါသည်။

["ဝိဝဋ္ဋနိဿိတ" ဆုတောင်းနည်း ပုံစံမှာ ဤဗုဒ္ဓဘာသာလက်စွဲကျမ်း ဝတ်တက်ဝတ်ကပ် အရကျက်ရန် အခန်း (၃) စာမျက်နှာ ၃၃-၌ ဖော်ပြခဲ့သော ဆုတောင်းများပင် ဖြစ်ပါသည်။]

## ဝဋ္ဋ, ဝိဝဋ္ဋ နှစ်မျိုးရော ဆုတောင်း

လောကီ လောကုတ္တရာ လိုအပ်ချက် မှန်သမျှကို ပြည့်စုံအောင် "ဝဋ္ဋ,ဝိဝဋ္ဋ" နှစ်မျိုး ရော၍လည်း ဆုတောင်းနိုင်ကြပါသည်။ ဤ၌ အလိုရှိသူတို့ အလွယ်တကူ ကျက်မှတ်ရွတ်ဆို ဆုတောင်းနိုင်ကြရန် ဝဋ္ဋ, ဝိဝဋ္ဋ နှစ်မျိုးရော မှတ်သားဖွယ်ရာ ရှေးဆုတောင်း လင်္ကာကြီးများကို ဖော်ထုတ် တင်ပြထားပါသည်—

### ဝဋ္ဋ, ဝိဝဋ္ဋ ဆုတောင်းလင်္ကာကြီး

ဤသို့ပြုရ၊ ကုသလရှု ကောင်းမှုအများ၊ အကျိုးအားကြောင့်၊ ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၊ စံရာ မွေလျော်၊ ကိန်းအောင်းပျော်သည့်၊ ပြည်တော်ဌာန၊ အမတသို့၊ ခဏလျင်ဆော၊ ရောက်စေသော.... (ဝိဝဋ္ဋနိဿိတ)။

နိဗ္ဗာန်သာခေါင်၊ မြို့ဝရွှေသောင်သို့၊ လှေဖောင်မင်္ဂင်၊ သင်္ဘောယာဉ်နှင့်၊ မဝင်သမျှ၊ ဤနေ့ကလျင်၊ စ၍ချမ်းသာ၊ ရောဂါဘေးဒဏ်၊ ရန်မာန်ကင်းပျောက်၊ မရောက်သည်သာ၊ ရှင်းရှင်းကွာ၍၊ တစ်ရာသက်ရှည်၊ စည်းစိမ်တည့်၍၊ ပေးသည်အလှူ၊ ပြုသည့်နှလုံး၊ သုံးသည်သီလ၊ ချသည် ရေစက်၊ နေ့တိုင်းတက်လျက်၊ ဘသက်ခန္ဓာ၊ စုတေခါလည်း၊ ရတနာသုံးပါး၊ ဦးထိပ်ထား၍၊ မမှားမဖောက်၊ ရွံ့ကြောက်မထိပ်၊ စုတေစိတ်ဖြင့်၊ အိပ်သောယောကျ်ား၊ နိုးသောလားသို့၊ ဖြစ်ငြားပါချင်—

နောင်တွင် သံသရာ၊ အဝမှာလည်း၊ လေးဖြာအပါယ်၊ သုံးသွယ်သောကပ်၊ ရှစ်ရပ်ဌာန၊ ကင်းလွတ်ရ၍၊ ထိုဒေသတွင်၊ မဖြစ်ချင်ပါ၊ လူ့ရွာနတ်ပြည်၊ ကျင်လည်သမျှ၊ ခတ္တိယနှင့်၊ ဗြာဟ္မဏစင်စစ်၊ မျိုးနွယ်ဖြစ်၍၊ နွယ်မြစ်သန့်စင်၊ အမျိုးမှာလည်း၊ ကောင်းစွာသန္ဓေ၊ တိဟိတ်နေ၍၊ ဆူစေ အာဂုံ၊ ပညာကြီးခြင်း၊ သတင်းနှံ့ကျော်၊ မဟော်သခေါ၊ ဘုရားလျာသို့ ဖြစ်ပါစေချင်—

http://www.dhammadownload.com



ကိုယ်ဘွင်ရောဂါ၊ သန့်ရှင်းကွာ၍၊ အနာမဲ့သူ၊ ရှင်ဗာကူနည်း၊ မမည်း မဖြူ၊ မဆူ မကြုံ၊ လုံးစုံနိမ့်မြင့်၊ ပြစ်မျိုးလွှင့်၍၊ တင့်တယ် ရောင်ဝါ၊ အဆင်းမှာလည်း၊ ငါးဖြာကျော်သီး၊ ရှင်ကစ္စည်းလား၊ ပေါများဥစ္စာ၊ စည်းစိမ်မှာလည်း၊ ငါးဖြာရန်သူ၊ လုယူမရ၊ ဇောတိကသို့၊ ရှုပနိကာယ်၊ စင်ကြယ်သန့်ရှင်း၊ ဖြည်းညင်းသာယာ၊ အသံမှာလည်း၊ ရောင်ဝါထွန်းထိတ်၊ ကရဝိက်ငှက်တူ၊ ဗိုလ်လူတို့နား၊ ကြားက နာဖွယ်၊ အရှယ်မဖောက်၊ ပြိုင်ထောက်မဲ့ပါ၊ ဝိသာခါယာန်၊ လျင်မြန်ပညာ၊ ဇဝနာတိက္ခ၊ ဂမ္ဘီရနှင့်၊ ဟာသတစ်ဖုံ၊ ဉာဏ်မျိုးစုံ၍၊ အာဂုံတုလွတ်၊ ပိဋကတ်ဗေဒင်၊ ခပ်သိမ်းအင်ကို၊ မြင်ကာကြားကာ၊ လျင်စွာရှုရှု၊ ဌာရသပေါင်း၊ အလောင်းတကာ၊ တတ်ရာသမျှ၊ ကိစ္စပြီးတိုင်–

ကြီးခိုင်ခွန်အား၊ ခြသေ့်လားသို့၊ ရဲအားသတ္တိ၊ စွန်းငြိမထင်၊ သိမြင်လိမ္မာ၊ မေးဖွယ်မှာလည်း၊ ပညာကြွယ်ဝ၊ မိလိန္ဒမင်း၊ ဖြေခြင်း တွင်လည်း၊ ရှင်နာဂသိန်၊ မတိမ်မမြုပ်၊ အကျွန်ုပ်သည်၊ မယုတ်မမာ၊ ရှိသေစွာဖြင့်၊ သဒ္ဓါကြည်ညို၊ တောင်းဆိုသမျှ၊ ဆုကိုရ၍ (ဝန္ဒနီဿိတ)။

မုချ ချမ်းသာ၊ နိဗ္ဗူတာသို့၊ မုန်စွာ ထုတ်ချောက်၊ ကေန်ရောက်၍၊ မျက်မှောက် ပြုရပါလိုသော....သြကာသ၊ သြကာသ။

## ဝန္ဒ, ဝိဝန္ဒ "သော"ငါးချက် ဆုတောင်း

(၁) အကုသိုလ်ဆယ်ပါး၊ မပွား ဒုစရိုက်၊ ကိုယ်၌ မီးကြီး၊ ဖျက်ဆီး တတ်ငြား၊ ဤ သုံးပါးကို၊ ရှောင်ရှား ကြဉ်ဖဲ၊ စွန့်ကြဲ ပစ်ခွါ နိုင်စေသော....၊

(၂) ကုသိုလ်ဆယ်ပါး၊ တရားသုစရိုတ၊ သတ္တအကျော်၊ ခုနစ်ဖော်နှင့်၊ သူတော်ဥစ္စာ၊ မုန်စွာတရား၊ ရှစ်ပါးမဂ္ဂင်၊ မြဲပင်စွဲနေ၊ မသွေဉပါယ်၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာသည်၊ မကွာ ကိုယ်၌ မြဲစေသော....၊

(၃) အပါယ်လေးပါး၊ မလား ငရဲ၊ ဆင်းရဲတစိ၊ မရှိ ရောဂါ၊ ရှင်းရှင်း ကွာ၍၊ အဋ္ဌာရသ၊ သိပ္ပမလပ်၊ ကြွင်းမဲ့တတ်၍၊ ပိဋကတ်ဗေဒင်၊ သင်သင်ရရ၊ ကြားကာ မြင်ကာ၊ မကြာခဏ တတ်စေသော....၊

http://www.dhammadownload.com



(၄) အမျိုးကောင်းသား၊ ယောကျ်ားကောင်းစစ်၊ ဆက်တိုင်း ဖြစ်၍၊ မလက်မှန်စွာ၊ ငါးဖြာရန်သူ၊ မပြုဝံ့ရှောင်း၊ သူတော်ကောင်းနှင့်၊ အလောင်းတကာ၊ တောင်းကုန်ရာသား၊ ပတ္တနာဆု၊ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန၊ ဘဝမခြား၊ စက်လေးပါးနှင့် ညားစေသော....၊

(၅) ဘုန်းသမ္ဘာနှင့်၊ ပညာပြည့်စုံ၊ ကုံလုံဥစ္စာ၊ လျှတာကာစ၊ ဒသပါရမီ၊ အညီဖြည့်စွမ်း၊ နိဗ္ဗာန်လမ်းကို၊ တန်းဘန်း မတ်မတ်၊ မချွတ် လျှင်ဆော၊ ရောက်စေသော....

မြတ်ရှင်စော ဩကာသ၊ ဩကာသ။

ဆုတောင်းခြင်း ပြီး၏။

http://www.dhammadownload.com



## အမျှဝေခြင်းအကြောင်း

"မကောင်းမှု အကုသိုလ်တရားကို မဖြစ်သေးက အသစ်မဖြစ်စေဘဲ ဖြစ်ပြီး ဖြစ်ပါက ပယ်ပစ်ရမည်။ ကောင်းမှု ကုသိုလ်တရားကို မဖြစ်သေးက အသစ် ဖြစ်စေပြီးနောက် ဖြစ်ပြီး ဖြစ်ပါက တိုးပွားသည်ထက် တိုးပွားအောင် ကြိုးစားရမည်" ဟု –

ဘုရားရှင် ကိုယ်တော်တိုင် သမ္မပ္ပဓာန် တရားတော်၌ ဟောကြားတော်မူခဲ့၏။ မကောင်းမှု အကုသိုလ်သည် အပြစ်နှင့်တကွ ဆင်းရဲသော အကျိုးကို ပေးခြင်း (သာဝဇ္ဇ ဒုက္ခဝိပါက) လက္ခဏာ ရှိ၍ ကောင်းမှု ကုသိုလ်သည် အပြစ် မရှိ ချမ်းသာသော အကျိုးကို ပေးခြင်း (အနဝဇ္ဇ သုခဝိပါက) လက္ခဏာ ရှိသောကြောင့် ဆင်းရဲဒုက္ခကို ပယ်ရှား၍ ချမ်းသာသုခတရား ပွားများစေရန် ရည်သန်၍ ယင်းသို့ ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။

ထို့ကြောင့် ဆင်းရဲဒုက္ခကို ပယ်ရှား၍ ချမ်းသာသုခတရား ပွားများလိုသူတို့သည် မကောင်းမှု အကုသိုလ်တရား မှန်သမျှကို ပယ်ရှား၍ ကောင်းမှု ကုသိုလ်တရားကို တိုးပွားအောင် ကြိုးစားဆောင်ရွက်သင့်ကြပါသည်။

ကောင်းမှုကုသိုလ် ပြုရာ၌ မိမိ ကုသိုလ် ရသကဲ့သို့ အခြား သူတို့ကိုလည်း မိမိနှင့် အညီအမျှ ကုသိုလ်အဖို့ ရစေရန် "အမျှယူတော်မူကြပါ"စသောအားဖြင့် နှုတ်ဖြင့် မြွက်ကြား၍ ဝေငှပေးကမ်းခြင်းသည် "အမျှဝေခြင်း" ဖြစ်၏။ ပါဠိလို "ပတ္တိဒါန" ဟု ခေါ်၏။

ယင်း အမျှဝေသံကို ကြားသူတို့က "တော်ပါပေသည်, ကုသိုလ် ပြုနိုင်ပါပေသည်, စွန့်နိုင်ခဲသော ပစ္စည်းကို စွန့်ကြဲ လှူဒါန်းနိုင်ကြပေသည်" ဟု သဘောထား၍ ဝမ်းမြောက်ဝမ်းသာ "သာဓု, သာဓု" ဟု ခေါ်လျှင် "ပတ္တာ-နုမောဒန" ကုသိုလ်ဖြစ်၍ ကောင်းမှုရှင်နှင့် အလားတူစွာ ကုသိုလ်အဖို့ ရ၏။ ပြိတ္တာဖြစ်နေသူတို့အဖို့ သာဓု ခေါ်နိုင်ခွင့် ရ၍ သာဓု ခေါ်လျှင် ချက်ချင်းပင် "ထမင်း, အဖျော်" စသည်ကို ရရှိပြီး အကျိုးထူးခံစားရကြောင်း ကျမ်းဂန်တို့၌ တိုက်ရိုက်လာ၏။ (ဝမ်းမြောက်ဝမ်းသာ မဟုတ်ဘဲ ဝတ်ကျေတမ်းကျေ သာဓုခေါ်လျှင် တော်ရုံသာ အဖို့ရ၏။ သူတပါး လှူဒါန်းနိုင်သည်ကို မနာလိုစိတ် ဖြစ်လျှင် "ဣဿာ"အကုသိုလ်ပင် ဖြစ်နိုင်၏။ သတိပြု။) ထို့ကြောင့် အမျှဝေခြင်းသည် ကောင်းမှုကုသိုလ် ပြုသူတိုင်းအား ကုသိုလ်ချမ်းသာ ပွား၍ အကျိုးများစေနိုင်ပါသည်။

http://www.dhammadownload.com



မှန်ပါသည်။ မီးတစ်တိုင်မှ မီးထောင်ပေါင်းများစွာ ကူးယူသော်လည်း မူလမီးတိုင်မှာ မီးမကုန်၊ မီးအရှိန် မလျော့၊ ပို၍ပင် မီးပွား၍ အလင်းအင်အားများလာသကဲ့သို့ ထို့အတူ မူလ ကုသိုလ်ကောင်းမှုရှင်မှာ အမျှပေးဝေလိုက်မှုကြောင့် မိမိကုသိုလ်ရှိန် လျော့မသွားဘဲ မူရင်း ကုသိုလ်အပြင် "ပတ္တိဒါန" ကုသိုလ်တစ်မျိုး တိုး၍ပင် ရနိုင်သည်။ သူတပါးတို့မှာလည်း ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ရသဖြင့် "ပတ္တာနုမောဒန" ကုသိုလ် ရ၍ အတ္တ-ရော ပရ-ပါ (မိမိ သူတပါး နှစ်ဦးသားလုံး) အကျိုးရှိစေသော ကောင်းမှုကုသိုလ်မျိုး ဖြစ်ပါသည်။

**အမျှရ၍ ပြိတ္တာဘဝမှ လွတ်မြောက်ကြရသော**
**ပြိတ္တာ ရှစ်သောင်းလေးထောင်**

ပြိတ္တာ အသူရကာယ်တို့၏ ဘဝသည် လောဘကြီးသူ, မနာလို ဝန်တို ကပ်စေးနှဲသူတို့ ရောက်ရသော ဘဝ ဖြစ်၏။ အလိုကြီး၍ အရနည်းရခြင်း ဖြစ်သည်။ အစာရေစာ ငတ်မွတ်ဆင်းရဲ၏။ ရေသောက်ရန် မြစ်ထဲဆင်းလျှင်ပင် (ပြုခဲ့သော အကုသိုလ်ကံကြောင့်) ရေပျောက်သွားရ၏။ လူတို့ စွန့်ပစ်သော ထမင်းလုံး နှပ် သလိပ် ချွဲခန်းများကိုသာ စားသုံးကြရရှာ၏။

အိပ်ရာထဲ လဲနေသော လူမမာကဲ့သို့ ကံစီမံသည့်အတိုင်း ခံစားနေကြရသဖြင့် "ကံဘုံ"ဟု ခေါ်သည်။ မည်သည့် နည်းနှင့်မျှ မိမိရလိုသော အရာကို ဝီရိယ စိုက်ထုတ်၍ ကြိုးစားလုပ်ယူလို့ ရနိုင်သော အခွင့်အရေးမရှိ။ လူလူချင်း သနားချစ်ခင်၍ ပေးယူခြင်းကဲ့သို့ ပေး၍ ယူ၍လည်း မရ။ ကျန်ရစ်သူ လူများက သတိရ၍ အမျှအတန်း ပေးဝေမှသာ ရရှိနိုင်ကြသည်။

သားသမီးတို့က မိဘတို့အပေါ် ပြုရမည့် တာဝန်ငါးခုတွင် ကွယ်လွန်သွားကြသော မိဘတို့အတွက် "ကုသိုလ် ပြု၍ အမျှပေးဝေရန်" တာဝန်တစ်ခုကို ထည့်သွင်း၍ (သိင်္ဂါလောဝါဒသုတ်တွင်) ဘုရားရှင် ဟောကြားတော်မူခဲ့၏။ ယင်း ဟောကြားတော်မူချက်အရ တာဝန် ရှိ၍ တာဝန် သိသော ကျန်ရစ်သူ သားသမီးများက ကုသိုလ်ပြု၍ အမျှပေးဝေချင်သော်လည်း "အချို့ အကုသိုလ်များသော မိဘတို့ ကွယ်လွန်သောအခါ ၎င်း၏ သားသမီးများမှာ ကုသိုလ် ပြု၍ အမျှပေးဝေရန် သတိမရ၊ မေ့လျော့နေတတ်ကြသည်"ဟုပင် ကျမ်းဂန်တို့၌ အဆိုရှိ၏။

ဘုရားပွင့်တော်မူသော (ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ) အခါကောင်း အခွင့်ကောင်းကြီးနှင့် မကြုံကြိုက်လျှင် ကြုံကြိုက်ပါသော်လည်း တိုက်တိုက်ဆိုင်ဆိုင် သတ်သတ်မှတ်မှတ် ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေမည့်သူများ မရှိလျှင် ကမ္ဘာပေါင်း

http://www.dhammadownload.com



အသချေ်ပင် ပြိတ္တာဘဝမှာ ဆင်းရဲကြီးစွာ ခံစားနေရတတ်ပါသည်။ ဤ၌ ၉၂-ကမ္ဘာကြာမှ ပြိတ္တာဘဝမှ လွတ်မြောက်ရသော ပြိတ္တာပေါင်း ရှစ်သောင်း လေးထောင်တို့၏ သာဓကကို ဆက်လက် တင်ပြထားပါသည်—

"ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် ၉၂-ကမ္ဘာထက်၌ "ဖုဿ" မည်သော ဘုရားရှင် ပွင့်တော်မူပါသည်။ ထိုဘုရားရှင်၏ ညီတော် မင်းသား သုံးယောက်တို့သည် ဆည်းစိမ် ဥစ္စာများကို ဘဏ္ဍာရေး မင်းကြီးနှင့် အခွန်ဝန်အား လွှဲအပ်၍ အရပ်ရပ် ကိစ္စတို့ကို မှာထား ပြီးလျှင် ကျွန်ရင်း တစ်ထောင်နှင့်တကွ တစ်ဝါတွင်းလုံး ဆယ်ပါးသီလ စောင့်သုံးလျက် ကျောင်းတော်မှာ နေကြသည်။

လွှဲအပ်သော ဝန်ကြီးများက ဘုရားအမှူးရှိသော သံဃာတော် များနှင့်တကွ မင်းသားတို့၏ အခြေအရံများအတွက်ပါ ချက်ပြုတ်၍ ပြုစုကြရ၏။

ထိုအခါ ကိစ္စကြီးငယ် ရွက်ဆောင်ပြုလုပ် ချက်ပြုတ်ကြသော ဝန်မင်း ဆွေမျိုးတို့သည် ရှစ်သောင်းလေးထောင်ခန့် ရှိသည်ဟု ဆို၏။ ထိုသူတို့သည် သံဃာတော်များ အတွက် ချက်ပြုတ်ထားသော စားသောက်ဖွယ်များမှ သံဃာတော်များ မကပ်ရခင် နေ့စဉ်မပြတ် သားသမီးကိုလည်း ကျွေးမွေးကြ မိမိတို့လည်း စားသောက်မိကြ သဖြင့် ဤကမ္ဘာ၏ အစလောက်အထိ အားလုံး ပြိတ္တာများ ဖြစ်ကြ၍ စားရမဲ့ သောက်ရမဲ့ နေကြရလေသည်။ (ဒါနပြုရာ၌ ဦးဦးဖျားဖျား မစားမိအောင်, ကလေးများကိုလည်း မကျွေးမိအောင် သတိပြုသင့် ကြ၏။)

ထိုနောက် ပွင့်တော်မူလာသော ရှေးဘုရားရှင်များ အထံတော်သို့ ချဉ်းကပ်လျက် စားသောက်ရမည့် ကာလကို လျှောက်ထားကြရာ "ဂေါတမဘုရား ပွင့်တော်မူလျှင် သင်တို့၏ ဆွေမျိုးဖြစ်ခဲ့ဖူးသော အခွန်ဝန်သည် ဗိမ္ဗိသာရမင်း ဖြစ်၍ ဒါနပြုသောအခါ သင်တို့အား အမျှပေးဝေလိမ့်မည်။ ထိုအခါ၌ သင်တို့ စားသောက်ကြရလိမ့်မည်"ဟု မိန့်တော်မူခဲ့သဖြင့် အမျှော်ကြီးမျှော်၍ နေခဲ့ကြရှာသည်။ (ကံတရားကို ဘုရားသော်မှ မကာယ်မ-နိုင်သည်ကို သတိပြုပါ။)

http://www.dhammadownload.com



ထို့နောက် ဂေါတမဘုရားရှင် ပွင့်တော်မူလာ၍ ဗိမ္ဗိသာရမင်းသည် ရှေးဦးစွာ လှူဒါန်း ကျွေးမွေးသောအခါ အမျှမဝေမိသဖြင့် ကုသိုလ်ကောင်းမှု အဖို့အစု မရ၍ ညဉ့်အခါ အသံပြုလျက် ကိုယ်ထင်ပြကြလေသည်။

"ဗိမ္ဗိသာရမင်း"လည်း ဘုရားအထံတော်သို့ လာ၍ အကြောင်းကို လျှောက်ထားရာ အကြောင်းစုံကို ဟောပြတော် မူသောကြောင့် နောက်ထပ် "သင်္ကန်း, ဆွမ်း" စသည်တို့ကို လှူ၍ အမျှပေးဝေမှ သာဓု ခေါ်ကြရပြီး ပြိတ္တာဘဝမှ လွတ်မြောက်ကာ နတ်အဝတ် နတ်အစားများ ပေါ်ပေါက်၍ ချမ်းသာမှု ရကြပါလေသည် (ခုဒ္ဒကပါဌ၊ တိရောကုဍ္ဍသုတ်။၁၆၇)။

[ဤပြိတ္တာတို့၏ သာဓကကို ထောက်၍ သေသူအတွက် ပေးရာတွင် အခေါင်းထဲသို့ ထမင်းထုပ် ထည့်ပေးခြင်း, ဆန် ထည့်ပေးခြင်း, အဝတ် ပုဆိုးအင်္ကျီ ထည့်ပေးခြင်းနှင့် ပါးစပ်ထဲသို့ ကူးတို့ခ ပိုက်ဆံ ထည့်ပေးခြင်း စသည်တို့သည် ရနိုင်သော ပေးခြင်းများ မဟုတ်ဘဲ ကုသိုလ်ကောင်းမှု အလှူဒါန ပြု၍ အမျှပေးဝေခြင်းသာ ရနိုင်သော ပေးခြင်းမျိုး ဖြစ်ကြောင်း သတိပြုသင့်ကြပါသည်။

ယင်းသို့ ကုသိုလ်ကောင်းမှု အလှူဒါနပြု၍ အမျှပေးဝေသော်လည်း ပေးတိုင်းမရ ဖြစ်တတ်ပုံ သာဓကနှင့် ပေးတိုင်းရအောင် မည်သို့မည်ပုံ ဆောင်ရွက်ရမည် ဆိုသော အချက်ကိုလည်း ဤကျမ်း "ဒက္ခိဏေယျ ဂုဏ်တော်ဖွင့်" စာမျက်နှာ ၂၀၁-၌ ပြန်လှန်ကြည့်ရှု သတိပြု လေ့လာသင့်ကြပါသည်။]

### ရေစက်ချခြင်းအကြောင်း

ကုသိုလ်ကောင်းမှု အလှူဒါနပြုကြသောအခါ ဆုတောင်းခြင်း,အမျှဝေခြင်း တို့နှင့်အတူ ရေစက်ချခြင်းကို ပြုလုပ်လေ့ ရှိကြ၏။ ရေဖလား, ရေကရား စသည်၌ ရေထည့်၍ အောက်ခံခွက် တစ်ခုပေါ်မှာ ရေတစ်စက် တစ်စက် ချရင်း ဘုန်းကြီးက ရှေ့က ချပေးသော "ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်" စသော အလှူစာတမ်းကို လိုက်၍ ဆိုခြင်းကိုပင် "ရေစက်ချ" ဟု ခေါ်ကြသည်။

http://www.dhammadownload.com



ယင်း "ရေစက်ချ"ခြင်း အလုပ်ကို ယခုမှ ပြုလုပ်ကြသည် မဟုတ်၊ ဘုရားရှင် မပွင့်ပေါ်မီကပင် ပြုလုပ်လာခဲ့ကြောင်း "သုဂန္ဓောဒကပူရိတံ သုဝဏ္ဏဘိင်္ကာရံ ဂဟေတွာ ဟတ္ထိသောဏ္ဍံ ဂဟေတွာ တေသံ ဟတ္ထေ ထပေတွာ ဥဒကံ ပါတေတွာ အဒါသိ = နံ့သာရည်ဖြင့် ပြည့်သော ရွှေကရားကို ယူ၍ ဆင်ဖြူတော်၏ နှာမောင်းကို ကိုင်ပြီးလျှင် ထိုပုဏ္ဏားတို့၏ လက်၌ ထည့်၍ ရေကို ကျစေလျက် (ရေစက်ချလျက်) လှူပြီ" ဟူ၍ ဝေဿန္တရာဇာတ် ဆင်ဖြူတော်လှူခန်း၌ လာသော စကားအရ ထင်ရှား သိသာလှပါသည်။ သားတော် သမီးတော်လှူခန်း, မဒ္ဒီမိဖုရားကို လှူခန်းတို့၌လည်း ဤနည်းအတူပင် ဖြစ်၏။

ဗြာဟ္မဏဝဂ်၊ အင်္ဂုတ္တိုရ် ဋီကာ (တတိယတွဲ)၌ကား "ဥဒကံ ပါတေတွာ ဒေန္တီတိ ဒွါရေ ဌိတဿေဝ ဗြာဟ္မဏဿ ဟတ္ထေ ဥဒကံ အာသိဉ္စိတွာ.... ဒေန္တိ=တံခါး၌ တည်နေသည်သာလျှင် ဖြစ်သော ပုဏ္ဏား၏ လက်၌ ရေကို လောင်းထည့်၍ (သတို့သမီးကို) ပေးလှူကုန်၏"ဟူ၍ ရှေးခေတ် ရေစက်ချပုံကို ပိုမိုပေါ်လွင်အောင် ဖွင့်ပြထားပါသည်။

ယခုခေတ် ရေစက်ချပုံမှာ အောက်ခံခွက် တစ်ခုပေါ်မှာ တစ်စက် တစ်စက် သွန်ချခြင်း ဖြစ်၍ ရှေးခေတ် ရေစက်ချပုံမှာ အလှူခံပုဂ္ဂိုလ်၏ လက်၌ လောင်းထည့် သွန်ချခြင်းဖြင့် ရေသွန်ချပုံ သွန်ချနည်း အနည်းငယ် ကွဲပြားမှု ရှိလေသည်။ သို့ရာတွင် အလှူဒါန ပြုရာ၌ ပေးကမ်း စွန့်ကြဲခြင်းနှင့်အတူ ရေကို စွန့်ချမှု သဘောခြင်းကား မကွဲမပြား တူညီလျက် ရှိပါသည်။

"အလှူရေစက် လက်နှင့်မကွာ" ဆိုသော စကားအရ အလှူဒါန၏ လက္ခဏာသရုပ်ကို ရေဖြင့် အတူပြု၍ ဖော်ထုတ်ခဲ့ခြင်းမှာ လွန်စွာ အဓိပ္ပါယ် ရှိပါသည်—

"ရေသည် သန့်ရှင်း ကြည်လင်သကဲ့သို့ အလှူဒါနသည် လောဘ, ဒေါသ, မောဟ စသော ကိလေသာ အညစ်အကြေးတို့မှ သန့်ရှင်း ကြည်လင်၏" ဟူ၍လည်းကောင်း၊

"ရေသည် အေးမြသကဲ့သို့ အလှူဒါနသည် ရန်သူမျိုး ငါးပါးတို့မှ လွတ်ကင်း၍ ကြောက်ရွံ့ ပူပန်ရခြင်း မရှိတော့သဖြင့် အေးမြ၏" ဟူ၍လည်းကောင်း၊

"ရေသည် လောင်းချလိုက်သည်နှင့် တပြိုင်နက် ပြန်၍ ကောက်ယူရရှိနိုင်ခြင်း မရှိတော့သကဲ့သို့ အလှူဒါနသည်လည်း အလှူခံပုဂ္ဂိုလ်၏ လက်တွင်းသို့ အပ်နှင်းလိုက်သည်နှင့် တပြိုင်နက် ပြန်၍ ရယူနိုင်ရန် မျှော်လင့်ခြင်း မရှိတော့" ဟူ၍လည်းကောင်း—

http://www.dhammadownload.com



ရေသည် အလှူဒါန်၏ သန့်ရှင်း ကြည်လင်ခြင်း, အေးမြခြင်း သဘောလက္ခဏာနှင့် အာလယပြတ် စွန့်လွှတ်မှု (=စဇ) လက္ခဏာ သဘောကို ကောင်းစွာ ထင်မြင် သဘောပေါက်စေနိုင်ပါသည်။ ထို့ကြောင့် အလှူဒါန ပြုရာတွင် "ရေစက်ချခြင်း"ကို ကောင်းစွာ သဘောပေါက်၍ ပြုလုပ်သင့်ကြပါသည်။

ယင်းသို့ ပြုလုပ်ရာ၌ ဘုန်းကြီးက ပြုလုပ်ပေးခြင်းမှာ အလှူရှင်က ကိုယ်တိုင် မဆိုတတ် မလုပ်တတ်၍ ကိုယ်စား ပြုလုပ်ပေးခြင်း ဖြစ်၏။ **စင်စစ် မိမိ၏** အလှူဒါနအတွက် ရေစက်ချ ဆုတောင်းခြင်း, အမျှဝေခြင်းတို့ကို မိမိကိုယ်တိုင် ပြုလုပ်ခြင်းက ပို၍ လမ်းမှန်ကျသောကြောင့် ဗုဒ္ဓဘာသာဝင် တစ်ယောက် အနေဖြင့် ကိုယ်တိုင် ကိုယ်ကျ ရေစက်ချတတ်, ဆုတောင်းတတ်, အမျှဝေ တတ်အောင် လေ့လာထားသင့်ကြပါသည်။ ဤ၌ **"မြန်မာသက်သက် ရေစက်ချ စာတမ်း"**ကို ဆက်လက် ဖော်ပြထားပါသည်—

## မြန်မာသက်သက် ရေစက်ချစာတမ်း

အရှင်ဘုရား....တပည့်တော်တို့သည် ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း အစရှိသော ဆင်းရဲအပေါင်းတို့၏ မပြတ်နှိပ်စက်ရာ ဤ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်၍ အလွန် အေးမြ ချမ်းသာလှသော နိဗ္ဗာန်သို့ ရောက်ပါရခြင်း အကျိုးငှာ၊ (ရည်ရွယ်ချက်)

ကောင်းသဖြင့် ပြုအပ်သော ကုသိုလ်ကံ, မကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံကိုလည်းကောင်း၊ ထိုကုသိုလ်ကံ, အကုသိုလ်ကံသည် နောင်သံသရာ ဘဝတို့၌ ပေးလတ္တံ့သော ကောင်းကျိုး, မကောင်းကျိုးကိုလည်းကောင်း ယုံကြည်ပါကုန်သည် ဖြစ်၍၊ (ယုံကြည်ချက်)

ဘုရား, တရား, သံဃာ-ဟူသော သုံးပါးသော ကိုးကွယ်ရာ သရဏဂုံနှင့်တကွ (ငါးပါး)သော သီလတော်မြတ်ကို ကောင်းစွာ ခံယူ ဆောက်တည် ပြီး၍ ဤ(ဆွမ်း, ရေချမ်း, ပန်း, ဆီမီး)တည်းဟူသော လှူဖွယ်ဝတ္ထုတို့ကို (သက်တော် ထင်ရှား မြတ်စွာဘုရားကို ရည်မှတ်၍ ဤစေတီတော်မြတ်အား) သဒ္ဓါကြည်ဖြူ လှူဒါန်း ဆက်ကပ်ပါကုန်၏ အရှင်ဘုရား၊ (သီလ၌ တည်၍ လှူဒါန်းခြင်း)

ဤကောင်းမှု၏ စေတနာအစွမ်းကြောင့် တပည့်တော်တို့သည် အို, နာ, သေခြင်း ကင်းရာအမှန် ပြည်နိဗ္ဗာန်သို့ လျင်မြန်ဆောလျင်စွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား၊ (ဝိဝဋ္ဋနိဿိတဆုတောင်း)

http://www.dhammadownload.com



နိဗ္ဗာန်သို့ မရောက်ရသေးသမျှ ဘဝသံသရာ၌ ကျင်လည်ရသည် ရှိသော် "သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ,ဟိရီ, ဩတ္တပ္ပ"တည်းဟူသော သူတော်ကောင်း ဥစ္စာ ခုနစ်ဖြာနှင့် ပြည့်စုံ၍ ရတနာသုံးတန် ကံ, ကံ၏ အကျိုးကို ယုံကြည်သော အမျိုးကောင်းသား, အမျိုးကောင်းသမီး ဘဝတိုင်း ဖြစ်ရ၍ အမြိုက် နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်နိုင်ကြောင်း ကောင်းမှုကုသိုလ်ကို မငြီးမငြင် အစဉ်အမြဲ အားထုတ် ပြုလုပ်နိုင်ရပါလို၏ကုန်၏ အရှင်ဘုရား၊ (ဝဋ္ဋနိဿိတဆုတောင်း)

ဤကောင်းမှုကုသိုလ်၏ အဖို့ဘာဂကိုလည်း အမိ, အဘ, ဆရာသမား, ဆွေမျိုးဉာတကာ, ရေမြေသနင်း မင်းမှ စ၍ သုံးဆယ့်တစ်ဘုံ၌ ကျင်လည် ကုန်သော သုခိတ, ဒုက္ခိတ သတ္တဝါအပေါင်းတို့အား ရကြပါစေ အမျှပေးဝေ ပါကုန်၏၊ ကျွန်ုပ်တို့နှင့် အတူတကွ အမျှရ၍ ချမ်းသာကြသည် ဖြစ်ပါ စေကုန်သော....၊ (အမျှဝေခြင်း)

ဝသုန္ဓရေ ဤမြေကြီးသည်လည်း အကျွန်ုပ်တို့၏ သက်သေအရာ၌ ကောင်းစွာ ဘည်သည် ဖြစ်ပါစေသော....၊ (သက်သေတည်ခြင်း)

[သီလ ခံယူ ဆောက်တည်ရာ၌ ရှစ်ပါး, ကိုးပါး, ဆယ်ပါး ဖြစ်လျှင် (ငါးပါး) နေရာ၌ ရှစ်ပါး, ကိုးပါး, ဆယ်ပါး လိုအပ်သလို ပြင်၍ ဆိုပါ။ (ဆွမ်း, ရေချမ်း, ပန်း, ဆီမီး)ဟူရာ၌လည်း မိမိလှူသော အလှူဝတ္ထု၏ အမည်ကိုသာ ထည့်ရန် ဆိုရန် ဖြစ်ပါသည်။ လှူဒါန်းရာ၌ ဘုရား မဟုတ်ဘဲ သံဃာတော်အား လှူဒါန်းလျှင် (ကောင်းမှုတည်းဟူသော မျိုးစေ့တို့ကို စိုက်ပျိုး ကြဲချရာ လယ်ယာ မြေကောင်းသဖွယ် ဖြစ်သော သံဃာတော် အရှင်မြတ်တို့အား)ဟု ဘုရားနေရာတွင် ပြောင်းဆိုပါ။ ရဟန်း သံဃာ သုံးပါး, နှစ်ပါး ဖြစ်လျှင် (အရှင်ဘုရားတို့အား), တစ်ပါးတည်း ဖြစ်လျှင် (အရှင်ဘုရားအား)ဟု လိုအပ်သလို ပြင်ဆင် ပြောင်းလဲ ဆိုရန် လက်သည်းကွင်းဖြင့် ဖော်ပြထားပါသည်။]

ရေစက်ချ အမျှဝေခြင်း ပြီး၏။

ဤတွင် အပိုင်း(၁) ပြီး၏။

http://www.dhammadownload.com

# အပိုင်း (၂)

## အခန်း (၇)

### ဘုရားဖြစ်ရန် ပါရမီတော်ဖြည့်ကျင့်ခြင်း

ဘုရား တရား သံဃာ ရတနာသုံးပါးတို့တွင် ဘုရားရတနာကို အကြောင်းပြု၍ တရားရတနာနှင့် သံဃာရတနာတို့ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားရတနာသည် ထိုကျန်ရတနာနှစ်ပါးတို့၏ အရင်းမူလဖြစ်သည်။ ထိုဘုရားရတနာ၏ ကြည်ညိုဖွယ်ရာ ယုံကြည်အားထားဖွယ်ရာ ဂုဏ်တော်များကို အကျဉ်းချုပ်မျှ ဖွင့်ဆိုပြခဲ့ပါသည်။ ယင်းဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသော ဘုရားအဖြစ်သို့ ရောက်ရှိအောင် မည်သို့မည်ပုံ မည်မျှကြာအောင် ပါရမီတော်များကို ဖြည့်ကျင့်ခဲ့ရသည်ကို သိရှိ နားလည်ရန် လိုအပ်ပေသည်။ ဂေါတမမြတ်စွာဘုရားသည် အလိုအလျောက် အကြောင်းမဲ့ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့ခြင်းမဟုတ်ချေ။ဘုရားဖြစ်ရန် အကြောင်းကံပါရမီတော်များကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့ခြင်းကြောင့် သာလျှင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်း ဖြစ်သည်။ တန်ခိုးရှင်တစ်စုံ တစ်ဦးက ပေးကမ်းချီးမြှောက်ခြင်းကြောင့် ဘုရားအဖြစ်ကို ရရှိခဲ့ခြင်း မဟုတ်သည်ကို သိသင့်လှပေသည်။

#### အသင်္ချေနှစ်ဆယ်

ဗုဒ္ဓဝင်ပါဠိတော်၌ ပါရမီတော်များ ဖြည့်ကျင့်ရာကာလကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟု ပြဆိုထားပေသည်။ သို့ရာတွင် စူဠဗုဒ္ဓဃောသဆရာ ရေးသားစီရင်သော သောတတ္ထကီကျမ်း၌ ဘုရားအဖြစ်ကို စိတ်ဖြင့် ဆုတောင်းခဲ့ရာ အချိန်ကာလမှာ ကမ္ဘာပေါင်း ၇-အသင်္ချေ၊ နှုတ်ဖြင့် မြွက်ဆို၍ ဆုတောင်းခဲ့ရာ အချိန်ကာလမှာ ကမ္ဘာပေါင်း ၉-အသင်္ချေ၊ နှုတ်ဖြင့် ဆုတောင်းရုံသာမက ပါရမီတော်များကို ကိုယ်တိုင်ကိုယ်ကျ ဆည်းပူးဖြည့်ကျင့်ခဲ့ရာ အချိန်ကာလမှာ ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်း ဖြစ်သည်ဟု ရှင်းလင်းဖွင့်ဆိုထားပေသည်။ ပထမဆင့်အနေဖြင့် ဘုရားဖြစ်လိုသော ဆန္ဒကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုရန် မဝံ့မရဲသဖြင့် စိတ်ထဲ၌သာ မျှိသိပ်ကာ ဘုရားအဖြစ်ကို တောင့်တခဲ့ရသည်။ ထိုသို့ စိတ်ဖြင့် တောင့်တဖန်များလာသော အခါ ဆန္ဒပြင်းပြမှု စိတ်ဓာတ်ရင့်ကျက်လာမှုကြောင့် ဘုရားဖြစ်လိုကြောင်းကို လူသိရှင်ကြား မြွက်ဟပြောရဲဆိုရဲ ဖြစ်လာသည်။

http://www.dhammadownload.com



၃။ ကပ္ပ အသင်္ချေ

အချိန်ကာလအပိုင်းအခြားတစ်ခုကို ကပ္ပ=ကပ်ဟု ခေါ်၏၊ ယင်းကပ်မှာ-

(က) အာယုကပ်၊

(ခ) အန္တရကပ်၊

(ဂ) အသင်္ချေယျကပ် (ကပ္ပအသင်္ချေ)၊

(ဃ) မဟာကပ်-

ဟူ၍ လေးမျိုးရှိသည်။

(က) အာယုကပ်

ထိုလေးမျိုးတို့တွင် သတ္တဝါတို့၏ အသက်အပိုင်းအခြား (သက်တမ်း)ကို အာယုကပ်ဟု ခေါ်သည်။ လူတို့၏ သက်တမ်းမှာ အနည်းဆုံး ၁၀-နှစ်တမ်း၊ အများဆုံး အသင်္ချေတမ်းတိုင်အောင် ဆုတ်လိုက် တက်လိုက်ရှိသည်၊တက်ကပ် ၌ ၁၀-နှစ်တမ်းမှ အသင်္ချေတမ်းတိုင်အောင် တဖြည်းဖြည်း အသက်ရှည်လာကြ၏၊ ဆုတ်ကပ်၌ အသင်္ချေတမ်းမှ ၁၀-နှစ်တမ်းတိုင်အောင် ဆုတ်ယုတ်လာ၏။

(ခ) အန္တရကပ်

သတ္တဝါတို့၏ လောဘ, ဒေါသ, မောဟ ထူပြောလာသောအခါ သက်တမ်း ဆုတ်ယုတ်လာ၍ လောဘ, ဒေါသ မောဟ နည်းပါးလာပြီး မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မစိုရ်တရားများ ထွန်းကားလာသည့်အခါ အသက်တမ်း ပို၍ ပို၍ ရှည်လာကြသည်။

၁၀-နှစ်တမ်းတွင် လောဘ, ဒေါသ, မောဟတရားများ အစွမ်းကုန် ထူပြောလာသဖြင့် ဆရာသမား, လူကြီး, မိဘတို့ကို ရိုသေရကောင်းမှန်း မသိ, ကျေးဇူးတရားကို မသိတတ်, ကတိသစ္စာမရှိ, ဗြဟ္မစိုရ်တရားများ ခြောက်ခန်းလာသဖြင့် လူအချင်းချင်း အကျိုးစီးပွား ပျက်ပြားစေရန် အားထုတ်လာကြသည်။ အမျက်ဒေါသ, အာဃာတ ကြီးမားလာ၍ သည်းခံနိုင်ခြင်း, ခွင့်လွှတ်နိုင်ခြင်း မရှိ၊ လက်စားချေရန် သတ်ဖြတ် ဖျက်ဆီးရန် အမြဲတစေ ကြံ့ုးပမ်းလျက် ရှိကြသည်၊ အမျိုးသမီးများကိုလည်း တွေ့ရာ မြင်ရာ ဌာန၌ ဖျက်ဆီးကြလေသည်။

ကာမဂုဏ်ထူပြော၍ ကာမဂုဏ်နှင့် စပ်သော အတွေးအခေါ် အပြောအဆို အပြုအမူများကို အမြဲတစေ ပြုလုပ်လျက်ရှိကြသည်။ ထက်မြက်သော လူသတ်လက်နက်များမှာလည်း အလွယ်တကူ အချိန်မရွေး လက်တကမ်းအတွင်းမှာပင် ရယူနိုင်သည့် အခြေအနေ ရှိနေကြသည်။

http://www.dhammadownload.com



အချင်းချင်း အပြန်အလှန် လက်စားချေသတ်ဖြတ်မှုများ ထူပြောလာ၍ လူမြင်တိုင်း သံသယစိတ်ဖြင့် စောင့်ကြည့်နေရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ မိမိက အလျင်လက်ဦးမှုရအောင် စိတ်စောနေကြသည်။ တွေ့သမျှ မြင်သမျှ လူများကို ရန်သူသဖွယ် သဘောထားလာကြသည်။ မိမိတို့ ယုံကြည်စိတ်ချရသူအချင်းချင်း အုပ်စုငယ်များဖွဲ့ကာ နေထိုင်ကြရသည်။ ယင်းအုပ်စု အချင်းချင်းလည်း လုယက်တိုက်ခိုက် သတ်ဖြတ်ကြသည်။ တဖန် အုပ်စုတစ်ခု အတွင်း၌လည်း အချင်းချင်း သတ်ဖြတ်ကြပြန်သည်။ ဤနည်းအားဖြင့် လူတို့သည် လူအချင်းချင်း အပြန်အလှန် အမဲလိုက်နေကြသည်။ လူအချင်းချင်း တစ်ယောက်သည် တစ်ယောက်ကို သားကောင်သဖွယ် သဘောထားလာကြသည်။

အများနည်းတူ ယှဉ်ပြိုင်မသတ်ရဲ မဖြတ်ရဲသော လူအချို့သည် တောတောင် ထူထပ်ရာ ဌာနသို့ ပြေးဝင်ပုန်းအောင်း နေကြရသည်။ ဤကဲ့သို့ သတ်ပွဲကြီး အမဲလိုက်ပွဲကြီး ဖြစ်ပြီးနောက် ဤကမ္ဘာမြေပေါ်တွင် လူသားဟူ၍ မကျန်သလောက် ဖြစ်သွားခဲ့သည်။ ကျန်ရစ်သော လူသားတစ်ယောက်တလေမှာမူ သတ်ဖြတ်မှုများကို ငြီးငွေ့စက်ဆုတ်ရွံရှာလာခဲ့၍ မေတ္တာတရား သည်းခံခြင်း တရားများကို ကျင့်သုံးလာခဲ့သည်။ ထိုကဲ့သို့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မစိုရ်တရားများကို ကျင့်သုံးမှုကြောင့် လူတို့၏ အသက်တမ်းသည် ပြန်လည်တိုးပွား ရှည်လျားလာခဲ့ပြန်၏။ အမြင့်ဆုံးအသင်္ချေတမ်းအထိ အသက်ရှည်ခဲ့ကြသည်။

ထို့နောက် လောဘ, ဒေါသ, မောဟ တရားများ တဖြည်း တဖြည်း အနည်းငယ် အနည်းငယ် ဖြစ်ပေါ်လာပြန်သဖြင့် အသက်အသင်္ချေတမ်းမှ ပြန်လည်၍ ဆုတ်ယုတ် လာပြန်သည်။ ဤကဲ့သို့ ဆုတ်ကပ်နှင့် တက်ကပ်တစ်စုံကို အန္တရကပ်တစ်ခုဟု ခေါ်ဆိုရသည်။

## (ဂ) အသင်္ချေယျကပ် (ကပ္ပအသင်္ချေ)

ကပ္ပအသင်္ချေဟု ခေါ်သော အသင်္ချေယျကပ်သည် ဤကမ္ဘာကြီး၏ ဖြစ်မှု ပျက်မှုနှင့် ဆက်စပ်လျက် ရှိသည်၊ အသင်္ချေယျကပ်လေးမျိုး ရှိသည်။

(၁) သံဝဋ္ဋကပ် (ကမ္ဘာပျက်ဆဲကာလ)၊

(၂) သံဝဋ္ဋဋ္ဌာယီကပ် (အပျက်အတိုင်း တည်နေသောကာလ)၊

(၃) ဝိဝဋ္ဋကပ် (ကမ္ဘာတည်သောကာလ)၊

(၄) ဝိဝဋ္ဋဋ္ဌာယီကပ် (ကမ္ဘာတည်သည့်အတိုင်း ဆက်လက် တည်ရှိနေသောကာလ)။

http://www.dhammadownload.com



ယင်းအသင်္ချေယျကပ်တစ်ခုစီ၏ အချိန်ကာလကို နှစ်ပေါင်း မည်မျှ မည်မျှ ကြာသည်ဟု ပိုင်းခြားရေတွက်ပြရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် မြတ်စွာဘုရားရှင်က ဥပမာဆောင်၍ ရေတွက်ပုံ ရေတွက်နည်းတစ်ခုကို ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ဥပမာမှာ—

> အလျား ရှစ်မိုင်၊ အနံ ရှစ်မိုင်၊ အမြင့် ရှစ်မိုင် ထုထည်ရှိသော တခဲနက် ကျောက်တုံးကြီးတစ်ခုကို အလွန်တရာ နူးညံ့သိမ်မွေ့သော အဝတ်စ၊ သို့မဟုတ် ဂွမ်းစ၊ သို့မဟုတ် ငှက်မွေးတစ်ခုဖြင့် အနှစ်တစ်ရာလျှင် တစ်ကြိမ်လာရောက် ထိတို့သဖြင့် အကြိမ်ပေါင်း များလာသောအခါ ယင်းထိတို့မှုကြောင့် ယင်းကျောက်တုံးကြီး ကုန်ခန်းသွားလေရာ၏။ အသင်္ချေယျကပ် တစ်ခုကား မကုန်ဆုံးသေးချေ။

ယင်းကျောက်တုံးကြီးကို စတင်ထိတို့သည့် အချိန်မှ ကျောက်တုံးကြီး ကုန်ခန်းသည်အထိ မည်မျှကြာမည်ကို ခန့်မှန်းစဉ်းစား ကြည့်စေလိုသည်။ ဤကဲ့သို့ ရှည်လျားလှစွာသော အချိန်ကာလတစ်ခုကို အသင်္ချေယျကပ်တစ်ခုဟု သတ်မှတ်ရသည်။

## (၁) သံဝဋ္ဋကပ် (ကမ္ဘာပျက်ချိန်)

ကမ္ဘာပျက်ခြင်းမှာ မီးဖြင့် ပျက်ခြင်း၊ ရေဖြင့် ပျက်ခြင်း၊ လေဖြင့် ပျက်ခြင်းဟူ၍ သုံးမျိုးရှိသည်။ စကြဝဠာတစ်ခုအတွင်း၌ နေတစ်စင်းသာ ရှိရမည်၊ သို့ရာတွင် ကမ္ဘာပျက်ချိန်တန်သောအခါ နေတစ်စင်းမှသည် နှစ်စင်း၊ သုံးစင်း နေခုနစ်စင်းအထိ ဖြစ်ပေါ်လာရသည်။ အာကာသအတွင်း၌ သွားလာနေသော ရုပ်ဝတ္ထု အစိုင်အခဲကြီးများ ကြယ်တံခွန်ကဲ့သို့သော ရုပ်ဝတ္ထု အစိုင်အခဲကြီးများသည် အတွင်းဓာတ်သဘာဝ ဖောက်ပြန် ပြောင်းလဲပြီး နေအဖြစ်သို့ ရောက်ရှိလာကြသည်။ ထိုအခါ စကြဝဠာတစ်ခုအတွင်း၌ နေတစ်စင်းမှသည် နေခုနစ်စင်းအထိ ဖြစ်ပေါ်လာတော့သည်။ နေနှစ်စင်း ဖြစ်လာသည့်အခါ နေဝင်ချိန်ဟူ၍ မရှိတော့ဘဲ ပူပြင်းလာသဖြင့် ရေတွင်း ရေကန် မြစ် ချောင်း အင်း အိုင်များ ခန်းခြောက်သွားတော့သည်။ ထိုအခါ ကောက်ပဲသီးနှံနှင့် အပင်ငယ်များ ခြောက်သွေ့ပျောက်ကွယ်၍ သက်ရှိသတ္တဝါများ သေဆုံးကုန်ကြသည်၊ သတ္တဝါများသည် ကိုယ်ကျင့်တရား တစ်ဆင့်ထက်တစ်ဆင့် မြင့်မားအောင် ကြိုးပမ်း အားထုတ်လာကြ၍ အထက်အထက် ဗြဟ္မာပြည်ဘုံအောင်ရောက်ရှိသွားကြသည်။ ကတိယနေတစ်စင်း ပေါ်ထွက်လာသောအခါ ဟိမဝန္တာတောသုံးတောင် ခြောက်သွေ့ ပျောက်ကွယ်၍ မြစ်ကြီးများ ခြောက်ခန်းသွားသည်။

စတုတ္ထနေနှင့် ပဉ္စမနေ ထွက်ပေါ်လာသည့်အခါ မဟာသမုဒ္ဒရာလေးစင်းရှိ ပင်လယ်ရေများ ခြောက်ခန်းသွားတော့သည်။ ဆက်လက်ပူလောင်သည့်

http://www.dhammadownload.com



အခါ ဤကမ္ဘာတစ်ခုလုံး အစိုဓာတ် အစေးဓာတ် မှန်သမျှ ခြောက်ခန်း၍ ခြစ်ခြစ်တောက် ပူလောင်လာသည်။ သစ်သားစသော သာမန်လောင်စာမှန်သမျှ လောင်ကျွမ်းပြီး ဖြစ်တော့သည်။ ဆဋ္ဌနေ ထွက်ပေါ်လာသည့်အခါတွင် ဤကမ္ဘာ ဤစကြဝဠာသည် ရဲရဲတောက်အောင် ပူလောင်လျက် ရှိသည်။ သတ္တမနေ ထွက်ပေါ်လာသည့် အခါတွင်မူ ဤကမ္ဘာ ဤစကြဝဠာသည် မီးတောက် မီးလျှံများ အလျှံပြောင်ပြောင် တောက်လောင်လျက် အခိုး အငွေ့ မှုန့်မှုန်မျှ မကြွင်းအောင် လောင်ကျွမ်းသွားတော့သည်။ ယင်းကဲ့သို့ ကမ္ဘာပျက်နေသော အချိန်ကာလမှာ မည်မျှကြာသနည်းဟုဆိုလျှင် အသင်္ချေယျကပ် တစ်ခုစာကြာ၍ ဤအချိန်ကာလကို သံဝဋ္ဋကပ် (ကမ္ဘာပျက်ချိန်)ဟု ခေါ်သည်။

## ဇာတိခေတ်

ဤကဲ့သို့ လောင်ကျွမ်း ပျက်စီးသွားသည့် စကြဝဠာများမှာ ဖြစ်အတူ ပျက်အတူ စကြဝဠာ ကုဋေတစ်သိန်း ရှိသည်။ ယင်းစကြဝဠာ ကုဋေ တစ်သိန်းသည် ကမ္ဘာပျက်သည့် အခါတွင် အတူတကွ တပြိုင်နက် ပျက်စီး ကြ၍ ကမ္ဘာတည်သည့် အခါတွင်လည်း အတူတကွ တပြိုင်နက် ပြန်လည် ဖြစ်ပေါ်လာသောကြောင့် ဖြစ်အတူ ပျက်အတူ "ဇာတိခေတ်" တစ်ခုဟု ခေါ်သည်။ (ဇာတိ=ဖြစ်ပေါ်ခြင်း+ခေတ်=နယ်ပယ်။)

## ရေဖျက်သော ကမ္ဘာ

ကမ္ဘာပျက်ခြင်းမှာ အထက်တွင် ဖော်ပြပြီးသော မီးလောင်ပျက်စီးခြင်း အပြင် ရေဖြင့် ပျက်စီးခြင်း, လေဖြင့် ပျက်စီးခြင်းဟူ၍ ရှိသေးသည်။ ရေဖြင့် ပျက်စီးပုံမှာ ရှေးဦးစွာ မိုးသေးမိုးဖွဲများ ရွာလာသည်၊ ထို့နောက် မိုးသီး မိုးပေါက်များ ကျလာသည်၊ ကမ္ဘာတစ်ခွင်လုံး ရေမြုပ်သွားတော့သည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ရုပ်ဝတ္ထုများ ဖွဲ့စည်းရာ၌ အရည်ဓာတ်လွန်ကဲလာ၍ ရှိသမျှ ရုပ်ဝတ္ထုများ အရည်ပျော်သွားခဲ့သည်။ ဥပမာအားဖြင့် ဆားခဲ သကြားခဲ များသည် အစိုပြန်လာသည့်အခါ ရေမဖျော်ရဘဲ အလိုအလျောက် အရည် ဖြစ်သွားသကဲ့သို့ ဤကမ္ဘာရှိ ကျောက်တုံး ကျောက်ခဲ ကျောက်ဆောင် ကျောက်တောင်ကြီးများသည်ပင်လျှင် တနည်းတဖုံ အရည်ဘဝသို့ ပြောင်းလဲ ဖောက်ပြန် ပျက်စီးသွားတော့သည်။ ဤကဲ့သို့ ရေလွှမ်းမိုး၍ ပျက်စီးခြင်း, ရုပ်ဝတ္ထု မှန်သမျှ အရည်ပျော်၍ ပျက်စီးခြင်း အရည် ပျော်ပြီးနောက် အခိုးအငွေ့ဘဝ ရောက်ရှိ ပျောက်ကွယ် ပျက်စီး သွားခြင်းကို ရေဖျက်သော ကမ္ဘာဟု ဆိုရသည်။

http://www.dhammadownload.com



**လေဖျက်သော ကမ္ဘာ**

ဤကမ္ဘာကြီး တည်ရှိရာ ဤကမ္ဘာ စကြဝဠာနှင့် အတူတကွ ဖြစ်ပျက်လေ့ရှိသည့် စကြဝဠာ ကုဋေတစ်သိန်းအတွင်း၌ လေဓာတ် လွန်ကဲ ပြင်းထန်ဖောက်ပြန်လာ၏၊ ဧလေမုန်တိုင်းများ များစွာ ဖြစ်ပေါ်လာ၏၊ မုန်တိုင်းဒဏ်ကြောင့် ရုပ်ဝတ္ထု အစိုင်အခဲ အချင်းချင်း ထိခိုက် ရိုက်ခတ်မိ၍ အစိုင်အခဲများ ပြိုကွဲကြေမွသွားကြသည်။ ကြယ်တာရာ နက္ခတ်များ ကမ္ဘာဂြိုဟ်များ, နေများ, လများ အချင်းချင်း ကမ္ဘာဖျက် လေဒဏ်ကြောင့် ရိုက်ခတ် တိုက်ခိုက်ပြိုကွဲ ကြေမွကုန်ကြရ၏။ နောက်ဆုံးတွင် အစိတ်စိတ် အမွှာမွှာ ကြေမွလျက်မှုန်မှုန်မျှ မကျန်ရအောင် ပျက်သုံးသွားတော့သည်။

မီး, ရေ, လေဖြင့် ကမ္ဘာပျက်ခြင်း သုံးမျိုးတို့တွင် မီးဖျက်ခြင်းထက် ရေဖျက်ခြင်းက ပို၍ ပြင်းထန်၏၊ ရေဖျက်ခြင်းထက် လေဖျက်ခြင်းက ပို၍ ပြင်းထန်၏။ မီးဖျက်သည့်အခါ ပဌမဈာန် ဗြဟ္မာ့ဘုံကုန်အောင် မီးလောင်ကျွမ်း၏၊ အာဘဿရာဗြဟ္မာ့ဘုံအောက် ကုန်အောင် လောင်ကျွမ်းသည်၊ ရေဖျက်သည့်အခါ ဒုတိယဈာန် ဗြဟ္မာ့ဘုံကုန်အောင် ပျက်စီး၏၊ သုဘကိဏှာဗြဟ္မာ့ဘုံအောက် အကုန်ပျက်စီးသည်။ လေဖျက်သည့်အခါ တတိယဈာန်ဗြဟ္မာ့ဘုံ ပါဝင်သွား၍ ဝေဟပ္ဖိုလ် ဗြဟ္မာ့ဘုံအောက် အကုန်ပျက်စီး၏။

မီးခုနစ်ကြိမ်ဖျက်ပြီးသောအခါ ရှစ်ကြိမ်မြောက်၌ ရေဖျက်သည်၊ ဤကဲ့သို့ ရှစ်ကြိမ်ပြည့်၍ (၈×၈=၆၄) ၆၄-ကြိမ်မြောက်၌ လေတစ်ကြိမ် ဖျက်သည်။

## (၂) သံဝဋ္ဋဋ္ဌာယီကပ်

မီး, ရေ, လေ တစ်ခုခုသော အကြောင်းကြောင့် ဤကမ္ဘာ ဤစကြဝဠာ ကုဋေ တစ်သိန်း ပျက်စီးပြီးသောအခါ အပျက်အစီးအတိုင်း ဆက်လက်တည်ရှိနေသော အချိန်ကာလမှာလည်း အသင်္ချေယျကပ်တစ်ခု ကြာမြင့်ခဲ့သည်။ ယင်းအသင်္ချေယျကပ်ကို သံဝဋ္ဋဋ္ဌာယီကပ်ဟု ခေါ်သည်။ (သံဝဋ္ဋ=ပျက်စီးခြင်း+ဌာယီ=ဆက်လက်တည်ရှိခြင်း။)

## (၃) ဝိဝဋ္ဋကပ်

ဤကမ္ဘာ ဤစကြဝဠာ ကုဋေတစ်သိန်း ပြန်လည် တည်ဆောက်ချိန်ရောက်ရှိလာသည့်အခါ ကမ္ဘာပြုမိုးကြီး ရွာလာခဲ့သည်။ ရှိရှိသမျှ ရုပ်သဘာဝရုပ်ဓာတ်များသည် အစိုင်အခဲအဖြစ်သို့ ဖွဲ့စည်းခြင်း မပြုနိုင်မီ ရှေးဦးစွာအရည်အဖြစ်သို့ ပြောင်းလဲရသည်။

http://www.dhammadownload.com



အရည်ဖြစ်ပြီးနောက် ကျစ်လျစ်သိပ်သည်းသော ရုပ်ဝတ္ထု အစိုင်အခဲများ ထပ်ဆင့်ဖွဲ့စည်းလာရသည်၊ ထို့ကြောင့် ကမ္ဘာတည်ရာ၌ ရှေးဦးစွာ ကမ္ဘာပြုမိုး ရွာခြင်းဟု ဆိုအပ်သော အရည်ဘဝ ဖွဲ့စည်းခြင်း ဖြစ်ပေါ်လာသည်။ အရည်များသည် စကြဝဠာကုဋေတစ်သိန်း အပြည့်အဝ တည်ရှိ၍ နေနှင့်လများ ကြယ်နက္ခတ်တာရာများ ဖွဲ့စည်းဖြစ်ပေါ်လာပြီး စကြဝဠာရေထု (အရည်)သည် တဖြည်းဖြည်း လျော့နည်းသွားသည်။ ကျစ်လျစ် သိပ်သည်းသော ရုပ်ဝတ္ထု အစိုင်အခဲများ ဖွဲ့စည်းဖြစ်ပေါ်လာမှုကြောင့် အရည်ထုထည် နည်းပါးပြီး အစိုင်အခဲ တိုးပွားလာခဲ့သည်။ ထို့နောက် တဖြည်းဖြည်း အပင်များ သစ်တောများ ရေသတ္တဝါနှင့် ကုန်းသတ္တဝါများ ဖြစ်ပေါ်လာခဲ့ကြသည်။

ဤကဲ့သို့ ကမ္ဘာထည်နေသော အချိန်ကာလကို ဝိဝဋ္ဋကပ်ဟု ခေါ်၍ ကြာမြင့်သော အချိန်ကာလမှာ အသင်္ချေယျကပ် တစ်ခုရှိသည်။

## (၄) ဝိဝဋ္ဋဋ္ဌာယီကပ်

ကမ္ဘာတည်ပြီးနောက် အထက်ဗြဟ္မာ့ဘုံ၌ ရှိသော ဗြဟ္မာများသည် မိမိတို့ ပြုလုပ် ဆည်းပူးခဲ့သော ကုသိုလ်ကံ အရှိန်အဟုန် ကုန်ဆုံးလာသည့်အခါ မူလလာခဲ့ကြသည့် နေရာဌာနသို့ စိတ်ညွတ်ကိုင်းသဖြင့် အချို့သည် ကာမာဝစရ နတ်ဘုံများသို့ ရောက်ရှိကြသည်။ အချို့သည် မိမိတို့ အတိတ်ကံအလျောက် ငရဲဘုံ တိရစ္ဆာန်ဘုံများသို့ ဆင်းသက်ရောက်ရှိကြသည်။ အချို့သည် လူ့ဘုံသို့ ရောက်ရှိလာကြသည်။ ရှေးဦးစွာ ဖြစ်ပေါ်လာကြသော လူများ, တိရစ္ဆာန်များသည် ဥပပါတ်နှင့် သံသေဒဇများ ဖြစ်ကြသည်။ အမိပွါယ်မှာ ယခု လက်ရှိ လူများနှင့် တိရစ္ဆာန်များသည် အမိဝမ်းတွင်း၌ ပဋိသန္ဓေနေ၍ မွေးဖွား ကြရသည်။ ကမ္ဘာဦးကာလတွင်မူ ဤကဲ့သို့ ပဋိသန္ဓေ နေရခြင်း မရှိဘဲ ရုတ်တရက် ဘွားခနဲ ခြေလက်အင်္ဂါ အပြည့်အစုံဖြင့် ၁၆-နှစ်အရွယ် လူသား အသွင်ဖြင့် ဖြစ်ပေါ်လာခဲ့သည်။ တိရစ္ဆာန်များမှာမူ အပင်များနှင့် အညစ်အကြေးများကို မှီတွယ်ကပ်ငြိ၍ ကြီးထွား ဖြစ်ပေါ်လာကြသည်၊ သံသေဒဇ-ဟု ခေါ်သည်။

ကမ္ဘာဦး လူသားတို့မှာ ကိလေသာ နည်းပါးသူများ ဖြစ်ကြသည်။ နတ် ဗြဟ္မာနှင့်မခြား ကိုယ်ရောင် ကိုယ်ဝါရှိပြီး ကောင်းကင်၌ သွားနိုင်ကြသည်။ ယင်းကမ္ဘာဦးလူသားများအထဲမှ လျှပ်ပေါ်လော်လီသည့် လူတစ်ယောက်သည် အနံ့အရသာနှင့် ပြည့်စုံသော မြေသင်းခဲကို စုံစမ်းသည့်အနေဖြင့် လျက်ကြည့် မိသည်။ ရသတဏှာဖြစ်ပေါ်လာ၍ ထပ်ကာ ထပ်ကာ စားသုံးသည်။ အတု လိုက်၍ အခြားသော ကမ္ဘာဦး လူများလည်း စားသောက်ကြသည်။ ထိုအခါ

http://www.dhammadownload.com



ကမ္ဘာဦး လူတို့၏ ခန္ဓာကိုယ်များသည် လေးလံလာ၍ နတ်တို့ကဲ့သို့ ကောင်းကင်၌ မသွားနိုင်၊ မြေပြင်၌သာ ခြေကျင်သွားနိုင်ကြတော့သည်။ ရသတဏှာ တိုးပွားမှုကြောင့် ကိုယ်ရောင် ကိုယ်ဝါများ ကွယ်ပ၍ တန်ခိုးဣဒ္ဓိပါဒ် မရှိတော့ချေ။ မြေသင်းခဲမှာ ဆီဦ ထောပတ် ပျားသကာကဲ့သို့ အနံ့အရသာနှင့် ပြည့်စုံသော အာဟာရတစ်ခု ဖြစ်သည်။

တဖြည်းဖြည်း ကမ္ဘာဦး လူသားတို့သည် ရုပ်ဆင်းအင်္ဂါ လှပမှုနှင့် မလှပမှု အဆင့်အတန်း ကွဲပြားလာခဲ့သည်။ ထိုအခါ လှပသူကို့ဝိုင်းဝန်း ငဲ့စူကြ၍ မလှပသူကို မထီမဲ့မြင် ပြုလာကြသည်။ ထိုအခါ မေတ္တာတရား ပျက်ပြားလာသည်။ ထို့ကြောင့် မြေသင်းခဲ မြေဆီလွှာသည် ကမ္ဘာမြေထုအတွင်းသို့ ငုပ်လျှိုးပျောက်ကွယ်သွားတော့သည်။ ထို့နောက် ကမ္ဘာဦး လူသားတို့သည် အလိုအလျောက် ဖြစ်ပေါ်နေသော နမသလေးဆန်များကို ရယူစားသုံးကြသည်။ ထိုအခါ အစာအာဟာရသည် အကြမ်းစားဖြစ်လာ၍ ဝမ်းမီးဖြင့် ကုန်စင်အောင် ချေချက်ခြင်း မပြုနိုင်၊ ကြွင်းကျန်သော အစာကြမ်းများကို စွန့်ထုတ်နိုင်ရန် ကျင်ငယ်ပေါက် ကျင်ကြီး ပေါက်များ ဖြစ်ပေါ်လာရသည်၊ ထိုအချိန်တွင် ကမ္ဘာဦးလူတို့သည် အထီးနှင့်အမ ကွဲပြားလာတော့သည်။ ယောကျ်ားနှင့် မိန်းမ အချင်းချင်း တပ်မက်၍ အိမ်ထောင်ပြုရာမှ လူသားများအဆင့်ဆင့် ပေါက်ပွားကာ ဆုတ်ကပ်တက်ကပ်များ ဖြစ်ပေါ်လာသည်။ ဆုတ်ကပ်တက်ကပ်တစ်စုံကို အန္တရကပ်တစ်စုံ ခေါ်ကြောင်း အထက်၌ ပြဆိုခဲ့ပါပြီ။ ယင်းအန္တရကပ် ၆၄-ကပ် ပြည့်သောအခါ ကမ္ဘာပျက်မည်။ ထို့ကြောင့် ဝိဝဋ္ဋဋ္ဌာယီကပ်ဘစ်ခုကို အန္တရကပ် ၆၄-ကပ်ဖြင့် ပိုင်းခြားလေ့ရှိကြသည်။

(ဃ) မဟာကပ်ကမ္ဘာ

အထက်ဖော်ပြပါ သံဝဋ္ဋအသင်္ချေယျကပ်၊ သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊ ဝိဝဋ္ဋအသင်္ချေယျကပ်၊ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ဟူသော အသင်္ချေယျကပ် ၄-ကပ်ကို မဟာကပ်ဘစ်ခုဟု ခေါ်ဆိုရသည်။ ယင်းမဟာကပ် တစ်ခုကို တစ်ကမ္ဘာဟု အချိန်ကာလသတ်မှတ်ရသည်။ ထို့ကြောင့် တစ်ကမ္ဘာဟူသည် အသင်္ချေယျကပ် ၄-ကပ်မျှ ကြာမြင့်ကြောင်း သိအပ်၏။

၄။ ဗုဒ္ဓ အသင်္ချေ

မြတ်စွာဘုရားတစ်ဆူ၏ ပါရမီဖြည့်ကျင့်ရာကာလကို ရေတွက် ပိုင်းခြားရာ၌ အတိအကျ ဂဏန်းချ၍ မရေတွက်နိုင်သောကာလကို ဗုဒ္ဓအသင်္ချေဟု ခေါ်၏။ ဗုဒ္ဓနှင့် စပ်လျဉ်း၍ ရေတွက်မရသော အချိန်ကာလဟု ဆိုလို၏။ ယခင် ပြဆို

http://www.dhammadownload.com



ခဲ့သည့် မဟာကပ်ကမ္ဘာပေါင်း မည်မျှ မည်မျှဟူ၍ မရေတွက်နိုင်သော အချိန်ကာလကို ဗုဒ္ဓအသင်္ချေတစ်ခုဟု ခေါ်ရ၏။ ယင်း အသင်္ချေကာလ၏ အစနှင့် အဆုံးကို ဗုဒ္ဓဘုရားရှင် ပွင့်တော်မူခြင်းဖြင့် သတ်မှတ် ပိုင်းခြားရသောကြောင့် ဗုဒ္ဓအသင်္ချေဟု ခေါ်ခြင်းဖြစ်၏။ ဂေါတမဘုရားအလောင်းတော်သည် သုမေဓာရှင်ရသေ့ဘဝက ဒီပင်္ကရာမြတ်စွာဘုရားထံမှောက်၌ "ဘုရားကေန်ဖြစ်လိမ့်မည်" ဟု နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့ရသည်။

ထိုဒီပင်္ကရာ မြတ်စွာဘုရားနောက်၌ မဟာကပ်ကမ္ဘာပေါင်းများစွာ ဘုရားမပွင့်ဘဲ သုညကမ္ဘာချည်းသက်သက် ရှိခဲ့သည်။ ယင်းသုညကမ္ဘာများမှာ ထောင် သိန်း သန်း ကုဋေ စသည်ဖြင့် မရေမတွက်နိုင်သောကြောင့် အသင်္ချေတစ်ခုဟု သတ်မှတ်ရသည်။ ထို့ကြောင့် ဂေါတမမြတ်စွာဘုရား ပါရမီဖြည့်ကျင့်တော်မူရာ ကာလကို သတ်မှတ်ဖော်ပြရာ၌ ဒီပင်္ကရာမြတ်စွာဘုရားမှ ကောဏ္ဍညမြတ်စွာဘုရားအထိ ၁-အသင်္ချေဖြစ်သည်။

ထို့နောက် ဘုရားမပွင့်သည့် သုညကမ္ဘာပေါင်း များစွာ ရှိခဲ့ပြန်ရာ ကောဏ္ဍညဘုရားမှ မင်္ဂလဘုရားအထိ ကြားကာလသည် ဒုတိယမြောက် ၁-အသင်္ချေ ဖြစ်သည်။

ထို့နောက် ဘုရားမပွင့်သည့် သုညကမ္ဘာများ မရေမတွက်နိုင်အောင် ရှိနေပြန်၍ မင်္ဂလဘုရား ပွင့်တော်မူသည့် ကမ္ဘာမှ အနောမဒဿီဘုရားပွင့်တော်မူသည့် ကာလအထိ ကြားကာလသည် တတိယမြောက် ၁-အသင်္ချေဖြစ်သည်။

ထို့နောက် ဘုရားမပွင့်သည့် သုညကမ္ဘာ များစွာ ရှိပြန်၍ အနောမဒဿီမြတ်စွာဘုရား ပွင့်တော်မူသည့် ကမ္ဘာမှ ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူသည့် ကမ္ဘာထိ ကြားကာလ မဟာကပ် ကမ္ဘာ သိန်း သန်း ကုဋေစသည်ဖြင့် မရေမတွက်နိုင်သော ကမ္ဘာများကို စတုတ္ထမြောက် ၁-အသင်္ချေဟု ဆိုအပ်၏။

ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသည့် ကမ္ဘာမှ လက်ရှိ ဘဒ္ဒကပ်ကမ္ဘာတိုင်အောင် မဟာကပ်ကမ္ဘာ ၁-သိန်းရှိသည်။

ဤသို့အားဖြင့် ပါရမီ ဖြည့်ကျင့်တော်မူရာ ကာလသည် လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းရှိသည်။

ကမ္ဘာ ၆-မျိုး

ဘုရားပွင့်မှု, မပွင့်မှုနှင့် စပ်လျဉ်း၍ ကမ္ဘာအမျိုးအစား ၆-မျိုးရှိသည်။

၁။ သုညကမ္ဘာ =သဗ္ဗညုဘုရားရှင် လုံးဝ ပေါ်ထွန်းမှု မရှိသော ကမ္ဘာ၊

http://www.dhammadownload.com

## လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ရေတွက်ပုံ

| စဉ် | နှစ်ကိုပ်ရှစ်ဆူဘုရား ဘွဲ့တော်များ | ဘုရားအဆူပေါင်း | ကမ္ဘာအမျိုးအစား | ဗုဒ္ဓအသင်္ချေရေတွက်ပုံ |
|---|---|---|---|---|
| ၁ | တဏှင်္ကရ | | | |
| ၂ | မေဓင်္ကရ | ၄-ဆူ | သာရမဏ္ဍကမ္ဘာ | |
| ၃ | သရဏင်္ကရ | | မှ | |
| ၄ | ဒီပင်္ကရ | | | |
| ၅ | ကောဏ္ဍည | ၁-ဆူ | သာရကမ္ဘာ (ထိ) | ပထမ ၁-အသင်္ချေ |
| ၆ | မင်္ဂလ | | မှ | |
| ၇ | သုမန | ၄-ဆူ | သာရမဏ္ဍကမ္ဘာ (ထိ) | ဒုတိယ ၁-အသင်္ချေ |
| ၈ | ရေဝတ | | မှ | |
| ၉ | သောဘိတ | | | |
| ၁၀ | အနောမဒဿီ | | | |
| ၁၁ | ပဒုမ | ၃-ဆူ | ဝရကမ္ဘာ (ထိ) | တတိယ ၁-အသင်္ချေ |
| ၁၂ | နာရဒ | | မှ | |
| ၁၃ | ပဒုမုတ္တရ | ၁-ဆူ | သာရကမ္ဘာ (ထိ) | စတုတ္ထ ၁-အသင်္ချေ |
| | | | မှ | |
| ၁၄ | သုမေဓ | | မဏ္ဍကမ္ဘာ (ထိ) | ကမ္ဘာ ၇၀၀၀၀ |
| ၁၅ | သုဇာတ | ၂-ဆူ | မှ | |

http://www.dhammadownload.com



**နိယတဗျာဒိတ်ခံယူခြင်း**

ယခုပြဆိုခဲ့သည့် ကမ္ဘာပေါင်း လေးသင်္ချေနှင့် တစ်သိန်း ကာလသည် နိယတဗျာဒိတ်ခံယူပြီးနောက် ပါရမီတော် ၁၀-ပါးကို ဖြည့်ကျင့် ဆည်းပူးခဲ့ရသော အချိန်ကာလ ဖြစ်သည်။ ဤမျှ ရှည်လျား ကြာမြင့်လှစွာသော ကာလတစ်လျှောက် ပါရမီတော် ၁၀-ပါးကို ဖြည့်ကျင့် ဆည်းပူးရမည် ဆိုခြင်းမှာ လူသာမန်တို့ စိတ်ကူး၍ပင် ကြည့်ရဲမည် မဟုတ်ချေ။ ဇွဲ သတ္တိ လုံ့လ ဝီရိယ ပညာဉာဏ် ကြီးမားသော မဟာပုရိသ ယောကျ်ားမြတ်တို့သာလျှင် ဘုရားဆုကို တောင်းယူဝံ့ကြပေသည်။ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့် ဆည်းပူးရန် ဆုံးဖြတ်ရဲပေလိမ့်မည်။ ဘုရားဖြစ်လိုသည့်ဆန္ဒ မည်မျှ ထက်သန်ရမည်ကို ဖော်ပြရပါလျှင် ဤစကြဝဠာကြီးတစ်ခုလုံး မီးကျီးခဲ ရဲရဲဖြင့် ပြည့်နှက်နေ၍ ယင်းမီးကျီးခဲများပေါ်တွင် ဒူးထောက်လျက် စကြဝဠာတစ်ဖက်သို့ ရောက်အောင် သွားနိုင်ပါက ဘုရားအဖြစ်ကို ရရှိနိုင်မည်ဟု ဆိုငြားအံ့၊ ယင်းအဆိုအမိန့်အတိုင်း မီးကျီးခဲများပေါ်တွင် ဒူးထောက်လျက် စကြဝဠာတစ်ဖက်သို့ သွားရောက်ပြီး ဘုရားအဖြစ်ကို ရယူမည်ဟု စိတ်ဆန္ဒ ပြင်းပြရမည်။ တနည်းဆိုရလျှင် အလွန်ထက်မြက်သော ဓားသွား လှံသွားများ ထောင်ထားသည့် စကြဝဠာကြီးကို ဖြတ်သန်း၍ သွားနိုင်ပါက ဘုရားအဖြစ်ကို ရရှိနိုင်မည် ဆိုငြားအံ့၊ ယင်းဒါးလှံအပြည့် စကြဝဠာကြီးကို ဖြတ်သန်းသွားမည် ဟူသော ပြင်းပြသည့် စိတ်ဆန္ဒမျိုး ရှိရပေမည်။ ထိုကဲ့သို့ ဘုရားအဖြစ် ရရှိရန် ဆန္ဒပြင်းပြသော မဟာပုရိသ ယောကျ်ားမြတ်တို့သည်သာလျှင် ရဲဝံ့စွာ ဘုရားဆုကို တောင်းယူဝံ့ကြသည်။

**ဘုရားလောင်း ၃-မျိုး**

ပြဆိုခဲ့သည့် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းကာလသည် အချိန်ကာလ အတိုဆုံး ပါရမီဖြည့်ကျင့်ခြင်းဖြင့် ပညာဓာတ်ခံ အားကြီးသော ဘုရားလောင်းများသာလျှင် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ကျင့်ရသည်။ ထို့ကြောင့် ပညာ သဒ္ဓါ ဝီရိယလွန်ကဲမှု အခြေခံပြု၍ ဘုရားလောင်း ၃-မျိုး ရှိသည်။

၁။ ပညာဓိကဘုရားလောင်း=ပညာပါရမီ ကြီးရင့်၍ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ရသည်။

၂။ သဒ္ဓါဓိကဘုရားလောင်း=သဒ္ဓါတရားလွန်ကဲ၍ပညာပါရမီအားနည်းသောကြောင့် ရှစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ရသည်။

http://www.dhammadownload.com



၃။ ဝီရိယာဓိကဘုရားလောင်း=လုံ့လဝီရိယအားကြီး၍ သဒ္ဓါနှင့် ပညာပါရမီ အားနည်းသောကြောင့် ၁၆-သင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီ ဖြည့်ကျင့်ရသည် (သုတ္တနိ၊ဋ္ဌ၊၁။၄၃)။

## နိယတဗျာဒိတ် ခံယူထိုက်သော အင်္ဂါ ၈-ပါး

ဘုရားစင်စစ် ကေန် ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ် ခံယူနိုင်ရန် ရှေးရှေးဘုရားအဆူဆူတို့၏ အထံတော်၌ စိတ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ဆုတောင်းခဲ့၍ ပါရမီကုသိုလ်များကို ဖြည့်ကျင့်ဆည်းပူးခဲ့ရသည်။ ဤဘဝမှာပင် နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက်ပြု၍ ရဟန္တာအဖြစ်သို့ ရောက်နိုင်သော ပညာဉာဏ် ပါရမီ ထက်မြက်သော ယောကျ်ားမြတ်တို့သည်သာလျှင် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းနိုင်ပေသည်။ ထို့ကြောင့် အစဦးစွာ နိယတဗျာဒိတ်ကို ခံယူမည့် မဟာပုရိသယောကျ်ားမြတ်သည် နိယတဗျာဒိတ် ခံယူနိုင်ရန် အောက်ဖော်ပြပါ ဂုဏ်အင်္ဂါရှစ်ချက်နှင့် ပြည့်စုံရပေမည်—

(၁) လူသား စင်စစ်ဖြစ်ခြင်း၊

(၂) ယောကျ်ား စင်စစ်ဖြစ်ခြင်း၊

(၃) ထိုဘဝမှာပင် ရဟန္တာအဖြစ်သို့ ရောက်နိုင်သော ပါရမီကုသိုလ် ထူးနှင့် ပြည့်စုံခြင်း၊

(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊

(၅) ရသေ့ / ရဟန်းဖြစ်ခြင်း၊

(၆) အဘိညာဉ် သမာပတ်နှင့် ပြည့်စုံခြင်း၊

(၇) လူသာမန်တို့ ပြုနိုင်ခဲသော ပါရမီကုသိုလ်အထူးကို ပြုလုပ်နိုင်ခြင်း၊

(၈) ဘုရားအဖြစ်ကို ရရှိရန် ဆန္ဒအလွန်ပြင်းပြခြင်း။

## ရှင်းလင်းချက်

လူသားစင်စစ်ဖြစ်မှသာ နိယတဗျာဒိတ်ကို ခံယူနိုင်သည်။ နဂါး ဂဠုန် နတ် ဗြဟ္မာဘဝ၌ နိယတဗျာဒိတ်ကို မခံယူထိုက်။ အကြောင်းမူ လူ့ပြည် လူ့ရွာ၌သာလျှင် ပါရမီတော် ၁၀-ပါး အပြား(၃၀)ကို စေ့စေ့ငငပြည့်ပြည့်ဝဝ ဖြည့်ကျင့်နိုင်ခွင့်ရှိသည်။

တဖန် လူအဖြစ်ကို ရငြားသော်လည်း ယောကျ်ားစင်စစ် ကေန်ဖြစ်မှသာလျှင် နိယတဗျာဒိတ်ကို ခံယူခွင့်ရှိသည်။ အမျိုးသမီးများနှင့် နပုံး ပဏ္ဍုက်များ ဥဘတောဗျည်းများမှာ နိယတဗျာဒိတ်ကို မခံယူထိုက်ချေ။ ထို့ကြောင့် အမျိုးသမီးတစ်ဦးတစ်ယောက်အနေဖြင့် ဘုရားဆုပန်လိုပါက ရှေးဦးစွာ ယောကျ်ားအဖြစ်ကို ရရှိအောင် ဆုတောင်းရမည်။

လူယောကျ်ား ဖြစ်ငြားသော်လည်း အတိတ်ကုသိုလ်ကံနည်းပါး၍ သုဂတိ အဟိတ်ပုဂ္ဂိုလ် ဒွိဟိတ်ပုဂ္ဂိုလ် အမျိုးအစားဖြစ်ပါက ဘုရားဆုနှင့် မထိုက်တန်ချေ။ ဉာဏ်ပညာထက်မြက်သည့် တိဟိတ်ပုဂ္ဂိုလ်တို့သာလျှင် နိယတဗျာဒိတ်ဘုရားဆုကို ခံယူထိုက်ပေသည်။ အဘယ်မျှ ဉာဏ်ပညာထက်မြက်ရမည်ဆိုပါမူ ဤဘဝမှာပင် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ရဟန္တာအဖြစ်သို့ ရောက်နိုင်သော ပါရမီကုသိုလ်ထူးနှင့် ပြည့်စုံသူဖြစ်ရပေမည်။ ပါရမီကုသိုလ်ထူးရှိသော ပုဂ္ဂိုလ်များသည် ယောကျ်ားမြတ်တို့၏ လက္ခဏာကြီးငယ်နှင့် ပြည့်စုံကြသည်။

ထို့ပြင် ပစ္စေကဗုဒ္ဓါ ဘုရားငယ်ထံ၌ လည်းကောင်း၊ ဗုဒ္ဓသာဝကများအထံ၌ လည်းကောင်း၊ စေတီပုထိုး ဇေယ်ဒိပင်၌လည်းကောင်း ဘုရားဆုတောင်းပါက နိယတဗျာဒိတ်ကို မရနိုင်။ သက်တော်ထင်ရှား မြတ်စွာဘုရားအထံ၌ ဆုတောင်းမှသာလျှင် နိယတဗျာဒိတ်ကို ရရှိနိုင်သည်။

တဖန် ကံ၊ ကံ၏ အကျိုးကို မယုံကြည်သည့် ပုဂ္ဂိုလ်များ ဆုတောင်းပါကလည်း နိယတဗျာဒိတ်ကို မခံယူနိုင်။

လူဝတ်ကြောင်ဘဝသည် ဘုရားအဖြစ်နှင့် မလျော်ကပ်သောကြောင့် ရဟန်းဘဝဖြင့် ဆုတောင်းမှသာ နိယတဗျာဒိတ်ကို ရရှိနိုင်သည်။ ရဟန်းမှာ သာသနာတွင်း ရဟန်း၊ သာသနာပ ရဟန်းဟူ၍ ၂-မျိုးရှိသည်။ သာသနာတွင်း ရဟန်းမှာ အထူးရှင်းပြရန်မလိုပေ။ သာသနာပ ရသေ့ ရဟန်းများမှာမူ ကံ၊ ကံ၏ အကျိုးကို ယုံကြည်လက်ခံသော ရသေ့ ရဟန်းများသာလျှင် နိယတဗျာဒိတ်ကို ခံယူနိုင်သည်။

ယင်းရသေ့ ရဟန်းများသည် အဘိညာဉ် ၅-ပါး သမာပတ် ၈-ပါးနှင့် ပြည့်စုံမှသာလျှင် နိယတဗျာဒိတ်ကို ရရှိနိုင်သည်။ အကြောင်းမူ—နိယတဗျာဒိတ် ရရှိပြီးသော ဘုရားအလောင်းတော်သည် ပါရမီတော် ၁၀-ပါးကို မိမိ အလိုအလျောက် စူးစမ်းဆင်ခြင် ရှာဖွေနိုင်သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။ အဘိညာဉ်သမာပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များမှာ အတိတ်အနာဂတ် ဘဝများကို သိမြင်ခြင်း၊ လက်ရှိ ပစ္စုပ္ပန်လောက၌ ဖြဟ္မာ့ပြည်မှ ငရဲပြည်အထိ ဖောက်ထွင်းသိမြင်ခြင်းကြောင့် အကြားအမြင် အတွေ့အကြုံ အသိပညာ လွန်စွာ ကျယ်ဝန်း နက်ရှိုင်းလှသည်။ အဘက်ဘက်မှ ချိန်ထိုး၍ ပြည့်ပြည့်စုံစုံ

http://www.dhammadownload.com



စဉ်းစားတက်သည်။ ထို့ကြောင့် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များသည်သာလျှင် ပါရမီတော် ၁၀-ပါးတို့ကို မှန်မှန်ကန်ကန် စူးစမ်း ဆင်ခြင်ရှာဖွေနိုင်စွမ်းရှိခြင်းကြောင့် နိယတဗျာဒိတ်ပန်းကို ခံယူနိုင်စွမ်းရှိကြသည်။

ထို့ပြင် လူသာမန်တို့ ပြုနိုင်ခဲသော ပါရမီကုသိုလ်အထူးကို ပြုလုပ်နိုင်သော ပုဂ္ဂိုလ်မှသာလျှင် ဘုရားအဖြစ်ကို ရရှိနိုင်ပေမည်။ သာမန်လုပ်ရိုးလုပ်စဉ် ဝတ်ထက်ဝတ်ကပ် ဆွမ်းလှူ ပန်းလှူ ဒါန သီလ ဘာဝနာမှုမျှဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ချေ။ ဒါနအရာတွင် သူတကာ မပြုလုပ်နိုင်သော သားသမီးအလှူ, မယားအလှူ, မျက်လုံးအလှူများ, သီလအရာတွင် သေလုနီးပါး နှိပ်စက် ညှဉ်းပန်းခံ၍ စောင့်ထိန်းမှု ပြုခြင်းတို့သည် ဘုရားအလောင်းတော်တို့သာလျှင် ပြုနိုင်သော ပါရမီကုသိုလ်ထူးများ ဖြစ်ကြသည်။

**ဘုရားဖြစ်ရန် ဆန္ဒပြင်းပြမှုမှာ အထက်တွင် ရှင်းလင်း ဖော်ပြပြီး ဖြစ်ပေသည်။**

**သုမေဓာရှင်ရသေ့ နိယတဗျာဒိတ်ခံယူခြင်း**

လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလတွင် အမရဝတီနေပြည်တော်၌ သုမေဓာအမည်ရှိသော ပုဏ္ဏားသေဋ္ဌေး တစ်ဦး ရှိခဲ့သည်။ ငယ်စဉ်အခါကပင် မိဘများ ကွယ်လွန်ခဲ့၍ ဘဏ္ဍာစိုး ဖြစ်သူက ရွှေ ငွေ ရတနာများဖြင့် ပြည့်နေသော ရတနာတိုက်ခန်းများကို ဖွင့်လှစ်၍ စာရင်းနှင့်တကွ အပ်နှံလေသည်။ ဤပစ္စည်းကား အမိဘက်မှ ဆင်းသက်လာသော ပစ္စည်းတည်း၊ ဤပစ္စည်းကား အဘဘက်မှ ဆင်းသက်လာသော ပစ္စည်းတည်း၊ အထက် ဘိုးဘေးဘီဘင် ဆွေမျိုး ၇-ဆက်တိုင်အောင် ဆင်းသက်လာခဲ့သော ပစ္စည်းဥစ္စာများကို ပြောပြအပ်နှံလေသည်။ ထိုအခါ သုမေဓာ သတို့သားသည် ပညာဉာဏ် ဆင်ခြင်တုံတရားနှင့် ပြည့်စုံသူဖြစ်၍ ငါ၏ ဘိုးဘွားမိဘများကား ဤပစ္စည်းများကို တစ်ပြားတစ်ချပ်မျှ ယူဆောင်မသွားနိုင်ဘဲ စွန့်ပစ်ထားခဲ့ကြရကုန်၏၊ ငါသည်မူကား "ဤပစ္စည်းဥစ္စာတို့ကို အလှူဒါနပြုလုပ်၍ နောင်ဘဝသို့ အပါယူဆောင်အံ့" ဟု စဉ်းစားဆင်ခြင်လျက် မည်သူမဆိုအလိုရှိသမျှ လာရောက်အလှူခံယူကြရန် စည်ထိုးကြေညာ၍ အလှူကြီးပေးတော်မူလေသည်။ ထိုသို့အလှူပေးပြီးနောက် ရသေ့ရဟန်းပြုသည်။ ဟိမဝန္တာတောအရပ်၌ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက် သီတင်းသုံး နေထိုင်လျက် အလိုလို ကြွေကျသော သစ်သီးများကိုသာ စားသုံးပြီး လဲလျောင်းခြင်း လုံးဝ မပြုဘဲ ထိုင်ခြင်း ရပ်ခြင်း စင်္ကြံသွားခြင်းဟူသော ဣရိယာပုထ် ၃-ပါးဖြင့်သာ ကမ္မဋ္ဌာန်းတရားကို မနေ မနား အားထုတ်တော်မူသည်ရှိသော် ၇-ရက် အတွင်းမှာပင် သမာပတ် ရှစ်ပါးနှင့် အဘိညာဉ် ငါးပါးတို့ကို ရရှိလေသည်။

**ဗုဒ္ဓဘာသာသက်စွဲကျမ်း ၁၇—ပ-မ-သ-စ**

http://www.dhammadownload.com



ထိုအချိန်တွင် ဒီပင်္ကရာမြတ်စွာဘုရားရှင်သည် ရဟန္တာလေးသိန်း ခြံရံလျက် ဒေသစာရီ ကြွချီတော်မူရာ ရမ္မာဝတီပြည်သို့ ရောက်ရှိတော်မူသည်။ နောက်တစ်နေ့တွင် မြတ်စွာဘုရားရှင်နှင့် တပည့်ရဟန္တာများ ရမ္မာဝတီပြည်တွင်းသို့ ဆွမ်းခံကြွတော်မူသည်ဖြစ်ရာ ရမ္မာဝတီ ပြည်သူပြည်သားတို့သည် မဏ္ဍပ်ကန္နားထိုးခြင်း၊ အမှိုက်သရိုက်ရှင်းလင်းခြင်း မြေညှိခြင်း၊ မြေဖို့ခြင်း၊ သဲဖြူခင်းခြင်း၊ ငှက်ပျောပင်ရှင် ကြံပင်ရှင်စိုက်ခြင်း၊ ရေပြည့်အိုးများ တည်ထားခြင်း၊ တံခွန်ကုက္ကား မုလေးပွားတို့ကို စိုက်ထူခြင်းဖြင့် ဒီပင်္ကရာမြတ်စွာဘုရား ကြွလာမည့် လမ်းတစ်လျှောက်ကို ပြုပြင် မွမ်းမံတန်ဆာဆင်ယင်လျက် ရှိကြသည်။ ထိုအခါ ဂေါတမဘုရားအလောင်းတော် ဖြစ်သော သုမေဓာရှင်ရသေ့သည် ဈာန်အဘိညာဉ်ဖြင့် ရမ္မာဝတီပြည်ကို ကောင်းကင်ခရီးဖြင့် ဖြတ်သန်းသွားစဉ် လမ်းဖို့ လမ်းပြင်နေကြသော ပရိသတ်များကို တွေ့မြင်လေသည်။ မြတ်စွာဘုရား ကြွလာရန်အတွက် လမ်းပြင်နေကြောင်း ကြားသိရသည့်အခါ သုမေဓာရှင်ရသေ့သည် ဝမ်းမြောက်ဝမ်းသာစွာ လမ်းပြင်ရန် တစ်နေရာတောင်းဆိုလိုက်သည်။ လူအပေါင်းတို့က ရှင်ရသေ့၏ တန်ခိုးတေဇော် အာနုဘော်ကို ယုံကြည်အားကိုးကြသဖြင့် ပြင်ဆင်ရန် ခက်ခဲသည့် ရွံ့ဗွက် တစ်နေရာကို သတ်မှတ်ပေးလိုက်ကြသည်၊ သုမေဓာရှင်ရသေ့ကား တန်ခိုးအစွမ်းကို အသုံးမပြုဘဲ ကိုယ်တိုင်ကိုယ်ကျ အဝေးမှ မြေတို့ကို တူးယူ ထမ်းပိုး သယ်ဆောင်၍ ရွံ့ဗွက်ကြီးကို ဖို့တော်မူ၏၊ သုမေဓာရှင်ရသေ့ လမ်းနေရာ ပြုပြင်ဖို့လုပ်၍ မပြီးသေးမီပင် ဒီပင်္ကရာမြတ်စွာဘုရားသည် ရဟန္တာ လေးသိန်းနှင့် တကွ ကြွချီတော်မူလာ၏။

သုမေဓာရှင်ရသေ့သည် ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် နှစ်သက်စဖွယ် တင့်တယ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရား၏ ရူပကာယတော်ကို မျက်တောင်မခတ် စူးစိုက်ကြည့်ရှုဖူးမြင်ပြီးလျှင် "ယနေ့ ငါသည် အသက်ကို စွန့်တော့မည်၊ မြတ်စွာဘုရားနှင့် ရဟန္တာများသည် ညွှန်ပျောင်း၌ ဆင်းရဲစွာ နင်းကြွတော်မမူပါစေလင့်၊ ငါ၏ ကျောပြင်ကို နင်း၍ကြွတော်မူပါစေသတည်း" ဟု ကြံစည်ဆုံးဖြတ်၍ ညွှန်ပျောင်း ထက်၌ အလျားမှောက်၍ တံတားခင်းလိုက်သည်။ ထို့နောက် သုမေဓာရှင်ရသေ့သည် "ငါသည် ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်အောင် ကြိုးပမ်းအားထုတ်ပါအံ့၊ ဘုရားအဖြစ်သို့ ရောက်ပြီးနောက် သတ္တဝါအပေါင်းကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ပါအံ့" ဟု စိတ်အကြံတော်ဖြစ်၍ ဘုရားဆုကို ပန်တော်မူလေသည်။

http://www.dhammadownload.com



ထိုအချိန်တွင် သုမိတ္တာ အမည်ရှိသော ပုဏ္ဏေးမငယ် တစ်ယောက်သည် ကြာပန်းရှစ်ခိုင်ကို ယူဆောင်၍ လာခဲ့ရာ သုမေဓာရှင်ရသေ့ကို မြင်လျှင် မြင်ချင်း မေတ္တာစိတ် သက်ဝင်၍ ကြာပန်းငါးခိုင်ကို ရှင်ရသေ့လက်သို့ ပေးအပ်ပြီး ကြာပန်းသုံးခိုင်ကို မိမိထက်၌ ကိုင်လျက် "အကျွန်ုပ်သည် အရှင်ရသေ့နှင့် ပါရမီ ဖြည့်ဖက် ဖြစ်ပါစေသတည်း" ဟု ဆုပန်ခဲ့လေသည်။ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင်ကို ယင်း ကြာငါးခိုင်တို့ဖြင့် ပူဇော်လျက် ဘုရားဆုကို ပန်တော်မူလေသည်။

ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားရှင်သည် သုမေဓာရှင်ရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူလျက် ဤရှင်ရသေ့ကား နောင်အခါဝယ် ဘုရားစင်စစ် ကေန် ဖြစ်လတ္တံ့ စသည်ဖြင့် ဂေါတမဘုရားရှင်၏ ဘွဲ့အမည်တော်, နေပြည်တော်, မယ်တော်, ခမည်းတော်, အဂ္ဂသာဝက, အဂ္ဂသာဝိကာ အမည်နှင့်တကွ ဗောဓိပင် အမည်တို့ကို ထိကျသေချာစွာ ဖော်ပြညွှန်းလျက် ဗျာဒိတ်စကားကြားတော် မူလေသည်။

ဒီပင်္ကရာ မြတ်စွာဘုရားရှင်သည် သုမေဓာရှင်ရသေ့အား ဗျာဒိတ်စကား မြွက်ကြားပြီးနောက် ရဟန္တာပေါင်း လေးသိန်းနှင့်အတူ သုမေဓာရှင်ရသေ့ကို လက်ယာဘက်ထားကာ ကြွသွားကြကုန်၏။

ထို့နောက် သုမေဓာရှင်ရသေ့သည် အလျားမှောက်ရာမှ ဝမ်းမြောက်စွာ ထပြီးလျှင် နတ်, လူတို့ ကြဲဖြန့်ပူဇော်သော ပန်းပုံထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင် နေလျက် ဖြည့်ကျင့်ဆည်းပူးရမည့် ပါရမီတော်တို့ကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်း ဆင်ခြင်တော်မူသည်။ (ပါရမီ=ပရမ+ဤ=ပရမ=မြင့်မြတ်သူတို့၏+ဤ= လုပ်ငန်းစဉ်။)

**ပါရမီ ၁၀-ပါး**

သုမေဓာရှင်ရသေ့ စူးစမ်းဆင်ခြင်တွေ့ရှိရသော ပါရမီတော် ၁၀-ပါးမှာ အောက်ပါအတိုင်း ဖြစ်သည်—

၁။ ဒါနပါရမီ =ပေးကမ်းလှူဒါန်းစွန့်ကြဲမှုကို ဖြည့်ကျင့်ခြင်း၊

၂။ သီလပါရမီ =သီလစောင့်ထိန်းမှုကို ဖြည့်ကျင့်ခြင်း၊

၃။ နေက္ခမ္မပါရမီ =ကာမဂုဏ်မှ ထွက်မြောက်မှုကို ဖြည့်ကျင့်ခြင်း၊

၄။ ပညာပါရမီ =ဉာဏ်ပညာတိုးပွါး ရင့်ကျက်မှုကို ဖြည့်ကျင့်ခြင်း၊

၅။ ဝီရိယပါရမီ =ဇွဲ လုံ့လစွမ်းပကားကြီးမားစေရန် ဖြည့်ကျင့်ခြင်း၊

http://www.dhammadownload.com



၆။ ခန္တီပါရမီ =သည်းခံခွင့်လွှတ်မှုကို ဖြည့်ကျင့်ခြင်း၊

၇။ သစ္စာပါရမီ =အမှန်အတိုင်း ပြောဆို၍ ပြောသည့်အတိုင်း လိုက်နာ ပြုကျင့်မှုသစ္စာကို ဖြည့်ကျင့်ခြင်း၊

၈။ အဓိဋ္ဌာနပါရမီ=စိတ်ဆုံးဖြတ်ထားသည့်အတိုင်း ခိုင်မြဲစွာ လိုက်နာ ကျင့်သုံးမှုကို ဖြည့်ကျင့်ခြင်း၊

၉။ မေတ္တာပါရမီ =သူတပါးအကျိုးစီးပွါး လိုလားမှုကို ဖြည့်ကျင့်ခြင်း၊

၁၀။ ဥပေက္ခာပါရမီ=ချစ်ခြင်း မုန်းခြင်းမရှိ ကောင်းဆိုးနှစ်တန်ကို ခံနိုင် ရည်ရှိစေရန် ဖြည့်ကျင့်ခြင်း။

### ပါရမီ ၁၀-ပါး အပြား ၃၀

ပါရမီ ၁၀-ပါးကိုပင် ထပ်ဆင့်၍ ဥပပါရမီ ၁၀-ပါး၊ ပရမတ္ထပါရမီ ၁၀-ပါး ပွားလျှင် ပါရမီ (၃၀) ဖြစ်လေသည်။

မူလပါရမီ ၁၀-ပါးမှာ မိမိခန္ဓာကိုယ်နှင့် ဆက်စပ်မှု မရှိဘဲ သား, မယား, ရွှေ, ငွေ အစရှိသော သက်ရှိ သက်မဲ့ ပစ္စည်းများကို စွန့်လွှတ်၍ ဖြည့်ကျင့်ခြင်းသည် မူလပါရမီ ဖြစ်သည်။

ခြေ, လက်, နား, နှာခေါင်း စသော အင်္ဂါကြီးငယ် တစ်ခုခုကို စွန့်လွှတ်၍ ဖြည့်ကျင့်ခြင်းသည် ဥပပါရမီ မည်၏။

အသက်ကိုပင် စွန့်လွှတ်၍ ဖြည့်ကျင့်ရသော ပါရမီသည် ပရမတ္ထပါရမီ မည်၏။

### ၁။ ဒါနပါရမီ ဖြည့်ကျင့်ခြင်း

ဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း သံသရာခရီး တစ်လျှောက် ဆက်လက်သွားရဦးမည်ဖြစ်၍ ဒါနရိက္ခာ ပါရှိပါမှ ထိုထိုဘဝတို့၌ လိုရာ အသုံးအဆောင်များနှင့် ပြည့်စုံ၍ မိမိ အားထုတ်လိုသော ကုသိုလ် ကောင်းမှုများကို အားထုတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘုရားအလောင်း တော်များသည် ဒါနပါရမီကို အဦးအစ ထား၍ ဖြည့်ကျင့်ဆည်းပူးကြရသည်။ ဤကဲ့သို့ သံသရာခရီးတစ်လျှောက် စွဲမြဲစွာ ဆောက်တည် ဖြည့်ကျင့်ရမည်ဖြစ်၍ ဒါနပါရမီကို ရှေးဦးစွာ ဖော်ပြရခြင်း ဖြစ်သည်။ ၉-၅

http://www.dhammadownload.com



နားလည်ထားရမည်။ သတ္တဝါတို့သည် ကံသာ အမိ၊ ကံသာ အဘ၊ ကံသာ ဆွေမျိုးရှိသည်ဟု နားလည်ထားရမည်။ သို့မှသာလျှင် ဥပေက္ခာဟု ခေါ်သော တည်ငြိမ်မှုကို ရရှိနိုင်သည်။

ဥပေက္ခာသည် အမြင့်ဆုံးတရား အခက်ဆုံးတရား ဖြစ်သည်။ လက်တွေ့ ကျင့်သုံးနိုင်ရန် မဆိုထားဘိ ဥပေက္ခာအကြောင်းကို ရိပ်စားမိရန်ပင် ခက်ခဲလှ ပေသည်။

ဘုရားအလောင်းတော်သည် လောမဟံသ ဇာတ်တော်၌ ကြော့ကြမ်း ဟော့ရမ်း၊ သော့သွမ်းသော လူငယ်တစ်စုက တံတွေးထွေး နှပ်ပစ်ကြသည့် အခါ မတုန်လှုပ်သကဲ့သို့ ကြည်ညိုသော ပုဂ္ဂိုလ်များက လာရောက်ပူဇော် ကြသည့်အခါတွင်လည်း တုန်လှုပ်တက်ကြွမှု မရှိချေ။ မတုန်မလှုပ် တည်ငြိမ်နေ သဖြင့် လှုပ်ရှားလာစေရန် လူငယ်တစ်စုက ချိုင်းကြားကို ကလိထိုးကြသည်။ နားတွင်းကို ကြက်တောင်ဖြင့် ကျပ်ကြသည်။ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိ၊ ရယ်အောင် လုပ်သော်လည်း ရယ်ရွှင်ခြင်း မရှိ၊ အေးဆေးတည်ငြိမ်စွာ စိတ်ကို ထိန်းသိမ်းနေနိုင်ခဲ့သည်။

ဥပေက္ခာပါရမီတော်ကို ဖြည့်ဆည်းပူးရာ၌ ဤ လောမဟံသ ဇာတ်တော်ကို ဖော်ညွှန်းလေ့ရှိကြသည်။

### ဘဝဆက်တိုင်း ပါရမီစုံလင်စွာ ဖြည့်ကျင့်ရခြင်း

သဗ္ဗညုတဉာဏ်တော်ရှင် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်ရှိနိုင်ရန် ပါရမီတော်များကို ဖြည့်ကျင့်ရာ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတည်းဟူသော ရှည်လျားကြာမြင့်စွာသော ကာလပတ်လုံး ဖြည့်ကျင့်ပွားများရသည်ကို ပြဆို ခဲ့ပြီး ဖြစ်ပါသည်။ ထိုမျှ ရှည်လျားလှစွာသော ဘဝသံသရာတစ်လျှောက်လုံး နိယတဗျာဒိတ်ရသည်မှ ဘုရားဖြစ်တော်မူသည်အထိ တစ်ဘဝမျှ မလစ်လပ်စေဘဲ ဖြည့်ကျင့်တော်မူခဲ့ရသည်။ ထိုသို့ ဖြည့်ကျင့်ရာ၌ ရိုးသေစွာ ဖြည့်ကျင့်ပွားများ အားထုတ်ရုံမျှမက ပါရမီတော် ၁၀-ပါး အပြား (၃၀)တို့ကို တစ်ခုမကျန် စုံလင်အောင် ဖြည့်ကျင့်ပွားများ အားထုတ်တော်မူခဲ့ရသည်။

### စွန့်ခြင်းကြီး ၅-ပါး

ဒါနပါရမီတော်ကို ဖြည့်ကျင့်ဆည်းပူးရာ၌ နက်နဲခက်ခဲမှုနှင့် မလွယ်ကူမှုကို အကြောင်းပြု၍ ဘုရားအလောင်းတော်ဘို့၏ ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်းကို

http://www.dhammadownload.com



# အခန်း (၈)

## နှစ်ကျိပ်လေးဆူသော ဘုရားများထံ၌ ဗျာဒိတ်ခံယူခြင်း

### ၁။ ဒီပင်္ကရာမြတ်စွာဘုရား

ဂေါတမဘုရား အလောင်းတော်သည် ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ သုမေဓာရှင်ရသေ့ ဘဝဖြင့် နိယတဗျာဒိတ်ပန်း ခံယူတော်မူခဲ့ပြီးနောက် ကမ္ဘာပေါင်း မည်ရွေ့ မည်မျှဟု ဂဏန်းချ၍ မရေတွက်နိုင်လောက်အောင် များလှစွာသော ကမ္ဘာအသင်္ချေသည် ဘုရားတစ်ဆူမျှ ပွင့်တော်မမူသဖြင့် သုညကမ္ဘာများ ဖြစ်ကြကုန်၏။

### ၂။ ကောဏ္ဍညမြတ်စွာဘုရား

ယင်းသုညကမ္ဘာ အသင်္ချေ ကုန်လွန်ပြီးနောက် တစ်ဆူသော ကမ္ဘာတွင် ကောဏ္ဍညမြတ်စွာဘုရား ပွင့်တော်မူလာသည်။

ထိုအခါ ဂေါတမဘုရား အလောင်းတော်သည် ဝိဇိတာဝီ အမည်ရှိသော စကြာမင်း ဖြစ်ခဲ့၍ အလှူဒါန ပြုလုပ်ခြင်း, ထီးနန်းစွန့်၍ ရဟန်း ပြုခြင်း, အဘိညာဉ် သမာပတ်တို့ကို ရရှိအောင် အားထုတ်ခြင်းပြု၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

### ၃။ မင်္ဂလမြတ်စွာဘုရား

ထိုနောက်တဖန် ဘုရားမပွင့်သည့် သုညကမ္ဘာများ အသင်္ချေ ကုန်လွန်ပြီးသောအခါ တစ်ခုသော ကမ္ဘာ၌ မင်္ဂလမြတ်စွာဘုရား, သုမနမြတ်စွာဘုရား, ရေဝတမြတ်စွာဘုရား, သောဘိတ မြတ်စွာဘုရားဟူ၍ ဘုရားလေးဆူပွင့်တော်မူသည့် သာရမဏ္ဍ ကမ္ဘာသို့ ရောက်ရှိခဲ့သည်။ မင်္ဂလမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရား အလောင်းတော်သည် သုရုစိ အမည်ရှိသော ပုဏ္ဏား ပညာရှိ ဖြစ်လာ၍ ကုဋေ တစ်သိန်းမျှသော ရဟန်း သံဃာတော်များအား ပစ္စည်းလေးပါး လှူဒါန်း၍ ဗျာဒိတ် ခံယူတော်မူခဲ့သည်။ ထိုနောက် စည်းစိမ်ဉစ္စာတို့ကို စွန့်၍ ရဟန်းပြုပြီးလျှင် ပိဋကသုံးပုံကို သင်ယူ၏။ အဘိညာဉ်ငါးပါး သမာပတ် ရှစ်ပါးတို့ကို ရရှိအောင် အားထုတ်၍ ပါရမီဖြည့်ကျင့်တော်မူခဲ့သည်။

### ၄။ သုမနမြတ်စွာဘုရား

မင်္ဂလဘုရားနောက်၌ ဆက်သက်ပွင့်တော်မူသော သုမနဘုရား လက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် အတုလနဂါးမင်းဖြစ်၍ မြတ်စွာဘုရားအား ဆွမ်းသက်နန်းတို့ဖြင့် လှူဒါန်း ပူဇော်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

http://www.dhammadownload.com



## ၅။ ရေဝတမြတ်စွာဘုရား

သုမန မြတ်စွာဘုရားနောက် ပွင့်တော်မူသည့် ရေဝတ မြတ်စွာဘုရား လက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် ပတိဒေဝ အမည်ရှိ ပုဏ္ဏား ပညာရှိ ဖြစ်ခဲ့၍ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ဂါထာတစ်ထောင်ဖြင့် ချီးကျူးပူဇော်ခြင်း, အသပြာတစ်ထောင်တန်သော အပေါ်ရုံဖြင့် ပူဇော်ခြင်း ပြုလုပ်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

## ၆။ သောဘိတမြတ်စွာဘုရား

ရေဝတမြတ်စွာဘုရားနောက် ပွင့်တော်မူလာသည့် သောဘိတ မြတ်စွာ ဘုရားလက်ထက်တော်၌ ဂေါတမဘုရားအလောင်းတော်သည် သုဇာတအမည်ရှိ ပုဏ္ဏားပညာရှိ ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဝါတွင်း သုံးလပတ်လုံး ကြီးစွာသော အလှူဒါနကို ပေးလှူလျက် ဗျာဒိတ်ခံယူတော်မူ ခဲ့သည်။

## ၇။ အနောမဒဿီမြတ်စွာဘုရား

ထိုနောက် ဘုရားမပွင့်သည့် သုညကမ္ဘာများ မရေတွက်နိုင်လောက်အောင် ကမ္ဘာအသင်္ချေ လွန်လေပြီးသောအခါ အနောမဒဿီ မြတ်စွာဘုရား, ပဒုမ မြတ်စွာဘုရား, နာရဒ မြတ်စွာဘုရားဟူ၍ ဘုရားသုံးဆူ ပွင့်တော်မူသော ဝရကမ္ဘာသို့ ရောက်ရှိခဲ့သည်။ အနောမဒဿီ မြတ်စွာဘုရားလက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် ဘီလူးစစ်သေနာပတိ ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်များအား ၇-ရက်ပတ်လုံး ဆွမ်းအဖျော်တို့ဖြင့် ပေးလှူ၍ ဗျာဒိတ် ခံယူတော်မူခဲ့သည်။

## ၈။ ပဒုမမြတ်စွာဘုရား

အနောမဒဿီဘုရားရှင်နောက် ဆက်လက်၍ ပွင့်တော်မူသော ပဒုမမြတ်စွာ ဘုရား လက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် ခြင်္သေ့မင်း ဖြစ်၍ ၇-ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားတော်မူနေသော မြတ်စွာဘုရားကို အလွန်ဝမ်းမြောက် ကြည်ညိုစိတ်ဖြင့် အသက်စွန့်လှူကာ ဆည်းကပ်ခြင်း ကုဋ္ဌေ များစွာသော ရဟန်းတော်တို့အပေါ်၌ ကြည်ညိုစိတ် ဖြစ်လျက် ဗျာဒိတ်ခံယူ တော်မူခဲ့သည်။

http://www.dhammadownload.com



## ၉။ နာရဒမြတ်စွာဘုရား

ထို့နောက် ဝရကမ္ဘာတွင် ပွင့်တော်မူသော ဘုရားသုံးဆူအနက် နောက်ဆုံးဖြစ်သော နာရဒဘုရားရှင် လက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ရသော ရသေ့ဖြစ်၍ မိမိ၏ သိမ်းကျောင်းသို့ ကြွလာသော ဘုရားရှင်နှင့်တကွ ရဟန္တာပေါင်း ကုဋေရှစ်ဆယ်, အနာဂါမိဥပါသကာပေါင်း တစ်သောင်းတို့ကို သိမ်းကျောင်းများ ဖန်ဆင်းပေး၍ တစ်ညဥ့်ပတ်လုံး ဘုရားရှင်၏ ဂုဏ်တော်တို့ကို ချီးကျူးလျက် ဘုရားနှင့်တကွ သံဃာပရိသတ်, ဥပါသကာပရိသတ်တို့အား ဆွမ်းစသော အစာအာဟာရတို့ကို လှူဒါန်းခြင်း၊ မြတ်စွာဘုရားအား စန္ဒကူးနံ့သာနီကို လှူဒါန်းခြင်းပြု၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

## ၁၀။ ပဒုမုတ္တရမြတ်စွာဘုရား

အနောမဒဿီ, ပဒုမ, နာရဒ တည်းဟူသော ဘုရားသုံးဆူတို့ ပွင့်တော်မူရာ ဝရကမ္ဘာကြီးကုန်ဆုံးပြီးနောက် မည်းမှောင်မျှဂဏန်းချ၍ မရေတွက်နိုင်အောင် များပြားလှစွာသော ဘုရား မပွင့်သည့် သုညကမ္ဘာပေါင်း (တစ်သင်္ချေ)ကို လွန်မြောက်ပြီးသော် ဤကမ္ဘာမှ ပြန်၍ ရေတွက်ပါက ကမ္ဘာ တစ်သိန်းအထက်၌ ပဒုမုတ္တရ တစ်ဆူတည်းသော ဘုရားပွင့်တော်မူသည့် သာရကမ္ဘာသို့ ရောက်ရှိခဲ့သည်။ ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် ကုဋေများစွာ ဥစ္စာကြွယ်ဝသော ဇဋိလအမည်ရှိသော တိုင်းကျပ်မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာအပေါင်းအား ဆွမ်း ခဲဖွယ် ဘောဇဉ်နှင့်တကွ သင်္ကန်းလျာအထည် အလှူကြီး ပေးလှူ၍ ဗျာဒိတ် ခံယူတော်မူခဲ့သည်။

## ၁၁။ သုမေဓမြတ်စွာဘုရား

ထို့နောက် သုညကမ္ဘာပေါင်း ခုနစ်သောင်း ကုန်လွန်ပြီးနောက် သုမေဓမြတ်စွာဘုရားနှင့် သုဇာတမြတ်စွာဘုရားနှစ်ဆူ ပွင့်တော်မူရာ မဏ္ဍကမ္ဘာသို့ ရောက်ရှိခဲ့သည်။ သုမေဓမြတ်စွာဘုရား လက်ထက်တွင် ဂေါတမဘုရားလောင်းသည် ဥတ္တရအမည်ရှိ လုလင်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကုဋေရှစ်ဆယ်မျှသော ပစ္စည်းဥစ္စာတို့ကို လှူဒါန်းခဲ့သည်၊ မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ သရဏဂုံ သုံးပါးတို့၌ တည်၍ ရဟန်းပြုပြီးလျှင် ဗျာဒိတ် ခံယူတော်မူခဲ့သည်။

http://www.dhammadownload.com



## ၁၂။ သုဇာတမြတ်စွာဘုရား

သုမေဓ မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ဆက်လက်၍ ပွင့်တော်မူသော သုဇာတမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် စကြာမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ရတနာခုနစ်ပါးတို့နှင့်တကွ ထီးနန်းစည်းစိမ်ကြီးကို လှူဒါန်း၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

## ၁၃။ ပိယဒဿီမြတ်စွာဘုရား

သုမေဓ မြတ်စွာဘုရားရှင်နှင့် သုဇာတ မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူရာ မဏ္ဍကမ္ဘာကုန်ဆုံးပြီးနောက် ပိယဒဿီမြတ်စွာဘုရား, အတ္ထဒဿီမြတ်စွာဘုရား, ဓမ္မဒဿီမြတ်စွာဘုရားဟူ၍ ဘုရားသုံးဆူ ပွင့်တော်မူရာ ဝရကမ္ဘာသို့ ရောက်ရှိခဲ့သည်။

ပိယဒဿီမြတ်စွာဘုရား လက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် ဗေဒင်သုံးရပ် တတ်ကျွမ်းသော ကဿပပုဏ္ဏားလုလင်ဖြစ်၍ ဘုရားရှင်၏ တရားတော်ကို နာရ၍ သဒ္ဓါတရား အလွန်ဖြစ်လျက် ကုဋေတစ်သိန်းသော ဥစ္စာကို စွန့်ပြီး သံဃာ့အာရာမ်ကြီးကို ဆောက်လုပ်လှူဒါန်းခြင်း, သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို မြဲစွာ ဆောက်တည်ခြင်းပြုလျက် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

## ၁၄။ အတ္ထဒဿီမြတ်စွာဘုရား

ပိယဒဿီမြတ်စွာဘုရားနောက် ဆက်လက် ပွင့်တော်မူသည့် အတ္ထဒဿီမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် သုသီမအမည်ရှိ ရသေ့ဖြစ်၍ မြတ်စွာဘုရား၏ တရားကို နာယူပြီး နတ်ပြည်သို့ သွားရောက်၍ နတ်ပြည်မှ ထင်ရှားပန်းစသည်ကို ယူဆောင်ကာ ပန်းမဏ္ဍပ်ကြီး ဆောက်လုပ်ပြီး ဘုရားရှင်အား ကပ်လှူပူဇော်ခြင်းပြု၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

## ၁၅။ ဓမ္မဒဿီမြတ်စွာဘုရား

ထို့နောက် ပွင့်တော်မူလာသော ဓမ္မဒဿီမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် သိကြားမင်းဖြစ်၍ စတုမဟာရာဇ်, တာဝတိံသာ ဟူသော နှစ်ပြည်ထောင်နတ်အပေါင်းတို့ ခြံရံလျက် မြတ်စွာဘုရားအား နတ်၌ ဖြစ်သော နံ့သာပန်း, တူရိယာတို့ဖြင့် ပူဇော်လျက် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

http://www.dhammadownload.com



### ၁၆။ သိဒ္ဓတ္ထမြတ်စွာဘုရား

ထဖန် ကမ္ဘာပေါင်း တစ်ထောင့်ခုနစ်ရာခြောက်ကမ္ဘာ လွန်မြောက်ပြီးနောက် ဤကမ္ဘာမှ ပြန်၍ ရေတွက်သော် ကိုးဆယ့်လေးကမ္ဘာထက်၌ ပွင့်တော်မူလာသော သိဒ္ဓတ္ထ မြတ်စွာဘုရားလက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် မင်္ဂလပုဏ္ဏားဖြစ်၍ သူဆင်းရဲတို့အား ကုဋေပေါင်း များစွာသော ဥစ္စာစုကို စွန့်လွှတ်ပြီး ရသေ့ပြုသည်။ ရသေ့အဖြစ်ဖြင့် ဈာန်အဘိညာဉ်တို့ကို ရလျက် မြတ်စွာဘုရား အမှူးရှိသော ကုဋေကိုးဆယ်သော သံဃာတော်တို့အား ဇမ္ဗုသပြေသီးမှည့်တို့ဖြင့် ဆက်ကပ် လှူဒါန်း၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

### ၁၇။ တိဿမြတ်စွာဘုရား

သိဒ္ဓတ္ထမြတ်စွာဘုရားပွင့်တော်မူရာ ကမ္ဘာကုန်ဆုံးပြီးနောက် ဘုရားမပွင့်သော သုညကမ္ဘာ တစ်ခုခြား၍ ကိုးဆယ့်နှစ်ကမ္ဘာမြောက်၌ ပွင့်တော်မူသော တိဿ မြတ်စွာဘုရားလက်ထက်တော်တွင် ဂေါတမဘုရားလောင်းသည် သုဇာတမင်း ဖြစ်၍ မိမိပိုင်သော ကုဋေပေါင်း များစွာသော ဥစ္စာဘဏ္ဍာစု, နှစ်သက်ဖွယ် အခြွေအရံကောင်းများနှင့် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်၍ ရသေ့ပြုသည်။ တန်ခိုးကြီးမားသော ရသေ့အဖြစ်ဖြင့် မြတ်စွာဘုရားအား နတ်ပန်းများနှင့် ပဒုမ္မာကြာပန်းထီးကို လှူဒါန်းပူဇော်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

### ၁၈။ ဖုဿမြတ်စွာဘုရား

ထို့နောက် ဆက်လက်ပွင့်တော်မူသော ဖုဿမြတ်စွာဘုရားလက်ထက်တော်၌ ဂေါတမ ဘုရားလောင်းသည် ဝိဇိတာဝီ အမည်ရှိ စကြာမင်းကြီး ဖြစ်၍ ဘုရားရှင်၏ တရားတော်ကို နာယူရသဖြင့် မြတ်စွာဘုရား၌ လွန်စွာ ကြည်ညို၍ အလှူကြီးပေးကာ ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ပြီး ဘုရားရှင်ထံ၌ ရဟန်းပြု၏။ ရဟန်းဘဝဖြင့် ပိဋကသုံးပုံဆောင်ခြင်း, လူတို့အား တရားဟောခြင်း, သီလ ပါရမီကို ကောင်းစွာ ဖြည့်ခြင်းတို့ကို ပြုလျက် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

### ၁၉။ ဝိပဿီမြတ်စွာဘုရား

တိဿမြတ်စွာဘုရားနှင့် ဖုဿမြတ်စွာဘုရား ပွင့်တော်မူရာ ကမ္ဘာ ကုန်ဆုံးပြီးနောက် ကိုးဆယ့်တစ်ကမ္ဘာမြောက် ပွင့်တော်မူသော ဝိပဿီမြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရား အလောင်းတော်သည် အတုလနဂါးမင်း ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး ပူဇော်သက္ကာရ ပြုပြီးလျှင် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

http://www.dhammadownload.com



## ၂၀။ သိဒ္ဓိမြတ်စွာဘုရား

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံး၍ သုညကမ္ဘာပေါင်း ငါးဆယ့်ကိုးကမ္ဘာ လွန်မြောက်ပြီးနောက် ဤကမ္ဘာမှ ပြန်၍ ရေသည် ရှိသော် သုံးဆယ့်တစ်ကမ္ဘာထက်၌ သိခီမြတ်စွာဘုရားနှင့် ဝေဿဘူမြတ်စွာဘုရားရှင် နှစ်ဆူ ပွင့်တော်မူရာ မဏ္ဍကမ္ဘာသို့ ရောက်ရှိခဲ့သည်။ သိခီမြတ်စွာဘုရားရှင် လက်ထက်တော်၌ အရိန္ဒမမင်း ဖြစ်၍ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့အား နန်းတော်သို့ ပင့်၍ ခုနစ်ရက်ပတ်လုံး အလှူဒါနကြီး ပြုလုပ်၍ မင်္ဂလာဆင်တော်ကို မြတ်စွာဘုရားအား လှူဒါန်းပြီး ထိုဆင်တော်ကို တန်ဖိုးဖြတ်၍ တန်ဖိုးနှင့် ညီမျှသော အပ်စပ်သည့် ပစ္စည်းဝတ္ထုတို့ဖြင့် ဘုရားအမှူးပြုသော သံဃာတော်များအား လှူဒါန်းပူဇော်လျက် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

## ၂၁။ ဝေဿဘူမြတ်စွာဘုရား

ထို့နောက် သိခီမြတ်စွာဘုရားပွင့်တော်မူသည့် မဏ္ဍကမ္ဘာမှာပင် ဆက်လက်၍ ပွင့်တော်မူသော ဝေဿဘူမြတ်စွာဘုရားလက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် သုဒဿန အမည်ရှိ မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား သင်္ကန်းစသောအလှူဒါန, မြတ်စွာဘုရားအတွက် ဂန္ဓကုဋီကျောင်းတော်ကြီးနှင့် ရဟန်းတော်တို့အတွက် ကျောင်းပေါင်း တစ်ထောင်လှူဒါန်းခဲ့သည်။ ထို့နောက် မင်းစည်းစိမ်ကို စွန့်လွှတ်၍ ရဟန်းဘဝဖြင့် ဓုတင် တစ်ဆယ့်သုံးပါး ကျင့်ဆောင်၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

## ၂၂။ ကကုသန္ဓမြတ်စွာဘုရား

ထို့နောက် ဘုရားမပွင့်သော သုညကမ္ဘာပေါင်း နှစ်ဆယ့်ကိုးကမ္ဘာ လွန်မြောက်ပြီးနောက် ကကုသန် မြတ်စွာဘုရား, ကောဏာဂုံ မြတ်စွာဘုရား, ကဿပ မြတ်စွာဘုရား, ဂေါတမ မြတ်စွာဘုရား, အရိမေတ္တေယျ မြတ်စွာဘုရား တည်းဟူသော ဘုရားငါးဆူပွင့်တော်မူရာ ဤဘဒ္ဒကမ္ဘာသို့ ရောက်ရှိခဲ့သည်။ ထိုဘုရားငါးဆူတို့တွင် ရှေးဦးစွာ ပွင့်တော်မူသော ကကုသန်မြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမဘုရားလောင်းသည် ခေမအမည်ရှိ မင်းဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား သင်္ကန်း, သပိမ်း, ဆေးစသော လှူဖွယ်တို့ကို လှူဒါန်းသည်။ ထို့နောက် ရဟန်းပြု၍ ဗျာဒိတ်ခံယူတော်မူခဲ့သည်။

## ၂၃။ ကောဏာဂမနမြတ်စွာဘုရား

ထို့နောက် ကောဏာဂုံ မြတ်စွာဘုရား လက်ထက်တော်၌ မိထိလာမြို့၌ ပဗ္ဗတ အမည်ရှိသောမင်း ဖြစ်၍ မိထိလာမြို့သို့ ကြွတော်မူလာသော မြတ်စွာဘုရားနှင့်

http://www.dhammadownload.com

# အပိုင်း (၃)

## အခန်း (၉)

## ဒါနပြုရန် တိုက်တွန်းခြင်း

### ပေးကမ်းခြင်း အောင်စေရာ

လောက၌ ပေးနိုင် ကမ်းနိုင်လျှင် မျက်နှာပွင့်သည်၊ အရာခပ်သိမ်းကို အောင်မြင်နိုင်သည်။ "ဒါနံ သဗ္ဗတ္ထသာဓကံ=ဒါနသည် လောကီလောကုတ္တရာ ခပ်သိမ်းသော အကျိုးကို ပြီးစီးစေနိုင်သည်"။ လုပ်ငန်းကိစ္စများကို ဆောင်ရွက်ရာ၌ ပေးကမ်းခြင်းကို ရှေ့သွားပြုပါက အောင်မြင်မှု ဆုလာဘ်ကို မလွဲမသွေ ရရှိနိုင်ပေသည်။ ပေးကမ်းခြင်းဖြင့် မေတ္တာနှောင်ကြိုး ဖွဲ့ချည်နိုင်သည်။ ရှိပြီးသော မေတ္တာနှောင်ကြိုးကို ပို၍ ခိုင်မြဲစေနိုင်သည်။ မုန်းစိတ်ကို ပျောက်စေ၍ ချစ်စိတ် ရောက်စေနိုင်သည်။

### မေတ္တာ၏ ရုပ်သွင်

ပေးကမ်းခြင်းသည် မေတ္တာ၏ရုပ်သွင်ဖြစ်သည်။ မေတ္တာတရားကို ကာယကံ, ဝစီကံတို့ဖြင့် ပီပီပြင်ပြင် ပုံဖော်ခြင်း ဖြစ်သည်။ မေတ္တာရှိမှသာလျှင် ပေးနိုင် ကမ်းနိုင်သည်၊ ကျွေးနိုင် မွေးနိုင်သည်။ မေတ္တာစာတ လုံးဝ မရှိသူသည် ပေး လို ကမ်းလိုစိတ် မရှိ၊ ကျွေးလို မွေးလိုစိတ် မရှိ။ သူတပါးအား ကျွေးလို မွေးလိုစိတ်, ပေးလို ကမ်းလိုစိတ်သည် မေတ္တာတရားကို အကောင်အထည် ဖော်နေခြင်း ဖြစ်သည်။

မေတ္တာစာတ နည်းပါးသူသည် ကလေးငယ်များ, ခွေးငယ် ကြောင်ငယ် များကို ယုယခြင်းမရှိ၊ ကျွေးလိုမွေးလိုစိတ် မရှိ၊ ယင်းကဲ့သို့ ကလေးငယ်များနှင့် တိရစ္ဆာန်ငယ်များကိုပင် မချစ်တတ်သူ တစ်ဦးထံမှ လူအိုလူမင်းများ လူမမာ များကို ပြုစုယုယလိမ့်မည်ဟု မျှော်လင့်ဖွယ်ရာ မရှိပေ။

ထို့ကြောင့် ထိုင်ပါဦး၊ နားပါဦး၊ စားပါဦး၊ သောက်ပါဦး၊ ယူပါဦး စသည်ဖြင့် ပြောဆိုခြင်းသည် ဝစီကံ မေတ္တာကို သရုပ်ဖော်ခြင်း ဖြစ်သည်။ လက်တွေ့ ပေးကမ်း ထောက်ပံ့ ကျွေးမွေးခြင်းသည် ကာယကံ မေတ္တာကို သရုပ်ဖော်ခြင်း ဖြစ်သည်။

http://www.dhammadownload.com



## ဒါနပြုရန် ခက်ခဲခြင်း

သတ္တဝါတို့၏ ပင်ကိုသဘာဝသည် မိမိပစ္စည်းကို မပေးလို၊ နှမြောဝန်တိုတတ်၏။ ပေးရမည်ဆိုလျှင် တွန့်တိုလေ့ရှိသည်။ ယင်းဝန်တိုမှုကို "မစ္ဆရိယ"ဟုခေါ်သည်။ မစ္ဆရိယကို နိုင်နင်းအောင် မနှိမ်နင်းနိုင်က ပေးကမ်းမှုဒါနအထမမြောက်နိုင်ချေ။ မစ္ဆရိယရန်သူကို အနိုင်ယူပြီးမှသာလျှင် အလှူဒါနအထမြောက်နိုင်သည်။

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိပြည်တွင် ဆင်းရဲသား ပုဏ္ဏားလင်မယားရှိသည်။ လင်မယားနှစ်ယောက်ပေါင်းမှ အပေါ်ရုံ ပုဆိုး (ခြုံထည်) တစ်ထည်သာ ရှိသည်။ ပွဲလမ်းသဘင်သို့ လင်သွားလျှင် မယားအိမ်မှာ နေရစ်ရ၍ မယားသွားလျှင် လင်အိမ်မှာ နေရစ်ရသည်။ ခြုံထည်တစ်ခုကိုပင် တလှည့်စီခြုံ၍ ပွဲတိုးရသည်။ ပုဏ္ဏားကြီးသည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားတရားဟောတော်မူသည်ကို သွားရောက်နာယူသည့်အခါ စေတနာ သဒ္ဓါတရားတဖွားဖွား ပေါ်ပေါက်လာ၍ အပေါ်ရုံပုဆိုးကို မြတ်စွာဘုရားအား လှူဒါန်းရန်စိတ်ကူးလိုက်သည်။ လှူလိုက်ပါက လင်ရော မယားပါ ပွဲတိုးစရာ ခြုံထည်မရှိတော့မည်ကို တွေးတောမိပြန်၍ လှူရန် စိတ်ကူးကို ပယ်ဖျက်လိုက်ပြန်သည်။ တဖန် လှူချင်စိတ် ပေါ်လာပြန်သည်။ သို့ရာတွင် နှမြောစိတ်က တားလိုက်သည်။ အလှူစိတ်ကူး ပျက်သွားပြန်သည်။ ဤသို့ဖြင့် ညဥ့်သုံးယာမ်ပတ်လုံး တရားပွဲ မပြီးမချင်း လှူရန် စိတ်ကူးလိုက်၊ နှမြောစိတ်က နှောင့်ယှက်လိုက် ချီတုံချတုံ ဖြစ်နေခဲ့သည်။

တရားပွဲပြီးခါနီးသောအခါ "မရှိလို့ မလှူ၊ မလှူလို့ မရှိ" ဤကဲ့သို့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်နှင့် ကြုံတောင့်ကြုံခဲ ကြုံရခိုက်တွင်မှ မလှူလိုက်နိုင်လျှင် မိုက်ရာကျတော့မည်ဟု ဆင်ခြင်စဥ်းစား၍ အပေါ်ရုံပုဆိုးကို မြတ်စွာဘုရားအား လှူဒါန်းရန် ယတိပြတ် ဆုံးဖြတ်လိုက်တော့သည်။ ဆုံးဖြတ်ပြီးနောက် အပေါ်ရုံပုဆိုးကို သေသပ်စွာ ခေါက်၍ မြတ်စွာဘုရား လက်တော်အရောက် ကပ်လှူပြီးလျှင် "အောင်ပြီ၊ အောင်ပြီ" ဟု စစ်ပွဲကြီးကို နိုင်ခဲ့သော ဗိုလ်ချုပ်ကြီးတစ်ဦးကဲ့သို့ ဝင့်ကြွားသော အသံဖြင့် သုံးကြိမ်တိုင်တိုင် ကြွေးကြော်လိုက်တော့သည်။

ဤဝတ္ထုကြောင်းကို သုံးသပ်ကြည့်ပါက အလှူဒါနတစ်ခု အထမြောက်နိုင်ရန် မည်မျှ ခက်ခဲသည်ကို ရိပ်စားမိလောက်ပေပြီ။

http://www.dhammadownload.com



## ဒါနကို ထေ့ကျင့်ခြင်း

ထို့ကြောင့် စကား မပီထပီ လူမမည်ကလေးအရွယ်ကပင် စတင်၍ ပေးလို စိတ်ကို လေ့ကျင့်ပေးရသည်။ ပေးချင်စိတ် ဖြစ်ပေါ်လာအောင် သင်ကြား ပေးရသည်။ ကလေးငယ်၏ လက်တွင်းရှိ မုန့်ပဲသရေစာကို “ပေးစမ်းပါ” ဟု တောင်းသူက တောင်း၍ မိဘအုပ်ထိန်းသူက “စားပါဦးလို့ ပြောလိုက်၊ ယူပါဦးလို့ ပြောလိုက်” စသည်ဖြင့် တိုက်တွန်းသင်ပြလေ့ရှိကြသည်။ စကားပီ နားလည်၍ အသိဉာဏ် ဆသင့်အတင့် ရှိလာသည့်အရွယ်တွင် သားငယ် သမီး ငယ်များကို ဘုရားရှင်အား ဆွမ်းကပ်, ပန်းကပ်, ရေကပ်, ဆီမီးကပ်လှူခိုင်းခြင်း၊ ဆွမ်းခံဘုန်းကြီးအား ဆွမ်းလောင်းခိုင်းခြင်း၊ သီလရှင်များအား ဆွမ်းဆန် လောင်းလှူခိုင်းခြင်းဖြင့် အလှူဒါနပြုလုပ်မှုကို လက်တွေ့ သင်ကြား လေ့ကျင့် ပေးရသည်။ ထို့ပြင် ဖုန်းတောင်း ယာစကာများနှင့် ခိုကိုးရာမဲ့သူများအား ပေးကမ်းစွန့်ကြဲမှု ပြုလုပ်စေခြင်းဖြင့်လည်း ဒါနပြုမှုအလေ့အကျင့် ရရှိစေသည်။ မိဘများက စေခိုင်းပေးရသည်။ ငါးပြား ဆယ်ပြားမှ စ၍ မိမိအလှူကို ဂုဏ်ယူတတ်စေရန် အလှူရှင်အဖြစ်ကို ခံယူတတ်စေရန် လေ့ကျင့်သင်ကြား ပေးကြရသည်။

## မိမိကိုယ်တိုင် လေ့ကျင့်ခြင်း

အမျိုးသားနှင့် အမျိုးသမီးတို့တွင် အမျိုးသမီးများသည် အလှူဒါနအရာ၌ အမျိုးသားများထက် ပြုလွယ်ကြသည်။ အမျိုးသားများမှာ အသေးစားဒါနမှု များကို ပြုလုပ်လိုခြင်းမရှိဘဲ ဘုရားတည် ကျောင်းဆောက် အကြီးစားဒါနပြု၍ ဘုရားဒကာ ကျောင်းဒကာအဖြစ် ခံယူလိုကြသည်။ သို့ရာတွင် ဘုရားတည် ကျောင်းဆောက်လှူဒါန်းရန်မှာ ငွေပေါင်း သိန်းနှင့်သန်းနှင့်ချီ၍ ကုန်ကျရမည် ဖြစ်ရာ ထိုကဲ့သို့ အကြီးစား ဒါနမျိုးလည်း မလုပ်နိုင်။ နေ့စဉ်ပြုရမည့်အသေးစား ဒါနမှုများကိုလည်း မလုပ်ဖြစ်။ နောက်ဆုံးတွင် အိုမင်းမစွမ်း အရွယ်ရောက် လာ၍ ဒါနကုသိုလ် ထုထုထည်ထည် မစုဆောင်းမိဘဲ သေရာ ညောင်စောင်း လဲလျောင်းသည့်အခါ အားကိုးရာမဲ့ ဖြစ်ကြရသည်။

ထို့ကြောင့် အထူးသဖြင့် အမျိုးသားများအား တိုက်တွန်းလိုသည်မှာ အလှူ ဒါနအမျိုးမျိုးတို့တွင် အလွယ်ကူဆုံး စရိတ်စကအနည်းဆုံးဖြစ်သော မိမိအိမ်ရှိ မြတ်စွာဘုရားအား ရေချမ်းကပ်လှူခြင်း၊ ပန်းကပ်လှူခြင်း၊ ဆီမီးကပ်လှူခြင်း၊ ဆွမ်းတော် ကပ်လှူခြင်း၊ ဆွမ်းခံကိုယ်တော်အား ဆွမ်းလောင်းလှူခြင်း တို့ကို နေ့စဉ်နေ့တိုင်း အမြဲတစေ နိစ္စဓူဝ ဝတ္တရား တစ်ခုအဖြစ် သတ်မှတ်ထား၍ ပြုလုပ်သင့်ကြသည်။ သေးငယ်သော ဒါနအမှုဟူ၍ အထင်မသေးသင့်၊ နေ့ပေါင်း

http://www.dhammadownload.com

# အခန်း (၁၄)

## အလှူခံပုဂ္ဂိုလ် ရွေးချယ်နည်း

အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့် တူကြောင်း ပေတဝတ္ထုပါဠိတော်၌ ဟောကြားတော်မူထား၏၊ သို့ဖြစ်ရာ လယ်ယာမြေသည် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းရှိသကဲ့သို့ အလှူခံပုဂ္ဂိုလ်ဟူသော လယ်ယာမြေများသည် အတန်းအစား အမျိုးမျိုးရှိ၏။ လယ်ယာမြေတို့၌ မြက်စသော အနှောင့်အယှက်မရှိလေ အပွင့်သန်လေ ဖြစ်သကဲ့သို့ ထို့အတူ အလှူခံရာ၌လည်း ရာဂ ဒေါသ မောဟနည်းလေ လှူရသူမှာ အကျိုးများလေ ဖြစ်၏။ လယ်ယာတို့၌ ဓာတ်မြေဩဇာများ၍ ရေအဆင်သင့်လေ ကောက်ပင်သန်လေ ဖြစ်သကဲ့သို့ အလှူခံပုဂ္ဂိုလ်များ၌လည်း သီလ သမာဓိ ပညာကြီးလေ လှူရသူ၌ အကျိုးများလေ ဖြစ်၏။

ဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဝါတော် ၁၅-ဝါ(သံ၊ဋ္ဌ၊ ၁။၂၆၁)၊ တနည်း ဝါ-၂၀ (ဝိ၊ဋ္ဌ၊၁။၁၇၉)အတွင်းဟု ဆိုအပ်သော ပထမဗောဓိ၌ ဘုရားရှင်နှင့် တပည့်ရဟန်းအပေါင်းအား လာဘ်သပ်ပကာ ပူဇာသက္ကာရပေါ်များလာသည်နှင့် အမျှ တိတ္ထိတို့မှာ လာဘ်သပ်ပကာ ဆုတ်ယုတ်လာကြသဖြင့် တိတ္ထိဘို့က "ရဟန်းဂေါတမသည် ငါနှင့် ငါ့တပည့်သားတို့အားသာ လှူသင့်လှူထိုက်၏၊ အခြားပုဂ္ဂိုလ်များအား မလှူသင့် မလှူထိုက်၊ ငါနှင့် ငါ့တပည့်တို့အား လှူမှသာ အကျိုးများမည်၊ အခြား ပုဂ္ဂိုလ်များအား လှူခြင်းသည် အကျိုးမများ အလကားပင် ဖြစ်သည်"ဟု ပြောဆိုနေကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းလွှင့်ကြသည်၊ ပသေနဒီကောသလမင်းကြီး ကြား၍ ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က "မိမိစိတ်ကြည်ညိုရာ ပုဂ္ဂိုလ်အား လှူသင့်ကြောင်း၊ သို့ရာတွင် သီလရှိသော ပုဂ္ဂိုလ်အား လှူခြင်းသည် အကျိုးများ၍ နီဝရဏတရား ၅-ပါးကို ပယ်စွန့်ပြီးသော ပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန ပစ္စဝေက္ခဏာဉာဏ်ဟူသော လောကီ လောကုတ္တရာ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အား လှူမှ အကျိုးများစွာ ရနိုင်ကြောင်း" ဟောကြားတော်မူသည် (သံ၊ ၁၂-၂
၁။၉၉၊၁၀၀ စသည်)။

### အလှူခံရွေးချယ်မှုနှင့် စပ်၍ ဝါဒအမျိုးမျိုး

အလှူခံပုဂ္ဂိုလ်ရွေးချယ်မှု, မရွေးချယ်မှုနှင့် စပ်လျဉ်း၍ အရာဌာနအား ခလျှာ်စွာ ခွဲခြားပြီး ကျမ်းဂန်တို့၌ ဟောကြားတော်မူထား၏။ ဗုဒ္ဓဝင်ပါဠိတော်၌

http://www.dhammadownload.com



"သဗ္ဗညုတဉာဏ်တော်ကို လိုလားသော ဘုရားအလောင်းတော်ကြီးများအဖို့ အလှူခံပုဂ္ဂိုလ်ကို အယုတ် အလတ် အမြတ် မရွေးဘဲ ပေးလှူသင့်ကြောင်း" ဟောကြားတော်မူ၏။

မှန်ပါသည်၊ ဘုရားအလောင်းတော်ကြီးများသည် ရည်ရွယ်ရင်းကပင် သဗ္ဗညုတဉာဏ်တော်ကို ရဖို့ရန် ရည်ရွယ်ရင်းဖြစ်သည်။ ယင်းသဗ္ဗညုတဉာဏ်တော်သည် အယုတ် အလတ် အမြတ်ဟူ၍ မရှိ၊ တစ်မျိုးတစ်စားထည်းသာ ဖြစ်သည်။ သို့ဖြစ်၍ မိမိလှူဖွယ်ပစ္စည်းကို ရောက်လာသမျှသော အလှူခံတို့အား အယုတ် အလတ် အမြတ်မရွေး လှူဒါန်းရန်သာ ဖြစ်သည်။ သို့ဖြစ်၍ အလှူခံကို မရွေးချယ်ဘဲ လှူဒါန်းခြင်းသည် သဗ္ဗညုတဉာဏ်တော်ကို လိုလားသော ဘုရားအလောင်းတော်ကြီးများ၏ ဓလေ့ပင် ဖြစ်၏။

ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်နှင့် ပေတဝတ္ထုပါဠိတော်စသည်တို့၌ကား သာမညနတ်လူတို့အတွက် ရည်ရွယ်၍ ဟောတော်မူထားခြင်း ဖြစ်ရာ လောကီစည်းစိမ်အမျိုးမျိုးတို့ကို အလိုရှိရာ ရည်ရွယ်၍ လှူဒါန်းလိုကြသော နတ်လူသာမန်တို့အဖို့ အကောင်းဆုံးသော အလှူခံကို ရွေးချယ်ရမည်သာ ဖြစ်၏။

**အလှူခံပုဂ္ဂိုလ်ရွေးချယ်ရန် အစရကြီးဆုံး**

အလှူခံပုဂ္ဂိုလ်ရွေးချယ်ရန် မည်မျှ အရေးကြီးကြောင်း အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့၏ ဖြစ်ရပ်များက သက်သေထူလျက် ရှိ၏။ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူရန် ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ သီတင်းသုံး နေတော်မူသောအခါ ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သားတို့ လာရောက် ဆည်းကပ်ကြရာတွင် အင်္ကုရနတ်သားမှာ တန်ခိုးကြီးသော နတ်များ လာတိုင်း လာတိုင်း နေရာ ဖယ်ပေးသော နောက်သို့ ဆုတ်၍ ဆုတ်၍ ပေးရသဖြင့် မြတ်စွာဘုရားနှင့် ၁၀-ယူဇနာ ဝေးကွာသော အရပ်မှ နေ၍သာ ဆည်းကပ်ရလေ၏။

ဣန္ဒကနတ်သားမှာမူကား ပထမလာရောက်နေရင်း နေရာမှ ဖယ်ရှားရခြင်းမရှိ ပကတိနေမြဲအတိုင်း နေနိုင်၏။ ဤသို့ ဖြစ်ရခြင်းမှာ အင်္ကုရနတ်သားသည် အသက်တစ်သောင်းတမ်း၌ ကာလရှည်လျားစွာ ၁၂-ယူဇနာ ရှည်လျားသော ခံလောက်တန်းကြီးဖြင့် ချက်ပြုတ် ကျွေးမွေး လှူဒါန်းခဲ့သော ဒါနရှင်ကြီး ဖြစ်သော်လည်း အလှူခံပုဂ္ဂိုလ်တွေမှာ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တွေသာ ဖြစ်သည်။ ဣန္ဒကနတ်သားမှာမူ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကို ထမင်းတစ်ဇွန်းမျှ လောင်းလှူဖူး၏။

http://www.dhammadownload.com



ဤသို့ ဣန္ဒကနတ်သား၏ အလှူမှာ ဆွမ်းတစ်ဇွန်းမျှ အနည်းငယ်ပင် ဖြစ်သော်လည်း အလှူခံပုဂ္ဂိုလ်က ရဟန္တာဖြစ်၍ မြင့်မြတ်သော ကောင်းမှု ဖြစ်သောကြောင့် နေမြဲနေရာမှာပင် ဆက်လက် နေနိုင်သည်။ အင်္ကုရနတ်သားမှာကား အလှူဝတ္ထုပင်များသော်လည်း အလှူခံတွေက သာမန်ပုထုဇဉ် များသာ ဖြစ်၍ ကုသိုလ်အာနုဘော် နည်းပါးသောကြောင့် တန်ခိုးကြီးသော နတ်များ လာတိုင်း လာတိုင်း နောက်သို့ ဆုတ်၍ ပေးနေရသည်။ သို့ဖြစ်၍ ပေတဝတ္ထုပါဠိတော်၌ "ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ=အလှူဒါန လှူလိုလျှင် အကျိုးကြီးမားမည့် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူဒါန်းရမည်" ဟု ဟောကြားတော်မူခဲ့သည်။

## သံဃာသည် ဒုဿီလမဟုတ်

အလှူခံရွေးချယ်မှုနှင့် စပ်လျဉ်း၍ ယခုကာလ အလှူရှင်များသည် ဣန္ဒက နတ်သားလောင်းလျာကဲ့သို့ ရဟန္တာအရှင်မြတ်တည်းဟူသောအလှူခံပုဂ္ဂိုလ်နှင့် တိုက်ဆိုင်ဖို့ ခဲယဉ်း၏။ ထိုကဲ့သို့သော အလှူခံ ပုဂ္ဂိုလ်ထူးကြီးများကား သာမန် သဒ္ဓါတရား ရှိရုံမျှဖြင့် ကြွရောက် ချီးမြှောက်တော်မူလေ့ မရှိကြပါ။ သို့အတွက် ပုဂ္ဂလိက ဒါနအရာ၌ အတော်ရွေးချယ်တတ်မှသာ သင့်တင့်သော အလှူခံပုဂ္ဂိုလ်ကို ရနိုင်စရာရှိ၏၊ သို့ဖြစ်၍ လောကီစည်းစိမ် အမျိုးမျိုးတို့ကို အလိုရှိရာ ရည်ရွယ်၍ လှူဒါန်းလိုကြသော ပုဂ္ဂိုလ်များအဖို့ ပုဂ္ဂလိကဒါန မပြုဘဲ သံဃိကဒါနကိုသာ ပြုသင့်ကြသည်။ ထို့ကြောင့် သုတ္တနိပါတ်ပါဠိတော် ၃၇၀-၌ ကောင်းမှုလိုသော သူတို့သည် သံဃာအား လှူရန် မြတ်စွာဘုရား ဟောကြားတော်မူခဲ့၏။

မှန်၏၊ ပုဂ္ဂိုလ်သာ ကောင်း မကောင်း အမျိုးမျိုးရှိ၏။ သံဃာတော်သည် တစ်မျိုးတစ်စားတည်းသာ ရှိ၏။ ဘုရားတပည့်သား အရိယာအပေါင်းမှာ အယုတ် အမြတ်ဟူ၍မရှိ၊ မြတ်သော သံဃာချည်းသာ ဖြစ်သည်။ သံဃာမှန်လျှင် ဒုဿီလဟူ၍ မရှိနိုင်=သံဃော ဟိ ဒုဿီလော နာမ နတ္ထိ (မ၊ဋ္ဌ၊၄။၂၂၅)။

သံဃာဟူသည် အစုအပေါင်း၏ အမည်ဖြစ်၏။ သံဃာတော် ဆိုသော စကား၌ အရိယာပုဂ္ဂိုလ်ဟူသမျှ အားလုံးပါဝင်၏။ ထို့ကြောင့် မျက်မှောက်ရှိ ပုဂ္ဂိုလ်တို့ကို အာရုံမပြုဘဲ သံဃာအစုအပေါင်းကိုသာ အာရုံထား၍ လှူဒါန်းမှ သံဃိကဒါန မြောက်နိုင်၏။ သို့ဖြစ်၍ သံဃိကဒါန ပြုလုပ်လိုသော ပုဂ္ဂိုလ်တို့သည် စင်ကြယ်သော သံဃိကဒါန ဖြစ်ရန် အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ ဂဟပတိဝဂ်၊ ဒုတိယသုတ်လာ ဥဂ္ဂသူကြွယ်၏ ကျင့်နည်းကို အတုယူကြရာ၏။

http://www.dhammadownload.com



ဖြစ်စေ တစ်ဦးဦးကို သံဃာက သံဃာ့ကိုယ်စား အလှည့်ကျသဖြင့် ညွှန်ကြား၍ ရလာလျှင် ထွေရာစဉ်းစား ယုံမှားခြင်း မရှိဘဲ "သံဃာတော်အား ငါသည် လှူ၏"ဟု နှလုံးသွင်း၍ သံဃာ၌ ရိုသေခြင်းကို ပြုနိုင်သောသူ၏ အလှူမှသာလျှင် သံဃိကဒါနမြောက်သည်။

## ကျောင်းဒါယကာတစ်ဦး၏ဝတ္ထု

ဤနေရာ၌ ကျောင်းဒါယကာ တစ်ဦး၏ ဖြစ်ရပ်ကို ဝတ္ထုသာဓကအဖြစ် မှတ်သားသင့်၏။ ဇမ္ဗူဒိပ်ကျွန်း၌ တစ်ဦးသော ကျောင်းဒါယကာ သူကြွယ်သည် သံဃိကအလှူ လှူမည်ဟု အစစအရာရာ စီမံပြီး သံဃာ့ထံသို့ သွားရောက်၍ "သံဃာတော်မှ ညွှန်ကြား၍ ရဟန်းတစ်ပါးကို ပေးတော်မူပါ"ဟု တောင်းလေသည်။ ထိုသူကြွယ်သည် သံဃာတော်မှ ဆွမ်းအလှည့်ကျသော ဒုဿီလ ရဟန်း တစ်ပါးကို ရခဲ့၍ (ဒုဿီလမှန်း သိလျက်)နေရာထိုင်ခင်း သန့်ပြန့်စွာ ခင်းကျင်းပေး သုတ်သင် အထက်က မျက်နှာကြက် ဗိတာန်ကိုကြက်၍ နံ့သာပန်းမာလ်အခိုးအထုံ တို့ဖြင့် ပူဇော်ပြီးလျှင် ထိုဒုဿီလရဟန်း၏ ခြေတို့ကို တရိုတသေ ဆေးကြော သုတ်သင် ဆီလိမ်းပေးခြင်း စသည်ဖြင့် မြတ်စွာဘုရားအား အရိုအသေပြု သကဲ့သို့ပင် သံဃာ၌ အရိုအသေပြုခြင်းဖြင့် လှူဖွယ်ဝတ္ထုကို လှူခဲ့လေသည်။

မွန်းလွဲသောအခါ ထိုဒုဿီရလဟန်းသည် အိမ်သို့ လာ၍ "ကျောင်းပြင်လို၍ ပေါက်တူးခဏပေးပါ"ဟု ပြောဆိုပြီး အိမ်တံခါးဝ၌ ရပ်လာသည်တွင် ကျောင်းဒါယကာက ပကတိနေမြဲတိုင်းကပင် မထဘဲ ပေါက်တူးကို ခြေဖြင့် ကော်ခတ်၍ ပေးလိုက်လေသည်။ အိမ်နေလူများက "အရှင်တို့သည် နံနက်က ထိုရဟန်းအား ပြုအပ်သော ပူဇော်သက္ကာရမှုကား ပြော၍ မကုန်နိုင်အောင် ရှိပေသည်။ ယခုသော်ကား နံနက်က ပူဇော်ရိုသေမှု၏ ဝ:စိတ်တဒေသမျှ ပြောပဖွယ်မရှိပါတကား၊ ဤကဲ့သို့ နံနက်က တမျိုး ယခု တမျိုး ပြုပုံသည် ဘယ်လိုဟာမျိုးပါနည်း"ဟု မေးမြန်းကြသည်တွင် ကျောင်းဒါယကာက "အမောင်တို့.... နံနက်ကပြုခဲ့သော ရိုသေမှုကား သံဃာအား ပြုခဲ့သော ရိုသေမှုသာ ဖြစ်သည်။ ဤဒုဿီလရဟန်းအား ပြုသော ရိုသေမှု မဟုတ်"ဟု ပြောကြားလေသည်။

ဤဖြစ်ရပ်ကို ထောက်၍ အလှူဒါနပြုရာ၌ သံဃာအပေါ် အာရုံပြုတတ်, နှလုံးသွင်းတတ်ဖို့ အထူး အရေးကြီးလှပါသည်။ သို့မှသာ အလှူဒါန ပြုရကျိုး နပ်ပေမည်။

http://www.dhammadownload.com

# အခန်း (၁၅)

## ဒါနအရာ စံထားထိုက်သည့် ဝတ္ထုသာဓကများ

### လှူဒါန်းပေးကမ်းမှုအရာ စံထားရမည့် အနာထပိဏ်သူဌေးကြီး

ဘုရားရှင် သာသနာတော်အား ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ကြသူတို့သည် ဘုန်းရှင် သမ္ဘာရှင်တို့ချည်း ဖြစ်ကုန်၏။ ဘုန်းကံပါရမီ ဆည်းပူးခဲ့ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သာ ပစ္စည်းလေးပါးဖြင့် လည်းကောင်း၊ ဓမ္မဖြင့်လည်းကောင်း ချီးမြှောက်ခွင့်ရရှိကြပေသည်။ ကျွန်ုပ်တို့ ဂေါတမဘုရားရှင် လက်ထက်တော်၌ သာသနာတော်အား ပစ္စည်းလေးပါးဖြင့် သူ-မတူအောင် စွန့်ကြဲ ပေးကမ်း လှူဒါန်းနိုင်သော အမျိုးကောင်းသား ဥပါသကာမှာ ဗုဒ္ဓဘာသာဝင်များ သိပြီး ဖြစ်ကြသည့် အနာထပိဏ်သူဌေးကြီးပင် ဖြစ်၏။

### ပါရမီဘုန်းကံနှင့် လာသောသူ

အနာထပိဏ်သူဌေးလောင်း သူတော်ကောင်းသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်၍ ဘုရားရှင်၏ တရားစကား နာယူစဉ် ဘုရားရှင်က ဥပါသကာတစ်ယောက်အား "အလှူအတန်း၌ မွေ့လျော်ကြသူ ဥပါသကာတို့တွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရသဖြင့် အားကျနှစ်သက်ကာ အဓိကာရ ကောင်းမှုကုသိုလ်ကို ပြု၍ ထိုဧတဒဂ်ရာထူးကို ဆုတောင်း ပတ္ထနာ ပြုခဲ့လေသည်။

ထိုအမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး လူ့ပြည် နတ်ပြည် အဖန်ဖန်ကျင်လည်ခဲ့၍ အကျွန်ုပ်တို့ ဘုရားသာသနာ ခေတ်အခါ၌ သာဝတ္ထိပြည် သုမနသူဌေးကြီး၏သားဖြစ်လေသည်။ မိဘများက သူ၏အမည်ကို သုဒတ္တ-ဟု မှည့်ခေါ်ကြ၏။

### အနာထပိဏ် အမည်ရခြင်း

သုဒတ္တသူဌေးသားသည် အိမ်ရာကို စိုးအုပ်၍ ဦးစီးပြုလုပ်နေစဉ် ကိုးကွယ်ရာမဲ့သူတို့အား အစာထမင်း ပေးကမ်းစွန့်ကြဲမှု၌ မွေ့လျော်သူဖြစ်၍ ထိုဂုဏ်ကို အစွဲပြုကာ "အနာထပိဏ္ဍိက=ကိုးကွယ်ရာမဲ့သူတို့အား အစာထမင်း ပေးကမ်းသော သူဌေး"ဟု အမည်တွင်လေသည်။ (အနာထ=ကိုးကွယ်ရာမဲ့သူတို့အား +ပိဏ္ဍိက=အစာထမင်း ပေးကမ်းသော သူဌေး၊ အနာထပိဏ်သူဌေး။)

http://www.dhammadownload.com



အနာထပိဏ် သူဌေးသည် တစ်နေ့တွင် လှည်းအစီး ငါးရာဖြင့် ကုန်ရောင်းကုန်ဝယ် ကိစ္စအတွက် မိမိသူငယ်ချင်း ရာဇဂြိုဟ်သူဌေးအိမ်သို့ ရောက်ရာ ထိုရာဇဂြိုဟ်မြို့၌ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူကြောင်း သတင်းကောင်း ကြားသိရတာ မိုးသောက်အားကြီး လင်းခါနီး၌ နတ်တို့ အာနုတော်ဖြင့် ဟင်းလင်းပွင့်သော မြို့တံခါးမှ ထွက်၍ မြတ်စွာဘုရားရှင်ထံသို့ ချဉ်းကပ်ထရားနာရ၍ သောတာပန်ဖြစ်လေသည်။

နောက်တစ်နေ့တွင် ဘုရား အမှူးရှိသော သံဃာအား ကြီးစွာသော အလှူဒါနကြီး ပေးလှူပြီးလျှင် ဘုရားရှင်အား သာဝတ္ထိမြို့သို့ ကြွရောက်တော်မူရန် လျှောက်ထား၍ ပြန်ခဲ့ပြီးနောက် ရာဇဂြိုဟ်နှင့် သာဝတ္ထိ ၄၅-ယူဇနာ ခရီး အကြားဝယ် တစ်ယူဇနာ တစ်ယူဇနာလျှင် အသပြာတစ်သိန်း တစ်သိန်း ထိုက်ထန်သည့် စံကျောင်းတော်များ ဆောက်လုပ်ရန် မိမိ မိတ်ဆွေများအား အပ်နှံခဲ့၍ သာဝတ္ထိမြို့သို့ ရှေးဦးစွာ ပြန်ခဲ့လေသည်။

သာဝတ္ထိမြို့ ရောက်သောအခါ ဇေတမင်းသား၏ ဥယျာဉ်မြေကို ရွှေအင်္ဂါး အသပြာချင်း အစွန်းချင်းထိအောင် ခင်း၍ တစ်ဆယ့်ရှစ်ကုဋေဖြင့် ဝယ်ယူပြီး တစ်ဆယ့်ရှစ်ကုဋေပင် အကုန်အကျ ခံကာ ကျောင်းတိုက်ကြီး တည်ဆောက်ပြီးသောအခါ နံနက်ရေ နေ့ပါ အလိုရှိအပ်ရာ အလှူဒါနကို ပေးလှူလျက် တစ်ဆယ့်ရှစ်ကုဋေကုန် ကျောင်းရေစက်ချ အလှူပွဲကြီး ကျင်းပလေသည်။

**တေဒင်္ဂဘွဲ့ထူးဖြင့် ချီးမြှောက်ခံရခြင်း**

ဤသို့လျှင် အနာထပိဏ်သူဌေးကြီးသည် စုစုပေါင်း ငါးဆယ့်လေးကုဋေသော ဥစ္စာကို ဘုရားသာသနာတော်၌ စွန့်လှူပြီးနောက် မိမိအိမ်၌ နေ့စဉ်အမြဲ အောက်ပါအလှူဒါနများကို ပြုလေသည်—

(၁) စာဖရေးတံဆွမ်း ငါးရာ၊
(၂) ပက္ခိကဆွမ်း ငါးရာ၊
(၃) စာရေးတံ ယာဂုဆွမ်း ငါးရာ၊
(၄) ပက္ခိကယာဂုဆွမ်း ငါးရာ၊
(၅) နိစ္စဘတ်ဆွမ်း ငါးရာ၊
(၆) အာဂန္တုကဆွမ်း ငါးရာ၊
(၇) ဂမိကဆွမ်း ငါးရာ၊
(၈) ဂိလာနဆွမ်း ငါးရာ၊
(၉) ဂိလာနုပဋ္ဌာကဆွမ်း ငါးရာ။

http://www.dhammadownload.com



ထို့ပြင် အနာထပိဏ်သူဌေးကြီးအိမ်၌ ရဟန်းသံဃာ ထိုင်နေရန်အတွက် နေရာငါးရာတို့ကို အမြဲတမ်း ခင်း၍ ထားအပ်ကုန်၏။ သို့ဖြစ်၍ မြတ်စွာဘုရားရှင်သည် နောင်တစ်ချိန်ဝယ် ဇေတဝန်ကျောင်းတိုက်တော်၌ နေတော်မူလျက် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး ထားတော်မူရာ—

"ရဟန်းတို့....စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၌ မွေ့လျော်ကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် အနာထပိဏ္ဍိက အမည်ရသော သုဒတ္တသူကြွယ်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"ဟု–

ချီးကျူးမိန့်မြွက်တော်မူကာ ပေးလှူတတ်သူ ဒါယကာအရာဝယ် အသာဆုံး အမြတ်ဆုံး "ဧတဒဂ်"ရာထူး၌ ထားတော်မူလေသည်။

ဤအနာထပိဏ်သူဌေးကြီး၏ ဖြစ်စဉ်ကို လေ့လာလျှင် ဘုရားရှင်သာသနာတော်အား ပစ္စည်း လေးပါးဖြင့် ချီးမြှောက်နိုင်ရန် ကမ္ဘာ တစ်သိန်းကြာ ပါရမီတွေ ဆည်းပူးခဲ့ရကြောင်း တွေ့ရ၏။ ထို့ကြောင့် ဘုန်းကံရှိသူများသာ သာသနာတော်ကို ချီးမြှောက်နိုင်ကြောင်း သတိချပ်ကြရာ၏။

## လှူဒါန်းပေးကမ်းမှုအရာ စံထားရမည့် ဝိသာခါကျောင်းအမကြီး

ဘုန်းကံ ပါရမီဆည်းပူးခဲ့ကြသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သာ ဘုရားရှင်သာသနာတော်အား ပစ္စယ, ဓမ္မတို့ဖြင့် ချီးမြှောက်ခွင့် ရရှိနိုင်ကြသည်ဟု ဆိုခဲ့ရာ အမျိုးသမီးများ နယ်ပယ်၌ ဘုန်းကံပါရမီ ထူးခြားသော ကျောင်းအမကြီး ဝိသာခါ အကြောင်းကိုလည်း အထူးမှတ်သား ကြည်ညို လေ့လာသင့်ကြ၏။

## ပဒုမုတ္တရဘုရားရှင်ထံ ဆုထူးပန်

ဤဝိသာခါအလောင်း အမျိုးကောင်းသမီးသည်လည်း ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော် အခါ၌ ဟံသာဝတီ မင်းနေပြည်ဝယ် သူဌေးသမီး ဖြစ်လတ်၍ မြတ်စွာဘုရားရှင်၏ တရားဒေသနာတော်ကို ကြားနာရစဉ် ဘုရားရှင်က ဥပါသိကာမတစ်ယောက်အား "အလှူအတန်း ပေးကမ်းခြင်း၌ မွေ့လျော်သောအရာဝယ် အသာဆုံး အမြတ်ဆုံး ဧတဒဂ်"ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရ ကောင်းမှုကုသိုလ်ပြုပြီးလျှင် ထိုဧတဒဂ်ရာထူးကို ဆုတောင်း ပတ္ထနာပြုခဲ့လေသည်။ မြတ်စွာဘုရားကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့၏။

http://www.dhammadownload.com



ယူစေ၍ မိမိ၏သမီး ဝိသာခါအား ကိုးကုဋေတန်သော မဟာလတာ တန်ဆာဖြင့် တန်ဆာဆင်စေလေသည်။ သမီးအား နှံသာမှုန့်ဖိုးအနေဖြင့် လှည်းအစီးပေါင်း တစ်ရာ့ငါးဆယ့်လေးစီးတိုက် ဥစ္စာကို ပေးလေသည်။ သမီးနှင့်အတူ အမြဲ မပြတ် သွားလာလှည့်လည်ကြမည့် ကျွန်မ ငါးရာ၊ အာဇာနည် မြင်းကသော ရထားအစီးငါးရာနှင့် အသုံးအဆောင် အမျိုးစုံကိုလည်း တစ်မျိုး တစ်မျိုးလျှင် တစ်ရာစီ တစ်ရာစီ ပေးလေသည်။

## ဝိသာခါ သာဝတ္ထိမြို့ ဝင်ပုံ

ဝိသာခါ သူဌေးသမီးသည် ခြံရံများစွာဖြင့် သာဝတ္ထိမြို့သို့ ထွက်ခွါခဲ့ရာ မြို့အဝင် မြို့တံခါးဝသို့ ရောက်သောအခါ သာဝတ္ထိပြည်အလုံးအား မိမိကိုယ်ကို ထင်ရှားပြလျက် ရထား၌ ရပ်တည်ကာ မြို့တွင်းသို့ ဝင်လေ၏။ မြို့သူမြို့သား အားလုံးတို့သည် ဝိသာခါ၏ အသရေကို မြင်ကြရ၍ "ဝိသာခါ သူဌေးမ ဆိုသည်မှာ ဤအမျိုးသမီးတဲ့၊ ဤသို့ပင် အဆင်းရုပ်ရည် အသရေနှင့် ပြည့်စုံ ပါဘိ၏၊ ဤ စည်းစိမ် အသရေသည်လည်း ဤ အမျိုးသမီးအားသာလျှင် သင့်လျော် လျောက်ပတ်ဆုပါပေ၏"ဟု ပြောဆိုချီးမွမ်းကြလေ၏။ ဤသို့လျှင် ဝိသာခါသူဌေးမသည် ကြီးစွာသော စည်းစိမ်အသရေဖြင့် မိဂါရသူဌေးအိမ်သို့ ရောက်ရှိလေသည်။

ဝိသာခါအမျိုးသမီး ရောက်သော နေ့မှာပင် မြို့သူမြို့သား အားလုံးတို့သည် မိမိတို့ စွမ်းအားရှိသလောက် လက်ဆောင်ပဏ္ဏာများကို ဝိသာခါထံသို့ ပို့သ ကြ၏။ ဝိသာခါသည် ပို့တိုင်း ပို့တိုင်းသော လက်ဆောင်ပဏ္ဏာများကို ထိုမြို့ မှာပင် အခြားအခြားသော အိမ်တို့၌ အလုံးစုံ နှံ့စပ်အောင် ပေးစေပြန်၏။ ဤသို့လျှင် ဝိသာခါသည် ရောက်သည့် နေ့မှာပင် ပေးကမ်းခြင်း ဒါနသင်္ဂဟ တရားဖြင့် မြို့သူမြို့သားများ၏ စိတ်နှလုံးကို ယူကျုံးမိလေ၏၊

## ပုဗ္ဗာရုံကျောင်း ဆောက်လုပ်လှူဒါန်းခြင်း

ထို့နောက် ဝိသာခါ အမျိုးသမီးသည် ဇေတဝန်ကျောင်းတော်၌ မေ့ကျန် ခဲ့သော မဟာလတာ တန်ဆာကြီးကို မဆင်မြန်းတော့ဘဲ ရွှေပန်းထိမ်သည် များကို ခေါ်၍ တန်ဖိုးဖြတ်စေရာ ရွှေပန်းထိမ်သည်များက "ဤတန်ဆာသည် ကိုးကုဋေထိုက်တန်၍ လက်ခကား တစ်သိန်းထိုက်တန်၏"ဟု တန်ဖိုးဖြတ်ကြ လေရာ တစ်ဦးတစ်ယောက်မျှ ဝယ်ယူခြင်းငှါ မစွမ်းနိုင်သဖြင့် မိမိကိုယ်တိုင် သာလျှင် မဟာလတာတန်ဆာ၏ အဖိုး(ကိုးကုဋေနှင့် တစ်သိန်း)ကို ပေး၍ ထိုကိုးကုဋေနှင့်တစ်သိန်းသောအသပြာတို့ကို လှည်း၌ တင်စေ၍ ကျောင်းတော်သို့

http://www.dhammadownload.com



ယူဆောင်ပြီး ဘုရားရှင်အား အဘယ်ပစ္စည်းဖြင့် လှူဒါန်းရလျှင် ကောင်းပါမည်နည်းဟု လျှောက်ထားလေသည်။

ဘုရားရှင်သည် သာဝတ္ထိမြို့ အရှေ့တံခါးအနီး၌ သံဃာတော်များ နေထိုင်ရန် ကျောင်းဆောက် လှူဒါန်းသင့်ကြောင်း မိန့်တော်မူရာ အားရဝမ်းမြောက်လျက် ပုဗ္ဗာရုံကျောင်း မြေနေရာကို ကိုးကုဋေသောအသပြာတို့ဖြင့် ဝယ်ယူ၍ အခြား ကိုးကုဋေသော ဥစ္စာတို့ဖြင့် ကျောင်းတိုက်ကြီးကို တည်ဆောက်လေ၏။

## ကျောင်းရေစက်ချပွဲကြီး ၄-လကြာ ကျင်းပခြင်း

ကျောင်းတိုက်ကြီး တည်ဆောက်ရာ၌ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၏ အကူအညီ အစောင့်အရှောက် ခံယူရသည့်အတွက် ၉-လဖြင့် ပြီးစီးလေသည်။ ဝိသာခါသည် မိမိ၏ ကျောင်းတိုက်၌ ဘုရားရှင်နှင့် သံဃာတော်များအား မိုးလေးသပတ်လုံး သီတင်းသုံးစေပြီးနောက် ဘုရားအမှူးရှိသော သံဃာတော်များအား ကြီးစွာသော အလှူကို လှူဒါန်းလေ၏။ နောက်ဆုံး တန်ဆောင်မုန်း လပြည့်နေ့၌ ရဟန်းသံဃာအား သက်နိုးလျာ အထည်အဝတ်ကို လှူဒါန်းရာ အငယ်ဆုံး သံဃာရအပ်သော သင်္ကန်းလျာ အဝတ်သည်ပင် အဖိုးတစ်ထောင် ထိုက်တန်၏။ အားလုံးသော ရဟန်းတို့အား သပိတ်နှင့် အပြည့်ထည့်၍ စတုမဓုဆေးကို လှူဒါန်းလေ၏။ လေးလကြာ ကျောင်းလွှတ်ပူဇော်ပွဲကျင်းပရာ ကိုးကုဋေသော အသပြာတို့ကုန်လေ၏။

[ဤသို့လျှင် ကျောင်းမြေရာ ဝယ်ရာ၌ ကိုးကုဋေ၊ ကျောင်းဆောက်စေရာ၌ ကိုးကုဋေ၊ ကျောင်းရေစက်ချပွဲ လေးလကြာ ကျင်းပရာ၌ ကိုးကုဋေအားဖြင့် စုစုပေါင်း ၂၇-ကုဋေသော ဥစ္စာတို့ကို ဝိသာခါ ကျောင်းအမကြီးသည် ဘုရားသာသနာ၌ စွန့်ကြဲလှူဒါန်းခဲ့လေသည်။ အမျိုးသမီးအဖြစ်၌ တည်လျက် မိစ္ဆာဒိဋ္ဌိအယူရှိသူ ယောက္ခမအိမ် နေထိုင်ပြီး ဤမျှကြီးစွာသော စွန့်ကြဲလှူဒါန်းမှုမည်သည် အံ့ဖွယ်ဖြစ်ရပ် ဖြစ်သည်။]

## စေတဒဂ်ဘွဲ့ထူး ချီးမြှင့်ခံရခြင်း

ကျောင်းအမကြီးဝိသာခါ၏ အိမ်သည်ကား နံနက်အခါဝယ် (သံဃာ့ အဝင်အထွက်များလှသောကြောင့်) သင်္ကန်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းလျက် ရှိသည့်ပြင် အဝင်အထွက် သံဃာတော်တို့ သွားလာလှုပ်ရှားသဖြင့် ဖြစ်ပေါ်လာသောလေ ဖန်ရည်ရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်လျက် ရှိပေ၏။

http://www.dhammadownload.com



အနာထပိဏ်သူဌေးအိမ်မှာကဲ့သို့ ကျောင်းအမကြီးဝိသာခါ၏ အိမ်မှာလည်း အာဂန္တုဆွမ်း, ခရီးသွားဆွမ်း အစရှိသော ဆွမ်းမျိုးစုံတို့သည် အသင့်စီမံချက်ပြုတ်ပြီးသာလျှင် ရှိကုန်၏။

ကျောင်းအမကြီးသည် နံနက်အခါဝယ် ရဟန်းသံဃာအား ဆိုင်ရာ ဆိုင်ရာ ဆွမ်းများ လှူဒါန်းဆက်ကပ်ပြီးနောက် နေမွန်းလွဲသောအခါ မိမိ၏ တပည့်များကို ထောပတ်, ဆီဦး, ပျား, ဆီ, တင်လဲဟူသော ဆေးပစ္စည်းများနှင့် အမြွေ သုရက် စသော အဖျော်ရှစ်မျိုးကို ယူဆောင်စေပြီး ဘုရားကျောင်းတော်သို့ သွားရောက်ကာ ရဟန်းသံဃာအား လိုအပ်ရာရာ ဆေးပစ္စည်း အဖျော်ယမကာများကို ဆက်ကပ် လှူဒါန်းလေသည်။ ထို့နောက်မှ တရားတော်နာယူပြီး အိမ်သို့ ပြန်လာလေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် နောက်အဖို့ဝယ် ဥပါသိကာ ဒါယိကာမများကို အစဉ်အတိုင်း ဧတဒဂ်ရာထူး ထားတော်မူရာ၌ ဝိသာခါကျောင်းအမကြီးကို—

> "ရဟန်းတို့...စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၌ နှစ်ခြိုက်မွေ့လျော်ကြသည့် ငါ၏ဘုရား၏ တပည့်မ=သာဝိကာမ ဥပါသိကာမတို့တွင် မိဂါရမာတာ ဝိသာခါသူဌေးကတော်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"ဟု—

ချီးကျူး မိန့်မြွက်တော်မူကာ လှူဒါန်းခြင်း၌ မွေ့လျော်သော အရာဝယ် အသာဆုံး အမြတ်ဆုံး "ဧတဒဂ်" ရာထူး၌ ထားတော်မူလေ၏။

## အလှူခံပုဂ္ဂိုလ်မရွေးလျှင် ဒါနအထမြောက်နိုင်

အလှူဒါန မြူရာတွင် ပုဂ္ဂိုလ်အတန်းအစား မရွေး လှူဒါန်းလိုသော အသိဉာဏ်ပညာ သဒ္ဓါတရားရှိမှ အလှူအတန်းထမြောက် အောင်မြင်၏။ မိမိ၌ရှိသောပစ္စည်းကိုလည်း နှမြောဝန်တို တွန့်တိုခြင်းမရှိမှုလည်း ပါဝင်၏၊ ထိုတရားနှစ်ပါးရှိမှသာလျှင် အလှူအတန်းထမြောက် အောင်မြင်လေသည်။

အကယ်၍ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ် စိစစ်နေပါလျှင် အလှူအတန်း ထမြောက် အောင်မြင်ခဲ၏၊ မိမိပစ္စည်းပေါ်၌ နှမြောဝန်တိုမှု မစ္ဆရိယဖြစ်ပေါ်နေလျှင်လည်း အလှူအတန်း ထမြောက်အောင်မြင်ခဲ၏။ ထို့ကြောင့် ထိုအလှူခံပုဂ္ဂိုလ်ကို သုံးသပ်ခြင်း မပြုဘဲ မိမိ၏ အသိဉာဏ်ပညာ သဒ္ဓါတရားကို အခြေခံ၍ ပစ္စည်းအပေါ်၌လည်း မစင်၌ ဘင်ပုပ်လောက်ကို ရှုံရှာသကဲ့သို့ ခင်တွယ်မှု

http://www.dhammadownload.com



မရှိမှသာလျှင် အလှူအတန်း အောင်မြင်လွယ်၍ အကျိုးကျေးဇူးလည်း များပါသည်၊ အလှူခံပုဂ္ဂိုလ် မိမိထံမှောက် ရောက်လာသလာအခါတွင်လည်း အလှူပေးမှု ထမြောက် အောင်မြင်ပါသည်။

ဤသို့သော စိတ်ရှိရန် အသိဉာဏ်ပညာ သဒ္ဓါတရားရှိရန်မှာလည်း သာမန်အသိဉာဏ်, သာမန် သဒ္ဓါတရားတို့ဖြင့် မဖြစ်နိုင်ပေ၊ အဘယ့်ကြောင့်ဆိုသော် လူများသည် မိမိတို့ ပြုလုပ်လိုက်သော အလုပ်တစ်ခုအတွက် အကျိုးကို မျှော်ကိုးလေ့ရှိလေသောကြောင့်ပင် ဖြစ်ပါသည်၊ အကျိုးကို မျှော်ကိုးလိုက်သည်နှင့် တပြိုင်နက် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်လာ၏၊ အလှူခံပုဂ္ဂိုလ် ရွေးချယ်လိုက်သည်နှင့် တပြိုင်နက် မိမိပစ္စည်းပေါ်၌ ငြိကပ်တွယ်တာမှု မစ္ဆရိယကလည်း ဒီပုဂ္ဂိုလ်ဖြင့် မလှူသင့်ပါဘူး, ထိုပုဂ္ဂိုလ်မှ လှူပါ စသည်ဖြင့် သဒ္ဓါအသွင်ဖြင့် ပါဝင်လာပါသည်။ ထိုအခါ အလှူအတန်း ထမြောက် အောင်မြင်မှု နည်းပါးသွားတော့သည်။

ထို့ကြောင့် မြတ်စွာဘုရားသခင်က အလှူအတန်းကို မည်သည့်ပုဂ္ဂိုလ်အား မဆို လှူဒါန်းသင့်ကြောင်း ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောကြားတော်မူထားပါသည်။ အလှူအကျိုးများမှု, နည်းမှုသာ ကွာခြားပါသည်။

လှူဒါန်းပေးကမ်းရာ၌ စံထားရမည့် ပုဂ္ဂိုလ်မှာ သာဝတ္ထိပြည် သုမနသူဌေးကြီး၏သား ငယ်မည် သုဒတ္တ၊ အမျှားသိအမည် အနာထပိဏ်သူဌေးပင် ဖြစ်ပါသည်။ ငယ်မည်ပျောက်၍ အနာထပိဏ်သူဌေးဟု အမည်တွင် နေသည်မှာ ဆင်းရဲ ချမ်းသာ မရွေး၊ အသိပညာ ရှိ, မရှိ မရွေး၊ သီလ ရှိ, မရှိ မရွေး မှီခိုအားထားရာ မရှိသော ဆင်းရဲသားများမှ စ၍ သီလ, သမာဓိ, ပညာရှိ၍ ဘုရားအမှူးရှိသော ရဟန်းတော်များအထိ လှူဒါန်းလေ့ ရှိသောကြောင့် အနာထပိဏ်သူဌေးဟု အမည်တွင်ပါသည်၊ လှူဒါန်း ပေးကမ်းသည်မှာလည်း တစ်နေ့သာ မဟုတ်ဘဲ နေ့စဉ် နာရီနှင့်အမျှ လှူဒါန်းပေးကမ်းခြင်း ဖြစ်ပါသည်။ ထို့ကြောင့်—

> မြတ်စွာဘုရားရှင်က "လှူဒါန်း ပေးကမ်းသော ပုဂ္ဂိုလ်များတွင် အနာထပိဏ်အမည်တွင်သော သုဒတ္တသူဌေးသည် အသာဆုံး အမြတ်ဆုံး ဖြစ်သည်"ဟု—

တေဒဂ်ထားတော်မူပါသည်။

http://www.dhammadownload.com



ထို့ကြောင့် အသိပညာ သဒ္ဓါတရားနှင့် ပြည့်စုံသော သူများသည် မိမိရမည့် အကျိုးကျေးဇူးကြီးမားမှုကို မရည်ရွယ်ဘဲ နိဗ္ဗာန်ကို ရည်မျှော်၍လည်းကောင်း, သဗ္ဗညုတဉာဏ်ကို ရည်မျှော်၍လည်းကောင်း လှူဒါန်းလေ့ရှိကြပါသည်။ မြတ်စွာဘုရား အလောင်းတော်သည် ဝေလာမပုဏ္ဏား ဖြစ်စဉ်အခါက သာသနာပ အချိန်တွင် အလှူခံပုဂ္ဂိုလ် အယုတ် အလတ် အမြတ်မရွေးဘဲ မိမိ၏ အသိဉာဏ်ပညာ သဒ္ဓါတရားဖြင့် လှူဒါန်းခဲ့လေသည်။

ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်း ဖြစ်စဉ်အခါကလည်း ယုတ်ညံ့သော သောနုတ္တိုရ်မုဆိုးအား မိမိ၏ ဆင်စွယ်ကို ဖြတ်၍ လှူဒါန်းပြီး သဗ္ဗညုတဉာဏ်ကို ဆုတောင်းခဲ့ပါသည်။ ဝေဿန္တရာမင်းကြီး ဖြစ်စဉ် ကာလ၌လည်း စူဇကာ ပုဏ္ဏားအားမိမိ၏ ရင်သွေး ကဏှာနှင့်ဇာလီတို့ကို လှူဒါန်း၍ သဗ္ဗညုတဉာဏ်ကို ဆုတောင်းခဲ့ပါသည်။ ဤသို့ အလှူခံပုဂ္ဂိုလ်၏ သီလ သမာဓိ ပညာမရွေး လှူဒါန်းနိုင်မှုသည် အလှူပေး ပုဂ္ဂိုလ်၏ အသိဉာဏ်ပညာသဒ္ဓါတရားကြီးမား သောကြောင့်သာ ပေးလှူနိုင်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ အလှူခံပုဂ္ဂိုလ်၏ စင်ကြယ် မြင့်မြတ်မှုထက် မိမိ၏ သန္တာန်၌ အသိဉာဏ်ပညာ ကြွယ်ဝပြီး သဒ္ဓါတရားနှင့် ပြည့်စုံပြီးလျှင် နိဗ္ဗာန်ကို ရည်မှန်း၍ လည်းကောင်း,သဗ္ဗညုတဉာဏ်တော်ကို ရည်မျှော်၍ လည်းကောင်း ပေးလှူ ပါလျှင် အကျိုးကျေးဇူး များစွာ ရှိနိုင်ပါသည်။

### အလှူခံပုဂ္ဂိုလ် ရွေးချယ်ခြင်း

အလှူခံ ပုဂ္ဂိုလ်သည် တိရစ္ဆာန်၊ ဒုဿီလ၊ သီလဝန္တ၊ ရသေ့ ပရိဗိုဇ်၊ အရိယာပုဂ္ဂိုလ်ရှစ်ယောက်၊ ပစ္စေကဗုဒ္ဓါ၊ မြတ်စွာဘုရားအားဖြင့် တစ်ကျိပ် လေးယောက် ရှိ၏။ ဘုရားအလောင်းတော်များကား အယုတ် အလတ် အမြတ် မရွေး အလှူခံ တစ်ကျိပ်လေးယောက်တို့အား လှူဒါန်းကြ၏။ သာမန်ပုဂ္ဂိုလ်များ အနေဖြင့်မူ အလှူခံပုဂ္ဂိုလ် အင်္ဂါသုံးပါးနှင့် ပြည့်စုံသူကို လှူဒါန်းမှသာလျှင် မိမိတို့ လိုအပ်သော လောကီ လောကုတ္တရာ အကျိုး ကျေးဇူးများ ပြည့်စုံနိုင်ပေသည်။

ယင်းသို့ လှူဒါန်းရာ၌လည်း ပုဂ္ဂိုလ်ကို မရည်မှန်းဘဲ သံဃာကို ရည်မှန်းပြီး လှူဒါန်းမှသာလျှင် ပို၍ အကျိုးများသည် အဘယ့်ကြောင့်ဆိုသော် သံဃာမှာ ဒုဿီလသံဃာ ဟူ၍ မရှိပေ၊ သံဃာမှန်လျှင် အားလုံး သီလဝန္တ ဖြစ်၏။ ပုဂ္ဂိုလ်အနေနှင့်သာ ဒုဿီလ၊ သီလဝန္တ ကွဲပြား၏။ ထို့ကြောင့် သံဃာကို ရည်မှန်း၍ လှူဒါန်းမှသာလျှင် ပို၍ အကျိုးကြီးမားပေသည်။

http://www.dhammadownload.com



ဘုရားရှင်သည် ၄၅·ဝါ ကာလပတ်လုံး ဝါသနာ စရိုက် အကြိုက် အမျိုးမျိုး ရှိကြသော သတ္တဝါဝေနေ ဗိုလ်ခြေ အနန္တတို့အား နေ့ညမလပ် ချေချွတ်တော်မူထိုင်း ဒါနကထာ, သီလကထာ စသော အနုပုဗ္ဗိကထာ ဒေသနာ မြောက်မြားစွာကို ဟောကြား၍ချေချွတ်တော်မူရာ ဒါနအကြောင်းအရာ(ဒါနကထာ)လည်း မြောက်မြားစွာ ပါလျက် ရှိ၏။

ထိုမျှ များပြားလှသော ဒါနအကြောင်းအရာ (ဒါနကထာ) များသည် ထိုထို ပိဋကတ် ပါဠိတော် နိကာယ်တို့၌ နေရာအနှံ့ ကျယ်ဝန်းများပြားစွာ ပါရှိရာ ဤဗုဒ္ဓဘာသာလက်စွဲကျမ်း၌ ထုတ်ပြချက်ကား ဒါနသဘောကို လိုရင်း အကျဉ်းချုပ် သိနိုင်ရုံသာ ဖြစ်ပါ၏။ ကျယ်ကျယ်ဝန်းဝန်း သိမြင်လိုကြသော သူတော်စင်များအဖို့(ဤကျမ်းတွင် ဖော်ပြထားသော ကျမ်းညွှန်းများအတိုင်း) ထိုထို ပိဋကတ် ပါဠိတော် နိကာယ်ကျမ်းများကို ဆက်လက် လေ့လာကြရန် တိုက်တွန်းရင်း ဤမျှသော စကားအစဉ်ဖြင့် ဖော်ပြအပ်သော ဒါနအကြောင်း (ဒါနကထာ)ကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသည်။

ဤတွင် အပိုင်း (၃) ပြီး၏။

http://www.dhammadownload.com

# အပိုင်း (၄)

## အခန်း (၁၆)

## သီလစောင့်ထိန်းခြင်း

**သီလ၏ အဓိပ္ပါယ်**

သီလ၏ အဓိပ္ပါယ်မှာ ကောင်းသောအကျင့်ဟု ဆိုလိုသည်။ ကောင်းသော အကျင့် ဆိုသည်မှာလည်း—

– ကောင်းစွာ ထားရှိခြင်း၊

– ကောင်းစွာ လုပ်ဆောင်ခြင်း–

ဟူ၍ ၂-မျိုးရှိသည်။

**ကောင်းစွာ ထားရှိခြင်း**

ကာယကံမှု ဝစီကံမှုတို့ကို ဖရိုဖရဲမရှိစေရန် ကောင်းစွာထားခြင်း ဖြစ်သည်။ သီလမစောင့်ထိန်းသော သူ၏ ကာယကံ, ဝစီကံတို့သည် အထိန်းမရှိသော ချည်ခင်ကဲ့သို့ ဖရိုဖရဲ ဖြစ်နေတတ်သည်။ သီလစောင့်ထိန်းသောသူ၏ ကာယကံမှု, ဝစီကံမှုတို့လည်း ဖရိုဖရဲမဖြစ် တည်ငြိမ်စွာ ရှိနေတတ်သည်။ ဥပမာအားဖြင့် စိတ်နေစိတ်ထား ခက်ထန်ကြမ်းတမ်းသူ တစ်ဦးသည် သီလဆောက်တည်ထားစဉ် အခြားသူတစ်ယောက်က မခံနိုင်လောက်အောင် လာရောက်ပြောဆို ပြုမူလာသော်လည်း အတုံ့အပြန် လက်စားချေမှု ကာယကံ သောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှုများ မဖြစ်ရအောင် ကောင်းစွာ ထားနိုင်မည် ဖြစ်သည်။ အကယ်၍ ထိုသူသည် သီလ ဆောက်တည် မထားပါက ယင်း၏ ကာယကံမှု, ဝစီကံမှုတို့သည် တားမရ ဆီးမရ ဖရိုဖရဲ သောင်းကျန်းမှု, လွန်ကျူးမှု ပြုလုပ်ရန် ငံသချာသလောက် ဖြစ်ပေသည်။

**ကောင်းစွာ လုပ်ဆောင်ခြင်း**

ကုသိုလ်တရား မှန်သမျှသည် သီလနှင့် ကင်း၍ မဖြစ်နိုင်၊ သီလရှိသူ၏ သန္တာန်၌သာ ကောင်းစွာ ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် သီလသည် ကုသိုလ် ဟူသမျှတို့၏ မူလအကြောင်းအရင်းဖြစ်၍ ကုသိုလ်တရားတို့ ဖြစ်ပွားအောင် လုပ်ဆောင်တတ်သည်။ ဒါန, သီလ, ဘာဝနာ ဟူသော အကျင့်လမ်းစဉ်၌ ဒါနကို

http://www.dhammadownload.com



ရှေးဦးထား၍ ဖော်ပြထားသော်လည်း သီလကို အခြေခံ၍ ပြုလုပ်သော ဒါနကုသိုလ်သည် ပိုမို၍ အကျိုးပေးထက်သန် စည်ပင်ပြန့်ပြောသည်။ ထို့ကြောင့် အလှူအတန်းများ၌ ရေစက်မချမီ ငါးပါးသီလ, ရှစ်ပါးသီလ တစ်ခုခု ခံယူဆောက်တည်ပြီးမှ အလှူဒါနကို ရေစက်ချပေးသည့် အစဉ်အလာရှိပါသည်။

အကျဉ်းချုပ်အားဖြင့် သီလ အဓိပ္ပါယ်မှာ ကာယကံမှု, ဝစီကံမှုတို့ကို ရှုန်ရင်းကြမ်းတမ်းစွာ ဖြစ်ခွင့်မပြုဘဲ နူးညံ့သိမ်မွေ့အောင် ကောင်းစွာထားတတ်သောကြောင့် လည်းကောင်း, ကုသိုလ်တရားတို့ကို အဆင့်ဆင့် တိုးပွားအောင် ကောင်းစွာ လပ်ဓဆောင်တတ်သောကြောင့်လည်းကောင်း သီလဟု ခေါ်ဆိုရသည်။

တနည်းအားဖြင့် သီသ= ဦးခေါင်းဟူသော စကားမှ ရွေ့လျောလာ၍ သီသမှ သီလဟု ပြောင်းလဲလာခဲ့သည်။ သတ္တဝါများမှာ ဦးခေါင်းပြတ်သွားလျှင် တစ်ကိုယ်လုံး ပျက်စီးရတော့သကဲ့သို့ သီလတရား ပျက်စီးလျှင် ကုသိုလ်တရား အလုံးစုံ ပျက်စီးသွားတော့သည်ဟု ဆိုလိုသည်။ တနည်းအားဖြင့် လောက၌ အပူငြိမ်းအေးခြင်းကို သီတလ-ဟု ခေါ်၍ သီတလမှ အလယ်အက္ခရာ(တဝမ်းပူ) ပြုတ်၍ သီလ-ဟု ဖြစ်လာသည်။ သတ္တဝါတို့၏သန္တာန်၌ ကိလေသာ အပူဟူသမျှ ငြိမ်းအေးစေတတ်သောကြောင့် သီလဟု ခေါ်ဆိုခြင်း ဖြစ်သည်။

**သီလ၏ တရားကိုယ်**

သီလကို အဘိဓမ္မာနည်းအားဖြင့် တရားကိုယ် ကောက်ပြရလျှင်—

(၁) စေတနာသည် သီလမည်၏ (စေတနာသီလ)၊

(၂) ဝိရတီစေတသိက် ၃-ပါးသည် သီလမည်၏ (ဝိရတီသီလ)၊

(၃) အလောဘ, အဒေါသ, အမောဟ စေတသိက် ၃-ပါးသည် သီလမည်၏ (အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိသီလ)၊

(၄) စောင့်စည်းသူ၏ ကုသိုလ်စိတ် စေတသိက်တို့သည် သီလမည်၏ (သံဝရသီလ)၊

(၅) မလွန်ကျူးအောင် စောင့်ထိန်းသော အခါ၌ဖြစ်သော ကုသိုလ်စိတ်နှင့် စေတသိက်တို့သည် သီလမည်၏ (အဝီတိက္ကမသီလ)။

http://www.dhammadownload.com



စေတနာသီလ

— ပါဏာတိပါတ=သူ့အသက်ကို သတ်ခြင်း၊

— အဒိန္နာဒါန=သူ့ဥစ္စာကို ခိုးယူခြင်း၊

— ကာမေသုမိစ္ဆာစာရ = မိမိမပိုင်သော ဝတ္ထုကာမတို့၌ မှားယွင်း ဖောက်ပြန်စွာ ကျင့်ခြင်း—

ဤသုံးပါးကို ကာယဒုစရိုက် ၃-ပါးဟု ခေါ်သည်။

— မုသာဝါဒ=မဟုတ်မမှန် ပြောဆိုခြင်း၊

— ပိသုဏဝါစာ=ကုန်းတိုက်စကား ပြောဆိုခြင်း၊

— ဖရုသဝါစာ=ကြမ်းတမ်း ယုတ်မာ တိုင်းထွာ ဆဲရေးခြင်း၊

— သမ္ဖပ္ပလာပဝါစာ=အကျိုးမရှိပြိန်ဖျင်းသောစကားကိုပြောဆိုခြင်း—

ဤ ၄-ပါးကို ဝစီဒုစရိုက် ၄-ပါးဟု ခေါ်သည်။

ယင်း ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်သော စေတနာသည် စေတနာသီလ မည်၏။ မိဘဝတ်၊ ဆရာဝတ် စသည်တို့ကို ဖြည့်ကျင့်သောအခါ ဖြစ်ပေါ်သော စေတနာသည်လည်း စေတနာသီလမည်၏။

ဝိရတိသီလ

မကောင်းမှုမှ ရှောင်ကြဉ်ခြင်းကို ဝိရတီဟု ခေါ်သည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်ရာ၌ အသက်မွေးမှုနှင့်ပတ်သက်ခြင်းမရှိလျှင် သမ္မာကမ္မန္တဝိရတီဖြစ်သည်။ (သမ္မာ=ကောင်းသော+ကမ္မန္တ = အလုပ်အကိုင်+သမ္မာကမ္မန္တ= ကောင်းသော အလုပ်အကိုင်၊ မကောင်းသော အလုပ်အကိုင်မှ ရှောင်ကြဉ်ခြင်း။) ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်ခြင်းသည် အသက်မွေးမှုနှင့် ပတ်သက်ခြင်းမရှိလျှင် သမ္မာဝါစာဝိရတီမည်၏။ (သမ္မာ=ကောင်းသော+ဝါစာ=စကား။)

အထက်ဖော်ပြပါ ကာယ ဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်ခြင်းသည် အသက်မွေးမှုနှင့်ပတ်သက်မှုရှိလျှင် သမ္မာအာဇီဝဝိရတီဟု ခေါ်သည်။(သမ္မာ=ကောင်းသော+အာဇီဝ=အသက်မွေးမှု။) ဥပမာအားဖြင့် အသက်မွေးဝမ်းကျောင်း မပြုလုပ်သေးသော ကျောင်းသူ ကျောင်းသားများ မုသာဝါဒမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာဝိရတီမည်၏။ ရှေ့နေ ရှေ့ရပ်များ

http://www.dhammadownload.com



တရားခွင်၌ မုသာဝါဒမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝဝိရတီမည်၏။ မုဆိုး တံငါများ သူ့အသက် သတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝ ဝိရတီမည်၏။ ကလေးငယ်များ ဖားသတ်ခြင်း ကြွက်သတ်ခြင်း စသော ပါဏာတိပါတကံမှ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တဝိရတီမည်၏။

ယခုပြဆိုခဲ့သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတည်းဟူသော ဝိရတီစေတသိက် သုံးပါးသည် ဝိရတီသီလမည်၏။

## အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိသီလ

သူတပါးစည်းစိမ်ကို ကြည့်၍ ဤစည်းစိမ်ဥစ္စာသည် ငါ၏ စည်းစိမ်ဥစ္စာ ဖြစ်ပါမူ ကောင်းလေစွဟု လောဘဖြင့် ကြံစည်မှုကို အဘိဇ္ဈာဟု ခေါ်သည်။ အဇာတသတ်မင်းသားသည် ငယ်စဉ်အခါက ခမည်းတော် ဗိမ္ဗိသာရမင်းကြီးနှင့်အတူ ဇေတဝနသူဌေးကြီး၏ ပတ္တမြားဗိမာန်သို့ သွားရောက်လည်ပတ်သည့်အခါ "ငါ၏ခမည်းတော်ကြီးသည် ညံ့ဖျင်းလေစွ၊ ငါသာ ရှင်ဘုရင်ဖြစ်ပါမူ ဇေတိက၏ ပတ္တမြားဗိမာန်ကြီးကို သိမ်းပိုက်လိုက်မည်ဟု ကြံစည်လိုက်သည်၊ အဘိဇ္ဈာပွားခဲ့သည်။ ယင်းအဘိဇ္ဈာသည် တရားကိုယ်အားဖြင့် လောဘတရားဖြစ်သည်။ ထိုကဲ့သို့ အဘိဇ္ဈာမနောဒုစရိုက် မဖြစ်ရအောင် အဘိဇ္ဈာမနောဒုစရိုက်ကို ပယ်ရှားသော အလောဘစေတသိက်သည် သီလမည်၏။ မိမိနှင့် ပြိုင်ဘက်ရန်သူ ပျက်စီးပါစေ သေပါစေ စသည်ဖြင့် ကြံစည်ပြစ်မှားခြင်းသည် ဗျာပါဒ မနောဒုစရိုက်မည်၏။ ဗျာပါဒ၏ တရားကိုယ်မှာ ဒေါသစေတသိက် ဖြစ်၏။ ယင်းဗျာပါဒကို ပယ်ရှားသော အဒေါသစေတသိက်သည် သီလမည်၏။

ကံ,ကံ၏အကျိုးမရှိ၊ နောက်ဘဝမရှိ၊ အလှူဒါနမှာ အကျိုးမရှိ စသည်ဖြင့် မှားယွင်းဖောက်ပြန်သော အယူအဆသည် မိစ္ဆာဒိဋ္ဌိမနောဒုစရိုက်မည်၏။ ယင်း၏ တရားကိုယ်မှာ ဒိဋ္ဌိစေတသိက်ဖြစ်သည်။ ထိုမိစ္ဆာဒိဋ္ဌိကို ပယ်ရှားသော အမောဟ စေတသိက်သည် သီလမည်၏။

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟူသော မနော ဒုစရိုက် ၃-ပါးရှိလျှင် ကာယ ဒုစရိုက်,ဝစီဒုစရိုက်တို့ကို လွန်ကျူးမှုများ ဖြစ်ပေါ်နိုင်သည်။ အဘိဇ္ဈာကို ပယ်ရှားနိုင်မှုသည် အနဘိဇ္ဈာမည်၏။ ဗျာပါဒကို ပယ်ရှားနိုင်မှုသည် အဗျာပါဒ မည်၏။ မိစ္ဆာဒိဋ္ဌိကို ပယ်ရှားနိုင်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏၊ ယင်းအနဘိဇ္ဈာ, အဗျာပါဒ၊ သမ္မာဒိဋ္ဌိဟူသော မနောသုစရိုက် ၃-ပါးကို သီလဟု ခေါ်ဆိုသည်။

http://www.dhammadownload.com



စေတနာသီလ

— ပါဏာတိပါတ=သူ့အသက်ကို သတ်ခြင်း၊

— အဒိန္နာဒါန=သူ့ဥစ္စာကို ခိုးယူခြင်း၊

— ကာမေသုမိစ္ဆာစာရ = မိမိမပိုင်သော ဝတ္ထုကာမတို့၌ မှားယွင်း ဖောက်ပြန်စွာ ကျင့်ခြင်း—

ဤသုံးပါးကို ကာယဒုစရိုက် ၃-ပါးဟု ခေါ်သည်။

— မုသာဝါဒ=မဟုတ်မမှန် ပြောဆိုခြင်း၊

— ပိသုဏာဝါစာ=ကုန်းတိုက်စကား ပြောဆိုခြင်း၊

— ဖရုသဝါစာ=ကြမ်းတမ်း ယုတ်မာ တိုင်းထွာ ဆဲရေးခြင်း၊

— သမ္ဖပ္ပလာပဝါစာ=အကျိုးမရှိပြိန်ဖျင်းသောစကားကိုပြောဆိုခြင်း—

ဤ ၄-ပါးကို ဝစီဒုစရိုက် ၄-ပါးဟု ခေါ်သည်။

ယင်း ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်သော စေတနာသည် စေတနာသီလ မည်၏။ မိဘဝတ်, ဆရာဝတ် စသည်တို့ကို ဖြည့်ကျင့်သောအခါ ဖြစ်ပေါ်သော စေတနာသည်လည်း စေတနာသီလမည်၏။

ဝိရတိသီလ

မကောင်းမှုမှ ရှောင်ကြဉ်ခြင်းကို ဝိရတီဟု ခေါ်သည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်ရာ၌ အသက်မွေးမှုနှင့်ပတ်သက်ခြင်းမရှိလျှင် သမ္မာကမ္မန္တဝိရတီဖြစ်သည်။ (သမ္မာ=ကောင်းသော+ကမ္မန္တ = အလုပ်အကိုင်+သမ္မာကမ္မန္တ= ကောင်းသော အလုပ်အကိုင်၊ မကောင်းသော အလုပ်အကိုင်မှ ရှောင်ကြဉ်ခြင်း။) ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်ခြင်းသည် အသက်မွေးမှုနှင့် ပတ်သက်ခြင်းမရှိလျှင် သမ္မာဝါစာဝိရတီမည်၏။ (သမ္မာ=ကောင်းသော+ဝါစာ=စကား။)

အထက်ဖော်ပြပါ ကာယ ဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်ခြင်းသည် အသက်မွေးမှုနှင့်ပတ်သက်မှုရှိလျှင် သမ္မာအာဇီဝဝိရတီဟု ခေါ်သည်။(သမ္မာ=ကောင်းသော+အာဇီဝ=အသက်မွေးမှု။) ဥပမာအားဖြင့် အသက်မွေးဝမ်းကျောင်း မပြုလုပ်သေးသော ကျောင်းသူ ကျောင်းသားများ မုသာဝါဒမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာဝိရတီမည်၏။ ရွှေနေ ရွှေရပ်များ

http://www.dhammadownload.com



တရားခွင်၌ မုသာဝါဒမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝဝိရတီမည်၏။ မုဆိုး တံငါများ သူ့အသက် သတ်ဖြတ်မှုမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝ ဝိရတီမည်၏။ ကလေးငယ်များ ဖားသတ်ခြင်း ကြွက်သတ်ခြင်း စသော ပါဏာတိပါတကံမှ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တဝိရတီမည်၏။

ယခုပြဆိုခဲ့သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတည်းဟူသော ဝိရတီစေတသိက် သုံးပါးသည် ဝိရတီသီလမည်၏။

## အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိသီလ

သူတပါးစည်းစိမ်ကို ကြည့်၍ ဤစည်းစိမ်ဥစ္စာသည် ငါ၏ စည်းစိမ်ဥစ္စာ ဖြစ်ပါမူ ကောင်းလေစွဟု လောဘဖြင့် ကြံစည်မှုကို အဘိဇ္ဈာဟု ခေါ်သည်။ အဇာတသတ်မင်းသားသည် ငယ်စဉ်အခါက ခမည်းတော် ဗိမ္ဗိသာရမင်းကြီးနှင့် အတူ ဇောတိကသူဌေးကြီး၏ ပတ္တမြားဗိမာန်သို့ သွားရောက်လည်ပတ်သည့်အခါ "ငါ၏ခမည်းတော်ကြီးသည် ညံ့ဖျင်းလေစွ၊ ငါသာ ရှင်ဘုရင်ဖြစ်ပါမူ ဇောတိက၏ ပတ္တမြားဗိမာန်ကြီးကို သိမ်းပိုက်လိုက်မည်ဟု ကြံစည်လိုက်သည်၊ အဘိဇ္ဈာပွားခဲ့ သည်။ ယင်းအဘိဇ္ဈာသည် တရားကိုယ်အားဖြင့် လောဘတရားဖြစ်သည်။ ထိုကဲ့သို့ အဘိဇ္ဈာမနောဒုစရိုက် မဖြစ်ရအောင် အဘိဇ္ဈာမနောဒုစရိုက်ကို ပယ်ရှားသော အလောဘစေတသိက်သည် သီလမည်၏။ မိမိနှင့် ပြိုင်ဘက်ရန်သူ ပျက်စီးပါစေ သေပါစေ စသည်ဖြင့် ကြံစည်ပြစ်မှားခြင်းသည် ဗျာပါဒ မနောဒုစရိုက်မည်၏။ ဗျာပါဒ၏ တရားကိုယ်မှာ ဒေါသစေတသိက် ဖြစ်၏။ ယင်းဗျာပါဒကို ပယ်ရှားသော အဒေါသစေတသိက်သည် သီလမည်၏။

ကံ,ကံ၏အကျိုးမရှိ၊ နောက်ဘဝမရှိ၊ အလှူဒါနမှာ အကျိုးမရှိ စသည်ဖြင့် မှားယွင်းဖောက်ပြန်သော အယူအဆသည် မိစ္ဆာဒိဋ္ဌိမနောဒုစရိုက်မည်၏။ ယင်း၏ တရားကိုယ်မှာ ဒိဋ္ဌိစေတသိက်ဖြစ်သည်။ ထိုမိစ္ဆာဒိဋ္ဌိကို ပယ်ရှားသော အမောဟ စေတသိက်သည် သီလမည်၏။

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟူသော မနော ဒုစရိုက် ၃-ပါးရှိလျှင် ကာယ ဒုစရိုက်,ဝစီဒုစရိုက်တို့ကို လွန်ကျူးမှုများ ဖြစ်ပေါ်နိုင်သည်။ အဘိဇ္ဈာကို ပယ်ရှား နိုင်မှုသည် အနဘိဇ္ဈာမည်၏။ ဗျာပါဒကို ပယ်ရှားနိုင်မှုသည် အဗျာပါဒ မည်၏။ မိစ္ဆာဒိဋ္ဌိကို ပယ်ရှားနိုင်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏၊ ယင်းအနဘိဇ္ဈာ, အဗျာပါဒ၊ သမ္မာဒိဋ္ဌိဟူသော မနောသုစရိုက် ၃-ပါးကို သီလဟု ခေါ်ဆိုသည်။

http://www.dhammadownload.com



သံဝရသီလ

ရဟန်းတော်များ သီလစောင့်ထိန်းမှုကို သံဝရ-ဟု ခေါ်သည်။ ရဟန်းတော်များနှင့်သာ အထူးသက်ဆိုင်သော သီလ ဖြစ်သည်။ ယင်း သံဝရမှာ ငါးမျိုးရှိသည်။

(၁) ပါတိမောက္ခ သံဝရ=၂၂၇-သွယ်သော သိက္ခာပုဒ်များကို စောင့်ထိန်းခြင်း၊

(၂) သတိသံဝရ=မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တည်းဟူသော ဣန္ဒြေ ၆-ပါးကို အကုသိုလ် မဝင်နိုင်စေရန် သတိဖြင့် စောင့်ကြပ်ခြင်း၊ ဣန္ဒြေကို စောင့်ထိန်းခြင်း၊

(၃) ဉာဏသံဝရ=ဉာဏ်ပညာဖြင့် စောင့်ထိန်းခြင်း၊ တဏှာ, မာန, ဒိဋ္ဌိ, အဝိဇ္ဇာ ကိလေသာကရားတို့ မဖြစ်ပွားရအောင် စောင့်ထိန်းရသော ဉာဏ်ပညာဖြစ်သည်။ ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ကိလေသာ မဖြစ်အောင် ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်း၊

(၄) ခန္တီသံဝရ=အချမ်း အပူ စသည်တို့ကို သည်းခံလျက် အကုသိုလ်တရား မဖြစ်ပွားအောင် စောင့်ထိန်းခြင်း၊

(၅) ဝီရိယသံဝရ = ကာမဂုဏ်နှင့် ပတ်သက်သော ကြံစည်မှု၊ သူတပါး ပျက်စီးအောင် ကြံစည်မှု၊ ညှဉ်းဆဲရန် ကြံစည်မှုများကို မကြံစည်မိအောင် အင်အားစိုက်ထုတ်၍ စောင့်ထိန်းခြင်း ဖြစ်သည်။ အထူးသဖြင့် အသက်မွေးဝမ်းကျောင်း စင်ကြယ်အောင် လုံ့လစိုက်ထုတ်၍ စောင့်စည်းခြင်း ဖြစ်သည်။

အဝိတိက္ကမသီလ

ဆောက်တည်ထားအပ်သော သိက္ခာပုဒ်တို့ကို ကိုယ်နှုတ်တို့ဖြင့် မလွန်ကျူးခြင်းသည် အဝိတိက္ကမသီလ မည်၏။

ဝိရတီ ၃-မျိုး

ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်မှု (ဝိရတီ)သည် အောက်ပါအတိုင်း ၃-မျိုးရှိသည်—

(၁) သမာဒါနဝိရတိ=ရှောင်ကြဉ်ရန် ဆောက်တည်ခြင်း၊
(၂) သမ္ပတ္တဝိရတိ=ရင်ဆိုင်တွေ့သည့်အခါ ရှောင်ကြဉ်ခြင်း၊
(၃) သမုစ္ဆေဒဝိရတိ=အကြွင်းမဲ့ ဖြတ်တောက်ပယ်ခွါ၍ ရှောင်ကြဉ်ခြင်း။

http://www.dhammadownload.com



### သမာဒါနဝိရတိ

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ လည်းကောင်း, ရဟန်းသံဃာရှေ့၌ လည်းကောင်း သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်သည့် သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်သည့် သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။ ဤသို့စသည်ဖြင့် ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ စသည်တို့ကို ခံယူဆောက်တည်ခြင်းသည် သမာဒါနဝိရတိမည်၏။ လွန်ကျူးရမည့်အကြောင်း ဝတ္ထု မတွေ့မီ ကြိုတင်ဆောက်တည်ခြင်း, ကြိုတင်၍ စိတ်ကို ဆုံးဖြတ်ထားခြင်းသည် သမာဒါနဝိရတိ မည်၏။

> သီဟိုဠ်ကျွန်းတွင် ဥပါသကာတစ်ယောက်သည် နွားပျောက်သဖြင့် နွားရှာရာ တောအုပ်အတွင်း၌ စပါးကြီးမြွေကြီးတစ်ကောင်နှင့် ရင်ဆိုင်တွေ့သည်။ စပါးကြီးမြွေသည် ဥပါသကာကို လာရောက်ရစ်ပတ်သည်။ ဥပါသကာသည်လက်တွင်း၌ ပါလာသောထင်းခုတ်ဓားဖြင့် ခုတ်ဖြတ်ရန် ချိန်ရွယ်ပြီးမှ မိမိခံယူဆောက်တည်ထားသော ပါဏာတိပါတာ ဝေရမဏီသီလကို သတိရ၍ "အသက်သေလိုက သေပါစေ၊ သူတပါး အသက်ကို မသတ်တော့ပြီ" ဟု ဆုံးဖြတ်ချက်ချကာ ဓားကို လွှင့်ပစ်ပြီး မိမိသီလကိုသာ ဆင်ခြင်အောက်မေ့ နေလိုက်သည်။ စပါးကြီးမြွေသည် ဥပါသကာ၏ သီလတန်ခိုးကြောင့် ဆက်လက်ရစ်ပတ်ခြင်းမပြုနိုင်တော့ဘဲ ထွက်ခွာသွားတော့သည်။

ဤကဲ့သို့ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသော်လည်း မိမိဆောက်တည်ထားသည့် သီလကို စောင့်ထိန်းနိုင်ခြင်းသည် သမာဒါနဝိရတိ ဖြစ်သည်။

### သမ္ပတ္တဝိရတိ

လွန်ကျူးစရာအကြောင်း ကြုံလာခဲ့သော် လွန်ကျူးစရာ ဝတ္ထုနှင့် ရင်ဆိုင်တွေ့လာခဲ့သော် မလွန်ကျူးမိအောင် စောင့်ထိန်းခြင်း, ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတိမည်၏။ပုထုဇဉ်ပုဂ္ဂိုလ်များမှာ သမာဒါနဝိရတိနှင့် သမ္ပတ္တဝိရတိသီလ ၂-မျိုးရှိနိုင်ခွင့်ရှိပါသည်။ သမာဒါနဝိရတိသီလမှာ ဗုဒ္ဓဘာသာဝင်တိုင်း သီလ ခံယူ ဆောက်တည်ဖူးကြသည်။ သီလခံယူချိန်၌ စေတနာသီလသာ ဖြစ်သေးသည်၊ ဝိရတိအဆင့်သို့ မရောက်သေးချေ။ ဝိရတိသီလဖြစ်ရန် ခက်ခဲသည်။ အငွေ့ကို ရှောင်နိုင်သော်လည်း အတွေ့ကို ရှောင်နိုင်ခဲသည်။ လောဘ အမှောင်ဒေါသ အမှောင် ဖုံးအုပ်ကာ အတွေ့ကို မရှောင်နိုင်ဖြစ်တတ်သည်။

http://www.dhammadownload.com



မြောက်ကျွန်းသူ မြောက်ကျွန်းသားမှာ ထမင်တကာ သီလခံယူဆောက် တည်ထားခြင်းမရှိ၊ သူ့အသက် သတ်ခြင်း စသော ဒုစရိုက်မှုများမှ ရှောင်ကြဉ် ကြခြင်းသည် ပင်ကိုပကတိအားဖြင့် သီလကို စောင့်ထိန်းခြင်းဖြစ်သည်။ သမ္ပတ္တ ဝိရတိသီလဟု ခေါ် ဆိုနိုင်သည်။ သီလကို ကြိုတင်ဆောက်တည်မှုမရှိဘဲ ကျူးလွန် စရာ အာရုံဝတ္ထုနှင့် ရင်ဆိုင်တွေ့သည့်အခါ မကျူးလွန်ဘဲ ရှောင်ကြဉ်နိုင်မှုသည် သမ္ပတ္တဝိရတီမည်၏၊ သီဟိုဠ်ကျွန်း၌ စက္ကနဥပါသကာသည် မိခင်အား ဓာတ်စာ ကျွေးရန် ယုန်ငယ်တစ်ကောင်ကို မိ၍ သတ်ရန် ကြံစည်ပြီးမှ အကုသိုလ်ဖြစ်မည် ကြောက်၍ မသတ်ဘဲ လွှတ်လိုက်သည်၊ ဤကား သမ္ပတ္တဝိရတီဖြစ်သည်။

## သမုစ္ဆေဒဝိရတိ

ကာယ ဒုစရိုက် ၃-ပါး၊ ဝစီ ဒုစရိုက် ၄-ပါး၊ မနော ဒုစရိုက် ၃-ပါး ဤဒုစရိုက် ၁၀- ပါးတို့ကို ကျူးလွန်မှု ပြုခြင်းသည် လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ စသော ကိလေသာ အရင်းခံကြောင့် ဖြစ်သည်။ မူလအကြောင်းရင်း ဖြစ်သော ယင်းကိလေသာတရားများကို အရိယာမဂ်ကို ရရှိသည့်အခါ အကြွင်းမဲ့ အမြစ်ပြတ် ပယ်ရှားလိုက်သည်။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်သည်။ ဤသို့ စသည်ဖြင့် မဂ်ဉာဏ်ဖြင့် ကိလေသာ တရားတို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်းသည် သမုစ္ဆေဒဝိရတီ မည်၏။

## ပဟာန် ၄-ပါး

လောကီ သီလသည် ကိလေသာတရားများကို အခိုက်အတန့် ယာယီ ထိန်းချုပ်ထားနိုင်စွမ်း ရှိသည်။ လောကုတ္တရာ သီလသည် ကိလေသာတရား များကို အကြွင်းမဲ့ ပယ်နိုင်သည်။ ကိလေသာ ပယ်မှုကို ပဟာန=ပဟာန်ဟု ခေါ်သည်။ ကိလေသာ ပယ်မှုနှင့် စပ်လျဉ်း၍ ပဟာန် ၄-ပါးကို မှတ်သား သင့်သည်။

(၁) တဒင်္ဂပဟာန် = ခေတ္တခဏ ပယ်ခြင်း၊

(၂) ဝိက္ခမ္ဘနပဟာန် = အခိုက်အတန့် ပယ်ခွါထားခြင်း၊

(၃) သမုစ္ဆေဒပဟာန် = အကြွင်းမဲ့ ဖြတ်တောက်၍ ပယ်ခွါခြင်း၊

(၄) ပဋိပဿဒ္ဓိပဟာန်=ငြိမ်းအေးစေမှု ပြု၍ ပယ်ခွါခြင်း။

http://www.dhammadownload.com



**တဒင်္ဂပဟာန်**

ဘုရားရှိခိုးနေသော သူ၌ ကုသိုလ်စိတ်များသာ ဖြစ်ပေါ်နေ၍ အကုသိုလ်စိတ်များ မဝင်ရောက်နိုင်အောင် ပယ်ရှားထားခြင်းသည် တဒင်္ဂပဟာန် မည်၏။ အလားတူပင် အလှူဒါန ပြုလုပ်သည့်အခါ ဥပုသ်သီလ စောင့်သုံးသည့်အခါ ဝေယျာဝစ္စ ပြုလုပ်သည့် အခါတို့၌ ကုသိုလ်တရားများ ဖြစ်ပွားနေ၍ အကုသိုလ်တရားများ ဝင်ရောက် မလာနိုင်ခြင်းသည် ခေတ္တခဏ အကုသိုလ် ပယ်ခြင်း ဖြစ်၍ တဒင်္ဂပဟာန် မည်၏။ (တဒင်္ဂ=တခဏ။)

**ဝိက္ခမ္ဘနပဟာန်**

သမာဓိဈာန် ဝင်စားနေသည့် အချိန်တွင် ၁-နာရီ၊ ၂-နာရီ၊ သို့မဟုတ် ၁-ရက်၊ ၂-ရက် စသည်ဖြင့် အကုသိုလ်တရားများ ဝင်ရောက်ဖြစ်ပေါ်ခြင်း မရှိစေရန် အခိုက်အတန့်အားဖြင့် ပယ်ခွါထားခြင်းကို ဝိက္ခမ္ဘနပဟာန်ဟု ခေါ်သည်။ ဈာန်ရသော ပုဂ္ဂိုလ်များ ဈာန်ဝင်စားနေသော ပုဂ္ဂိုလ်များသည် ဝိက္ခမ္ဘနပဟာန်ဖြင့် ကိလေသာတို့ကို ပယ်ခွါထားသည် မည်၏။ (ဝိက္ခမ္ဘန= ပယ်ခွါခြင်း။)

**သမုစ္ဆေဒပဟာန်**

အကုသိုလ် ဒုစရိုက်တရားတို့၏ အကြောင်းရင်းမူလ ဖြစ်သော ကိလေသာတရားတို့ကို တခါတည်း အမြစ်ပြတ်အောင် မဂ်ဉာဏ်ဖြင့် ပယ်သတ်ခြင်းသည် သမုစ္ဆေဒပဟာန် မည်၏ (သမုစ္ဆေဒ=သံ+ဥ+ဆေဒ=ကောင်းစွာဖြတ်ခြင်း။)

**ပဋိပဿဒ္ဓိပဟာန်**

ကိလေသာအပူမီးကို မဂ်ဉာဏ်ဖြင့် ပယ်သတ်ပြီးသောအခါ ကိလေသာ အကြွင်းအကျန် မရှိတော့သော်လည်း ယင်း၏ အငွေ့အသက် အရှိန်အဝါ ကျန်ရစ်နေသေး၏။ ယင်းအငွေ့အသက်အရှိန်အဝါများကို အေးငြိမ်းချုပ်ငြိမ်း သွားအောင် ဖိုလ်ဉာဏ်က စွမ်းဆောင်နိုင်၏။ ယင်း ဖိုလ်ဉာဏ်၏ ကိလေသာ အပူရှိန် အငွေ့အသက် ငြိမ်းအေးစေမှုသည် ပဋိပဿဒ္ဓိပဟာန် မည်၏။ (ပဋိ=တဖန်+ပဿဒ္ဓိ=ငြိမ်းစေခြင်း။)

တဒင်္ဂပဟာန်ဖြင့် ကိလေသာပယ်ပုံကို မှော်ထဲသို့ ခဲပစ်ချသည်နှင့် နှိုင်းယှဉ်ကြသည်။ ကန်ရေပြင်ကို ရေမှော်များ ဖုံးအုပ်လျက် ရှိရာ ခဲတစ်လုံး ပစ်ချလိုက်လျှင် မှော်များသည် နံဘေးသို့ ရှဲ၍ ရေမျက်နှာပြင် ပေါ်လာမည်။ မကြာမီပင် မှော်များ ပြန်လည် ဖုံးအုပ်သွားမည်။ ဤကဲ့သို့ မှော်များကို ခေတ္တခဏ ပယ်ရှားခြင်းသည် တဒင်္ဂပဟာန် ပယ်နည်းနှင့် တူ၏။

http://www.dhammadownload.com



ဝိက္ခမ္ဘနပဟာန် ပယ်ပုံကို သစ်ပင်ခုတ်သည့် ဥပမာနှင့် နှိုင်းခိုင်းကြသည်။ အဆိပ်ပင် တစ်ပင်ကို အသီးမသီး စေလိုသဖြင့် အကိုင်းအခက်များ ချိုင်ပစ်လိုက်သည်။ တစ်နှစ်, နှစ်နှစ်ခန့် မသီးဘဲ နေသော်လည်း သုံးနှစ်ခန့် ကြာသောအခါ အခက်အလက်များ ပြန်လည်ဝေဆာလာ၍ အဆိပ်သီးများ သီးပြန်သည်။ ထိုကဲ့သို့ အခိုက်အတန့်မျှ ပယ်ခွါခြင်းကို ဝိက္ခမ္ဘနပဟာန်ဟု ခေါ်သည်။

ယင်း အဆိပ်ပင်ကြီးကို အမြစ်ပါ နုတ်၍ အမှုန့်ကြိတ် ပြာချ လေမှာ လွှင့်လိုက်သောအခါ နောက်ထပ် အဆိပ်သီး မသီးနိုင်တော့ချေ။ ဤဥပမာဖြင့် သမုစ္ဆေဒပဟာန်ကို အဓိပ္ပါယ်ရှင်းပြကြသည်။

ပဋိပဿမ္ဘနပဟာန်မှာ မီးတောက် မီးလျှံနှင့် မီးကျီးခဲများ ငြိမ်းသွားသော်လည်း ပြာပူကျန်ရစ်နေသေးသည်။ ယင်း ပြာပူငြိမ်းအောင် လုံးဝအခိုးသေအောင် ထပ်မံ၍ ရေဖျန်းပက်ခြင်းသည် ပဋိပဿမ္ဘနပဟာန် မည်၏။

အဘိဓမ္မာနည်းအားဖြင့် ရှင်းပြရသော် ကာမာဝစရ ကုသိုလ် သီလသည် တဒင်္ဂပဟာန် မည်၏။ ရူပါဝစရ အရူပါဝစရ ကုသိုလ်သီလသည် ဝိက္ခမ္ဘနပဟာန် မည်၏။ မဂ်ကုသိုလ် သီလသည် သမုစ္ဆေဒပဟာန် မည်၏။ ဖိုလ်သီလသည် ပဋိပဿမ္ဘနပဟာန် မည်၏။

### သီလ၏ အကြောင်း

သီလသည် မကောင်းမှုမှ ရှက်ခြင်း (ဟိရီ)နှင့် မကောင်းမှုမှ ကြောက်ခြင်း (ဩတ္တပ္ပ) တရားနှစ်ပါး အကြောင်းခံရှိ၏။ သူတော်ကောင်းတရားကို နာကြားရခြင်း စသည်ကြောင့်လည်း သီလနှင့် ပြည့်စုံတတ်သည်။ အရှက်အကြောက် (ဟိရီ,ဩတ္တပ္ပ) တရားနှစ်ပါးရှိမှ သီလကို စောင့်ထိန်းနိုင်သည်။ သီလကို လုံခြုံစွာ စောင့်ထိန်းနိုင်ရေးအတွက် အကုသိုလ်အမှုပြုရန် ရှက်ခြင်း(ဟိရီ)နှင့် အကုသိုလ်အမှုမှ ကြောက်ခြင်း (ဩတ္တပ္ပ)ရှိရန် လိုအပ်သည်။

### သီလရနံ့ ကြိုင်သင်းပျံ့

သီလသည် အဆင်းမရှိ သော်လည်း သီလစောင့်ထိန်းသူအား လှပတင့်တယ်စေ၏။ သီလသည် အနံ့မရှိသော်လည်း လေအောက်လေညာ အရပ်မျက်နှာအားလုံးသို့ မွှေးကြိုင်ပျံ့လှိုင်စေ၏။ သီလရှိသော သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးကို မွှေးကြိုင်စေ၏။ ထို့ကြောင့် ဘုရားရှင်က ဓမ္မပဒပါဠိတော်၌—

http://www.dhammadownload.com



"စန္ဒကူးအနံ့သည်လည်းကောင်း၊ တောင်ဇလပ်ပန်း အနံ့သည်လည်းကောင်း၊ ကြာညိုပန်းအနံ့သည်လည်းကောင်း၊ မြလေးပန်းအနံ့သည်လည်းကောင်း ရှိ၏။ ထိုပန်းရနံ့ အမျိုးမျိုးတို့ထက် သီလအနံ့သည်သာ အတုမရှိမြတ်၏။

တောင်ဇလပ် စန္ဒကူးပန်းတို့၏ အနံ့သည် မပြောပလောက်၊ အနည်းငယ်မျှသာ ဖြစ်၏၊ သီလရှိသော သူတို့၏ သီလအနံ့သည်သာ ထူးကဲလွန်မြတ်သည် ဖြစ်၍ နတ်ပြည်တိုင်အောင် လှိုင်၏။

ပန်းအနံ့သည် လေညာသို့ မသွား၊ စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ စပယ်ကြက်ရုံးပန်းတို့၏ အနံ့သည်လည်း လေညာသို့ မသွား၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာ အားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏"ဟု-

ဟောတော်မူသည်။ ယေဘုယျအားဖြင့် ကိုယ်ကျင့်သီလနှင့် ပြည့်ဝသူကို လောက၌ သူတော်ကောင်းဟု ခေါ်ဝေါ် သမုတ်ကြ၏။ သီလ ရှိသူတို့၏ ကိုယ်နံ့ကိုလည်း နတ်တို့က မစက်ဆုပ်ကြောင်း သိကြားမင်း ကိုယ်တိုင် ကျောင်းသခ်မ်း၌ တရားအားထုတ်နေသော ရသေ့ကြီးထံ လာရောက် လျှောက်ထားဖူးသည်။

## သိကြားမင်းက ရှိခိုးရသူ

သိကြားမင်းသည် ဥယျာဉ်တော်သို့ ထွက်ရန် ဝေဇယန္တာ ပြာသာဒ်မှ သက်ဆင်းပြီးနောက် ရထားပေါ်သို့ တက်ခါနီး၌ အရပ်ရှစ်မျက်နှာတို့ကို လှည့်လည်ရှိခိုးနေသည်။ ထိုအခါ—

မာတလိနတ်သားက "အရှင် သိကြားမင်း.... အဘယ်သူများကို ရှိခိုးနေပါသနည်း"ဟု မေးမြန်းရာ—

သိကြားမင်းက "အချင်း မာတလိ....အကြင်လူတို့သည် ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိကုန်၏၊ သီလနှင့်လည်း ပြည့်စုံကြကုန်၏၊ ရတနာသုံးပါးကိုလည်း ကိုးကွယ်ဆည်းကပ်ကြကုန်၏၊ တရားသဖြင့် သားမယားတို့ကိုလည်း မွေးမြူကြကုန်၏၊ ထိုလူတို့ကို ငါရှိခိုးပါ၏"ဟု-

ဖြေကြားလေသည်။

## စာရိတ္တနှင့် ဝါရိတ္တ (ဆောင်ရန်နှင့် ရှောင်ရန်)

သီလသည် လူတို့ နေ့စဉ်ပြုလုပ်ဖြည့်ကျင့်ဆောင်ရွက်ရမည့် စာရိတ္တသီလနှင့် မလွှဲမသွေရှောင်ကြဉ်ရမည့် ဝါရိတ္တသီလဟူ၍ နှစ်မျိုးရှိ၏။

http://www.dhammadownload.com



**စာရိတ္တသီလ (ဆောင်ရန်)**

စာရိတ္တသီလဆိုသည်မှာ ကောင်းသော လုပ်ငန်းတာဝန်များ ဝတ္တရားများကို ပြုကျင့်လိုက်နာခြင်း ဆောင်ရွက်ခြင်း ဖြစ်၏။

သိင်္ဂါလောဝါဒသုတ်၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော သားသမီးကျင့်ဝတ်, မိဘကျင့်ဝတ်, တပည့်ကျင့်ဝတ်, ဆရာကျင့်ဝတ်, လင်ကျင့်ဝတ်,မယားကျင့်ဝတ်စသည်တို့သည် စာရိတ္တသီလများပင်ဖြစ်ပေသည်။

ထို့ပြင် လူကြီးသူမကို ရိုသေလေးစားခြင်း၊ အပြောအဆို လိမ္မာယဉ်ကျေးခြင်း၊ အသွားအလာအနေအထိုင် နူးညံ့သိမ်မွေ့ခြင်း၊ ရဟန်းသံဃာ, ဆရာ,မိဘ လူကြီးသူမတို့ ရှေ့မှောက်၌ မိုးတိုးမတ်တတ်မသွားဘဲ ကိုယ်ကို ကိုင်းညွှတ်၍ သွားခြင်း၊ ဆရာမိဘတို့ အလျင်စားဦးစားဖျားကို မစားခြင်း၊ ရဟန်းသံဃာ ဆရာမိဘ စသူတို့ရှေ့၌ ဒူးထောင်ပေါင်ကား ကိုးရိုးကားရားထိုင်ခြင်း မပြုဘဲ ပုဆစ်တုပ် (ဒူးတုပ်)၍ နေခြင်းစသည့် ယဉ်ကျေးမှုလူ့ကျင့်ဝတ်များသည်လည်း စာရိတ္တသီလများပင် ဖြစ်ပေသည်။

စာရိတ္တသီလတွင် ပါဝင်သော ကျင့်ဝတ်များကို အကြောင်းမညီညွတ်၍ မပြုလုပ်ဘဲ နေခဲ့သော်လည်း အကုသိုလ်အပြစ်မရှိပေ။ ပြုလုပ်လျှင်ကား သီလကို ပို၍ ပြည့်ဝဖြိုးစင်စေသည်။ အပြစ်မရှိဟု ဆိုရာ၌ ထိုကျင့်ဝတ်များ ပျက်သောကြောင့် တမလွန်ဘဝတွင် အပါယ်မကျခြင်းကို ဆိုသည်။ သို့သော် အကြောင်းညီညွတ်ပါလျက် ပြုလုပ်နိုင်ပါလျက် ကျင့်ဝတ်ပျက်လျှင်ကား ထိုသူအား ပညာရှိသူတော်ကောင်းများက ကဲ့ရဲ့ပြစ်တင်ဖွယ်ရာ ဖြစ်သည်။

စာရိတ္တသီလကို ယုံကြည်မှုသဒ္ဓါတရားနှင့် မပျင်းမရိ ပြုလုပ်နိုင်မှု ဝီရိယတရား ဤတရားနှစ်ပါးနှင့် ပြည့်စုံသူမှသာ ဖြည့်ကျင့် ဆောင်ရွက်နိုင်သည်။ ဤအကျင့်ကို ကျင့်လျှင် ကောင်းသော အကျင့်ဖြစ်၍ နောင်အခါ ကောင်းကျိုးရနိုင်သည်ဟု ယုံကြည်မှု သဒ္ဓါတရား၊ မပျင်းမရိ စိတ်ရှည်လက်ရှည် အားထုတ်လုပ်ကိုင်မှု ဝီရိယတို့နှင့် ပြီးစီးအောင် အားထုတ်လုပ်ကိုင်နိုင်မှသာ စာရိတ္တသီလနှင့် ပြည့်စုံသည်ဟု ဆိုနိုင်သည်။

**ဝါရိတ္တသီလ (ရှောင်ရန်)**

ဝါရိတ္တသီလဆိုသည်မှာ မြတ်စွာဘုရားက ဤအမှုမျိုးကို မပြုကျင့်ရ မပြုကျင့်ကောင်းဟု တားမြစ်ဆုံးမ ဟောကြားထားသော သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်းစသည့် ဒုစရိုက်မှုများမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်သည်။

http://www.dhammadownload.com



ဒုစရိုက်မှုများကို ကမ္မပထမြောက် ကျူးလွန်ပါက မုချအပါယ်ကျစေနိုင်သည်။ ယင်းဒုစရိုက်များကို မပြုလုပ်မိအောင် ရှောင်ကြဉ်ပါက နတ်ရွာသုဂတိသို့ မုချရောက်သည်။

ဝါရိတ္တသီလဟု ခေါ်သော ငါးပါးသီလကို ပြည့်စုံအောင် စောင့်ထိန်းခြင်းသည် နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း ကောင်းသော ကုသိုလ်ကံမည်၏။ ယင်းငါးပါးသီလကို ကမ္မပထမြောက်ကျူးလွန်ဖောက်ဖျက်ခြင်းသည် အပါယ်သို့ မုချရောက်ကြောင်း မကောင်းသော အကုသိုလ်ကံ မည်၏။

စာရိတ္တသီလဟု ခေါ်သော တာဝန်ဝတ္တရားများကို ဖြည့်ကျင့်ဆောင်ရွက်သူသည် ဝါရိတ္တသီလဟု ခေါ်သော အကုသိုလ်ဒုစရိုက်မှုများမှ ရှောင်နိုင်သည်၊ တာဝန်မကျေပွန်သူ ဝတ္တရားမကျေသူများသည် ဝါရိတ္တသီလခေါ် ရှောင်ကြဉ်ရမည့်သီလကို ဖြည့်နိုင်ခဲ့၏၊ အကုသိုလ်ဒုစရိုက်မှ ရှောင်နိုင်ခဲသည်၊ ထို့ကြောင့် စာရိတ္တသီလပြည့်စုံမှ ဝါရိတ္တသီလပြည့်စုံနိုင်မည်ဟု မှတ်ရမည်။

## ငါးပါးသီလ

ငါးပါးသီလကို အခါခပ်သိမ်း သာသနာတော်တွင်း သာသနာတော်ပ ဖြင့် လူတို့ ခါးဝတ် ပုဆိုးကဲ့သို့ အမြဲစောင့်ထိန်းအပ်သော သီလဖြစ်သောကြောင့် "နိစ္စသီလ"ဟု ခေါ်ကြသည်။ (နိစ္စ=အမြဲ။) တသက်လုံး မကျိုးမပေါက်ရအောင် သူတော်ကောင်းတို့ အလေးအမြတ်ပြုရမည့် အကျင့်ဖြစ်သောကြောင့် "ဂရုဓမ္မသီလ" ဟူ၍လည်း ခေါ်ကြ၏။ (ဂရု=အလေးပြုအပ်သော။) အရိယာသူတော်ကောင်းတို့ နှစ်သက်မြတ်နိုးအပ်သောကြောင့် "အရိယကန္တသီလ" ဟူ၍လည်း ခေါ်ရ၏။ အရိယ=အရိယာ + ကန္တ=နှစ်သက်ခြင်း။) အိမ်ရာတည်ထောင် လူဝတ်ကြောင်မှန်သမျှ စောင့်ထိန်းအပ်သော သီလဖြစ်သောကြောင့် "ဂဟဋ္ဌသီလ"ဟူ၍လည်းခေါ်ကြ၏။(ဂဟ=အိမ်၊ ဂဟဋ္ဌ=အိမ်နေသူ လူဝတ်ကြောင်။) ထိုသီလသည် ကိုယ်နှုတ် နှစ်ပါးလုံးကို မကောင်းမှုများ မပြုမိအောင် စောင့်ထိန်းခြင်း, ရှောင်ကြဉ်ခြင်း ဖြစ်သောကြောင့် "ဝိရတိသီလ" ဖြစ်သည်။

## သီလခံယူတည်ဆောက်ပုံ

သိက္ခာ=ကုသိုလ်အကျင့်၊ ပဒ=တည်ရာ၊ ကုသိုလ်အကျင့်တို့၏ တည်ရာကို သိက္ခာပုဒ်ဟု ခေါ်၏၊ သိက္ခာပုဒ်တစ်ပါး လုံခြုံလျှင် ကိုယ်ကျင့်တရားများ များစွာတိုးတက်မည် ဖြစ်သောကြောင့် များစွာသော ကုသိုလ်တရား၏ တည်ရာ အခြေခံဖြစ်သော အကျင့်သိက္ခာဟု ဆိုလိုပါသည်။

http://www.dhammadownload.com



ဆောက်တည်ပါ၏ဟူသည် သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းမည်ဟု စိတ်ထဲ၌ နှလုံးသွင်းထားခြင်းကို ဆောက်တည်သည်ဟု ခေါ်သည်။ အိမ်ကြီး တိုက်ကြီးများခိုင်မြဲအောင် မြေ၌ အုတ်မြစ်ချ စိုက်ထူထားသကဲ့သို့ ဖြစ်ပေသည်။

သီလသိက္ခာပုဒ်ကို သုတပါးထံ မသွားဘဲ မိမိဘာသာ "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"ဟု ပါဠိလို ရွတ်ဆို၍ဖြစ်စေ, သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ဟု မြန်မာလို ရွတ်ဆို၍ဖြစ်စေ ဆောက်တည် နိုင်ပါသည်။ အလောင်းတော်ဇနကမင်းသားသည် ပင်လယ်ရေကြော၌ သင်္ဘော ပျက်၍ မျောနေစဉ် ကိုယ်ဘာသာကိုယ် သီလဆောက်တည်၍ ၇-ရက်ပတ်လုံး ဥပုသ်သီလ ဆောက်တည်ကြောင်း မဟာဇနကဇာတ်တော်၌ ဖော်ပြထားသည်။

ယခုခေတ်လူတို့ကား ဘုရားရှေ့ ရဟန်းသံဃာတော်များရှေ့၌ ဆောက်တည်မှ သီလရသည်ဟု ထင်နေကြ၏၊ အမှန်မှာ မိမိဘာသာ အဓိဋ္ဌာန်ဆောက်တည်၍ စောင့်ရှောက်နိုင်လျှင်လည်း သီလရပါသည်။ သို့သော် သစ်ကျုတ်၏ သီလကဲ့သို့ မခိုင်ခံ့ ပျက်လွယ်တတ်သည်ဟု ဒီပဲယင်းဆရာတော်က မိန့်ကြားခဲ့သည်။

> မြစ်ကမ်းငယ် ကျွန်းတစ်ခု၌ နေသော သစ်ကျုတ်သည် ညအခါ မြစ်ရေတိုးသဖြင့် ကျွန်းကို ရေဝိုင်း၍ အစာရှာ မသွားနိုင်လတ်သော် ယနေ့ ငါအစာငတ်တော့မည်၊ အချည်းအနှီး မရှိစေနှင့်တော့ဟု အဓိဋ္ဌာန်ဥပုသ် စောင့်ပြီးလျှင် ဝပ်ကျင်းမှာ တည်ကြည်စွာ ဝပ်လေ၏၊ ကျွန်းစောင့်နတ်က သိ၍ စမ်းလိုသောကြောင့် ဆိတ်ယောင်ဆောင် အသံပေးသော် မော်ကြည့်၍ ဆိတ်ကို မြင်လျှင် ယနေ့ ဥပုသ်ရှိစေတော့, နောက်မှ စောင့်တော့မည်ဟု ဆိတ်ကို လိုက်ဖမ်း၏၊ အတန်ပမ်း၍ ဆိတ်ကွယ်ပျောက်သော် ပြန်လာ၍ ငါ၏ ဥပုသ်သည် မကျိုးသေးဟု စောင့်မြဲတိုင်း စောင့်ပြန်လေသည်။

ထို့ကြောင့် အလေးအမြတ် ပြုအပ်သော ဘုရားရှေ့, စေတီတော်, ရုပ်ပွား တော်ရှေ့ ရဟန်းသံဃာတော်များရှေ့, လေးစားအပ်သော လူများရှေ့၌ နှုတ်မြွက်၍ ဆောက်တည်ခြင်းက ထိုပုဂ္ဂိုလ်များအား ရိုသေလေးစား အလေး ထားသဖြင့် သာ၍ ခိုင်မြဲနိုင်ပါသည်။

အလေးအမြတ်ပြုအပ်သော လူပုဂ္ဂိုလ်ထံ၌လည်း သီလခံယူကောင်းပါသည်။ ဘုရားရှင်လက်ထက်တော်က အနာထပိဏ်သူဌေး၏ စာရင်းငှါးအလုပ်သမား များသည် အနာထပိဏ်သူဌေးထံ၌ သီလခံယူဆောက်တည်ကြသော ဝတ္ထုကို ထောက်၍ လူပုဂ္ဂိုလ်ထံ၌ သီလခံယူနိုင်ကြောင်း မှတ်သားရပါသည်။

http://www.dhammadownload.com



**သိက္ခာပုဒ် တစ်ခုချင်း ဆောက်တည်ပုံ**

"ပါဏာတိပါတံ ပရိဝဇ္ဇေမိ" စသည်ဖြင့် လည်းကောင်း၊

"ပါဏာတိပါတံ န ကရောမိ" စသည်ဖြင့် လည်းကောင်း၊

"ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့်

လည်းကောင်း—

ဆောက်တည်နိုင်ပါသည် (ခုဒ္ဒကပါဌပါဠိတော်၊အဋ္ဌကထာ၊မဏိသာရမဉ္ဇူသာ)။

ပုဒ်အက္ခရာ ချို့ယွင်းသော်လည်း အနက်အဓိပ္ပါယ်ကို ဖြောင့်မှန်စွာ စိတ်ဖြင့် နှလုံးသွင်း ဆောက်တည် ခံယူလျှင် သမာဒါနဝိရတီမြောက်ပါသည်။အဋ္ဌသာလိနီ အဋ္ဌကထာ၌ နှုတ်မြွက်၍ ခံယူခြင်းငှါ မစွမ်းနိုင်သော သူသည် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ပါ၏ဟု သိက္ခာပုဒ်တို့ကို လက်ဖြင့် ညွှန်ပြ၍ ခံယူစေသောအခါ၌ ကုသိုလ်ကာယကံသည် ကာယဒွါရ၌ ဖြစ်သည်ဟု ဖော်ပြထား၏၊ ပါဠိဘာသာဖြင့် ဆောက်တည်ခြင်းငှါ မစွမ်းနိုင်လျှင် အခြား ဘာသာစကား တစ်ခုခုဖြင့် ဆောက်တည်နိုင်သည်။

**တပေါင်းတည်း ဆောက်တည်ပုံ**

ပဉ္စ သိက္ခာပဒါနိ သမာဒိယာမိ၊

အဋ္ဌ ဥပေါသထင်္ဂါနိ သမာဒိယာမိ၊(လယ်တီ)။

ပဉ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ၊ (ဦးဗုဓ်)။

တပေါင်းတည်း ဆောက်တည်ပါက တစ်ပါးပျက်လျှင် ကြွင်းသော သိက္ခာပုဒ်များပါ ပျက်၏၊ အကြောင်းမှာ အင်္ဂါငါးပါးရှိသော သီလကို (အင်္ဂါရှစ်ပါး ရှိသော သီလကို) ဆောက်တည်ပါ၏ဟု ဝန်ခံသည်နှင့်အညီ မတည်ယွင်းကွက် တပါးပါး ချိုးတဲ့သဖြင့် ဝန်ခံဆောက်တည်ခြင်းပျက်လေသောကြောင့် ဖြစ်သည်။ ယင်းသို့ တပါးပါး ပျက်လျှင် ကြွင်းသော သိက္ခာပုဒ်များ ပျက်သော်လည်း ကမ္မပထ (ကံမြောက်မှု)ငါးပါးလုံး ဖြစ်သည်မဟုတ်၊လွန်ကျူးသော သိက္ခာပုဒ်၏ အကုသိုလ်အမှုသာ ကံမြောက်သည်။

အသီးသီး ဆောက်တည်လိုသော် သိက္ခာပုဒ် တစ်ခုချင်း နှုတ်မြွက်၍ ဆောက်တည်ရမည်။ အသီးသီး ဆောက်တည်သော ပုဂ္ဂိုလ်အား တပါးပျက် သော်လည်း ကြွင်းသော သိက္ခာပုဒ်များ မပျက်၊ သို့ဖြစ်၍ လွန်ကျူးမိသော သိက္ခာပုဒ်ကို တဖန် ဆောက်တည်လျှင် အင်္ဂါငါးပါး, အင်္ဂါရှစ်ပါး စသည် ပြန်လည် ပြည့်စုံလေတော့သည်။

၁၂

http://www.dhammadownload.com



ဇာတိဒုက္ခ စသည်ခပ်သိမ်း ကင်းငြိမ်း အောင်မြင်ရာဖြစ်သော နိဗ္ဗာန်ပြည် မြတ်သို့။ ပါပေသိ၊ မဂ်ဉာဏ်ဖိုလ်ညွှာက် ကောင်းစွာပေါက်၍ ကူးမြောက်စေတော်မူပြီ။

[တေန သစ္စဝဇ္ဇေန-စသော ဂါထာနက်များ ရွှေနှင့် တူပြီ။]

၆။ ကဍ္ဍမုခါဒိသပ္ပေဟိ၊ ဉာစုကာယံ မဟာဇနံ။
နိဗ္ဗာပေသိ မဟာဝီရော၊ နာထော တိလောကဝဇ္ဇကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

မဟာဝီရော၊ သမ္မပ္ပဓာန ဝီရိယဓာတ်ဖြင့် ကြီးမြတ်သော လုံ့လရှိတော်မူသော။ တိလောကဝဇ္ဇကော၊ လူ နတ် ဗြဟ္မာ သတ္တဝါများ သုံးဘုံသားတို့၏ ဆေးသမားတော်လည်း ဖြစ်တော်မူသော။ နာထော၊ မြတ်စွာဘုရားသည်။ ကဍ္ဍမုခါဒိသပ္ပေဟိ၊ ကဍ္ဍမုခ မည်ရတွင်ငြား မြွေလေးပါးတို့သည်။ ဉာစုကာယံ၊ တောင့်တင်းခိုင်မာ ဖွဲ့စည်းကာဖြင့် ကြီးစွာပူအေး လှုပ်ရှားပေးလျက် ဖေးမ ထောက်ခံ ဖောက်ပြန်ပြောင်းလဲ တည်မမြဲဘဲ ကိုက်ခဲအပ်သော ကိုယ်ရှိသော။ မဟာဇနံ၊ လူနတ်ဗြဟ္မာ အစဖြာသား များစွာသော သတ္တဝါအပေါင်းကို။ နိဗ္ဗာပေသိ၊ အဆိပ်ပြေဆေး မြိုက်ရေအေးဖြင့် တိုက်ကျွေး ဆွတ်ဖျန်း ငြိမ်းချမ်းတော်မူစေပြီ။

[တေန သစ္စဝဇ္ဇေန-စသော ဂါထာနက်များ ရွှေနှင့် တူပြီ။]

၇။ သံသာရဒုက္ခကန္တာရာ၊ ကိလေသစောရပီဠိတံ။
ခေမန္တဘူမိံ တာရေသိ၊ သတ္ထဝါဟော ဝိနာယကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

သတ္ထဝါဟော၊ သံသရာထဲ ခရီးခဲမှ ကယ်ဆွဲထုတ်တင် ကျေးဇူးအင်ကြောင့် ယာဉ်မှူးသဖွယ် ဖြစ်တော်မူသော။ ဝိနာယကော၊ သတ္တဝါဟူ သုံးဘုံသူတို့ကို နိဗ္ဗူအောင်မြို့ လှေဖောင်သို့လျှင် ဆောင်ပို့ကယ်တင်တော်မူတတ်သော မြတ်စွာဘုရားသည်။ ကိလေသစောရပီဠိတံ၊ ဆိုးညစ်ယုတ်မာ ကိလေသာဟူသော ခိုးသူတို့၏ လုယူအတင်း ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံနေကြရကုန်သော သတ္တဝါ အပေါင်းကို။ သံသာရဒုက္ခကန္တာရာ၊ မရပ်မနား ဆုံလည်နွားသို့ ပြေးသွား ကျင်လည်ရာ သံသာရဝဋ်ဆင်းရဲဟူသော ခရီးခဲမှ။ ခေမန္တဘူမိံ၊ ကိလေသာဟူ မြူမှုန်ဘေးဘျမ်း မေးမသန်းသဖြင့် အေးချမ်းရာမှန်သော နိဗ္ဗာန်ပြည်မြတ်သို့။ တာရေသိ၊ သမ္မာဒိဋ္ဌိ စရှိမည်တွင် မဂ်လှေယာဉ်ဖြင့် ကယ်တင်ထုတ်ချောက် ကူးမြောက်စေတော်မူပြီ။

[တေန သစ္စဝဇ္ဇေန- စသော ဂါထာနက်များ ရွှေနှင့် တူပြီ။]

http://www.dhammadownload.com



၄။ သမာဒိယိ ပဉ္စသီလံ၊ အဋ္ဌင်္ဂမ္ပိ သုဒေသိတံ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၅။ န ဇီဝိတန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၆။ န ဉာဏန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၇။ န ရသ္မိအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၈။ ဗုဒ္ဓေါ အာဘိဇ္ဇကာယောပိ၊ နတ္ထိ လောဟိတဒူသနံ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၉။ သတ္ထု မေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၀။ သတ္ထု မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၁။ သတ္ထု မေ သံဃသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

http://www.dhammadownload.com



၃။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ။
သုသုခံ ဝတ နိဗ္ဗာနံ၊ လဒ္ဓါ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပွေါ။

၄။ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊ ဓမ္မော မေ သရဏံ ဝရံ။
သံဃော မေ သရဏံ ဝရံ၊ နတ္ထိ မေ သရဏံ အညံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပွေါ။

၅။ ဗုဒ္ဓါဒိံ သရဏံ ဂတာ၊ တေ ဇာနန္တိ သစ္စဓမ္မံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပွေါ။

၆။ နက္ခတ္တာ ဒီသာ စရန္တိ၊ တထာ စန္ဒိမသူရိယာ။
ဓုဝံ စရန္တိ ဝိဒိသာ၊ ဘဏန္တိ ကာမာဝစရာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပွေါ။

၇။ နဒီ နဒီ မဟာဂင်္ဂါ၊ နိန္နဋ္ဌာနံ စ သဗ္ဗဒါ၊ သဝန္တိ စ သဗ္ဗဒကာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပွေါ။

၈။ သရာ သရာ မဟာသီတာ၊ နိရယာ မဟာဥဏှတာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပွေါ။

၉။ စိတ္တာသ စ ပုထုဇ္ဇနာ၊ အရိယာ စ ယထာဓမ္မံ၊ ဝသံ ယန္တိ သုခတ္ထိကာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပွေါ။

၁၀။ အာဟာရေန ဌိတာ သတ္တာ၊ နိဿတ္တာ အဝိညာဏထာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော မေ ဟောတု သက်ပွေါ။

http://www.dhammadownload.com



ရှိခဲ့သည်၊ အစမထင် အနမတဂ္ဂဟု ဆိုကြသည်။ (အန+မတ+အဂ္ဂ၊ အန=မ+မတ=သိခြင်း+အဂ္ဂ=အစအဦး။) လွန်ခဲ့ပြီးသော အတိတ်ဘဝများမှာ များပြားလွန်းသဖြင့် နောက်ကြောင်းပြန်၍ စဉ်းစားသော်လည်း အစအဦးဆုံးဘဝကို မသိနိုင်ဟု ဆိုလိုသည်။ ထို့ပြင် နောက်ဘဝများလည်း နိဗ္ဗာန်သို့ မရောက်မချင်း ဘဝပေါင်းများစွာ အသင်္ချေအနန္တ ဆက်လက် ဖြစ်နေရဦးမည်ဟု ယုံကြည်ကြသည်။

ကောင်းမှုကုသိုလ်ဆိုရာမှာလည်း အချို့က သတ္တဝါ လူ့ချွတ်မှ ကျွတ်သည်ဟု ယူဆ၍ ပိုးမွှားတိရစ္ဆာန်များကို တမင်တကာ ကုသိုလ်ရလို၍ သတ်ဖြတ်ကြသည်။ များများသတ်နိုင်ပါက များများကုသိုလ်ရသည်ဟု ယူဆ၍ ခနွ တစ်တင်းသား တစ်ခွဲသား ပြုတ်၍ သွန်ကြသည်။ သတ္တဝါများ၏ လည်ကို လှီးကြသည်။ သတ္တဝါတို့ကို သတ်ဖြတ်၍ ယဇ်ပူဇော်ကြသည်။ အချို့က ဤသို့ သတ်ဖြတ်နှိပ်စက်ခြင်းသည် မကောင်းမှု အကုသိုလ်ဟု ဆိုကြပြန်သည်။ သတ်ဖြတ်နှိပ်စက် ညှဉ်းပန်းခြင်း အလုပ်မှ ရှောင်ကြဉ်ရမည်။ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရမည်။ သတ္တဝါများ အသက်ရှည်အောင် ကျန်းမာချမ်းသာအောင် ကူညီထောက်ပံ့မှု ပြုရမည်ဟု ဆိုကြသည်။ အချို့ကမူ ကောင်းမှုကုသိုလ်နှင့် မကောင်းမှုအကုသိုလ် နှစ်မျိုးလုံးကို ပစ်ပယ်၍ ကောင်းမှုကုသိုလ်ဟူ၍လည်း မရှိ၊ မကောင်းမှု အကုသိုလ်ဟူ၍လည်း မရှိ၊ "တော်သလိုနေ၊ ထင်သလို လုပ်"ဟူသော အယူအဆကို လက်ခံထားကြပြန်သည်။

တဖန် ကောင်းမှုကုသိုလ် ရှိသည်ဟု ယူဆထားသော သူများသည် ယင်းကောင်းမှုကုသိုလ်များ၏ အကျိုးဆက်ဖြစ်သော ချမ်းသာသုခကို ခံစားနိုင်ရန် နတ်ပြည်, ဗြဟ္မာပြည်ရှိသည်၊ မကောင်းမှုအကုသိုလ်တို့၏ အကျိုးဆက်ကို ခံစားရန်အတွက် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟု ခေါ်သော အပါယ်ဘုံများ (ဒုက္ခဘုံများ)ရှိသည်ဟု ယူဆယုံကြည်ကြပြန်သည်။

ဤသို့ အမျိုးမျိုးယုံကြည်နေကြသော အယူအဆများအနက် မည်သည့်အယူအဆသည် မှန်ကန်ပါသနည်း။ မည်သည့် အယူအဆသည် မှားယွင်းပါသနည်း။ မှန်ကန်သော အယူဝါဒကို သမ္မာဒိဋ္ဌိ ဟုခေါ်၍ မှားယွင်းသောအယူဝါဒကို မိစ္ဆာဒိဋ္ဌိဟု ခေါ်ရသည်။ မည်သည့်ဘာသာတရားမှာမဆို သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ ခွဲခြားမှုရှိသည်။ (သမ္မာ+ဒိဋ္ဌိ၊ သမ္မာ=ဖြောင့်မှန်သော+ဒိဋ္ဌိ=အယူ၊ သိမြင်ခြင်း။ မိစ္ဆာ+ဒိဋ္ဌိ၊ မိစ္ဆာ=မှားယွင်းဖောက်ပြန် မမှန်ကန်သော+ဒိဋ္ဌိ=အယူ၊ သိမြင်ခြင်း။)

http://www.dhammadownload.com



**ကမ္မဿကတာသမ္မာဒိဋ္ဌိ**

မှန်ကန်စွာ သိမြင်သော ဉာဏ်အမြင်ကို သမ္မာဒိဋ္ဌိဟု ခေါ်ဆိုရသည်။ နောက်ဘဝရှိ,မရှိ,ပြဿနာ၌ နောက်ဘဝအမှန်တကယ်ရှိသည်ဟု သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိမည်၏။ မိမိပြုလုပ်သည့် ကုသိုလ်ကံ,အကုသိုလ်ကံတို့၏ ကောင်းကျိုး ဆိုးပြစ်ကို နောက်ဘဝ အဆက်ဆက်တွင် ခံစားစံစားရမည်ဟု သိမြင်ယုံကြည် ခြင်းသည် သမ္မာဒိဋ္ဌိမည်၏။ ယင်းကဲ့သို့ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ ကောင်းကျိုးဆိုးပြစ်ကို ခံစားစံစားရန်အတွက် နတ်ပြည်, ဗြဟ္မာ့ပြည်နှင့် အပါယ်ဘုံများလည်း ရှိရမည်ဟု ယုံကြည်၊ ဝိခံခြင်းသည် သမ္မာဒိဋ္ဌိမည်၏။ ထို့ကြောင့် "သမ္မာဒိဋ္ဌိ=ဖြောင့်မှန်သောအယူ"ဟူသည် ကောင်းမှုကုသိုလ်နှင့် မကောင်းမှုအကုသိုလ်ဟူ၍ ရှိသည်။ နောက်ဘဝရှိသည်၊ အပါယ်ဘုံနှင့် နတ်ဘုံ ဗြဟ္မာ့ဘုံများ ရှိသည်။ သတ္တဝါသည် မိမိပြုလုပ်သော ကုသိုလ်ကံ,အကုသိုလ်ကံ အလျောက် ဤလူ့ဘုံနှင့် ငရဲဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံများတွင် ကောင်းကျိုး ဆိုးပြစ်ကို ခံစားစံစားရသည်။ ထို့ကြောင့် သတ္တဝါသည် ကံသာလျှင် မိမိကိုယ်ပိုင် ဥစ္စာရှိသည်ဟု သိမြင်ခြင်း= ကမ္မဿကတာဉာဏ်ကို ရှင်းလင်း ပြတ်သားစွာ ဝေဖန်သိမြင်ပိုင်းခြား နားလည်ထားရမည်။(ကမ္မ+သကတာ၊ ကမ္မ=ကုသိုလ်ကံ, အကုသိုလ်ကံ + သကတာ = ကိုယ်ပိုင်ဥစ္စာ ရှိသည်၏အဖြစ်။) ထို့ကြောင့် အကျဉ်းချုပ်အားဖြင့် ကုသိုလ်ကံ အကုသိုလ်ကံကိုလည်းကောင်း၊ ယင်းကံတို့၏ ကောင်းကျိုး ဆိုးကျိုးကိုလည်းကောင်း သိမြင်မှု ကမ္မဿကတာဉာဏ်နှင့် ပြည့်စုံလျှင် သမ္မာဒိဋ္ဌိဖြစ်ပြီဟု သတ်မှတ်ရသည်။

မည်သူမဆို ပုထုဇဉ်အဆင့်တွင် နောက်ဘဝ ရှိ,မရှိ ဆုံးဖြတ်ယူဆချက်သည် ကိုယ်တိုင်သိခြင်း မဟုတ်ပေ၊ မိမိတို့အကြိုက် မိမိတို့ဓာတ်ခံ မိမိတို့အစွဲအလမ်းကို အခြေခံပြီး ဆုံးဖြတ်ထားခြင်းသာ ဖြစ်သည်။ နောက်ဘဝရှိသည်ဟု ယူဆသူ များသည် နောက်ဘဝရှိခြင်းကို သဘောကျနှစ်ခြိုက်သောကြောင့် ဖြစ်သည်။ နောက်ဘဝမရှိဟု ယူဆသူများသည် နောက်ဘဝမရှိခြင်းကို သဘောကျနှစ်ခြိုက် သောကြောင့် ဖြစ်သည်။ ပုထုဇဉ်လူသား၏ အတွေးအခေါ် ခံယူချက်နှင့် ဝါဒများသည် မိမိအကြိုက်နှင့် မိမိအကျိုးကို ရှေ့တန်းတင်၍ ဖြစ်ပေါ်လာ သည်ချည်း ဖြစ်သည်။

**နောက်ဘဝကြိုက်သူနှင့် ကြောက်သူ**

"မကောင်းမှု ပြုလျှင် မကောင်းကျိုး ခံစားရမည်၊ ကောင်းမှု ပြုလျှင် ကောင်းကျိုးခံစားရမည်"ဟူသော ကြောင်းကျိုးဆက်နိယာမအရ နောက် ဘဝသာ ရှိမည်ဆိုလျှင် မကောင်းမှုပြုသူသည် နောက်ဘဝတွင် မကောင်းကျိုး

http://www.dhammadownload.com



ခံရဦးမည်ဖြစ်သည်။ ကောင်းမှုပြုသူသည် နောက်ဘဝ၌ ကောင်းကျိုးခံရဦးမည် ဖြစ်သည်။ ထို့ကြောင့် မကောင်းမှုပြုသူများသည် မကောင်းကျိုးခံရမည်ကို ကြောက်၍ နောက်ဘဝမရှိလျှင် ကောင်းမည်ဟု ဆို၍ နောက်ဘဝမရှိခြင်းကို ကိုက်နှစ်သက်ကြသည်။ ကောင်းမှုပြုသူများမှာမူ နောက်ဘဝတွင် ကောင်းကျိုး ခံစားရမည်ကို မျှော်လင့်၍ နောက်ဘဝရှိလျှင် ကောင်းမည်ဟု ဆိုပြီး နောက်ဘဝ ရှိခြင်းကို ကိုက်နှစ်သက်ကြသည်။ သို့ရာတွင် ယင်းတို့ နှစ်ဦးစလုံး ယုံကြည် ချက်သည် အကြိုက်ဟု ခေါ်သော တဏှာလောဘ-က ဦးဆောင်နေသောကြောင့် မခိုင်မြဲသည့်သဘော ရှိသည်။ ဤယုံကြည်ချက်သည် တချိန်ချိန်တွင် တုန်လှုပ် ချောက်ချားတတ်သည်။ ဝေဖန်ဉာဏ်နှင့် ယှဉ်သည့် ယုံကြည်ချက်မျိုးသာ ခိုင်မြဲသည့် ယုံကြည်ချက် ဖြစ်သည်။

## နောက်ဘဝရှိသူနှင့် မရှိသူ နှိုင်းယှဉ်ချက်

နောက်ဘဝ ရှိ, မရှိ ပြဿနာကို စဉ်းစားရာ၌ နောက်ဘဝရှိသည်ဟု ယုံကြည်ချက်နှင့် နောက်ဘဝမရှိဟု ယုံကြည်ချက် နှစ်ခုအနက် မည်သည့် အချက်က ပိုပြီး မြင့်မြတ်မှန်ကန်သည်, အကျိုးရှိသည်ကို နှိုင်းယှဉ်ပြပါမည်။

ဦးဖြူနှင့် ဦးမဲအမည်ရှိ လူနှစ်ယောက်ရှိသည် ဆိုပါစို့။ ဦးဖြူက နောက်ဘဝ ရှိသည်ဟု ယုံကြည်သည်။ ဦးမဲက နောက်ဘဝမရှိဟု ယုံကြည်သည်။

ဦးမဲသည် နောက်ဘဝမရှိဟု ယုံကြည်သူဖြစ်သည့်အတွက် နောက်ဘဝ၌ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးခံစားရမည်မဟုတ်ဟု လက်ခံယုံကြည်ပြီး ဖြစ်သွားသည်။ ကာယကံ, ဝစီကံ, မနောကံ ဟူသော အလုပ်များသည် ဤဘဝမှာပင် ကုန်ဆုံးပြီး ဖြစ်သည်ဟု ယုံကြည်ပြီး ဖြစ်သွားသည်။ ထို့ကြောင့် ဦးမဲသည် ဤဘဝ၌ ရာဇဝတ်ပြစ်ဒဏ်လွတ်လျှင် ပြီးသည်။ မကောင်းမှု အကုသိုလ် များကို လူမသိအောင် ပိပိရိရိ လွန်ကျူးရန် ဝန်မလေးတော့ချေ။ အကယ်၍သာ ဦးမဲသည် ဥပဒေအာဏာစက် မသက်ရောက်သည့် နေရာဒေသ ဖြစ်နေလျှင် မကောင်းမှု ယုတ်မာမှုတွေကို ပြောင်ကျကျ ကျူးလွန်မည် ဖြစ်သည်။ ဦးမဲအဖို့ နောက်ဘဝ "ကံ, ကံ၏အကျိုး" ဆိုသည့် အထိန်းအကွပ်က မရှိသည့်အပြင် ဤဘဝတွင်လည်း လူ့ပတ်ဝန်းကျင်ကို ဂရုစိုက်စရာမလိုသည့် အခြေအနေကို ရောက်နေမည်ဆိုလျှင် မကောင်းမှု အကုသိုလ်မှန်သမျှကို ပြောင်ပြောင်တင်းတင်း လုပ်မည် ကေန်ဖြစ်သည်။ ဘာကိုမျှ အနစ်နာမခံဘဲ သူကချည်း အသာယူမည်မှာ ကေန်ဖြစ်သည်။ လှူဒါန်းမှု ပေးကမ်းစွန့်ကြဲမှု ကိုယ်ကျင့်တရား ထိန်းသိမ်းမှု ကိုယ်ချင်းစာတရား လက်ကိုင်ထားမှု သည်းခံခွင့်လွှတ်မှု စသည့် မြင့်မြတ်သည့် အမှုမျိုးကို မလုပ်မည့်ဘက်က များသည်။ "ရေ့ပတ္တမြား၊ ရေ့နဂါး" ဆိုသလို

http://www.dhammadownload.com



လက်ငင်းသမား ဖြစ်သည့်အတွက် ဦးမဲသည် လက်ငင်း အကျိုးမရှိလျှင် ဘာကိုမျှ လုပ်မည် မဟုတ်ပေ၊ လက်ငင်း စားသာမည် ဆိုလျှင် ဘနဖူး သိုက်တူးမည့်လူစားမျိုး ဖြစ်ဖို့ သေချာသည်။

ဦးဖြူကား နောက်ဘဝရှိသည်ဟု ယုံကြည်ထားသည့်အတွက် နောက်ဘဝ၌ ကုသိုလ်ကံ အကုသိုလ်ကံများ၏ အကျိုးကို ခံစားရဦးမည်ဖြစ်သည်ဟု ယူဆသူ ဖြစ်သည်။ မကောင်းမှုအကျိုးကို ဤဘဝ၌ မခံရသော်လည်း နောက်ဘဝကျလျှင် မလွှတ်တမ်း ခံရဦးမည်ဟု ယုံကြည်သူဖြစ်သည်။ ထို့ကြောင့် မကောင်းမှု ပြုရမည်ကို ကြောက်တတ်သူဖြစ်သည်။ သူတပါးအပေါ် ပြုသမျှ မိမိလည်း အလားတူ ခံရလိမ့်ဦးမည်ဟု ယုံကြည်သည့်အတွက် ကိုယ်ချင်းစာတရားလည်း လက်ကိုင်ထားတတ်သည်။

နောက်ဘဝ၌ ကောင်းကျိုးချမ်းသာ ရလိုသည့်အတွက် ပေးကမ်းဝေမျှခြင်း၊ ကူညီဆောင်ရွက်ခြင်း၊ ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံခြင်း၊ မေတ္တာကရုဏာ ရှေ့ထားခြင်း စသည့် ကောင်းမြတ်သည့် အလုပ်များကို အနည်းနှင့်အများ လုပ်သည်။ ဥပမာအားဖြင့် တောလမ်းခရီးသွားရာ၌ လမ်းဘေးရေအိုင်က ရေကို ဖက်ရွက်ကန်တော့ဖြင့် သယ်ယူ၍ သောက်သော လူသည် ရေသောက် ပြီးပါက ထိုဖက်ရွက်ကို ယုယသိမ်းဆည်းမထားဘဲ ပစ်ထားခဲ့သည်။ မိမိအိမ်က သောက်ရေခွက်ကိုမူ နေ့စဉ် ဆေးကြောပြီး ရိုသေစွာ ထားလေ့ရှိသည်။ ဆိုလိုသည်မှာ တောထဲက ဖက်ရွက်သည် ဤလူ၏ နက်ဖြန်ခါနှင့် မသက်ဆိုင်။ အိမ်က သောက်ရေခွက်သည် ဤသူအတွက် နက်ဖြန်ခါတွေ အများကြီး ကျန်ရှိနေသေးသည်။ ထို့ကြောင့် နက်ဖြန်ခါအတွက် ရိုသေစွာ ယုယနေခြင်း ဖြစ်သည်။ ဤအတိုင်းပင်ဖြစ်သည်။ နောက်ဘဝမရှိဟု ယုံကြည်သော ဦးမဲသည် နက်ဖြန်ခါဆိုသည့် နောက်ဘဝအတွက် ဘာမျှ အရေးစိုက်စရာ မလိုတော့ပေ။ နောက်ဘဝရှိသည်ဟု ယုံကြည်သော ဦးဖြူကား နက်ဖြန်ခါအတွက် သောက်ရေ ခွက်ကလေးကို တရိုတသေ သိမ်းသကဲ့သို့ နောက်ဘဝအတွက် မကောင်းမှုကို ရှောင်ပြီး ကောင်းမှု ပြုလုပ်နေရပေသည်။ ညောင်စေ့လောက် လှူလျှင် ညောင်ပင်ကြီးလောက် အကျိုးရနိုင်သည်ဆိုသည့် ယုံကြည်ချက်နှင့် မိမိ ပစ္စည်းကို စွန့်လွှတ်သည်၊ ကိုယ်ကျိုးအနစ်နာခံသည်။

## နောင်ဘဝ မရှိခဲ့သော်

ဦးမဲ၏ ယုံကြည်ချက်အတိုင်း နောက်ဘဝ တကယ်မရှိဘူး ဆိုကြပါစို့။ နောက်ဘဝမရှိသည့်အတွက် ဦးဖြူသည် သူမျှော်မှန်းခဲ့သည့် ကောင်းကျိုးများ မခံစားရတော့ပေ။ နောင်တမလွန်အကျိုးကား ဆုံးရှုံးသွားပြီဟု ဆိုရပေသည်။

http://www.dhammadownload.com



သို့ရာတွင် ဤပစ္စုပ္ပန်ဘဝတွင် ဦးဖြူသည် ကိုယ်ကျိုးအနစ်နာခံပြီး သူတပါး ကောင်းကျိုးပြုခဲ့သည့်အတွက် လူအပေါင်း၏ ချီးမွမ်းမှုကို ခံရမည်။ ဦးဖြူ အသက်ရှင်စဉ် ငါတို့ကို ဘယ်လို ကျွေးမွေးသည်၊ ဘယ်လို ရက်ရောသည်။ ဦးဖြူဆောက်ခဲ့သည့်တံတား၊ ဒီလမ်းက ဗွက်တွေကို ဦးဖြူဖို့ခဲ့သည်၊ ဤကား ဦးဖြူတူးခဲ့သည့် ရေတွင်း ရေကန် ဖြစ်သည်။ ဤသည်တို့ကား ဦးဖြူစိုက်ခဲ့သည့် သရက်ပင်, အုန်းပင်, ထန်းပင်များ ဖြစ်သည်။ ဤသည်ကား ဦးဖြူဆောက်သည့် ဇရပ်, ကျောင်း ဘုရား စသည်ဖြင့် ဦးဖြူ၏ ဂုဏ်သတင်းကို ဝိုင်းဝန်းချီးကျူး ကြမည်ဖြစ်သည်။ ဦးဖြူကို ဝိုင်းဝန်းချစ်ခင် လေးစားကြသည်၊ ဦးဖြူသည် ဤလောက၌ ချီးကျူးခံရပေသည်။ လက်ရှိ လူ့ဘောင်လူ့အဖွဲ့အစည်းကြီးသည် ဦးဖြူနှင့် ပတ်သက်ပြီး ကောင်းကျိုးချမ်းသာကို ခံစားရပေသည်။

ဦးမဲအဖို့ကား နောက်ဘဝအတွက် ဘာအကျိုးမျှမမျှော်မှန်းခဲ့သည့်အပြင် နောင်တမလွန်အကျိုး ဆုံးရှုံးခြင်း မရှိပေ။ သို့ရာတွင် ဦးမဲသည် သူ့သက်တမ်း တစ်လျှောက်မှာ မကောင်းမှု ယုတ်မာမှုများကို ပြုလုပ်ခဲ့ပြီး လူ့အကျိုးပြု လုပ်ငန်းများ ဘာမျှ မလုပ်ခဲ့သောကြောင့် လူ့ပတ်ဝန်းကျင်က ရှုတ်ချကဲ့ရဲ့ ကြမည်။ ဦးမဲတစ်ယောက် လူ့လောကရောက်လာခြင်းသည် လူ့ပတ်ဝန်းကျင် အတွက် အနှောင့်အယှက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်ခဲ့ရသည်။ ထို့ကြောင့် နောက်ဘဝ မရှိဘူးဆိုလျှင်ပင် ဦးမဲသည် ပစ္စုပ္ပန်ဘဝတွင် လူကဲ့ရဲ့ခံရပေမည်၊ လူမုန်းခံရပေမည်။

## နောက်ဘဝ ရှိခဲ့သော်

အကယ်၍ နောက်ဘဝရှိသည်ဆိုသည့် ဦးဖြူ၏ ယုံကြည်ချက်သည် မှန်သည် ဆိုကြပါစို့။ ဦးဖြူသည် နောက်ဘဝတွင် သူမျှော်မှန်းခဲ့သည့် ကောင်းကျိုး ချမ်းသာများကို ကေန်ခံစားရပေမည်။ ဤပစ္စုပ္ပန်ဘဝ၌လည်း လူ့ပတ်ဝန်း ကျင်၏ ကောင်းကျိုးကို ဆောင်ရွက်ခဲ့သောကြောင့် ဦးဖြူ၏ လုပ်ဆောင်ချက် များကို ဝိုင်းဝန်းချီးကျူးကြမည်။ ထို့ကြောင့် ဦးဖြူသည် ပစ္စုပ္ပန်အကျိုး, တမလွန်အကျိုး နှစ်မျိုးလုံးကို ပြည့်စုံစွာရရှိသည့်အတွက် ပျော်ရွှင်ချမ်းမြေ့စွာ နေရပေမည်။

ဦးမဲအတွက်ကား အထူးပြောစရာ မလိုတော့ချေ။ တစ်သက်လုံး မကောင်းမှုတွေကို လုပ်ခဲ့သောကြောင့် လူ့ပတ်ဝန်းကျင်၏ ရှုတ်ချကဲ့ရဲ့ခြင်း ကိုလည်း ခံရမည်၊ တမလွန်ဘဝ၌လည်း မကောင်းမှုအကုသိုလ်၏ အကျိုးများ, ပူလောင်စပ်ခါး ပြင်းပြသောဝေဒနာများ, ဆင်းရဲဒုက္ခများကို ခံစားရဦးမည်၊ ဦးမဲသည် ပစ္စုပ္ပန်အကျိုး, တမလွန်အကျိုး နှစ်မျိုးလုံး ဆုံးရှုံးရသည်။

http://www.dhammadownload.com



ထို့ကြောင့် နောက်ဘဝရှိသည်ဟု ယုံကြည်ခြင်းသည် လူ့ဘောင် လူ့အဖွဲ့အစည်းအတွက် အလွန်ကျေးဇူးများလှပေသည်။ ယုံကြည်သည့် လူတိုင်းအတွက်လည်း ပစ္စုပ္ပန်အကျိုး, တမလွန်အကျိုး နှစ်ပါး ရရှိစေနိုင်သည်။ ဤအချက်များကို ကြည့်လျှင် နောက်ဘဝရှိသည်ဟု ယုံကြည်ခြင်းက ပိုမိုမြင့်မြတ်ကြောင်း ထင်ရှားပေသည် (မဇ္ဈိမပဏ္ဏာသ၊ အပဏ္ဏကသုတ်)။

ကြောင်းကျိုးဆက်နည်းဖြင့် သက်သေပြပုံ

အကြောင်းကြောင့် အကျိုးဖြစ်မှု နိယာမတရားကို လေ့လာသုံးသပ်ကြည့်လျှင်လည်း နောက်ဘဝရှိကြောင်း သိနိုင်ပေသည်။ ပထမဦးဆုံး ရုပ်တရားအချင်းချင်း ကြောင်းကျိုး ဆက်စပ်ပုံကို အနည်းငယ် ရှင်းပြပါဦးမည်။ အပူဓာတ်ကို ဖန်တီးခြင်းဖြင့် ရေငွေ့, ဓာတ်ငွေ့, တွန်းကန်အားများ ဖြစ်ပေါ်လာသည်။ ဤတွန်းကန်အားကြောင့် မီးရထား, မော်တော်ကား, လေယာဉ်ပျံ, သင်္ဘောများ ရွေ့လျားသွားလာနေခြင်း ဖြစ်သည်။ ဤအရာဝတ္ထုများသည် အပူစွမ်းအင်ကြောင့် အရွေ့စွမ်းအင် ဖြစ်လာပုံများ ဖြစ်သည်။ လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်လျှင် ပူလာသည်ကို တွေ့ထိ ခံစားရသည်။ အလားတူပင် မာကျောသည့် ရုပ်ဓာတ်နှစ်ခုကို ပြင်းထန်စွာ ကြာရှည်စွာ ပွတ်တိုက်နေပါက မီးဖြစ်ပေါ်လာပေသည်။ ဤသို့ ဖြစ်ခြင်းသည် အရွေ့စွမ်းအင် (ဝါယော)ကြောင့် အပူစွမ်းအင် (တေဇော) ဖြစ်ပေါ်လာပုံ ဖြစ်သည်။

ဆွဲအား (အာပေါ)ကြောင့် ရုပ်ဖွဲ့စည်း သိပ်သည်းကျစ်လျစ်မာကျောလာခြင်းသည် ဆွဲအားကြောင့် အမာဓာတ် (ပထဝီ) ဖြစ်ပေါ်လာပုံ ဖြစ်သည်။ တဖန် မာကျောကျစ်လျစ် သိပ်သည်းမှုကြောင့် ဆွဲအား ပိုမို ပြင်းထန်လာခြင်းသည် အပြန်အလှန် ကြောင်းကျိုးဆက်စပ်မှုကြောင့် ဖြစ်သည်။ ထိုသို့ဖြစ်ခြင်းကြောင့် ရုပ်စွမ်းအင်များလည်း အချည်းနှီး အလဟဿ ကုန်ဆုံးသွားသည် မရှိ၊ စွမ်းအင် တစ်ခုမှ စွမ်းအင် တစ်ခုသို့ ပြောင်းလဲဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။ ဤစွမ်းအင်များကို အချည်းနှီး အလဟဿ ကုန်ဆုံးသွားအောင် ဖျောက်ဖျက်၍မရနိုင်ကြောင်း သိပ္ပံပညာရှင်များက ဆိုထားသည်။

ဤအဓိပ္ပာယ်မျိုးကို ပဋ္ဌာန်းပါဠိတော်၌—

ဗာဟိရံ ကော် မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ—

စသည်ဖြင့် ဟောကြားထားတော်မူသည်။

ဤရုပ်စွမ်းအင် (အကြောင်းတရား)များသည် အခြားရုပ်စွမ်းအင် တစ်မျိုး (အကျိုးတရား)ကို ဆက်ကာဆက်ကာ ဖြစ်ပေါ်စေနိုင်သကဲ့သို့ စိတ်စေတသိက်ဟူသော နာမ်ဓာတ်စွမ်းအင်များလည်း အကျိုး တစုံတရာကို မဖြစ်စေဘဲ

http://www.dhammadownload.com



အချည်းနှီး အလဟဿ ပျက်သုဉ်းမသွားနိုင်ပေ၊ တစ်စုံတစ်ခုသော အကျိုးကို ဖြစ်ပေါ်အောင် ဖန်တီးနိုင်စွမ်းရှိကြသည်။ ရှေးရှေးသော နာမ်ဓာတ်စွမ်းအား များသည် နောက်နောက်သော နာမ်ဓာတ်စွမ်းအားများကို ဖြစ်ပေါ်စေနိုင်ကြသည်။

ယယ်ယယ်က ကျက်မှတ်ထားသည့် ကဗျာလင်္ကာ စာပေများကို အသက် ၇၀-၈၀ အထိ မှတ်မိနေခြင်းသည် နာမ်ဓာတ်၏ စွမ်းအားဖြစ်သည်။ ရုပ်ခန္ဓာကိုယ်ကြီးကို သွားလာလှုပ်ရှားအောင် အမှုကိစ္စများ လုပ်ကိုင်ဆောင်ရွက်အောင် နာမ်တရားက လှုံ့ဆော်နေသည်။ နာမ်တရားက ပဲ့ကိုင်နေသည်ကို လူတိုင်းကိုယ်တွေ့ တွေ့နိုင်သည်။ ရုပ်ဓာတ်စွမ်းအင်များကို လွှမ်းမိုးအုပ်ချုပ်ထိန်းကိုင်ပြီး လိုသလို စေစားနိုင်သည့် နာမ်တရား၏ စွမ်းအင်သည် ရုပ်ဓာတ်စွမ်းအင်ထက် မနှိုင်းယှဉ်သာအောင် သာလွန်ကြီးမားကြောင်း ထင်ရှားသည်။

မည်မျှလောက် ပြင်းထန်သည့် အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးဖြစ်စေ၊ ဒုံးပျံလက်နက်ဖြစ်စေ လူသား၏ အသိဉာဏ်ပညာက တီထွင်ထား၍ လူသား၏ အသိဉာဏ်ကပင် ထိန်းချုပ်ပဲ့ကိုင်ထားသည်။ ထို့ကြောင့် "လူသာ ပဓာန"ဟု ပြောဆိုနေကြခြင်းသည် အသိဉာဏ်ဟူသော ဉာဏ်ဓာတ်စွမ်းအင်သာ ပဓာနဟု ဆိုလိုပေသည်။

အခိုင်းခံ အသုံးပြုခံ ဖြစ်သည့် ရုပ်ဓာတ်စွမ်းအင်များသည်ပင်လျှင် အကျိုးအဆက်ဆက် ဖြစ်ပေါ်စေနိုင်သည့် စွမ်းအားသတ္တိများ ရှိကြသည်ဆိုလျှင် ရုပ်ဓာတ်စွမ်းအင်များကို စေခိုင်းအသုံးချနေသည့် ရုပ်၏အရှင်သခင် နာမ်တရားအတွက်မူ ပြောစရာပင် မလိုတော့ချေ။ အလွန်အင်အားကြီးမားသည့် နာမ်ဓာတ်စွမ်းအင်ကြီးသည် ဤအဝ သေဆုံးရုံနှင့် ကုန်ဆုံး ပျက်သုဉ်းသွားပြီလော။ ရုပ်ဓာတ်စွမ်းအင်များသည် အချင်းချင်း အပြန်အလှန် ကြောင်းကျိုးဆက်စပ်ပြီး ဆက်လက်ပေါ်နိုင်ပါလျက် နာမ်ဓာတ်စွမ်းအင်များအား သတ္တဝါ သေဆုံးရုံနှင့် စွမ်းအင်များ အလိုအလျောက် ရပ်တန့်သွားရမည်၊ ရပ်စဲ ပြတ်စဲသွားရမည်ဆိုလျှင် ယုတ္တိမတန်ချေ။ ဤသို့ ရပ်စဲသွားသည်ဟု ပြောဆိုခြင်းသည် နာမ်ဓာတ်၏စွမ်းအင်ကို မသိသဖြင့် ပြောဆိုနေခြင်းဖြစ်မည်။ နာမ်ဓာတ်၏ စွမ်းအင်သည် အလွန်ကြီးမားသည့်အတွက် နှစ်ပေါင်းများစွာ ဘဝပေါင်းများစွာ ကွာခြားနေသော်လည်း အကြောင်းအကျိုး ဆက်စပ်နိုင်စွမ်း ရှိသည်။ လွန်စွာကွာဝေးသည့် ဒေသသို့လည်း ပြောင်းရွှေ့ပြီး ကြောင်းကျိုးဆက်စပ်ဖြစ်စေနိုင်သည်။ နာမ်စွမ်းအင်အတွက် ကာလနှင့်ဒေသသည် မတားဆီးနိုင်ပေ။

http://www.dhammadownload.com



ထို့ကြောင့် နာမ်အကြောင်းတရား တစ်ခုသည် ကပ်ကမ္ဘာများစွာ ကွာခြားပြီး အကျိုးပေးနိုင်စွမ်း ရှိသည်ဟု ဆိုသည်။ ဤကြောင်းကျိုးဆက် နိယာမသဘော အရ သတ္တဝါသေလျှင် နာမ်ဓာတ်စွမ်းအင်များကြောင့် ဆက်လက်ပြီး နောက်ဘဝသစ် တစ်ခုကို ဖြစ်ပေါ်စေနိုင်သည်။ အကြောင်းတရား ရှိလျှင် အကျိုးတရားဖြစ်ပေါ်မှု ကေန်ရှိရပေမည်။

အကြောင်းအကျိုးဆက်စပ်မှု နိယာမသဘောအရ စွမ်းအင်တစ်ခုသည် အကြောင်းမဲ့သက်သက် ဖြစ်ပေါ်မလာနိုင်ပေ။ ရှေးရှေး စိတ်ဝိညာဏ် မရှိဘဲ နောက်စိတ်ဝိညာဏ် အသစ်တစ်ခုသည် မိမိအလိုလို စတင်မဖြစ်ပေါ်နိုင်ပေ။ စိတ်ဝိညာဏ်ဟူသည် ရုပ်တရားမှ ပေါ်ထွက်လာသည့် အကျိုးတစ်ခုဖြစ်သည်ဟု ရုပ်ဝါဒီများက ပြောကြလိမ့်မည်။ ရုပ်နှင့် စိတ်သည် သဘာဝချင်း မတူ သောကြောင့် ရုပ်တရားမှ စိတ်ဖြစ်ပေါ်မလာနိုင်ပေ။ ကျောက်ခဲကို ကြိတ်၍ ဆီမထွက်သလို ရုပ်တရားတွေ ပေါင်းစပ်ရုံနှင့် နာမ်တရား ဖြစ်မလာနိုင်ပေ။ မူလကတည်းက ဆီရှိသည့် နှမ်းနှင့် မြေပဲဆံတွေကို ကြိတ်မှ ဆီရနိုင်သည်။ ထိုအတူပင် နာမ်တရားမှသာ ဉာဏ်တရားဖြစ်ပေါ်နိုင်သည်။ ရှေးရှေးစိတ်မှ နောက်နောက်စိတ် ဖြစ်ပေါ်လာရသည်။ စိတ်မရှိရာက စိတ်အသစ်တစ်ခု အလိုလို စတင်မဖြစ်နိုင်ပေ။ ထို့ကြောင့် ဤဘဝ၌ စိတ်ဝိညာဏ်တရားတွေ စတင်ဖြစ်ပေါ်ဖို့အတွက် ရှေးဘဝက စိတ်ဝိညာဏ် နာမ်တရားများသည် အကြောင်းတရားအဖြစ်နှင့် ကြိုတင်ရှိနှင့် ရပေမည်။ ဤဘဝပစ္စုပ္ပန်ဘဝ ဖြစ်ရန်အတွက် အတိတ်ဘဝ တစ်ခု ရှိရမည်။ အတိတ်ဘဝ၏ အကျိုးဆက် အဖြစ်ဖြင့် ပစ္စုပ္ပန်ဘဝရှိသလို ပစ္စုပ္ပန်ဘဝ အကျိုးဆက်အဖြစ်ဖြင့် နောက်ဘဝ (အနာဂတ်) တစ်ခု ရှိရဦးမည်မှာ ကေန်ဖြစ်သည်ဟု သိနိုင်သည်။ ထို့ကြောင့် ကြောင်းကျိုးဆက်စပ်မှု နိယာမအရ ရှေးဘဝနှင့် နောက်ဘဝ ရှိကြောင်း သက်သေပြခြင်းဖြစ်သည်။

## သေသူက ပူးကပ်ပြောခြင်း

တစ်ခါတစ်ရံ သေဆုံးသွားသူများသည် တစ္ဆေ သရဲစသည့် ဘဝတစ်ခုကို ရောက်ပြီး နီးစပ်ရာ ဆွေမျိုးသားချင်းများ၏ ခန္ဓာကိုယ်ကို ပူးကပ်ပြီး ဘဝ ဟောင်းက အဖြစ်အပျက်များကို ပြန်လည် ပြောပြကြသည်ကို တွေ့ကြုံကြ ရသည်။ အချို့ လူသတ်မှုများသည် သက်သေမရှိ တရားခံ ရှာမရ ဖြစ်နေ ချိန်တွင် သေဆုံးသူက ပူးကပ်ပြီး လူသတ်မှု အဖြစ်အပျက်ကို အစုံအလင် ထုတ်ဖော်ပြောကြားမှုလည်း ရှိတတ်သည်။

http://www.dhammadownload.com



## လူ့ဝင်စားကို အထောက်အထားပြု

လူ့ဝင်စားအကြောင်းကို ဗုဒ္ဓဘာသာ, ဂျိန်းဘာသာ, ဟိန္ဒူဘာသာများက လက်ခံထားကြသည်။ ထို့ကြောင့် ဤဘာသာ အယူဝါဒကို လက်ခံကြသည့် အာရှတိုက်သားအားလုံးသည် လူ့ဝင်စားရှိကြောင်း လက်ခံယုံကြည်ကြသည်။ လူ့ဝင်စား ရှိကြောင်းကို တရုတ်ပြည်, ဂျပန်ပြည် စသော အာရှတိုက် နိုင်ငံအများစုက လက်ခံကြသည်။ သို့ရာတွင် ဥရောပတိုက်သားများသည် လူ့ဝင်စား လက်မခံသောကြောင့် အာရှတိုက်သားများသည်လည်း မိမိလက်ခံထားပြီး ဖြစ်သည့် မိရိုးဖလာဝါဒကို လက်ခံရမည်ကို ခပ်ရှက်ရှက် ဖြစ်နေကြသည်။ လူ့ဝင်စား လက်ခံလိုက်လျှင် ခေတ်နောက်ကျသည်ဟု အပြောခံရမည်ကို စိုးရိမ်နေကြသည်။

ဥရောပတိုက်၌ လူ့ဝင်စားမရှိသလောဟု မေးရန်ရှိသည်။ သူတို့၏ ဘာသာ အယူဝါဒသည် အတိတ်ဘဝမရှိ၊ လူ့ဘဝတစ်ဘဝသာ ရှိသည်၊ ထပ်ကာ ထပ်ကာ လူ့ပြန် မဖြစ်နိုင်ပေ။ အလားတူ တိရစ္ဆာန်များလည်း တစ်ဘဝသာ ရှိသည်။ သေလျှင် နတ်ပြည်နှင့် ငရဲပြည် တစ်ခုခုတွင် စံစားခံစားနေရသည်။ လူ့ဘဝ, တိရစ္ဆာန်ဘဝကို တစ်ခါ ပြန်မလာရတော့ပေ။ လူ့ဝင်စားဝါဒကို လက်ခံလိုက်လျှင် ယင်းတို့၏ အယူဝါဒ ပျက်စီးသွားမည်။ ထို့ပြင် အတိတ်ဘဝ အကြောင်းကို ပြန်ပြောင်း ပြောပြနိုင်သည့် ကလေးငယ်များသည် မိမိ၏ အတိတ်ဘဝကို ပြန်ပြောမိလျှင် စိတ်မနှံ့သူ အရူးဟု စွပ်စွဲသမုတ်ခံကြရသည်။ ထို့ကြောင့် အတိတ် ဘဝအကြောင်း ပြန်ပြောတတ်သည့် ကလေးကို ယင်း၏ မိဘများက ပိတ်ပင်တားမြစ်ကြရသည်။ ဤသို့ ပိတ်ပင်တားမြစ်ထားသော ကြောင့် ဥရောပတိုက်တွင် လူ့ဝင်စားဝါဒ တိမ်မြုပ်နေရပေသည်။ ဤခေတ် တွင်ကား ဥရောပတိုက်သားများလည်း ဤလူ့ဝင်စားပြဿနာကို သုတေသန ပြုလုပ်နေကြလေပြီ။

လူ့ဝင်စားဖြစ်လာသည့် ကလေးငယ်သည် အတိတ်ဘဝက မြှုပ်ထားခဲ့သည့် ရွှေငွေများ ဖော်ထုတ်ပေးပုံ၊ အတိတ်ဘဝက သားသမီးများကို မှတ်မိပြီး သားသမီး သားမယား မိတ်ဆွေများကို ယခင်ဘဝ ပြောဆိုဆက်ဆံပုံအတိုင်း ဆက်ဆံပုံ၊ ယခင်ဘဝက နေခဲ့သည့် ရပ်ရွာနှင့် နေအိမ်ကို လမ်းပြသူ မရှိဘဲ သွားတတ်ပုံ စသည်များကို မြန်မာလူမျိုးတိုင်း တွေ့ကြုံဖူးကြသည်၊ ကြားဖူး ကြသည်။ အားလုံးကလည်း အမှန်ဟု လက်ခံထားကြသည်။ ကိုယ်တွေ့ကြုံ သူများ ယခုအထိ အသက်ရှင်ဆဲ ရှိနေကြသည်။

http://www.dhammadownload.com



(၁) သို့ဖြစ်၍ နောက်ဘဝ ရှိသည်ဟု ယုံကြည် လက်ခံခြင်းသည် လူ့ဘောင် လူ့အဖွဲ့အစည်းကြီး ငြိမ်းချမ်းသာယာဝပြောရေး အတွက် ကျေးဇူးများသည်ဟူသော အချက်၊

(၂) အကြောင်းတရားရှိက အကျိုးတရားဖြစ်ပေါ်မြဲ ဓမ္မတာအတိုင်း ဤဘဝ ( ဝိညာဉ် ) နာမ်အကြောင်းတရားသည် နောက်ဘဝ (စိတ်ဝိညာဏ်) နာမ်အကျိုးတရားများကို ဖြစ်စေနိုင်သည်ဟူသော အချက်၊

(၃) လူဝင်စားများသည် အတိတ်ဘဝကို ပြန်ပြောနိုင်သည်ဟူသော အချက်—

ဤအချက် သုံးချက်ကို စုပေါင်း စဉ်းစား၍ နောက်ဘဝ ရှိ, မရှိ ပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယူဆပါသည်။

**ကံတူ အကျိုးပေး**

ကောင်းသောအမှု, မကောင်းသောအမှုတို့ကို အောင်မြင်ထမြောက်အောင် လှုံ့ဆော်သော စေတနာကို ကံဟု ခေါ်သည်။ ဥပမာ—လူသတ်မှု ကျူးလွန်ရာ၌ သေစေလိုသည့် စေတနာဖြင့် သတ်ခြင်းအမှုကို ပြီးမြောက်အောင် ဆောင်ရွက်လျှင် အကုသိုလ်ကံ အထမြောက်တော့သည်၊ အလားတူပင် ခိုးမှု လုယက်မှု ကျူးလွန်ရာ၌ သူတပါးပစ္စည်းကို မတရားရယူလိုသည့် စေတနာဖြင့် ခိုးမှု လုယက်မှုကို ပြီးမြောက်အောင် ဆောင်ရွက်လျှင် အကုသိုလ်ကံ အထမြောက်တော့သည်။ ထိုကဲ့သို့ အထမြောက်အောင် ပြုလုပ်နိုင်သော စေတနာကို ကံဟု ခေါ်ရသည်။

တဖန် အလှူဒါနပြုလုပ်ရာ၌ လှူဒါန်းလိုသည့် ဒါနစေတနာဖြင့် လှူဒါန်းခြင်း ကိစ္စပြီးမြောက်အောင် ဆောင်ရွက်လျှင် ဒါနကုသိုလ်ကံ အထမြောက်တော့သည်။ သီလ ဆောက်တည် ကျင့်သုံးရာ၌ ဒုစရိုက်အမှုမှ ရှောင်ကြဉ်လိုသော စေတနာဖြင့် ဒုစရိုက်မှု မကျူးလွန်မိအောင် ရှောင်ကြဉ် စောင့်ထိန်းနိုင်လျှင် သီလကုသိုလ်ကံ အထမြောက်တော့၏။ အလားတူပင် ဂုဏ်တော်ပွားခြင်း၊ မေတ္တာပွားခြင်း စသော ဘာဝနာအမှု တစ်ခုခုကို ပြုလုပ်လိုသော စေတနာဖြင့် ဘာဝနာအလုပ်ကို အောင်မြင် ထမြောက်အောင် လုပ်လျှင် ဘာဝနာကုသိုလ်ကံ ဖြစ်တော့သည်။

http://www.dhammadownload.com



ထိုစေတနာကံသည် အကြောင်းတရား ဖြစ်၍ အကျိုးတရားကို ဖြစ်ထွန်းပေါ်ပေါက်စေနိုင်သည်။ ကောင်းသော ကံသည် ကောင်းသော အကျိုးကို ဖြစ်စေ၍ မကောင်းသော ကံသည် မကောင်းသော အကျိုးကို ဖြစ်စေ၏။ အကြောင်းနှင့် အကျိုးသည် သဘာဝအားဖြင့် တူညီမှု ဆီလျော်မှု ရှိသည်။ ထို့ကြောင့် "ဇနေတိ သဒိသံ ပါကံ=တူသော အကျိုးကို ပေး၏"ဟု မြတ်စွာဘုရား ဟောတော်မူခဲ့၏။ တမာစေ့ကို စိုက်ပါက တမာပင် ပေါက်မည်။ တမာသီး သီးလာ၍ ခါးသော အရသာကို ခံစားရပေမည်၊ သရက်စေ့ကို စိုက်ပါက သရက်ပင် ပေါက်လာမည်၊ သရက်သီး သီးလာ၍ ချိုသော အရသာကို ခံစားရပေမည်၊ စပါးစိုက်သော လယ်သမားသည် စပါးကို ရိတ်သိမ်းရပေလိမ့်မည်။ ဂျုံစိုက်သော လယ်သမားသည် ဂျုံကိုသာ ရိတ်သိမ်းရပေလိမ့်မည်။

### ကံ၏ အကျိုးများ

ဖော်ပြပါ ကုသိုလ်ကံ၊ အကုသိုလ်ကံများသည် နာမ်အကျိုးတရားနှင့် ရုပ်အကျိုးတရားနှစ်မျိုးကို ဖြစ်စေနိုင်သည်။ နာမ်အကျိုးတရားများကို "ဝိပါက=ဝိပါက်"ဟု ခေါ်သည်။ ဝိပါက်စိတ် ဝိပါက်ဝိညာဏ်ဟုလည်း ခေါ်သည်။

ရုပ်အကျိုးတရားများမှာ ကမ္မဇရုပ်နှင့် ကမ္မပစ္စယ ဥတုဇရုပ်များ ဖြစ်ကြသည်။

### ကံကြောင့် ဖြစ်သော ကမ္မဇရုပ်များ

ကံကြောင့် ဖြစ်သော ရုပ်များမှာ အကျဉ်းအားဖြင့် အောက်ပါအတိုင်း ဖြစ်ကြသည်—

(က) မျက်စိအကြည်ဓာတ် (အမြင်ဓာတ်)၊

(ခ) နားအကြည်ဓာတ် (အကြားဓာတ်)၊

(ဂ) နှာခေါင်းအကြည်ဓာတ် (အနံ့ခံဓာတ်)

(ဃ) လျှာအကြည်ဓာတ် (အရသာခံဓာတ်)၊

(င) ကာယအကြည်ဓာက် (ထိတွေ့အာရုံခံဓာတ်)၊

(စ) အသက်ဓာတ် (ဇီဝိတဓာတ်)၊

(ဆ) အထီးအမ ခွဲခြားသောရုပ် (ဘာဝရုပ်)၊

(ဇ) နှလုံးအကြည်ဓာတ် (ဟဒယဝတ္ထု)။

http://www.dhammadownload.com



အကြောင်းကံ၏ စွမ်းအားအနည်းအများ ကွာခြားမှုကို လိုက်၍ အမြင်ခေတ်၊ အကြားခေတ် စသည်တို့လည်း စွမ်းအားအနည်းအများ ကွာခြားမှု ရှိကြသည်။

သတ္တဝါ အချင်းချင်း မျက်စိမြင်နိုင်စွမ်းအား မတူညီကြသည်ကို တွေ့ရှိနေရသည်။ မျိုးနွယ်အရ လည်းကောင်း၊ အသက်အရွယ်အရ လည်းကောင်း တူညီသော ပုဂ္ဂိုလ်နှစ်ဦးတို့ မြင်နိုင်စွမ်းအား မတူညီကြပုံကို လေ့လာကြည့်ရှုသင့်သည်။ အလားတူပင် ကြားနိုင် စွမ်းအား၊ အနံ့ခံနိုင် စွမ်းအား၊ ထိတွေ့အာရုံ ခံယူနိုင် စွမ်းအား၊ အရသာခံနိုင် စွမ်းအား၊ သက်လုံကောင်းမှု အသက်တိုရှည်မှု၊ ကွဲပြားခြားနားမှု ရှိနေကြသည်ကို လေ့လာသိရှိနိုင်ပေသည်။ ကံချင်း မတူသဖြင့် ဤသို့ ကွဲပြားခြင်း ဖြစ်သည်။ ထို့ကြောင့် ဤဖော်ပြပြီး ရုပ်များသည် ကံအကြောင်းရင်းခံ၍ ဖြစ်ပေါ်ကြရသောကြောင့် ကမ္မဇရုပ်ဟု ခေါ်ရသည်။

## ကံကြောင့် ဖြစ်သော ဥတုဇရုပ်များ

သတ္တဝါတို့၏ ကုသိုလ်ကံ အကုသိုလ်ကံကို အကြောင်းပြု၍ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မိုးသုံးပါး ညီညွတ်ခြင်း စသည်ဖြင့် ရာသီဥတု ညီညွတ်မှု ဖောက်ပြန်မှုများ ဖြစ်တတ်သည်။ ယင်း ရာသီဥတုအခြေအနေကို အမှီပြု၍ ကောက်ပဲသီးနှံများ အဆီအနှစ် ပြည့်ဝမှု၊ ဆုတ်ယုတ်မှု ရှိနိုင်သည်။ ကောက်ပဲသီးနှံအစာအာဟာရကို အကြောင်းပြု၍ သတ္တဝါများ ကျန်းမာရေး ကောင်းမွန်ခြင်း၊ ရောဂါထူပြောခြင်း၊ အသက်ရှည်ခြင်း၊ တိုခြင်း ဖြစ်လာနိုင်သည်။ ထို့ပြင် နတ်ပြည် ဗြဟ္မာ့ပြည်တို့တွင် နတ်ဗြဟ္မာများအတွက် ဘုံဗိမာန် ဥယျာဉ် ပန်းမာလ် ပဒေသာပင်ဟု ခေါ်သော ဥတုဇရုပ်များ ဖြစ်ပေါ်ကြသည်။ ငရဲပြည်တွင် ငရဲသားများ၏ အကုသိုလ်ကံကြောင့် ငရဲမီးလျှံများ၊ သံပူရည်များ၊ သံဒလိမ့်တုံးများ စသော ဥတုဇရုပ်များ ဖြစ်ပေါ်နေကြသည်။ ယင်းရုပ်များသည် ကံအကြောင်းရင်းခံသည့် ဥတုကြောင့် ဖြစ်သည်။ ထို့ကြောင့် ကမ္မပစ္စယ ဥတုဇရုပ်ဟု ခေါ်သည်။ (ကမ္မပစ္စယ=ကံလျှင် အကြောင်းရှိသော၊ ဥတုဇ=ဥတုကြောင့် ဖြစ်ခြင်း။)

ထို့ကြောင့် အတိတ်ကံကောင်းသူများသည် ရေ မြေ သြဇာ ရာသီဥတု ကောင်းသောနေရာ၌ ဖြစ်ကြရသည်။ အတိတ်ကံဆိုးသူများသည် ရေရှားပါး၍ မြေဩဇာခန်းခြောက်သော အပူအအေး လွန်ကဲသော နေရာဒေသများ၌ ဖြစ်ကြရသည်။

http://www.dhammadownload.com



**တစ်ဘဝ၏ အပိုင်း သုံးပိုင်း**

သတ္တဝါ၏ ဘဝတစ်သက်တာကို အခါအားဖြင့် သုံးပိုင်း ပိုင်းနိုင်သည်—

(က) ပဋိသန္ဓေအခါ၊
(ခ) ပဝတ္တိအခါ၊
(ဂ) စုတိအခါ—

ဟူ၍ သုံးပိုင်း ပိုင်းနိုင်သည်။

**ပဋိသန္ဓေအခါ**

ပဋိသန္ဓေအခါဆိုသည်မှာ ဘဝတစ်ခု၏ အစ ကနဦး ဖြစ်ချိန်ကာလကို ဆိုလိုသည်။ သတ္တဝါတို့၏ မျိုးရိုးဗီဇကို လိုက်၍ ပဋိသန္ဓေနေမှု ၄-မျိုး ရှိသည်။

၎င်းတို့မှာ—

- ဇလာဗုဇပဋိသန္ဓေ } ဂဗ္ဘသေယျက=အမိဝမ်း ကိန်းရသူ
- အဏ္ဍဇပဋိသန္ဓေ }
- သံသေဒဇပဋိသန္ဓေ
- ဩပပါတိကပဋိသန္ဓေ—

တို့ဖြစ်ကြသည်။

လူ, မျောက်, မြင်း, နွား စသော နို့တိုက်သတ္တဝါများသည် အမိဝမ်းဗိုက်သားအိမ်၌ စွဲမှီဖြစ်ပေါ်ခဲ့ရ၍ ဇလာဗုဇပဋိသန္ဓေဟု ခေါ်သည်။ (ဇလာဗု=သားအိမ်။) ကြက် ငှက် ငါး ဖား စသော ဥမှ ပေါက်သော သတ္တဝါများကို အဏ္ဍဇပဋိသန္ဓေဟု ခေါ်သည်။ (အဏ္ဍ=ဥ။) ယင်းပဋိသန္ဓေ နှစ်မျိုးလုံးကို အမိဝမ်း၌ ကိန်းရခြင်း ဖြစ်၍ ဂဗ္ဘသေယျက-ဟု ခေါ်သည်။ (ဂဗ္ဘ=ဝမ်းဗိုက်၊ သေယျက=ကိန်းအောင်းရသူ။)

ဗက်တီးရီယား၊ အမီးဘား စသော ပိုးမွှားများသည် အညှီအဟောက် အကျိအချွဲကို စွဲမှီ၍ ဖြစ်ပေါ်ရသောကြောင့် သံသေဒဇပဋိသန္ဓေဟု ခေါ်သည်။ (သံသေဒ=အကျိ အချွဲ=ဂျယ်လီ။)

မိုးပေါ်မှ ဖြုန်းခနဲ ကျလာသကဲ့သို့ ခြေလက်အင်္ဂါ အပြည့်အစုံ အရွယ်ရောက်ပြီး ပုံပန်း သဏ္ဌာန်ဖြင့် ရုတ်တရက် ချက်ချင်း ဘွားခနဲ ဖြစ်ပေါ်လာသော ပဋိသန္ဓေကို ဩပပါတိကပဋိသန္ဓေဟု ခေါ်သည်။ (ဩပပါတိက=ဥပ+ပါတ+ဣက၊ ဥပ=ခုန်လွှား၍+ ပါတ= ကျရောက်သကဲ့သို့+ဣက=ဖြစ်ခြင်းရှိသူ။) ပြိတ္တာ အသူရကာယ်နှင့် ငရဲသူ ငရဲသားများသည် မိမိရောက်ရမည့် ဘုံဌာန၌ ဖြုန်းခနဲ ဘွားခနဲ ချက်ချင်း ဖြစ်ပေါ်ရသည်။ ချိန်

http://www.dhammadownload.com



ယူ၍ တဖြည်းဖြည်းချင်း ရင့်ကျက်ရခြင်း၊ ပဋိသန္ဓေနေရခြင်းမျိုး မရှိ၊ အလား တူပင် နတ်ဗြဟ္မာတို့သည်လည်း၊ ပဋိသန္ဓေခဏမှာပင် ကိုယ်အင်္ဂါအပြည့်အစုံ အရွယ်ရောက်ပြီး ပုံပန်းသဏ္ဌာန်ဖြင့် ဖြစ်ပေါ်ကြရသည်။ ဤကဲ့သို့ မိုးပေါ်မှာ မြူနှင်းခနဲ ကျလာသလို ဖြစ်ပေါ်လာသော ပဋိသန္ဓေကို ဩပပါတိကပဋိသန္ဓေဟု ခေါ်သည်။

သံသေဒဇ သတ္တဝါနှင့် ဩပပါတိက သတ္တဝါတို့မှာ ပဋိသန္ဓေအခိုက်မှာပင် မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကာယအကြည်ရုပ်၊ ဟဒယနှလုံးအကြည်ရုပ်၊ အထီး အမ ခွဲခြားသည့် ရုပ်များ တပြိုင်နက် ဖြစ်ပေါ်ကြသည်။ သို့ရာတွင် ပြိတ္တာ အသူရကာယ်နှင့် ငရဲသားများမှာ အချို့ မျက်စိ မပါ၊ အချို့ နားမပါ၊ အချို့ အနံ့ခံရုပ် မပါ၊ အချို့ အထီးအမ ခွဲခြားသည့် ရုပ်မပါဘဲ ရှိတတ်သည်။ နတ်ပြည်ခြောက်ထပ် နတ်တို့မှာမူ တစ်စုံတစ်ခုမျှ ချို့တဲ့မှု မရှိ၊ အပြည့်အစုံပါရှိကြသည်။ ရူပဗြဟ္မာတို့၌ အနံ့ခံရုပ် (ဃာနပသာဒ), အရသာခံရုပ် (ဇိဝှါပသာဒ), တွေ့ထိအာရုံခံရုပ် (ကာယပသာဒ), အထီးအမ ခွဲခြားမှု (ဘာဝရုပ်)တို့ မရှိချေ။

အမိဝမ်း၌ ကိန်းအောင်း ပဋိသန္ဓေနေရသော ဂဗ္ဘသေယျက သတ္တဝါ များမှာ ပဋိသန္ဓေခဏ၌ တွေ့ထိအာရုံခံရုပ်(ကာယပသာဒ), အထီးအမ ခွဲခြားမှု (ဘာဝရုပ်), ဟဒယနှလုံးအကြည်ဓာတ် (ဝတ္ထုရုပ်)ဤ ရုပ်သုံးမျိုးတို့ တပြိုင်နက် ဖြစ်ပေါ်ကြသည်။ အချို့သော ဂဗ္ဘသေယျက သတ္တဝါများ၌မူ အထီးအမ ခွဲခြားမှု ဘာဝရုပ် ချို့တဲ့သဖြင့် နပုံး ပဏ္ဍုက် ဖြစ်ကြရသည်။ မျက်စိ နား နှာခေါင်းတို့မှာမူ သင့်လျော်သည့် အချိန်ကာလအလျောက် တဖြည်းဖြည်းချင်း ဖြစ်ကြရသည်။ လူသတ္တဝါများမှာ ပဋိသန္ဓေ စတင်တည်နေပြီးနောက် (၇၇) ရက်မြောက်၌ မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်များ ဖြစ်ပေါ်ကြရသည်။

[ပဋိသန္ဓေအခါကို ရှင်းပြပြီးနောက် အစဉ်ကျအောင် ပဝတ္တိအခါကို တစ်ဆက်တည်း ရှင်းပြသင့်သော်လည်း အဓိပ္ပါယ် ပို၍ နားလည်စေရန် အလို့ငှါ စုတိအခါကို ရှေးဦးစွာ ရှင်းပြထားပါသည်။]

**စုတိအခါ**

သတ္တဝါတို့ ဘဝတစ်ခု၏ နိဂုံးအဆုံးသတ် ကွယ်လွန်ခြင်း၊ သေဆုံးခြင်းကို စုတိဟု ခေါ်သည်။ ဘဝတစ်ခု၏ နောက်ဆုံး ဖြစ်သော စိတ်ကို စုတိစိတ်ဟု ခေါ်သည်။ ယင်း စုတိစိတ်နှင့် ပဋိသန္ဓေစိတ်သည် အမျိုးအစား တူကြသည်။ အာရုံချင်း တူကြသည်။ ဩပပါတိကသတ္တဝါများ၏ ရုပ်ခန္ဓာကိုယ်သည် အလွန်

http://www.dhammadownload.com



အစအဦး ဖြစ်စေနိုင်သော စွမ်းအားဖြစ်၍ အလွန်အင်အား ကြီးမားသည့် ကံဖြစ်သည်။ ကုသိုလ်အမှု၊ သို့မဟုတ် အကုသိုလ်အမှုကို ပီပီပြင်ပြင် ပြတ်ပြတ်သားသား ပြုလုပ်ကျူးလွန်ခဲ့သည့် ကံဖြစ်သည်။ ဤကံမျိုးကို ကမ္မပထမြောက်သောကံဟု ခေါ်ရသည်။ အလားတူပင် ပဝတ္တိအခါ၌ အစဦးစွာ ထူးထူးခြားခြား အကျိုးပေးခြင်းသည် ဇနကကံဖြစ်သည်။ ဥပမာအားဖြင့် ဆင်းရဲသားတစ်ယောက် သိန်းထီပေါက်ခြင်း၊ လမ်းဘေးမှ ခွေးလေခွေးလွင့်တစ်ကောင်ကို သူဌေးက ကောက်ယူကျွေးမွေးခြင်း စသည်အဖြစ်မျိုးတည်း။

## ဥပတ္ထမ္ဘကကံ

ဇနကကံကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုး၊ သို့မဟုတ် မကောင်းကျိုးကို သက်တမ်းရှည်ကြာအောင် အထောက်အကူပြုသော ကံဖြစ်သည်။ ဥပမာအားဖြင့် ဤဘဝ၌ သီလဆောက်တည်သော ကုသိုလ်ကံများသည် အတိတ်ဘဝကံကြောင့် ရရှိထားသော အသက်ကို ပို၍ ရှည်စေ၏။ အထောက်အကူပြုရာရောက်သည်။ ထို့ပြင် အကျိုးပေးခွင့် မရသေးသည့်ဇနကကံသည်လည်း ဥပတ္ထမ္ဘကကံမည်၏။ ဥပမာအားဖြင့် အတိတ်ဘဝ ကုသိုလ်ကံများ၊ အကျိုးပေး ချမ်းသာစေရန် ရတနာသုံးပါးအား ဆည်းကပ်ခြင်း၊ ဒါန သီလ ဘာဝနာမှ အားထုတ်ခြင်းဖြင့် အတိတ်ကုသိုလ်ကံများ အကျိုးပေးနိုင်ရန် လမ်းဖွင့်ပေးရာရောက်သည်။ တဖန် လုယက်သတ်ဖြတ်ခြင်း၊ မူးယစ်သောက်စားခြင်း၊ မိုက်ရမ်းစော်ကားခြင်းစသော ဤဘဝအကုသိုလ်ကံများသည် အတိတ်ဘဝအကုသိုလ်ကံများ အကျိုးပေးခွင့်သာအောင် အထောက်အကူ ပြုပေးရာရောက်သည်။

## ဥပပီဠကကံ

လက်ရှိ ဖြစ်ပေါ်နေသော အကျိုးတရားများကို အားနည်းသွားစေရန်နှင့် အကျိုးမပေးရသေးသည့် ကံများကို အခွင့်မရအောင် တားဆီးပိတ်ပင်သောကံဖြစ်သည်။ ဥပမာအားဖြင့် သူဌေးသားတစ်ယောက်သည် မူးယစ်သောက်စားလောင်းကစား အပျော်ကြူးနေပါက လက်ရှိ ကောင်းကျိုးများကို အင်အားနည်းပါး ဆုတ်ယုတ်သွားအောင် ပြုရာရောက်သည်။ အတိတ်ကုသိုလ်ဇနကကံကို ပစ္စုပ္ပန်အကုသိုလ်ဖြင့် ဆန့်ကျင်တားဆီးခြင်းဖြစ်သည်။ အလားတူပင်ဆင်းရဲသားတစ်ယောက်သည် စွမ်းနိုင်သမျှ အလှူဒါန ပြုနေပါက လက်ရှိ မကောင်းကျိုးဆင်းရဲမွဲတေမှုကို အင်အား နည်းပါးသွားအောင် ဆန့်ကျင်တားဆီးနေခြင်းဖြစ်သည်။ အတိတ် အကုသိုလ် ဇနကကံကို ပစ္စုပ္ပန် ကုသိုလ်ဖြင့် ဆန့်ကျင်တားဆီးခြင်း ဖြစ်သည်။

http://www.dhammadownload.com



**ဥပဃာတကကံ**

လက်ရှိ အကျိုးပေးနေသော ကံ၏ စွမ်းအင်ကို လုံးဝ ပယ်ဖျက်နိုင်သော ကံဖြစ်သည်။ ဥပမာအားဖြင့် ကျန်းကျန်းမာမာ အသက်ရှင် ရှိနေရာမှ မြန်မြန်ခနဲ ရုတ်ဘရက် သေဆုံးခြင်း၊ သို့မဟုတ် အသတ်ခံရခြင်း၊ သန်းကြွယ်သူဌေးဘဝမှ ချွတ်ခြုံကျအောင် မွဲတေသွားခြင်း၊ လူမွဲတစ်ယောက်က သိန်းထီပေါက်ခြင်း များသည် အကျိုးပေးနေသော အတိတ်ကုသိုလ် အကုသိုလ်တို့၏ ဇနက စွမ်းအင်ကို လုံးဝပြောင်းလဲသွားအောင် ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ လက်ရှိ အခြေအနေကို ပြောင်းပြန် ဖြစ်သွားအောင် ဖန်တီးနိုင်သော ကံကို ဥပဃာတကကံဟု ခေါ်သည်။

ထို ၄-မျိုးတို့တွင် ဇနကကံနှင့် ဥပဃာတကကံတို့သည် လွန်စွာ အင်အားကြီးမား၍ စွမ်းရည်တူကြသည်။ ဥပတ္ထမ္ဘကကံနှင့် ဥပပီဠကကံတို့သည် လွန်စွာ အားနည်း၍ ၎င်းတို့ အချင်းချင်း ညီမျှကြသည်။ လောက ဥပမာအားဖြင့် ဝန်ထုပ်ဝန်ပိုး အပြည့်အဝ တင်ထားသော လက်တွန်းလှည်း တစ်စီးကို ရွေ့လျားစေရန် စတင်တွန်းသည့်အခါ အင်အားများစွာ စိုက်ထုတ်ရသည်။ တစ်ယောက်တည်း မနိုင်လျှင် နှစ်ယောက်, သုံးယောက် တွန်းရသည်။

ထိုသို့ နှစ်ယောက်,သုံးယောက် တွန်းရသည့် လှည်းကို အရှိန်ရလာသည့်အခါ တစ်ယောက်တည်း လက်တစ်ဖက်တည်းဖြင့် သက်တောင့်သက်သာ တွန်းနိုင် ရွှေ့နိုင်သည်။ တဖန် ထိုကဲ့သို့ အရှိန်ဖြင့် ရွေ့လျားနေသော လှည်းကို ရပ်စေလိုပါက ပြောင်းပြန် အားစိုက်ထုတ်ရပေသည်။ ပြောင်းပြန် စွမ်းအားသည် နည်းနေပါက နှေးရုံမျှသာ နှေးမည်။ ရှေ့မှ ကြမ်းတုံးခုပေးခြင်း၊ သို့မဟုတ် အားကောင်းသူ တစ်ဦးက ဆီးတွန်းထားခြင်း ပြုလုပ်ပါမှ ထိုလှည်းသည် ရပ်ဆိုင်းသွားမည် ဖြစ်သည်။ ဤဥပမာ၌ လှည်းစတင်ရွေ့လျားစေရန် စွမ်းအား စိုက်ထုတ်ရမှုသည် ဇနကကံနှင့် အလားတူ၏။ အရှိန် ရပြီးနောက် တွန်းရခြင်းသည် ဥပတ္ထမ္ဘကကံနှင့် တူ၏။ အရှိန် လျော့သွားစေရန် ပြောင်းပြန် အားစိုက်ရခြင်းသည် ဥပပီဠကကံနှင့် တူ၏။ လုံးဝ ရပ်ဆိုင်းသွားအောင် အားကောင်းသူ တစ်ဦးက ဆီး၍ တွန်းထားခြင်းသည် ဥပဃာတကကံနှင့် တူ၏။

http://www.dhammadownload.com



**အခွင့်အခါအရ ကံ ၄-မျိုး**

ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် အကျိုးပေးရန် အခွင့်အခါရမှု အလှည့်ကျမှုအားဖြင့် အောက်ပါအတိုင်း ၄-မျိုးရှိသည်—

(က) ဂရုကံ=အလွန်စွမ်းအားကြီးသောကံ၊

(ခ) အာသန္နကံ=သေခါနီးကံ၊

(ဂ) အာစိဏ္ဏကံ=လေ့ကျင့်ထားသည့်ကံ၊

(ဃ) ကဋတ္တာကံ=သာမညကံ။

**ဂရုကံ**

ကြီးလေးသောအကျိုးကို ပေးနိုင်သောကံဖြစ်သည်။ ဤဘဝမှ သေဆုံးလျှင် နောက်ဘဝ၌ အဆီးအတားမရှိ အနှောင့်အယှက်မရှိ သေချာပေါက် အကျိုးပေးနိုင်သည့်ကံဖြစ်သည်။ ကုသိုလ်ကံအရာ၌ ရူပါဝစရကုသိုလ်ကံ အရူပါဝစရကုသိုလ်ကံဟု ခေါ်သော ဈာန်ကုသိုလ်ကများဖြစ်သည်။ ဈာန်ရသော ပုဂ္ဂိုလ်သည် သေဆုံးလျှင် သေချာပေါက် ဗြဟ္မာပြည်သို့ ရောက်မည်။ ပထမဈာန်ရသူသည် ပထမဈာန်ဘုံသို့ ရောက်မည်။ စတုတ္ထဈာန်ရသူသည် စတုတ္ထဈာန်ဗြဟ္မာဘုံသို့ ရောက်မည်။ အရူပဈာန် ရသူသည် အရူပဗြဟ္မာ ဖြစ်မည်မှာ သေချာသည်။

အကုသိုလ်အရာ၌မူ ပဉ္စာနန္တရိယကံဟု ခေါ်သော ကံကြီး ၅-ပါးသည် ဂရုကံဖြစ်သည်။ ဤကံမျိုးကို ကျူးလွန်ထားသူသည် သေလျှင် အတားအဆီးမရှိ ငရဲသို့ ကျေန်ရောက်ရမည်။ (ပဉ္စာနန္တရိယ=ပဉ္စ+အာနန္တရိယ၊ ပဉ္စ=၅-ပါး+အာနန္တရိယ=နောက်ဘဝအကျိုးပေးမည့်ကံ။)

အာနန္တရိယကံ ၅-ပါးမှာ—

- မာတုဃာတကကံ = အမိကို သတ်ခြင်း၊
- ပိတုဃာတကကံ = အဘကို သတ်ခြင်း၊
- အရဟန္တဃာတကကံ = ရဟန္တာကို သတ်ခြင်း၊
- လောဟိတုပ္ပါဒကကံ = ဘုရားရှင်ကို သွေးစိမ်း တည်အောင် ပြုခြင်း၊
- သံဃဘေဒကကံ = သံဃာသင်းခွဲခြင်း—

http://www.dhammadownload.com



ဤကံ ငါးပါးတို့မှာ အမီအဘ အသက်သတ်မှုထက် ရဟန္တာသတ်မှုက ပို၍ အပြစ်ကြီး၏ ။ရဟန္တာသတ်မှုထက် လောဟိတုပ္ပါဒကကံသည် ပို၍ အပြစ်ကြီး၏၊ ထိုလောဟိတုပ္ပါဒကကံထက် သံဃဘေဒကကံသည် ပို၍ အပြစ်အကြီးဆုံးဖြစ်၏။

**အာသန္နကံ**

ဂရုကံထိုက်သော ကုသိုလ်ကံကြီးများ၊ အကုသိုလ်ကံကြီးများ မရှိပါက သေခါနီးကာလ၌ ပြုလုပ်သောကံ၊ သို့မဟုတ် ထင်မြင်လာသောကံသည် အကျိုး ပေးခွင့်ရသည်။ (အာသန္န=အနီး။) သေခါနီးအခါ၌ တရားနာခြင်း၊ ပန်းဆီမီး ပူဇော်ခြင်းသည် ကုသိုလ်အာသန္နကံမည်၏။ တစ်ယောက်နှင့် တစ်ယောက် ထိုးခုတ်ရိုက်ပုတ်ခြင်းဖြင့် သေရသူသည် သေခါနီးမှ ပြုလုပ်သော အကုသိုလ် အာသန္နကံမည်၏။ တစ်ခါတစ်ရံ ကာလရှည်ရှည်ဝေးဝေးက ပြုလုပ်ခဲ့သော ကုသိုလ်ကံ, အကုသိုလ်ကံများသည် သေခါနီး အခါ ပြန်လည် သတိရ အောက်မေ့လျှင် ထိုကံသည် အကျိုးပေးခွင့်ရ၏။

**အာစိဏ္ဏကံ**

အမြဲတစေ အဖန်ဖန် ထပ်ကာ ထပ်ကာ ပြုလုပ်နေသော ကံသည် အာစိဏ္ဏကံ မည်၏။ (အာစိဏ္ဏ=အလေ့အကျင့်။) အကုသိုလ် အရာ၌ သူ့အသက်သတ်၍ အသက်မွေးဝမ်းကျောင်းပြုရခြင်း၊ ခိုးဝှက်လုယက်၍ အသက်မွေးဝမ်းကျောင်း ပြုရခြင်း၊ ကုသိုလ်အရာ၌ ဒါနမှု သီလမှု ဘာဝနာမှုတို့ အမြဲမပြတ် ပြုလုပ်နေ ခြင်းသည် အာစိဏ္ဏကံမည်၏။ အကုသိုလ်အမှုတစ်ခုကို ပြုပြီးနောက် ခဏခဏ သတိရ၍ နောင်တ တဖန် ပူပန်နေပါက အကုသိုလ် အာစိဏ္ဏကံ ဖြစ်သည်။ ကုသိုလ်တစ်ခုခု ပြုပြီးနောက် မကြာခဏ ဝမ်းမြောက် သတိရနေပါက ကုသိုလ် အာစိဏ္ဏကံ ဖြစ်သည်။

အာစိဏ္ဏကံသည် အာသန္နကံထက် အင်အားကြီးသည်။ သို့ရာတွင် အကျိုး ပေးရာ၌ အာသန္နကံသည် ဦးစွာအကျိုးပေးခွင့်ရသည်။ ဥပမာအားဖြင့် နွားခြံ တစ်ခုအတွင်း၌ နွားအိုကြီး တစ်ကောင်သည် ခြံတံခါးပေါက်ဝ၌ ဝပ်နေ၏၊ နံနက်လင်း၍ နွားများကို ခြံတံခါးဖွင့် လွှတ်သောအခါ တံခါးဝနှင့် အနီးဆုံး နွားအိုကြီးသည် ရှေးဦးစွာ ထွက်ခွင့်ရ၏။ ထိုနည်းတူ အင်အားနည်းသော အာသန္နကံသည် သေခါနီးအခါ၌ အနီးကပ်ဆုံး ဖြစ်နေ၍ အကျိုးပေးခွင့် အလှည့် ရှေးဦးစွာ ရရှိလေသည်။

သို့ရာတွင် ယေဘုယျအားဖြင့် အာစိဏ္ဏကံသည် အာသန္နကံအဖြစ် ရနိုင်သည်။ အမြဲတစေ ရှတ်ဆိုပွားများ လေ့ကျင့်၍ စိတ်အာရုံ ဥတ်ကိုင်နေသောကြောင့် သေခါနီးအခါ၌ အာသန္နကံအဖြစ် ရောက်ရှိလာသည်။ ဘုရားဂုဏ်တော် အမြဲ ရွတ်ဆို ပွားများနေသူမှာ သေခါနီးတွင်လည်း ဂုဏ်တော်ကိုပင် အာရုံထင်လာ

http://www.dhammadownload.com



တတ်သည်။ အမြဲတစေ ဒုစရိုက်မှု ပြုနေသူမှာ သေခါနီးတွင် ယင်းဒုစရိုက်မှုမှာ အာရုံနိမိတ်ထင်လာတတ်သည်။ ထို့ကြောင့် အာစိဏ္ဏကံ (အမြဲလေ့ကျင့်ထားသောကံ)သည် အာသန္နကံ (သေခါနီးကံ)အဖြစ် ရောက်ရှိလာနိုင်သည်။

သီဟိုဠ်ကျွန်းတွင် ငယ်စဉ် အခါက မုဆိုးပြုလုပ်ခဲ့သော တောထွက်ရဟန်းကြီးသည် သေခါနီး အခါတွင် လောလောဆယ် အမဲလိုက်နေရသကဲ့သို့ အာရုံတွင် ထင်ပေါ်လာသည်။ ထို့နောက် ငရဲခွေးများ လိုက်နေသယောင် ထင်မြင်လာ၍ သားရဟန်းအား ခွေးနက်ကြီးများကို မောင်းထုတ်ပေးရန် ဟစ်အော် ယောင်ယမ်းသည်။ ထိုအခါ သားရဟန်းက သေခါနီးအာရုံနိမိတ် ပြောင်းလဲသွားစေရန် ဖခင်ရဟန်းကြီးကို မဟာစေတီ ရင်ပြင်ပေါ်သို့ ခုတင်ညောင်စောင်းဖြင့် ပင့်ထားပြီးလျှင် ပန်း ရေချမ်း ဆီမီးတို့ကို စေတီတော်အား ကပ်လှူပေးသည်။ ဖခင်အား စိတ်ဖြင့် ဘုရားအား ပန်းရေချမ်းကပ်လှူရန် တိုက်တွန်းသည်။ ဖခင်ရဟန်းကြီးသည် ဘုရားအား ပန်းရေချမ်း ဆီမီး ကြည်ညိုလှူဒါန်းမှုကြောင့် နတ်ဘုံနတ်နန်း အာရုံနိမိတ်များပြောင်းလဲထင်မြင်လာသည်။

ဤဝတ္ထု၌ ဖခင် ရဟန်းကြီးသည် အမြဲတစေ ပြုလုပ်ခဲ့သော အကုသိုလ်အာစိဏ္ဏကံများက အနီးကပ် အာသန္နကံအဖြစ် နိမိတ်ထင်လာသည်ကို တွေ့နိုင်ပါသည်။ သို့ရာတွင် သားရဟန်း၏ လိမ္မာကျွမ်းကျင်မှုကြောင့် ဘုရားပန်းလှူမှု အာသန္နကံ ကုသိုလ်ပြုစု ပျိုးထောင်ပေးရာ ကောင်းရာ သုဂတိရောက်ရလေသည်။

**ကဋတ္တာကံ**

ကဋတ္တာကံ ဆိုသည်မှာ အမှတ်တမဲ့ သာမန်အားဖြင့် ပြုလုပ်အပ်သောကံများ ဖြစ်သည်။ အထက်တွင် ဖော်ပြပြီးသော ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ အဆင့်သို့ မရောက်ဘဲ တစ်ခါတစ်ရံ အမှတ်မဲ့ပြုခဲ့သောသာမညကံများဖြစ်သည်။ ယင်းကံများမှာ ရှေ့ကံ ၃-ပါး မရှိလျှင် အကျိုးပေးခွင့် ရသည်။

**အကျိုးပေးရာကာလ အနီးအဝေးအရ ကံ ၄-မျိုး**

ထနည်းအားဖြင့် အကျိုးပေးရာကာလ အနီးအဝေး လိုက်၍ အောက်ပါအတိုင်း ကံ ၄-မျိုး ခွဲခြားနိုင်သည်—

(က) ဒိဋ္ဌဓမ္မဝေဒနီယကံ = ချက်ချင်းလက်ငင်းကံ၊
(ခ) ဥပပဇ္ဇဝေဒနီယကံ = နောက်ဘဝ အကျိုးပေးမည့်ကံ၊
(ဂ) အပရာပရိယဝေဒနီယကံ = ဘဝအဆက်ဆက် အကျိုးပေးမည့်ကံ၊
(ဃ) အဟောသိကံ = အကျိုးမပေးသည့်ကံ။

http://www.dhammadownload.com

# အခန်း (၂၄)

## သေပြီးနောက် သုဂတိဘဝရောက်လိုသော်

### သေရမည့်ဘေး ပြေးမလွတ်

ပဋိသန္ဓေနေပြီးနောက် ခန္ဓာအသစ်ရရှိလာသော သတ္တဝါတို့သည် နေ့ရက်အချိန် စေ့သောအခါ မိခင်ဝမ်းမှ မွေးဖွားလာကြရသည်။ ထိုသတ္တဝါတို့သည် မွေးဖွားပြီးနောက် တစ်နေ့နေ့တွင် မုချ သေကြပေဦးမည်။ သေရမည့်ရက်ကို ကြိုတင် တွက်ဆ မသိနိုင်ကြ၍သာ ပျော်နိုင်မော်နိုင်ကြသည်။

သတ္တဝါတို့သည် ရရှိထားသော ဘဝတွင် ကိုယ့်အတိုင်းအတာနှင့်ကိုယ် ပျော်ကြသည်။ မိမိတို့၏ အသက် အိုးအိမ် စည်းစိမ်ချမ်းသာ အန္တရာယ်မကျရောက်အောင် လူလည်း လူအလျောက်၊ တိရစ္ဆာန်လည်း တိရစ္ဆာန်အလျောက် ကာကွယ် စောင့်ရှောက် နေကြရသည်။ အန္တရာယ် တွေ့ကြုံလာသောအခါ ရှိသမျှ အားမာန်နှင့် ခုခံကာကွယ်ကြရသည်။ သို့သော် ကြီးနိုင်ငယ်ညှဉ်း နိုင်ရာစား အဖြစ်ဆိုးများနှင့်ကား မလွတ်ကင်း နိုင်ကြချေ။

အသက် ခန္ဓာကိုယ် ရရှိလာသူတိုင်း မိမိ၏ အသက်သေမှာကို လွန်စွာကြောက်ကြသည်။ အလွန်ဆင်းရဲဒုက္ခရောက်၍ စိတ်လက် မကြည်မသာဖြစ်ပြီး "သေချင်လိုက်တာ"ဟု ညည်းတွားနေသူသည် ဂင်းအား သတ်မည့်သူ ချက်ချင်းရောက်လာလျှင် "အသက်ကလေးကိုတော့ ချမ်းသာ ပေးပါ ခင်ဗျား" ဟု မျက်နှာငယ်ဖြင့် တောင်းပန်ပေလိမ့်မည်။ ဘဝကို စွဲလမ်းနှစ်သက်မှု(ဘဝတဏှာ) သည် အလွန်ပြင်းထန်လှ၏။ ရှင်ဘုရင်လည်း ရှင်ဘုရင်အလျောက်၊ ဆင်းရဲသားလည်း ဆင်းရဲသားအလျောက်၊ ကျွန်သားလည်း ကျွန်သားအလျောက် မိမိတို့၏ လက်ရှိဘဝနှင့် စည်းစိမ်ချမ်းသာကို မစွန့်လွှတ်လိုကြပေ။ ဖြစ်ရာ ဘဝမှာ ပျော်နေချင်ကြသည်။ ဖြစ်ရာဘဝမှာ ပျော်နေကြခြင်းနှင့် ပတ်သက်၍ သာဓက ပြရလျှင်—

> တခါက ကာသိတိုင်း ပါဠလိမြို့မှာ အဆာကဘုရင်ကြီး စိုးစံနေ၏။ ဘုရင်ကြီးမှာ အလွန်ချောမောလှပသည့် "ဥပရီ" အမည်ရှိ မိဖုရားကြီး ရှိသည်။ မိဖုရားကြီးသည် နေ့ရှိသမျှ အလှပြင်ပြီး သူ၏ ဘဝနှင့် အလှအပပေါ်တွင် ဘဝမာန်၊ အလှမာန်တွေ ယစ်နေသည်။ ဘုရင်ကြီးမှ လွဲလျှင် မည်သူကိုမျှ လူမထင်၊ မာနကြောင့် ရိုသေရမည့် သူကိုလည်း

http://www.dhammadownload.com



မသိ။ ထိုမိဖုရားကြီးသည် လှပတင့်တယ် အရွယ်ကောင်းတုန်း အချိန် မှာပင် ကွယ်လွန်သွားလေသည်။ သူ၏ မာနကြောင့် ဘဝသစ်တွင် ဘုရင့်ဥယျာဉ်တော်၌ နွားချေးပိုးမ ဖြစ်ရလေသည်။

ဘုရင်ကြီးကား အချစ်ဆုံး မိဖုရားကြီး ကွယ်လွန်သွားသဖြင့် မအိပ်နိုင် မစားနိုင် အလောင်းကိုပင် မပစ်ရက်နိုင် ဖြစ်နေရှာသည်။ သို့သော် မိဖုရားကြီးကား ဘဝသစ်တွင် နွားချေးပိုးဖိုနှင့် ပျော်ပါးနေ လေပြီ၊ အဿကဘုရင်ကြီး ဆိုသူကိုလည်း မသိတော့ပြီ။

ထိုအချိန်တွင် ဘုရားအလောင်းတော် ရသေ့ကြီးက အဘိညာဉ် တန်ခိုးဖြင့် အဿကမင်း၏ ဥယျာဉ်သို့ ကြွလာ၍ အသင်မင်းကြီး၏ မိဖုရား ဥပရီသည် ဥယျာဉ်တော်အတွင်း နွားချေးပိုးမ ဖြစ်နေကြောင်း ပြောပြသည်။ မင်းကြီးကား ဤမျှ ချောမောလှပပြီး လိမ္မာရေးခြား ရှိလှသော မိဖုရားကြီး နွားချေးပိုးမ ဖြစ်နေသည် ဆိုခြင်းကို လုံးဝ မယုံပေ။

ထိုအခါ ရသေ့ကြီးက ပိုးဖို၊ ပိုးမ နှစ်ဦးစလုံး အဿကဘုရင်ကြီး ရှေ့မှောက် ရောက်လာစေရန် အဘိညာဉ်ဖြင့် အမိန့်ခွန်လိုက်ရာ ဘုရင်ကြီး၏ မျက်စိအောက်မှာပင် နွားချေးပုံထဲမှ စုံတွဲ ထွက်လာပြီး ဘုရင်ကြီး ရှေ့မှောက်သို့ ရောက်လာကြသည်။ အဘိညာဉ်တန်ခိုးဖြင့် အမိန့်ခွန်ပြီး အလောင်းတော် ရသေ့ကြီးကိုယ်တိုင် မေးမြန်းလေသည်။

"ဟဲ့–ပိုးမ.... နင် ရှေးဘဝတုန်းက ဘယ်သူ ဖြစ်ခဲ့သလဲ"

"အဿကဘုရင်ကြီးရဲ့ အဂ္ဂမဟေသီ မိဖုရားကြီး ဥပရီ ဖြစ်ခဲ့ပါတယ် ဘုရား"

